# အသက် ၈၀ ပြည့်

# ပတ္တမြားရတုမွေးနေ့မင်္ဂလာစာစောင်



## တက္ကသိုလ်စိုးယဉ်

YMBA အသင်းချုပ်ဥက္ကဋ္ဌ (၂၀၀၈-၂၀၁၀)

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်

စာပေဝတ္ထု ၊ ရတုကဗျာ
လင်္ကာပန်းမိုး ၊ ရွာသွန်းဖြိုးလျက်
အမျိုး၏ဂုဏ် ၊ ဇာတိဂုဏ်
စာပေဂုဏ်ကို မြှင့်တင်မည်။
နိုင်ငံ့ဂုဏ်ရည် စွမ်းဆောင်တည်။

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသည့်ကာလ**

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ

**အုပ်ရေ**- ၁၀၀၀

**တန်ဖိုး** - ၃၅၀၀ိ/--

**ထုတ်ဝေသူ**

ဦးအုန်းမောင်(မြ-၀၁၂၇၇)

**ပုံနှိပ်သူ**

**ဦးအုန်းမောင် (မြ-၀၁၀၈၂)**

နိုင်ငံ့ဂုဏ်ရည်ပုံနှိပ်တိုက် ၊ အမှတ် ၂၁၁၊ ၃၉-လမ်း

ကျောက်တံတားမြို့နယ် ၊ ရန်ကုန်။

**မျက်နှာဖုံးဒီဇိုင်း**

ကျော်ကျော် (နိုင်ငံဂုဏ်ရည်)

**ဖြန့်ချိရေး**

**နိုင်ငံ့ဂုဏ်ရည်စာပေတိုက်**

ရန်ကုန်ဘူတာကြီး၊ အမှတ် (၁) စကြိန်၊

(ပန်းဆိုးတန်းခုံးကျော်တံတားအောက်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၉၇၃၆၅၃၆၂၅၊ ၀၉ ၄၄၃၂၀၁၉၂၂

တက္ကသိုလ်စိုးယဉ်- **တက္ကသိုလ်စိုးယဉ် အသက် (၈၀) ပြည့်**

**ပတ္တမြားရတုမွေးနေ့မင်္ဂလာဂုဏ်ပြုမှတ်တမ်းလွှာ**

နိုင်ငံ့ဂုဏ်ရည်၊ ရန်ကုန်။

စာမျက်နှာ - ၂၄၃၊ ၁၄. ၅ စင်တီ × ၂၀. ၇ စင်တီ

# တက္ကသိုလ်စိုးယဉ်

# အသက် (၈၀) ပြည့် ပတ္တမြားရတု

# မွေးနေ့မင်္ဂလာ ဂုဏ်ပြုမှတ်တမ်းလွှာ

နိုင်ငံဂုဏ်ရည်စာစဉ် (၂၄၅)

## မိဘမေတ္တာ

* မိဘမေတ္တာ
ပန်းရွှေကြာနှင့်
ပမာခိုင်းဆို
မနှိုင်းလိုဘူး
ထိုပန်းရွှေကြာ ညှိုးလိမ့်မယ်။

* မိဘမေတ္တာ
စမ်းရေပြာနဲ့
ပမာခိုင်းဆို
မနှိုင်းလိုဘူး
စမ်းရေပြာလည်း ခန်းတတ်တယ်။

* မိဘမေတ္တာ
လစန္ဒာနဲ့
ပမာခိုင်းဆို
မနှိုင်းလိုဘူး
လစန္ဒာလည်း တိမ်လွှာဖုံးအုပ်တတ်ပါတယ်။

* မိဘမေတ္တာ
နှိုင်းစရာကား
ကာရန်မတွေ့
မိဘမေတ္တာ ကြီးလွန်းပေ့။

* မိဘကျေးဇူး ဆပ်တဲ့သမီးသား
ဘယ်ခါ အပယ်မလား။
မိဘကျေးဇူး ဆပ်တဲ့သားသမီး
ကောင်းကြီးချမ်းသာရသတည်း။ ။

**တက္ကသိုလ်စိုးယဉ်**

## ကျေးဇူးကြီးလှ
## မိနှင့်ဘ

* မိဘကျေးဇူးသာ
နှိုင်းချိန်ပါလျှင်
ကမ္ဘာကြီးဟာ - ဝါးရွက်ပမာ။

* မိဘကျေးဇူးသာ
နှိုင်းချိန်ပါလျှင်
သမုဒ္ဒရာကြီးဟာ - မိုးရေတစ်စက်ပမာ။

* မိဘကျေးဇူးသာ
နှိုင်းချိန်ပါလျှင်
မြင်းမိုရ်တောင်ဟာ - နွားချိုပမာ။

* မိဘကျေးဇူးသာ
နှိုင်းချိန်ပါလျှင်
စကြာဝဠာကြီးဟာ - အပ်နဖားပေါက်ပမာ။

* ထိုမျှကြီးမား
ကျေးဇူးတရားကြောင့်
မြတ်ဘုရားနှင့် ၊ တရားသံဃာ
ဆရာမိဘ ၊ အနန္တကျေးဇူးရှင်
ဦးထိပ်တင်ခါ ၊ ကျေပွန်ပါငြား
အပယ်မလားခါ
ကြီးပွားပါလိမ့် - ချမ်းသာလိမ့်။

* မိဘဖြစ်ထား ၊ ထိုသူများကား
ကြီးပွားဖို့ဝေး ၊ အပယ်ဘေးသာ
ဆိုက်ရောက်ပါလိမ့် - ဆင်းရဲလိမ့်။ ။

**တက္ကသိုလ်စိုးယဉ်**

# မာတိကာ


| စဉ် | စာမူ/စာမူရှင်အမည် | စာမျက်နှာ |
|---|---|---|
| – | ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)၏ကိုယ်ရေးမှတ်တမ်းအကျဉ်း | ၁၈ |
| – | ကျေးဇူးတင်လွှာ | ၂၂ |
| – | ဖေဖေ့ကျေးဇူးဆပ်ဖူးပါသည် | ၂၃ |
| | **သားသမီးများ၊မြေးများ** | |
| – | ဘဝရုပ်ပုံဆေးချက်စုံ(အမှာစာ) | ၂၅ |
| | **မြင်းမူမောင်နိုင်မိုး** | |
| | **ငုဏ်ပြုစာလွှာဝိုဓေတ္တာ** | |
| ၁ | "ဆုတောင်းပတ္ထနာလွှာ" **သိပ္ပံကျော်စွာဒေါက်တာတိုးလှ** | ၂၉ |
| ၂ | "မွေးနေ့ဆုတောင်း" **ဦးရဲထွန်း** | ၃၀ |
| ၃ | "ဆုတောင်းမေတ္တာ" **ဦးကျော်ဝင်း(မနုဿကျော်ဝင်း)** | ၃၀ |
| ၄ | "မွေးနေ့သဝဏ်လွှာ" **ဒေါက်တာစန်းဝင်း(ရှေးဟောင်းသုတေသန)** | ၃၁ |
| ၅ | "ပတ္တမြားရတုမွေးနေ့ဆုတောင်း" **ဒေါက်တာတင့်စိုးလင်း** | ၃၁ |
| ၆ | "တူတော်မောင်တက္ကသိုလ်စိုးယဉ်အတွက်ဆုတောင်းမေတ္တာ" | ၃၂ |
| | **ရေတာပ်မိုလ်သော်** | |
| ၇ | "အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်ဝကြပါစေ" **ကျော်ကျော်လှိုင်** | ၃၃ |
| ၈ | "ဆုမွန်တောင်းလွှာ" **ဦးတင့်ဆွေ** | ၃၄ |
| ၉ | "ဂုဏ်ပြုဆုတောင်းလွှာ" **ဦးဝင်းလှိုင်** | ၃၅ |
| ၁၀ | "ဆုတောင်းမေတ္တာ" **ဦးကြည်** | ၃၅ |
| ၁၁ | "ဆုတောင်းလွှာ" **ဦးသန်းအောင်(မင်းသိင်္ခ)** | ၃၆ |

| စဉ် | စာမူ/စာမူရှင်အမည် | စာမျက်နှာ |
|---|---|---|


ရွှေးနေ့ဂုဏ်ပြုဆောင်းပါးများ အပိုင်း (၁)

၁ "သဘောကောင်းသည်။သို့သော်ပြတ်သားသည်" ၅၉

**မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)**

၂ "မုဒိတာပွားနေရပါတယ်ဆရာ" ၆၂

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

၃ "ပတ္တမြားရတုမွေးနေ့ပိုင်ရှင်စာရေးဆရာတက္ကသိုလ်စိုးယဉ်" ၆၄

**ဦးစိုးမြင့်(စိုးမျှ)**

၄ "စေတနာ၊မေတ္တာ၊ကရုဏာရှင်ဆရာတက္ကသိုလ်စိုးယဉ်" ၆၇

**မင်းရွှေမင်း(တောင်ကုတ်)**

၅ တက္ကသိုလ်စိုးယဉ်ဟုခေါ်သည် ၇၁

**ပုသိမ်အောင်သန်းဦး**

၆ "သင်မြင်ကြားဆရာ" ၇၄

**မောင်စိုးထိုက်(သုံးဆယ်)**

၇ "ဆရာဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)(မဟာမင်္ဂလဓမ္မဇောတိကဓဇ)၏ (၈၀)ပြည့်ပတ္တမြားရတုမော်ကွန်း" ၇၇

**ဒေါက်တာသက်ဆွေ(နာယကကြီး)**

၈ "မဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့ရဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)" ၇၉

**မောင်သန်းလွင်**

၉ "တက္ကသိုလ်စိုးယဉ်သို့မဟုတ်..." ၈၂

**ဖိုးကျော့**

၁၀ "ဘာသာ၊လူမှုရေးနှင့်စာပေနယ်ကဆရာဦးစိုးဝင်း" ၈၄

**မြန်မာ့အသံသိန်းတန်**

၁၁ "သီလ၊သမာဓိ၊ပညာပြည့်စုံစွာဖြင့်" ၈၇

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

| စဉ် | စာမူ/စာမူရှင်အမည် | စာမျက်နှာ |
|---|---|---|
| ၁၂ | "စိန်အောင်မင်းနှင့်တွေ့ဆုံခြင်း" | ၈၉ |
| | **မြကြေးမုံ (ရတနာဆောင်)** | |
| ၁၃ | "လွတ်မြောက်သူလက်တွဲခေါ်သောစာပေလက်များ" | ၉၂ |
| | **မြန်ဂုဏ်ဆောင်** | |
| ၁၄ | တက္ကသိုလ်စိုးယဉ်(သို့မဟုတ်)ကလောင်ပျံသုံးစင်းနှင့်လူ | ၁၀၁ |
| | **မော်ဝန်းကြည်မြတ်** | |
| | **ရင်မှဖွင့်လှာအတွေးအာဗျာများ အပိုင်း (၂)** | |
| ၁ | ဆရာကြီးတက္ကသိုလ်စိုးယဉ်အတွက်မွေးနေ့လက်ဆောင် | ၁၀၈ |
| | **ဆရာတော်မုံရွာနေဇာ** | |
| ၂ | တက္ကသိုလ်စိုးယဉ်၏အသက်(၈၀)ပြည့်ပတ္တမြားရတုဂုဏ်ပြုလွှာ | ၁၀၉ |
| | **ဘဒ္ဒန္တခေမာစာရ(မြင်းမူရွှေပင်းသား)** | |
| ၃ | အစဉ်အလာသတင်းတိုးလင်းတဲ့မဂ်လာဦးစိုးဝင်း | ၁၁၁ |
| | **အောင်သျှင်သူ (မဟာမြေ)** | |
| ၄ | ရာပြည့်တေး | ၁၁၄ |
| | **ဖြိုးထိန်** | |
| ၅ | ဂုဏ်ယူအားကျအပိုးစံပြ | ၁၁၅ |
| | **ကျော်တန်တင့်(မြစ်ခြေ)** | |
| ၆ | တက္ကသိုလ်စိုးယဉ်၏မွေးနေ့ပွဲသို့ | ၁၁၆ |
| | **ဦးကျော်စိုး(မောင်ကျေးဇူး)** | |
| ၇ | ကလောင်အိုထိုနှစ်ဦး | ၁၁၈ |
| | **မျိုးမြန်မာ၊မြတ်စိုး(လှိုင်)** | |
| ၈ | လူ့အပိုးတန် | ၁၁၉ |
| | **မောင်ခေတ်ထွန်း** | |

| စဉ် | စာမူ/စာမူရှင်အမည် | စာမျက်နှာ |
| --- | --- | --- |
| ၉ | နှစ်စဉ်ပွဲကြည့်နိုင်ပါစေ<br>**မာလာသိန်း(မန်းဇိုတီအိုင်)** | ၁၂၀ |
| ၁၀ | အသက်၁၂၀ရှည်စေသော်ဝ်<br>**စိုးပိုင်(ကညွတ်ကွင်း)** | ၁၂၃ |
| | **ဈေးနေ့ဂူဏ်ပြုဆောင်းပါးများ အပိုင်း (၃)** | |
| ၁ | ကျွန်တော်နှင့်ဆရာတက္ကသိုလ်စိုးယဉ်သို့မဟုတ်ရဲဘော်စိုးဝင်း(လှိုင်)<br>**စန်းနီလာဝင်း** | ၁၂၅ |
| ၂ | လွယ်အိတ်ကြီးတစ်လုံးနဲ့ပြုံးနေသူ<br>**ဒေါက်တာသက်လွင်(ပခုက္ကူ)** | ၁၂၈ |
| ၃ | စာပေဒါနရှင်တက္ကသိုလ်စိုးယဉ်<br>**စာဘက္ကာမြဝင်း** | ၁၃၁ |
| ၄ | တိမ်တောက်ချိန်ခါသူငယ်ချင်း<br>**မောင်ဝင့်ကြည်(ပခုက္ကူ)** | ၁၃၃ |
| ၅ | မိတ်ဆွေကြီးဦးစိုးဝင်း<br>**မအေးငြိမ်း(ပခုက္ကူ)** | ၁၃၇ |
| ၆ | ဂုဏ်ချင်းထပ်၍မြတ်လေသူ<br>**မြမြစန်း(ရန်ကုန်တက္ကသိုလ်)** | ၁၃၉ |
| ၇ | စညောင်းရွာသားဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)<br>**မောင်မျိုးဆင့်(ရှင်မတောင်)** | ၁၄၂ |
| ၈ | မဟာမင်္ဂလဓမ္မဇောတိကဓဇတက္ကသိုလ်စိုးယဉ်<br>**ကျော်လင်း(မြစ်ခြေ)** | ၁၄၅ |
| ၉ | ကျွန်တော်နှင့်ဦးစိုးဝင်း<br>**မောင်ပိုက်ဖြိုး** | ၁၄၇ |

| စဉ် | စာမူ/စာမူရှင်အမည် | စာမျက်နှာ |
|---|---|---|
| ၁၀ | ကျွန်တော်သိကျွမ်းခဲ့သည့်ဦးစိုးဝင်း(သို့မဟုတ်)တက္ကသိုလ်စိုးယဉ် | ၁၄၉ |
| | **ဦးသောင်းကြည်** | |
| ၁၁ | အဖေနှစ်ယောက်သားနှစ်ယောက် | ၁၅၂ |
| | **သားဘကျော်(မြစ်ခြေ)** | |
| ၁၂ | ဘဘကြီးဟုခေါ်သည် | ၁၅၉ |
| | **အောင်သွေးလက်(မြစ်ခြေ)** | |
| ၁၃ | ကျွန်တော်သိသောဦးစိုးဝင်း(သို့မဟုတ်)ကျွန်တော်နဲ့ဦးစိုးဝင်း | ၁၆၁ |
| | **ခင်မောင်ညို(ကမ္ဘ)** | |
| ၁၄ | ချစ်ခင်လေးစားထိုက်သည့်ပုဂ္ဂိုလ် | ၁၆၃ |
| | **ဓာတ်ပုံ–သန်းဆွေ** | |
| | **ရင်ဖွင့်ဖွင့်လာအတွင်းကဗျာများ အပိုင်း (၄)** | |
| ၁ | နေလပမာဆရာ့မေတ္တာ | ၁၆၇ |
| | **မောင်လွမ်းရည်(ရွှေတောင်)** | |
| ၂ | ဆရာ့မေတ္တာစမ်းရေပြာ | ၁၆၈ |
| | **သူရအောင်(ရွှေပြည်သာ)** | |
| ၃ | မေတ္တာနုသစ်စာပေချစ်တဲ့တို့ဆရာ | ၁၆၉ |
| | **စောချိုသာ** | |
| ၄ | ဂုဏ်သတင်းမွှေးသူ | ၁၇၃ |
| | **မောင်မေခ** | |
| ၅ | ဆရာကငယ်ချစ်နှင့်အတူနေသည် | ၁၇၄ |
| | **နေမင်းချို** | |
| ၆ | အထုပ်နှင့်ဂုဏ်ပုဒ် | ၁၇၅ |
| | **မောင်လေးအောင်(သန်လျင်)** | |

| စဉ် | စာမူ/စာမူရှင်အမည် | စာမျက်နှာ |
|---|---|---|
| ၇ | ပွဲတိုင်းမှာ<br>**ရွှေအိန်းသန်းလွင်(မုံရွာ)** | ၁၇၆ |
| ၈ | အညာအလှ<br>**ကျော်ဟန်(မြန်မာစာ)** | ၁၇၇ |
| ၉ | မြစ်ခြေကပန်း<br>**ကြည်သိန်းကျော်** | ၁၇၈ |
| ၁၀ | ဂုဏ်ယူပါတယ်ဆရာ<br>**နွန်ဖြူ(ပညာရေး)** | ၁၇၉ |
| ၁၁ | ပတ္တမြားတိုင်ရတုရှင်သို့<br>**ဖြင်စည်အောင်(ခရောတော)** | ၁၈၀ |
| ၁၂ | ဂုဏ်ပြုစာလွှာ<br>**မင်းရိုးယဉ်** | ၁၈၁ |
| ၁၃ | ဆရာတက္ကသိုလ်စိုးယဉ်ခင်များ<br>**မောင်မြင့်မား(မိုလ်ကလေး)** | ၁၈၃ |


**မွေးနေ့ဂုဏ်ပြုဆောင်းပါးများ အပိုင်း (၅)**


| စဉ် | စာမူ/စာမူရှင်အမည် | စာမျက်နှာ |
|---|---|---|
| ၁ | ဇရာအိုစာဆိုသို့ဦးခိုက်ခြင်း<br>**ညွှန့်ဝင်းကို** | ၁၈၅ |
| ၂ | တွေ့ရခဲတဲ့သူလိုသူ<br>**မောင်ညီဦး(က.စ.လ)** | ၁၈၇ |
| ၃ | ရဲဘော်ရဲဘက်ဟာရဲဘော်ရဲဘက်ပါပဲ<br>**မြင့်သူရ** | ၁၈၉ |
| ၄ | ဆရာကြီးဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)အသက်(၈၀)နှစ်ပြည့်မွေးနေ့<br>**အောင်ခင်(လက်ရွေးစင်)** | ၁၉၂ |

| စဉ် | စာမူ/စာမူရှင်အမည် | စာမျက်နှာ |
| --- | --- | --- |
| ၅ | ဥက္ကဋ္ဌကောင်းတစ်ဦး<br>**ခင်ဆွေလတ်** | ၁၉၅ |
| ၆ | သက်(၈၀)ပြည့်မွေးနေ့ရှင်သို့<br>**အောင်မြင့်(သစ်လုပ်ငန်း)** | ၁၉၇ |
| ၇ | ကျွန်တော်နှင့်နာယကကြီး<br>**လင်းကိုကို** | ၁၉၉ |
| ၈ | ဆရာဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)မဟာမင်္ဂလာဓမ္မဇောတိကဓဇ<br>နှင့်ပတ်သက်၍စေတနာမောင်၏အမြင်<br>**စေတနာမောင်** | ၂၀၃ |
| ၉ | မဟာနွယ်အိပ်မက်<br>**မင်းဆက်ပိုင်** | ၂၀၄ |
| ၁၀ | ကျင်လည်မကုန်စာပေဘုံ<br>**ရန်ကင်းကိုကိုလေး** | ၂၀၇ |
| ၁၁ | အစ်ကိုကြီးပမာကဗျာဆရာတက္ကသိုလ်စိုးယဉ်<br>**ညီမအရင်းမိုလ်ချိုမြေ့-တင်တင်ဝင်း** | ၂၀၉ |
| ၁၂ | သဒ္ဓါစစ်ကိုအောင်နိုင်သူ<br>**စိန်ခင်မောင်မြင့်နှင့် မြင့်မောင်မောင်ခင်** | ၂၁၁ |
| ၁၃ | မဟာမင်္ဂလာဓမ္မဇောတိကဓဇတက္ကသိုလ်စိုးယဉ်<br>**ဆင်ဖြူကျွန်းကျော်လှိုင်ဦး** | ၂၁၂ |
| ၁၄ | ကျွန်တော်ခင်တဲ့အစ်ကိုကြီး<br>**ဇလွန်ကျော်ဦး** | ၂၁၄ |
| ၁၅ | သို့...တက္ကသိုလ်စိုးယဉ်<br>**အေးမျိုးကြည်** | ၂၁၆ |

| စဉ် | စာမူ/စာမူရှင်အမည် | စာမျက်နှာ |
|---|---|---|
| | **ရင်ဖွင့်လာ အတွင်းစာမျာများ အပိုင်း (၆)** | |
| ၁ | ပတ္တမြားရတုရှင်တက္ကသိုလ်စိုးယဉ် | ၂၁၈ |
| | **လှစိုးမိုး(စီမံကိန်း)** | |
| ၂ | ဇရာအိုရဲ့ဂုဏ်ရည် | ၂၂၅ |
| | **မောင်ယဉ်ဦး(ခနုဖြူ)** | |
| ၃ | ထို့ကြောင့်တက္ကသိုလ်စိုးယဉ်ဟုခေါ်သည် | ၂၂၇ |
| | **မြေလတ်ကျော်လင်းဦး** | |
| ၄ | တက္ကသိုလ်စိုးယဉ်(သို့မဟုတ်)စာဆိုရှင် | ၂၂၇ |
| | **စိုးမြင့်(ရွှေပြည်သာ)** | |
| ၅ | ကန်တော့ပန်း | ၂၂၈ |
| | **ဝိုးဝိုး(ပုဂံ)** | |
| ၆ | ထာဝရပြုံးနေသူ | ၂၂၈ |
| | **မောင်ယဉ်ပန်** | |
| ၇ | စာပေသက်ကြီးကန်တော့ခံပညာရှင် | ၂၂၉ |
| | **ရွှေညာမောင်(စဥ့်ကူ)** | |
| ၈ | ဆရာကြီး(သို့မဟုတ်)ဇရာရှင် | ၂၂၉ |
| | **ဆရာညို(စဥ့်ကူ)** | |
| ၉ | မြဝတီစာပေတိုက်အယ်ဒီတာ | ၂၃၀ |
| | **မြင့်သဇင်** | |
| ၁၀ | မဟာမင်္ဂလမဓမ္မဇောတိကဓဇ | ၂၃၀ |
| | **လဝန်းမြင့်မိုလ်မှူး** | |
| ၁၁ | ရိပ်သာသတင်းလွှာ | ၂၃၁ |
| | **ထွန်းမြရီ** | |
| ၁၂ | ဆရာကြီးဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) | ၂၃၁ |
| | **မောင်ယဉ်မွေး(စဥ့်ကူ)** | |
| ၁၃ | Y.M.B.A ဥက္ကဋ္ဌ | ၂၃၂ |
| | **မေစိုင်ဦး(ရွှေပြည်သာ)** | |

| စဉ် | စာမူ/စာမူရှင်အမည် | စာမျက်နှာ |
|---|---|---|
| ၁၄ | စာဆိုရှင်စိတ်ဓာတ်<br>**သန္တာ-မြရီ** | ၂၃၂ |
| ၁၅ | ရဲဘော်စိုးဝင်း(လှိုင်)<br>**တက္ကသိုလ်သျှင်သွေး** | ၂၃၃ |
| ၁၆ | ပခုက္ကူအသင်း(ရန်ကုန်)ရွှေရတုမဂ္ဂဇင်းအယ်ဒီတာ<br>**ဖိုင်တိဏ်း** | ၂၃၃ |
| ၁၇ | စာဆိုရှင်ဖေါ်ဆန္ဒ<br>**တက္ကသိုလ်တေမာဦး** | ၂၃၄ |
| ၁၈ | ပန်းတွေသီဆဲပွင့်နေဆဲ<br>**မောင်စံထွန်း(ဥက္ကံ)** | ၂၃၅ |
| ၁၉ | ဆရာ့စေတနာ<br>**တက္ကသိုလ်ပန်းချယ်ရီမွှန်(ဥက္ကံ)** | ၂၃၆ |
| ၂၀ | နန်းအလယ်သူပွင့်လန်းပါလို့<br>**တက္ကသိုလ်စိုးပိုင်(ဥက္ကံ)** | ၂၃၇ |
| ၂၁ | တုံ့ဆပ်မကုန်ကျေးဇူးဂုဏ်<br>**စိမ့်စမ်းအေး(ငြိမ်းအေးခြင်းရိပ်ငြိမ်)** | ၂၃၈ |
| ၂၂ | ဆရာကြီးတက္ကသိုလ်စိုးယဉ်(၈၀)ပြည့်မွေးနေ့ဂုဏ်ပြု(ကေပိုဒ်ရတု)<br>**ရွှေယဉ်နု(ပညာရေး)** | ၂၃၉ |
| ၂၃ | မွေးနေ့ရှင်<br>**မိမိကို(အလှရပ်ဝန်း)** | ၂၄၀ |
| ၂၄ | မြန်မာဟူသည်<br>**မောင်ရည်မွှန်** | ၂၄၁ |
| ၂၅ | မြူအောင်စိတ်ထားကျင့်ကြံပွား<br>**မောင်ထည်ဝါ(ချော်ဘွယ်)** | ၂၄၂ |
| ၂၆ | မေတ္တာသင်္ကေတများ<br>**မြမှူးသစင်(ပခုက္ကူ)** | ၂၄၃ |
| ၂၇ | တက္ကသိုလ်စိုးယဉ်<br>**အောင်ရာဇာ(ဥက္ကလာ)** | ၂၄၄ |

(ပဥ္စဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ)

# ဦးစိုးဝင်း (တက္ကသိုလ် စိုးယဉ်) ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း



| | | |
|---|---|---|
| ၁။ | အမည် | - ဦးစိုးဝင်း |
| ၂။ | ကလောင်အမည် | - တက္ကသိုလ်စိုးယဉ် |
| ၃။ | ကလောင်အမည်ခွဲများ | - စိုးဝင်း (မြစ်ခြေ)၊ ရဲဘော်စိုးဝင်း(လှိုင်) |
| ၄။ | မိဘအမည် | - ဦးသာတင့်၊ ဒေါ်အိမ်မြိုင် (ပွဲစားကြီး၊ သမစိတ္တာပွဲရုံ၊ မြစ်ခြေမြို့) |
| ၅။ | ပညာအရည်အချင်း | - B.A. (History), M.A. (Q) |
| ၆။ | ဘွဲ့ | - မဟာမင်္ဂလဓမ္မဇောတိကဓဇ-Y.M.B.A.(24.6-2012ရရှိ) |
| ၇။ | ဘာသာရေး | - အစိုးရစစ် အဘိဓမ္မ သင်္ဂြိုဟ်(၃)ပိုင်း၊ (ဆိပ်ဖြူမြို့ ဗောဓိကျောင်းတွင် ၁၉၅၃ခုနှစ် အောင်မြင်ခဲ့) |
| ၈။ | မွေးဖွားရာဇာတိ | - မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့နယ်ခွဲ၊ စံကျောင်းကျေးရွာ။ |

၉။ လူမျိုး၊ ဘာသာ - မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာ
၁၀။ အသက် - (၈၀) နှစ်
၁၁။ မွေးနေ့၊ မွေးရက် - ၁၃၀၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ (၁၉-၁၁-၁၉၄၀)
၁၂။ အလုပ်အကိုင် - B.C. (ငြိမ်း)၊ (၁၉၆၂ မှ ၁၉၈၆ အထိ၊ လှိုင်မြို့နယ်၊ အုတ်ကျင်းဂုံနီစက်ရုံ)။ စက်မှု (၁)ဝန်ကြီးဌာန။ အယ်ဒီတာ(ငြိမ်း)၊ (ငွေတာရီ၊ မြဝတီမဂ္ဂဇင်း- ကာကွယ်ရေးဝန်ကြီးဌာန (၁၉၉၁ မှ ၂၀၀၁ အထိ)
၁၃။ အိမ်ထောင်ရေး - ဇနီးဒေါ်ငွေရင် (စာရေးဆရာမ-မလေးယဉ်)

**ဆောင်ရွက်သည့်တာဝန်များ**

(၁) Y.M.B.A. အသင်းချုပ်အမှုဆောင် (၂၀၀၃ မှ ၂၀၀၈ အထိ)
Y.M.B.A.အသင်းချုပ် ဥက္ကဋ္ဌ (၂၀၀၈ မှ ၂၀၁၀ အထိ)
Y.M.B.A.အသင်းချုပ် နာယက (ယခုလက်ရှိ)

(၂) ဥက္ကဋ္ဌ (မင်္ဂလာတောင်ညွန့်မြို့နယ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ၁၉၉၆ မှ ၁၆-၆-၂၀၁၂ထိ)

(၃) ဗဟိုဦးစီးအဖွဲ့ဝင် (မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့) (၁၉၉၆ မှ ၁၆-၆-၂၀၁၂ ထိ)

(၄) ဗဟိုအမှုဆောင်ကော်မတီဝင် (မြန်မာနိုင်ငံစာရေးဆရာအသင်း) (၁၆-၆-၂၀၁၂ မှ ယခုထိ)
ဂုဏ်ထူးဆောင်နာယက (မင်္ဂလာတောင်ညွန့်မြို့နယ်စာရေးဆရာ အသင်း) (၁၆-၆-၂၀၁၂ မှ ၂၆-၇-၂၀၂၀အထိ)
ဂုဏ်ထူးဆောင်နာယက (ဗဟန်းမြို့နယ် စာရေးဆရာအသင်း) (၂၆-၇-၂၀၂၀ မှစ၍ ....)

(၅) ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင် (မဟာစည်ရိပ်သာကြီး၊ဗဟန်းမြို့နယ်။ (၁၉၉၂ မှ ယနေ့အထိ)

| | |
|---|---|
| (၆) စာတည်း/စာတည်းချုပ် | (မဟာစည်သတင်းလွှာ၊ မဟာစည်ရိပ်သာကြီး) (၂၀၀၀ ပြည့်မှ ယနေ့ထိ) (မဟာစည်ရာပြည့်မော်ကွန်းအမှုဆောင် စာတည်း - ၂၀၁၄) |
| (၇) အမှုဆောင်စာတည်း | မဟာစည်အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်း အနှစ် ၂၀ ပြည့် အထိမ်းအမှတ်မော်ကွန်း (၂၀၁၀) နှင့် (၂၅) နှစ်ပြည့် အထိမ်းအမှတ် |
| (၈) အမှုဆောင် | (ဆရာချစ်ဦးညို ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ချမ်းအေးမမွှစာဆိုပညာရှင်ကြီးများ ပူဇော် ဂုဏ်ပြုရေးအဖွဲ့၊ ၂၀၀၀မှ ယနေ့အထိ) |
| (၉) အတိုင်ပင်ခံစာတည်း | (အယ်ဒီတာချုပ် ဒေါက်တာသက်ဆွေ ထုတ်ဝေသော ဇီဝကမဂ္ဂဇင်း၊ ၂၀၀၅ မှ ယနေ့ထိ)။ |
| (၁၀) နာယက | (ဆရာဦးဌေးလှိုင်စီစဉ်သော "ခရီးဖော်မမွှရသ မဂ္ဂဇင်း" ၂၀၁၀ ခုနှစ်။) |
| (၁၁) အမှုဆောင်၊တွဲမှူး၊ဒုတိယဥက္ကဋ္ဌ အသင်းနာယက | (ပခုက္ကူအသင်း-ရန်ကုန်၊ ၁၉၈၆မှ ၉. ၂. ၂၀၁၃)။ (ယခုပခုက္ကူခရိုင်အသင်း(၉-၂-၂၀၁၃မှယခုထိ)။ |
| (၁၂) နာယက | (ဆိပ်ဖြူမြို့နယ်အသင်း၊ ရန်ကုန်) (၁-၁-၂၀၁၁ မှစ၍) |
| (၁၃) နာယက | (မြစ်ခြေမြို့နယ်အသင်း၊ ရန်ကုန်) (၁-၁-၂၀၁၂ မှစ၍) |
| (၁၄) နာယက | (ဒိုက်ဦးမြို့နယ်အသင်း၊ ရန်ကုန်) (၁၆-၁-၂၀၂၀ မှစ၍) |
| (၁၅) စာတည်းအဖွဲ့ဝင် | (အယ်ဒီတာချုပ် ဆရာဦးထွန်းလွင် စီစဉ်သော "ရတနာမွန်မဂ္ဂဇင်း"၊ ၂၀၀၃ မှ ၂၀၀၈ အထိ) |
| (၁၆) အယ်ဒီတာ | (ပခုက္ကူအသင်း-ရန်ကုန် မဂ္ဂဇင်း ၂၀၀၂) |

(၁၇) တာဝန်ခံစာတည်း (ဝခုကွကျအသင်း ရန်ကုန်၏ နှစ် ၅၀ ပြည့် ရွှေရတုမဂ္ဂဇင်း ၂၀၁၀)

(၁၈) ဇဟိုကော်မတီဒုတိယဥက္ကဋ္ဌ(၃) (ဆရာဦးဌေးမောင် ဥက္ကဋ္ဌဖြစ်ခဲ့သော၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း (မြန်စာပြန့်)၊ ၂၁-၄-၂၀၁၇ မှစ၍)။

(၁၉) အဖွဲ့ဝင် (ဆရာဂုဏ်ထူးဦးသိန်းနိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော၊ မြန်မာနိုင်ငံစာပေချစ်မြတ်နိုးသူများအသင်း၊ (မြန်စာချစ်)၊ ၇-၃-၂၀၁၅ မှစ၍)

(၂၀) အဖွဲ့ဝင် ("မြန်ဖြာ"ကျေးလက်ဒေသ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့) (၁၇-၂-၂၀၁၇ မှစ၍)။

**စာပေရေးသားထုတ်ဝေမှု**

၁။ ဒို့ခေတ်လုပ်သားပြည့်စွမ်းအားစာအုပ် (၁၉၈၀ ပြည့်)

၂။ ဇာနည်သွေးကလေးကဗျာများစာအုပ် (ပ-ကြိမ်၊ ၁၉၈၃ ခုနှစ်)

၃။ ဇာနည်သွေးကလေးကဗျာများစာအုပ် (ဒု-ကြိမ်၊ ၁၉၈၄ ခုနှစ်)

၄။ သုံးပွင့်တစ်ခိုင် အထက်တန်းမြန်မာစာစီစာကုံး (၃ ဦးပေါင်း၊ ၂၀၀၂ ခုနှစ်)

၅။ ဝလုံးလေးနှင့် အခြားကဗျာများစာအုပ် (၂၀၀၇ ခုနှစ်)

၆။ ဦးစိုးဝင်း စိန်ရတုမွေးနေ့လက်ဆောင်စာအုပ် (၂၀၁၅ ခုနှစ်)

၇။ ဘဝဝန်းကျင် ပန်းဥယျာဉ် ကဗျာစာအုပ်၊ (၂၀၁၈ ခုနှစ်)

၈။ ကျေးဇူးသစ္စာမမေ့ပါနှင့် အခြားကဗျာများ (၂၀၂၀ ပြည့်နှစ်)

၉။ ပွင့်ဦးမေတ္တာချူလှည့်ပါနှင့်အခြားကဗျာများ (၂၀၂၀ ပြည့်နှစ်)

၁၀။ အသက် ၈၀ ပြည့် ပတ္တမြားရတုမွေးနေ့မင်္ဂလာ ဂုဏ်ပြုမှတ်တမ်းလွှာ (၂၀၂၀ ပြည့်နှစ်)

## ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်၌ ကူညီခဲ့ကြသူ၊ လူကြီးမင်း အားလုံးတို့အား အထူး (အထူး) ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည် ခင်ဗျား။ ။

တက္ကသိုလ်စိုးယဉ်

၁၆-၆-၂၀၂၀

# ဖေဖေ့ကျေးဇူးဆပ်ဖူးပါသည်

ကျွန်မတို့မှာ ဖေဖေ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)+ မိခင် ဒေါ်ငွေရင် (မလေးယဉ်) စာရေးဆရာလင်မယားက မွေးဖွားခဲ့ကြပါသည်။ ကျွန်မ သီတာစိုးနှင့် ကေသီစိုး မိသားစုတို့က နှစ်ဖက်သောမိဘများကို အတတ်နိုင်ဆုံး ကျေးဇူးဆပ်လျက် ရှိကြပါသည်။

ဖခင်က "သမီးတို့အိမ်ထောင်မပြုခင်တော့ ဒို့မိဘ (၂) ပါးပါပဲ၊ အိမ်ထောင်ပြုပြီးဆိုတာနဲ့ မိဘ (၄) ပါးရှိသွားပြီနော်။ နှစ်ဖက်မိဘမျှမျှတတ ကျေးဇူးဆပ်၊ လုပ်ကျွေးမှ တကယ့်သမီးကောင်းရတနာ" ဟု အပျိုဘဝကပင် သင်ကြားပေးခဲ့သည့်အတိုင်း ကျေးဇူးဆပ်လျက်ရှိကြပါသည်။ ဖခင်က မိဘကိုလုပ်ကျွေးပြုစုသကဲ့သို့ သမီးတို့ကလည်း ဖခင်ကို လုပ်ကျွေးပြုစုပါ၏။

ဖခင်ကြီးမှာ "မရဏဖွားတဲ့၊ ငယ်က သေရင်သေ၊ မသေရင်ကြီးရင်လူကြီးဖြစ်ရမယ်" ဆိုသည့်ဗေဒင်ဟောကိန်းအတိုင်း အသက် (၂၀) ခန့်အရွယ်ခန့်ကပင် လူခြောက်ထောင်ခန့်ရှိ အုတ်ကျင်းဂုန်နီစက်ရုံကြီး၌ ခေါင်းဆောင်၊ ထို့နောက် လှိုင်ပါတီယူနစ်ကောင်စီဝင်၊ မင်္ဂလာတောင်ညွန့်ပါတီယူနစ်ကော်မတီဝင်စသဖြင့် ရွေးချယ်တင်မြှောက်ခံခဲ့ရ၏။

ထို့ပြင် Y.M.B.A.အသင်းချုပ် ဥက္ကဋ္ဌ၊ နာယက၊ မဟာစည်သာသနာ့ရိပ်သာမှာဆိုလျှင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အမှုဆောင် နှစ် ၃၀ နီးပါးကြာခဲ့ပါပြီ။ ထို့ပြင် ပခုက္ကူခရိုင်အသင်း ဒုတိယဥက္ကဋ္ဌ၊ ယခု နာယက၊ မြစ်ခြေမြို့နယ်အသင်း (ရန်ကုန်)၊ နာယက မင်္ဂလာတောင်ညွန့်မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၆) နှစ်လုပ်ခဲ့ပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင်တာဝန်များ ထမ်းဆောင်လျက်ရှိပါသည်။

သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင် အလှူရေစက်လက်မနှေးတတ်သူဖြစ်သဖြင့် လှူဒါန်းလျက်ရှိရာ ၂၀၀၅ ခုနှစ်၊ ဒိုက်ဦးမြို့နယ်၊ ရှမ်းစုကျေးရွာ၊ အဘရာကျော်

ဆရာတော်ဘုရားကြီး သိက္ခာတော်အလှူတော်မှစ၍ ညီမ ဒေါ်သန်းရှင်တို့နှင့် ပွင့်ဖြူမြို့နယ်၊ သစ်---ရွာ၊ ပခုက္ကူခရိုင် မြစ်ခြေမြို့နယ် စံကျောင်းရွာတို့တွင် နှစ်စဉ်ဘုရားပွဲအမီ သွားရောက်၍ သက်ကြီးပူဇော်ပွဲပြုလုပ်ခြင်း၊ ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်းကပ်၊ ---စံကျောင်းကျေးရွာ ဘုရားကြီးသိမ်ဇရပ်ဆောက်ခြင်း စသည့် အလှူဒါနမျိုးစုံတို့ ပြုလုပ်ခဲ့ကြပါသည်။

ယခု ဖခင်ကြီးအသက် (၈၀) ပြည့် ပတ္တမြားရတုမွေးနေ့ အလှူတော်အတွက် အလှူဒါနပြုရသဖြင့်လည်း ပီတိများ တဖွားဖွားဖြစ်ပေါ် ရပြီး ဖခင်ကြီး အသက်ရာကျော် ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါ၏။ ။

## "သားသမီးများ မြေးများ"

ဦးအေးလွင်+
ဒေါ်သီတာစိုး (ဟိတာချီ ကုမ္ပဏီ)
သား ကိုရန်မျိုးအောင်
ကိုမင်းသူ
အမှတ် (၁၅)၊ ကံ့ကော်လမ်းသွယ်၊
ငါးထပ်ကြီးဘုရား၊ ဗဟန်းမြို့နယ်

ဦးသန့်ဇင်ဦး+
ဒေါ်ကေသီစိုး (ဟိတာချီ ကုမ္ပဏီ)
သား ကိုထွဋ်ခေါင်ကျော်
တိုက် 8-B၊ အခန်း D-6၊
အေးရိပ်မွန်(၃) လမ်း၊ လှိုင်မြို့နယ်

# ဘဝရုပ်ပုံ ဆေးချက်စုံ

ဆရာဦးစိုးဝင်း(ကဗျာဆရာကြီး တက္ကသိုလ်စိုးယဉ်)က သူ၏အသက် (၈၀) ပြည့် ပတ္တမြားရတုမွေးနေ့မင်္ဂလာ ဂုဏ်ပြုမှတ်တမ်းလွှာကို ထုတ်ဝေပေးရန် တာဝန်ပေးအပ်လာပါသည်။ ထို့ပြင် ဤစာအုပ်ကြီးအတွက် အမှာစာလည်း ချီးမြှင့်ပေးရန် တောင်းဆိုလာပြန်၏။

ဆရာ ဦးစိုးဝင်းနှင့် လူချင်းရင်းနှီးခင်မင်ခဲ့သည်မှာ နှစ်ပေါင်း (၃၀)ခန့်ရှိပါပြီ။ စာချင်းမင်ခင်ရင်းနှီးခဲ့သည်ကား ၁၀စုနှစ် ၅ ခုမျှပင်ရှိအံ့ထင်သည်၊ တက္ကသိုလ်စိုးယဉ်၊ စိုးဝင်း(မြစ်ခြေ)၊ ရဲဘော်စိုးဝင်း(လှိုင်) အစရှိသော သူ့ကလောင်အမည်များကို သိရှိတွေ့မြင်ဖတ်ရှုခဲ့ရသည်မှာ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝကပင် ဖြစ်ပါ၏။

ဆရာ ဦးစိုးဝင်းနှင့် ကျွန်တော်သည် တစ်ရပ်ကွက်တည်း အိမ်နီးချင်းအဖြစ်လည်း နေထိုင်ဖူး၏။ တစ်သင်းတစ်ဖွဲ့တည်းမှာလည်း နှစ်ပေါင်းများစွာ အတူလက်တွဲလုပ်ကိုင်ခဲ့ဖူး၏။ အစည်းအဝေးပေါင်းများစွာ အခမ်းအနားပေါင်းများစွာမှာလည်း အတူတက်ရောက်ကာ အကြိမ်ပေါင်းများစွာ ဆွေးနွေးကြ ညှိနှိုင်းကြ ပြောဆိုတိုင်ပင်ခဲ့ဖူးကြပါ၏။ ဦးစိုးဝင်း၏ ပွင့်လင်းရိုးသားမှု၊ အလှူဒါနပြုရာ၌ ရက်ရောမှု၊ ကိစ္စရပ်တိုင်းတွင် ဆင်ခြင်တုံတရားဖြင့် အလေးအနက်တွေးခေါ်ကြံဆတတ်မှု၊ မိတ်ဆွေအပေါင်းအသင်းတို့အပေါ် သံယောဇဉ်ကြီးမားမှု၊ အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်လိုသော ဆန္ဒကြီးမားမှု အစရှိသော အားသာချက်များကြောင့် သူ့ကို လူတိုင်းက ချစ်ခင်လေးစားကြသည်။

ယခု သူ၏အသက်(၈၀)ပြည့် ပတ္တမြားရတုမွေးနေ့ မင်္ဂလာမှတ်တမ်းလွှာအတွက် သူ၏မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများက သူတို့၏အမြင်ကို ပုံစံအမျိုးမျိုး ဖြင့် ရေးဖွဲ့ဂုဏ်ပြုမှတ်တမ်းတင်ကြသည်။ စာအုပ်ထုတ်ဝေသူဖြစ်သော ကျွန်တော်သည်

ထိုစာမူအားလုံး (အမှာလွှာ၊ ဆုတောင်းလွှာ၊ အမှတ်တရပေးစာ၊ ဂုဏ်ပြုကဗျာ၊ ဂုဏ်ပြုဆောင်းပါးအစရှိသည့် စာမူများ) အားလုံးကို ကျွန်တော်ဖတ်ရှုရသည်။ မူလက တာဝန်အရ ဖတ်ရှုရသည်မှန်သော်ငြား၊ ဖတ်ရင်းဖတ်ရင်းဖြင့် ထိုစာမူ (ကဗျာ၊ ဆောင်းပါး၊ မှာတမ်းလွှာများ)အားလုံးသည် အလွန်ရသမြောက်၍ သူ့နည်းသူ့ဟန်ဖြင့် အလှဆင်ထားသော စာမူများဖြစ်ကြောင်း အသိအမှတ်ပြုရပါတော့၏။ ထိုစာမူရှင်များအားလုံး၏ ရေးသားမှတ်တမ်းတင်မှုများကြောင့် ဦးစိုးဝင်း၏ဘဝဇာတ်လမ်း ဘဝမှတ်တမ်းကို ထင်လင်းစွာ ရှုမြင်ရတော့၏။

မြစ်ခြေမြို့နယ် စံကျောင်းကျေးရွာသားလေး ဦးစိုးဝင်း။ (တစ်ချို့ကလည်း စညောင်းဟု ရေးတာဖတ်ရသည်။) နေရေးထိုင်ရေး သွားရေးလာရေး အလွန်ခက်လှသည်ဟု ဦးစိုးဝင်း၏လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ဆရာ မောင်ဝင့်ကြည်(ပခုက္ကူ)၏ ရေးသားဖော်ပြချက်အရ သိရှိရသည်။ ထိုရွာကလေးကို စိတ်ကူးပုံဖော်ကြည့်ရင်း မောင်စိုးဝင်းကလေး ငယ်ရွယ်စဉ်ဘဝကို မြင်ယောင်မိသည်။ သူ၏ဖခင် ပွဲစားကြီး ဦးသာတင့်က "ဆရာကျော်ရေ. . . ကျုပ်တော့ ဘုရင့်နောင်ထုံးနှလုံးမူပြီး ဖောင်ဖျက်ခဲ့ပြီဗျို့"ဆိုတဲ့ စကားလာပြောပုံကို ဆရာမောင်ငြိမ်းအေး (မြစ်ခြေ) ရေးသားသည့် အဖေနှစ်ယောက်သားနှစ်ယောက် ဆောင်းပါးတွင် ဖတ်ရှုရတော့ ပွဲစားကြီး ဦးသာတင့်ကို အလွန်ပင်လေးစားမိပေသည်။ ထိုဆောင်းပါးကို ဖတ်ရင်း မိတ်ဆွေကောင်းတို့၏ဝတ္တရား ကျေပွန်လှသော ဆရာကျော်၊ မိဘကောင်းပီသလှသော ဆရာ ဦးစိုးဝင်း၏ဖခင် ဦးသာတင့်တို့ကို မမြင်ဖူးပါပဲ ကြည်ညိုလေးစားစွာ ရိုကျိုးဦးညွှတ်မိသည်။

ထို့ပြင် ဦးစိုးဝင်း၏မိတ်ဆွေများက ပုံဖော်ခြယ်မှုန်းထားသော ဦးစိုးဝင်း ပန်းချီကားများစွာကို ဤစာအုပ်ထဲတွင် ရှုမြင်ရပြန်သည်။ ထီးကောက်ကြီးတစ်ချောင်းနှင့် ဦးစိုးဝင်း၊ လွယ်အိတ်ကြီးတစ်လုံးနှင့် ဦးစိုးဝင်း၊ လက်ဖက်ရည်ကရားကြီးကိုင်ကာ တစ်ခွက်ပြီး တစ်ခွက် အလှူဒါနပြုနေသော ဦးစိုးဝင်း၊ ကျုပ်က တစ်သိန်းလှူမယ်ဗျာ၊ ဘယ်ရွှေ့ဘယ်မျှ လှူမယ်ဗျာဟု ပြောနေသော ဦးစိုးဝင်း၊ စိန်အောင်မင်းနှင့်တူသော ဦးစိုးဝင်း၊

ဘဘကြီး ဦးစိုးဝင်း၊ မေတ္တာနုသစ် စာပေချစ်တဲ့ ဦးစိုးဝင်း၊ သဘောကောင်းသော်လည်း ပြတ်သားသည့် ဦးစိုးဝင်း၊ ဇရာအိုစာဆိုလို့လည်း အခေါ်ခံရတဲ့ ဦးစိုးဝင်း၊ နာယကကြီး ဦးစိုးဝင်း၊ ဥက္ကဋ္ဌကောင်းကြီး ဦးစိုးဝင်း. . . အစရှိသည်ဖြင့် ဦးစိုးဝင်း၏ဘဝရုပ်ပုံတွေကို စုံလင်စွာ ရှုမြင်ရပေသည်။

ကျွန်တော်ငယ်စဉ်က အလွန်နှစ်သက်ခဲ့သော စာအုပ်အမည်များကို သတိရမိသည်။ မင်းလိုလူစားအများကြီးဟေ့. . . တဲ့။ မင်းလိုလူစား ခုနစ်ဆယ့်ငါးတဲ့။ ထိုစာအုပ်ပါ အကြောင်းအရာများကို အထူးပြုလိုခြင်း မဟုတ်ပါ။ ခေါင်းစဉ်ကိုသာ ပြောလိုရင်းဖြစ်သည်။

ဤပတ္တမြားရတုမွေးနေ့မင်္ဂလာဂုဏ်ပြုမှတ်တမ်းလွှာပါ ဆောင်းပါး၊ ကဗျာမှတ်တမ်းများ အရ ဦးစိုးဝင်း ဘယ်လိုလူစားလဲဆိုတာ စာရှုသူတို့ ပိုပြင်ထင်လင်းစွာ ရှုမြင်နိုင်သည်။ ကိုယ်ရေးကိုယ်တာအကျိုးကို ရှေ့တန်းမတင်တတ်သော၊ သူတစ်ပါးအကျိုး၊ အများ အကျိုးကို ရှေ့တန်းတင်တတ်သော၊ ရပ်ဂုဏ်ရွာဂုဏ် မွေးဇာတိဂုဏ်ကို ဆောင်တတ်သော၊ အလှူအတန်းပေးကမ်းစွန့်ကြဲခြင်း၌ မွေ့လျော်တတ်သော၊ အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်ပြင်းပြသော၊ မှန်သည်ထင်သည့်အတိုင်း ရဲရင့်ပွင့်လင်းစွာ ဆွေးနွေးပြောဆိုတတ်သော လူစားထဲတွင် ဦးစိုးဝင်းပါဝင်သည်ကို တွေ့မြင်ရပေလိမ့်မည်။

သို့ဖြစ်ရကား အထက်တွင် ကျွန်တော်ဖော်ပြခဲ့သော စာအုပ်ခေါင်းစဉ်များပါအတိုင်း သူ့လိုလူစား ခုနစ်ဆယ့်ငါးမျှမက သူ့လိုလူစား အများကြီးရှိစေချင်ပါသည်။

ထပ်မံ၍ လေးနက်စွာ တင်ပြရပါသော် ဦးစိုးဝင်းလို လူစားအများကြီး ရှိစေချင်ပါသည်။

ပတ္တမြားရတု မင်္ဂလာကို အများရှုမြင်ကာပြီးသည့်နောက် ကဗျာတစ်ပွေ့ စာတစ်ပွေ့ရယ်နှင့် ရာပြည့်မင်္ဂလာပွဲ ဆက်လက်ဆင်နွှဲနိုင်ပါစေသတည်း။ ။

**မြင်းမူမောင်နိုင်မိုး**


ဂုဏ်ပြုစာလွှာ မို့မေတ္တာ

# ဆုတောင်း ပတ္ထနာလွှာ

အသက်ရှည်ခြင်းသည် ကုသိုလ်ကံအကျိုးပေးကောင်းသောကြောင့်ဟုဆိုကြသည်။ မှန်၏။ ကိုယ်လုပ်သောကုသိုလ်ကံ ကိုယ့်ဆီပြန်၏။

လူတစ်ယောက်၏ ပတ်ဝန်းကျင်၊ နေထိုင်စားသောက်မှုစရိုက်နှင့် အသိပညာတို့က အသက်တိုခြင်း၊ ရှည်ခြင်းကို ဆုံးဖြတ်သည်။

အသက်ရှည်သောသူများသည် လောဘ ဒေါသနည်းသူများဖြစ်တတ်ကြသည်။ ပတ်ဝန်းကျင်နှင့်လည်း သဟဇာတဖြစ်အောင် နေထိုင်တတ်ကြသည်။ တရားသဖြင့် အသက်မွေးဝမ်းကျောင်းရခြင်းကို မြတ်နိုးကြသည်။ လူကြီးမိဘဆရာသမားတို့၏ အဆုံးအမကို မပင်မပန်း ခံယူနေထိုင်နေတတ်ကြသည်။

ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) အသက် ၈၀ ပြည့်မွေးနေ့ မကြာမီ ရောက်ရှိလာတော့ မည်ဆိုသောအခါ သူ့ပညာအရည်အသွေးနှင့် လူ့လောကကောင်းကျိုးဖော်ဆောင်ပေးမှု အထုံကြီးသူပေပဲဟု စိတ်တွင် မှတ်ချက်ပြုရင်း ပီတိဖြစ်လိုက်မိသည်။

တစ်ချိန်က မိဘချင်းညီရင်းအစ်ကိုတစ်မျှ ချင်ခင်ခဲ့ကြသလို သားသမီးချင်းကိုလည်း သူတို့ကဲ့သို့ နေထိုင်တတ်ကြရန် မှာကြားဆိုဆုံးမခဲ့ဖူးသည်။ ထိုသို့မှာကြားခဲ့ကြသော်လည်း ကျွန်တော်တို့တွေ့များရရှိ လုပ်ငန်းခွင်ထဲရောက်ကြသောအခါမှ တွေ့ဆုံခင်မင်ခဲ့ကြရသည်။

ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) အသက် ၈၀ ပြည့်မွေးနေ့အတွက် ဝမ်းမြောက်ပတ္ထနာ ပြုရမည်ဆိုသောအခါ နောက်ထပ်ပိုမို အသက်ရှည်ဖို့ အတွက် "မကောင်းမှုကိုမေ့ချန်ဖယ်ရှားပြီးကောင်းမှုကိုအဖန်ဖန်အခါခါပွားများလုပ်ဆောင်နိုင်ပါစေ" သတည်းဟူ၍။

မိတ်ဆွေကြီးဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) သည် လာလတ္တံ့သော နှစ်များတွင်လည်း သျှင်ပါကူကဲ့သို့ ရောဂါအနာကင်းပြီး၊ ရှင်အာနန္ဒာကဲ့သို့ အသက် ၁၂၀ ရှည်ပါစေ။ လောကကောင်းကျိုးလည်း ကောင်းစွာဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ ။

မေတ္တာသဟာဂယေန စေတသာ
**သိပ္ပံကျော်စွာ ဒေါက်တာတိုးလှ**
M.A.Ph.D. D.I.A. (NIU)
ဒုတိယဥက္ကဋ္ဌ (၂) မြန်မာသမိုင်းအဖွဲ့၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## မွေးနေ့ဆုတောင်း

မြန်မာနိုင်ငံ Y.M.B.A. အသင်းကြီးဥက္ကဋ္ဌ (၂၀၀၈-၂၀၁၈)၊ ယခု လက်ရှိနာယကတစ်ဦးဖြစ်သူ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) အသက် ၈၀ ပြည့်မွေးနေ့မှသည် အသက်ရာကျော်တိုင်အောင် အမျိုးဘာသာ သာသနာ ပရဟိတတာဝန်များကို ကျန်းမာစွာထမ်းဆောင်သွားနိုင်ပါစေရန် ဆုတောင်း မေတ္တာပို့ပါသည်။

**ဦးရဲထွန်း**
ဥက္ကဋ္ဌ
Y.M.B.A. အသင်းကြီး၊ ရေကျော်လမ်း
ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့

## ဆုတောင်းမေတ္တာ

မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) အသက် ၈၀ ပြည့် ပတ္တမြားရတုမွေးနေ့မှ သည် အသက်ရာကျော်တိုင်အောင် စာပေတာဝန် ပရဟိတတာဝန်များ ကို ကျန်းမာ ချမ်းသာစွာဖြင့် ဆက်လက်ထမ်းဆောင်နိုင်ပါစေဟု ဆုတောင်း မေတ္တာပို့သပါသည်။

**ဦးကျော်ဝင်း (မနုဿကျော်ဝင်း)**
အမျိုးသားစာပေဆုနှင့် သိပ္ပံကျော်စွာဘွဲ့ရ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း
ရန်ကုန်မြို့။
၁၁-၆-၂၀၂၀

## မွေးနေ့သဝဏ်လွှာ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းကြီး၏ ဒုတိယဥက္ကဋ္ဌ ဆရာဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) ၏ အသက် ၈၀ ပြည့် မွေးနေ့မှစ၍ အသက်ရှည်သမျှ ကျန်းမာပါစေကြောင်း၊ စာပေယဉ်ကျေးမှု အနုပညာနှင့် ဘာသာ သာသနာအကျိုး ဆထက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဒေါက်တာစန်းဝင်း (ရွှေဟောင်းသုတေသန)**
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း
၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၉) ရက်

## ပတ္တမြားရတု မွေးနေ့ဆုတောင်း

မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ အမှုဆောင်ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) သည် ဤရိပ်သာကြီးတွင် ပရဟိတလုပ်ငန်းများကို နှစ်ပေါင်း (၂၅) နှစ်ကျော် ထမ်းဆောင်ခဲ့ရာ ယခုအသက် (၈၀) ပြည့် ပတ္တမြားရတုမွေးနေ့မင်္ဂလာမှသည် ရှေ့ဆက်၍ အသက်ရာကျော်တိုင်အောင် ကျန်းမာစွာထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**ဒေါက်တာတင့်စိုးလင်း**
ဥက္ကဋ္ဌ
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ၊
အမှတ်-၁၆၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၁၀-၆-၂၀၂၀

## တူတော်မောင် တက္ကသိုလ်စိုးယဉ်အတွက် ဆုတောင်းမေတ္တာ

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်၊ မြန်မာနိုင်ငံ Y.M.B.A. (ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်) ဥက္ကဋ္ဌဟောင်း၊ ယခု နာယကကြီး၊ ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာကြီး ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင် အယ်ဒီတာချုပ်၊ ကာကွယ်ရေးဝန်ကြီး ဌာန မြဝတီ/ငွေတာရီမဂ္ဂဇင်းအယ်ဒီတာဟောင်း၊ ပခုက္ကူခရိုင်အသင်း နာယက တူတော်မောင် အသက် (၈၀) ပြည့် မွေးနေ့မင်္ဂလာ အလှူတော်၊ မိုးညှင်းဝိပဿနာတိုက် (ဗဟန်းမြို့နယ်) တွင် ကျင်းပပြုလုပ်သဖြင့် ဝမ်းမြောက်ဂုဏ်ယူသာဓုခေါ်ပါသည်။

ဤသို့ အသက် (၈၀) ပြည့် ပတ္တမြားရတုမွေးနေ့မင်္ဂလာ အလှူဒါနများကြောင့် ဦးလေး ကဲ့သို့ပင် ကျန်းမာစွာဖြင့် အသက်ရာကျော်ရှည်ပါစေ၊ အမျိုးဘာသာသာသနာ လူမှုရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းမေတ္တာပေးပို့ပါသည်။

**ရေတပ် ဗိုလ်သော်**

(အသက် ၁၀၁ နှစ်)

ချောက်ရေနံမြေလက်ရုံးတပ်ဖွဲ့ဝင်ဟောင်း၊

သခင်ဖိုးလှကြီး၊ သခင်အုန်းဖေနှင့် သခင် ခင်ဇော်တို့အဖွဲ့

## အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေ

ပခုက္ကူခရိုင်သူ၊ ခရိုင်သားများ၏ ဒေသချစ်မြတ်နိုးစိတ်၊ စည်းလုံး ညီညွတ်မှုတို့ကြောင့် ယခုအခါ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မြောက်ဘက်မုခ်ဦးအနီးရှိ ပခုက္ကူ ခမ္မာရုံကြီး ပထမ အဆောက်အဦးပြုပြင်ခြင်းမှာ ပြီးစီးသလောက်ရှိနေပြီဖြစ်ပါသည်။

ပြီးစီးပါက ခရိုင်အတွင်းမှ မြို့နယ်အသီးသီး မှလာဘူမိနက်သန်နေရာမှန်လို တစ်စုတစ်ဝေးတည်း ပြန်လည်ပေါင်းစည်းနိုင်တော့မည်ဖြစ်ပါသည်။

ပေါင်းစည်းပြီးပါက မိမိတို့ခရိုင်ဒေသအတွင်းမှ ရန်ကုန်စုပေါင်းနေသော မိသားစုများနှင့်ဒေသတွင်းရှိကြသော ဆွေတော်မျိုးတော်အားလုံးအတွက် ယခင်ကထက် ပိုမိုနီးကပ်စည်းရုံးစွာ ဆောင်ရွက်ကြတော့မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခရိုင်ဒေသအကျိုးအား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ရှေ့ဆောင်လမ်းပြဒေသချစ်ပုဂ္ဂိုလ်ကြီးများ၊ နာယကကြီးများ၊ အမျိုးဘာသာသာသနာနှင့် စာပေအနုပညာဆိုင်ရာဒေသအကျိုးဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများ၊ မြို့နယ် အသီးသီးမှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့်တကွ ခရိုင်ဒေသချစ်သူများအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

နာယက ဦးစိုးဝင်း သက်ရှည်ကျန်းမာစွာဖြင့် ခရိုင်ဒေသအကျိုး နိုင်ငံအကျိုးကို ဆောင်ရွက်နိုင်ပါစေ။

**ကျော်ကျော်လှိုင်**
ဥက္ကဋ္ဌ၊ ပခုက္ကူခရိုင်အသင်း (ရန်ကုန်)
၁၀-၆-၂၀၂၀

# ဆုမွန်တောင်းလွှာ

ပခုက္ကူဒေသသားဖြစ်သော စာရေးဆရာ တက္ကသိုလ်စိုးယဉ်သည် ဒေသသံယောဇဉ်ကြီးမားသူဖြစ်ပါသည်။ ပခုက္ကူစာပေဆုရှင် ပခုက္ကူဦးအုံးဖေတည်ထောင်ဖွင့်လှစ်ခဲ့သော ပခုက္ကူဦးအုံးဖေစာကြည့်တိုက်သို့ မကြာခဏအလှူငွေများထည့်ဝင်ပြီး စာအုပ်များကိုလည်း ပေးပို့လှူဒါန်းခဲ့ဖူးပါသည်။ စာပေချစ်မြတ်နိုးသူ စာပေဒါနပြုသူဟု ဆိုနိုင် ပါသည်။

သို့ဖြစ်၍ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီကိုယ်စား ဒေသသံယောဇဉ်ရှိ၍ စာပေဒါနရှင် တက္ကသိုလ်စိုးယဉ်အား ကျေးဇူးတင် ရှိပါသည်။

တက္ကသိုလ်စိုးယဉ်သည် မွေးနေ့နှစ်ပေါင်းတစ်ရာကျော်သည်ထိ ကျန်းမာချမ်းသာ ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ။

**ဦးတင့်ဆွေ**
ဥက္ကဋ္ဌ၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကော်မတီ
ပခုက္ကူမြို့

# ဂုဏ်ပြုဆုတောင်းလွှာ

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်၊ မြန်မာနိုင်ငံစာပေ ပြန့်ပွားရေးအသင်း (မြန်စာပြန့်) ဒုတိယဥက္ကဋ္ဌ၊ Y.M.B.A. အသင်းချုပ် ဥက္ကဋ္ဌ (ငြိမ်း)၊ ယခုအသင်းချုပ်နာယက၊ ပခုက္ကူခရိုင်အသင်း (ရန်ကုန်)၊ မြစ်ခြေအသင်း (ရန်ကုန်)၊ ဆိပ်ဖြူအသင်း (ရန်ကုန်)၊ ဒိုက်ဦးအသင်း (ရန်ကုန်)တို့၏ နာယက၊ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) **"အသက် ၈၀ ပြည့် ပတ္တမြားရတုမွေးနေ့မင်္ဂလာမှတ်တမ်းလွှာ"** ထုတ်ဝေခြင်း၊ မွေးနေ့မင်္ဂလာညည့်ခံပွဲပြုလုပ်ခြင်းအတွက် သာခုခေါ်ပါသည်။

ပျော်ရွှင်ချမ်းမြေ့စွာဖြင့် စာပေလုပ်ငန်းနှင့် အမျိုးဘာသာ သာသနာ ပရဟိတကုသိုလ်ဖြစ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ပါစေ။ အသက်ရာကျော်ရှည်ပါစေဟု ဆုတောင်းမေတ္တာပြုအပ်ပါသည်။ ။

**ဦးဝင်းလှိုင်**
ဥက္ကဋ္ဌ၊ မြစ်ခြေမြို့နယ်အသင်း (ရန်ကုန်)
၁၁-၆-၂၀၂၀

# ဆုတောင်းမေတ္တာ

တက္ကသိုလ်ဘွဲ့ရသည်ထိ ကျောင်းနေဖက်သူငယ်ချင်းကြီး ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) အသက် ၈၀ ပြည့် ပတ္တမြားရတုမွေးနေ့မှသည် အသက်ရာကျော်တိုင်အောင် ရွှင်လန်းချမ်းမြေ့စွာဖြင့် ဘာသာသာသနာနှင့် လူမှုရေးတာဝန်များ ဆက်လက်ထမ်းဆောင်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့ပါသည်။ ။

**ဦးကြည်**
ကျောင်းအုပ်ကြီး၊ ရွှေ့ဆောင်မျက်မမြင်ကျောင်း၊
မိတ္ထီလာမြို့။ (၁၁-၆-၂၀၂၀)

## ဆုတောင်းလွှာ

အသက် (၈၀) ပြည့် ပဋ္ဌာန်မြားရတုမွေးနေ့ပြုလုပ်သော ဆရာ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) က မဟာစည်သတင်းလွှာ စာတည်းမှူးချုပ် ကျွန်တော်က တာဝန်ခံစာတည်းအဖြစ် (၁၄) နှစ်ကျော် လက်တွဲဆောင်ရွက်လာကြရာတွင် စိတ်တူ၊ သဘောတူ ညီအစ်ကိုအရင်းကဲ့သို့ ချစ်ခင်လေးစားခဲ့ကြပါသည်။

မဟာစည်သာသနာ့ရိပ်သာကြီး ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် နိဗ္ဗာန်ဆော် (သို့မဟုတ်) စကားမပြောသော စည်းရုံးရေးမှူးဟု ခေါ်ထိုက်သည့် ဤမဟာစည်သတင်းလွှာ ထုတ်ဝေမှုအတွက် မွန်မြတ်သော ကုသိုလ်တော်အဖြစ် ဆောင်ရွက်နေကြပါသည်။

ဆရာ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) **"အသက် ၈၀ ပြည့် ပဋ္ဌာန်မြားရတုမွေးနေ့"** မှသည် အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ပါစေသော . . . ။

**ဦးသန်းအောင် (မင်းသိဒ္ဓိ)**
တာဝန်ခံစာတည်း
မဟာစည်သတင်းလွှာ၊ မဟာစည်သာသနာ့ရိပ်သာ
အမှတ် (၁၆)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၀ ၉၃၆၂၂

# ဝတ္ထုများရတဲ့မွေးနေ့ရှင်

## တက္ကသိုလ်စိုးယဉ်

## "ကဗျာများ"

# ပတ္တမြားရတုဓွေးနေ့ရှင် တက္ကသိုလ်စိုးယဉ် ကဗျာများ

## "ငါးပါးသီလကဗျာများ"

*** အသက်သတ်က ဆိုးကျိုးရ**

အပါယ်ငရဲ ၊ ရောဂါစွဲကပ် ၊ သက်တိုတတ်၏။
အသတ်ခံရ ၊ ရုပ်ဆိုးလှကာ ၊ အင်္ဂါချို့တဲ့ ၊ ခြွေရံမဲ့၏။
ချည့်နဲ့ကြုံလှီ ၊ မမှီလူစဉ် ၊ ချစ်လင်မယား ၊ ကွဲကွာသွားလိမ့် ၊
ပါဏာတိပါတ အပြစ်ပါတကား။

*** သူ့သတ်မသတ် ကျိုးရလဒ်**

ရောဂါကင်းရှင်း ၊ နတ်ရွာချဉ်းလိမ့် ၊ ဆင်းလှသက်ရှည် ၊
ရုပ်ခန့်ထည်လိမ့် ၊ ကိုယ်ထည်ထွားကြိုင်း ၊ လူတိုင်းချစ်ခင် ၊
လူစဉ်မှီလိမ့် ၊ ပေါစည်ခြွေရံ ၊ ချစ်မောင်နှံလဲ ၊ မကွဲကျိုင်အမြဲ ၊
ယိုင်မလဲပါ ၊ သတ်ခါသေဆုံး ၊ ခံရမျိုးကင်း ၊ ကောင်းကျိုးနှင်းလိမ့်၊
သက်မသတ်ခြင်း အကျိုးပါတကား။

*** ခိုးဆိုးတိုက်ခိုက် ပြစ်ဒဏ်ဆိုက်**

အပါယ်ကျခါ ၊ ဆင်းရဲပါဘိ ၊ ဥစ္စာမဲ့တတ် ၊ ငတ်မွတ်တတ်၏၊ လိုအပ်အရာ ၊
မရပါဘဲ ၊ ဥစ္စာစည်းစိမ် ၊ ပျက်စီးကြိမ်ဖန် ၊ သူခိုးဒဏ်ဆိုက် ၊ ဓားပြတိုက်ခံ ၊
မီးလောင်ခံရ ၊ ရေဘေးရတတ်၊ မင်းဒဏ်ခတ်လိမ့် ၊ မတ်တတ်တောင်းစား ၊
ဆင်းရဲပွားလိမ့် ၊ အဒိန္နာဒါန အပြစ်ပါတကား။

*** တိုက်ခိုက်ခိုးဆိုး ရှောင်အကျိုး**

နတ်ပြည်နတ်ရွာ ၊ ဥစ္စာပေါများ ၊ ချမ်းသာပွားလိမ့် ၊ ရဗြားလို တ၊ လွှန်ပြည့်ဝခါ ၊
ဓားပြခိုးဆိုး ၊ ခံရမျိုးကင်း ၊ ရေမျောခြင်းနှင့် ၊ သင့်ခြင်းမီးဘေး ၊ မင်းဒဏ်ဝေး၍၊
လှိုင်မွေ့သတင်း ၊ ကောင်းခြင်းမင်္ဂလာ ၊ ဝေဖြိုးပါလိမ့်၊ ရှောင်ပါ အဒိန္နာဒါန မြတ်သုခ။

*** မယားခိုးတွေ့ ဒုက္ခဝေ**

သူများမယား ၊ ခိုးငြားပါက ၊ အပါယ်ကျသွား ၊
လွတ်လာငြားလည်း၊ ယောကျ်ားမစစ် ၊ မိန်းမဖြစ်တတ် ၊ ကင်းတတ်ကြင်ယာ ၊
ချစ်သူကွာလတ် ၊ ဆင်းရဲတတ်၍ ၊ စွဲကပ်နူနာ ၊ ရှုံ့စရာပွား ၊ လူမုန်းများခါ ၊
ပေါများရန်သူ ၊ ရှက်ကွဲမှု၍ ၊ မျိုးယုတ်သူဘဝ ၊ သောကများထွေ ၊ စိုးရိမ်နေရ ၊

ဆင်းရဲစွတည့် ၊ ကာမေသုမိစ္ဆာစာရ အပြစ်ပါတကား။

*** မယားမခိုး ရအကျိုး**

သူများမယား ၊ မခိုးငြားက ၊ လားရနတ်ရွာ ၊ ရောက်ရာဘဝ ၊ မြတ်လှယောကျ်ား ၊ ခင်သူများ၍ သတင်းများမွှေး ၊ စိုးရိမ်ဝေးခါ၊ ရောဂါကင်းရှင်း ၊ ချမ်းသာခြင်းတွေ ၊ ပြည့်စုံစေ ၊ ရှောင်လေကာမေသု။

*** လိမ်ညာမုသား အပြစ်များ**

မုသားစကား ၊ ပြောဆိုငြားက ၊ ကျလားပါယ်ဘုံ ၊ လွတ်လာတုံငြား၊ စကားမပီ ၊ သံမကြည်ဘဲ ၊ ထစ်သည်စကား ၊ များမယုံလို ၊ သွားရည်ယိုမြဲ ၊ ပါးစပ်ပြန့်နှင့် ၊ သွားကျဲမညီ ၊ တွဲသည်နှုတ်ခမ်း၊ တိုတတ်လွန်းသည် ၊ လိမ်ခြင်းပြစ်တွေ ၊ ရှောင်ရှားလေ။

*** မလိမ်ညာတတ် ကျိုးရလဒ်**

မုသားစကား ၊ မပြောငြားက ၊ လားရနတ်ရွာ ၊ သံသာချိုကြည်၊ စကားပီသ ၊ မဆွံ့အဘဲ ၊ ပြည့်ဝသြဇာ ၊ လူတကာယုံ ၊ သင်းမြတုံမွှေး ၊ သွားဖွေးပုလဲ ၊ နှုတ်ခမ်းလဲလှ ၊ ကျိုးပေးလှ၏ ၊ မုသာဝါဒ ရှောင်ပါကြ။

*** သောက်စားမူးယစ် ဆိုးအပြစ်**

မူးယစ်သောက်စား ၊ ပြုသူများကား ၊ လားရအပါယ် ၊ သိမကြွယ်လျှဉ်း ၊ ပညာကင်း၍ ၊ ခွတ်ယွင်းသတိ ၊ မေ့တတ်တိခြင်း ရှက်ကြောကင်းလေ ၊ ရူးနှမ်းနေပြန် ၊ ဒေါသထန်တိ ၊ လွန်းပျင်းရိခါ၊ ကံ၏ကျေးဇူး ၊ ပြစ်မှုကြူး၏ ၊ မူးယစ်သောက်စား အပြစ်ပါတကား။

*** မူးယစ်ရှောင်ရှား ကျိုးတရား**

အမှုကြီးငယ် ၊ သိလွယ်သတိ ၊ မပျင်းရိပါ ၊ မရူးပါချေ ၊ သန္ဓေမယွင်း ၊ ဆွံ့အ ကင်း၏။ မေ့ခြင်းကင်းလေ ၊ မတွေဝေတတ် ၊ မလန့်မကြောက် ၊ မဖောက်မုသား ၊ ကုန်းစကားကင်း ၊ ကြမ်းဖျင်းဝါစာ ၊ ရှောင်ခါအထူး ၊ ကျေးဇူးသိမြင်၊ ဂုဏ်တင်စကား၊ ပြောလေ့ငြားလို ၊ ဝန်မတိုဘဲ ၊ ပေးကမ်းမြဲပ ၊ ကျင့်သီလကြောင့် ၊ ဒေါသနည်းခါ၊ မကောင်းရာကို ၊ ရှက်လန့်ပါ၏ ၊ ဖြောင့်မတ်သိလို့ ၊ ကြီးဘိပညာ ၊ ထိုးထွင်းခါသိ၊ ပညာရှိသား ၊ မိမိသူတစ်ပါး ၊ စီးပွားအရာ ၊ လိမ္မာစွာရှိ ၊ ကျိုးများဘိသည် ၊ မူးယစ်သောက်စား ၊ ရှောင်ရှားခြင်း၏ အကျိုးပါတကား။ ။

**တက္ကသိုလ် စိုးယဉ်**

၁-၅-၁၉၉၅၊ ဗုဒ္ဓဓမ္မလောကစာစောင်

*စာမူခ - ၃၅/-*

# ပြည်တန်ပတ္တမြား

* တောင်သူ လယ်သမား
ဆင်းရဲသားမှ ၊ ပေါက်ဖွားလာရ
ဖေ့ဘဝကား ၊ နွားနှင့်အတူ
ရုန်းကန်မှုမှ ၊ ဘဝ ဝမ်းစာ
ပြည့်စုံရှာခဲ့တကား။

* အေ ဘီ စီ ဒီ ၊ ဘယ်လိုစီ၍
ဘယ်ဆီနေမှန်း ၊ အလှမ်းမနီး
ဘုန်းကြီးကျောင်းစာ ၊ သင်ကြားရာပင်
ချိန်ခါမပြည့် ၊ သားကြီး ဇကန်
ဖြစ်ရပြန်ကြောင့် ၊ အိမ်ထောင့်တာဝန်
ဦးဆောင်ဝန်ထမ်း ၊ ခရီးကြမ်းတွင်
ပင်ပန်းနွမ်းနယ် ခဲ့လှတကား။

* ဘဝခရီးကြမ်း ၊ ခယောင်းလမ်းကို
ချွေးနပန်းလုံး ၊ အားနှင့်ကြုံး၍
အရှုံးမပေး ၊ ချွေးနှင့်ရေးသဖြင့်
သီးပွင့်အောင်ပန်း ၊ လန်းလန်းစွင့်စွင့်
ငွားငွားတင့်နေ ၊ မြင့်နေခဲ့တကား။

* "မဖြစ်နိုင်တာ မရှိ ၊
မဖြစ်သေးတာပဲရှိ
ကြိုးစားက ဘုရားဖြစ်နိုင်တယ်
ထွန်တုံးမှ ထိပ်ဆုံးသို့ရည်ရွယ်" တဲ့။

* သားသမီးအားလုံး ၊ ထွန်တုံးမှသည်
ထိပ်ဆုံးဆီသို့ ၊ ပို့မည်အားထား
သူကြိမ်းဝါး၏ ၊ ဆိုစကားအတိုင်း
အရောက်စိုင်းစေ ၊ မောင်းနှင်ပေလို့
တို့တွေ ပညာပြည့်ခဲ့ပါတကား။

* နယ်သူနယ်သား ၊ လူငယ်များမှ
အလားအလာ ၊ ထွန်းတောက်မှာကြည့်
အားအင်ဖြည့်တတ် ၊ သူ့လုပ်ရပ်ကြောင့်
ပညာတတ်တွေ ၊ ပေါများစေလို့
နယ်မြေ ပညာရောင် ၊ ထွန်းလင်းပြောင်ခဲ့
ပျိုးထောင်ရေဖျန်း ၊ ပန်းတွေလန်းခဲ့
ပြည့်လျှမ်းကျက်သရေ တက်ဖြိုးဝေခဲ့တကား။

* ပညာရဲရင့် ၊ ပွဲလယ်တင့်၍
သင့်တင့်စွာနေ ၊ လူ့ရပ်မြေ၌
အခြေတကျ ၊ အနေလှဖို့
အဘလမ်းညွှန် ၊ ပြည်မှူတန်သား
ပတ္တမြားမြတ် ၊ ဘ လုပ်ရပ်သည်
တန်ဖိုးဘယ်မှာ ဖြတ်နိုင်ပါမည်နည်း။ ။

(၄-၁-၂၀၀၃ နေ့ကွယ်လွန်ခဲ့သော အနန္တကျေးဇူးရှင် ဖခင်ကြီး ဦးသာတင့်အား ဤကဗျာဖြင့် ဦးခိုက်ကန်တော့ပါသည်)

**တက္ကသိုလ်စိုးယဉ်**

၁-၆-၁၉၉၄၊ မြဝတီမဂ္ဂဇင်း၊ အဖွင့်ကဗျာ
စာမူခ-၁၅၀/-

## မာတာ မိခင်

* ငါ၏ မိခင်၊ ကျေးဇူးရှင်၏
ပြုံးရွှင် မျက်နှာ၊ ဝင်းနုဝါကို
မြင်ရာ ရင်ဝ၊ စန်းငွေလသို့
အေးမြ ကြည်လင်၊ မေ့ရုပ်သွင်အား
ငါလျှင် ဘယ်မှာ မေ့နိုင်ပါအံ့။

* ဆိုရာစကား၊ သကာပျားနှင့်
မိုက်မှား တွေ့မြင်၊ အမှန်ပြင်ရန်
ကြည်လင် ပြတ်သား၊ သူ ညွှန်ကြားကာ
ငါ့သား ငါ့သမီး၊ မျက်နှာကြီးငယ်
လိုက်တယ် မရှိ၊ တည့်မတ်ဘိသည့်
မွေးမိခင်ကို၊ ငါလျှင်ဘယ်မှာ
မေ့နိုင်ပါအံ့။

* ဆိုရိုးစကား၊ ပုံပြင်များနှင့်
အမှားအမှန်၊ ဝေဖန် ပိုင်းခြား
သိတတ်များဖို့၊ သမီး သားတွေ
ဆုံးမပေတဲ့၊ မွေးမေ မိခင်
ကျေးဇူးရှင်ကို၊ ငါလျှင်ဘယ်မှာ
မေ့နိုင်ပါအံ့။

* အတ္တ ပရ ၊ မျှတ လိုက်လျော
မနောဖြူစင် ၊ မေတ္တာမွန်ထား
စေတနာပွားကာ ၊ လှူဒါန်းရာနှင့်
ပေးရာ ကမ်းရာ ၊ များသူငါနှင့်
သဒ္ဓါတရား ၊ ရှေ့ပြေးထားလို့
လေးစားချစ်ဘိ ၊ မွေးသမိခင်
ကျေးဇူးရှင်ကို ၊ ငါလျှင်ဘယ်မှာ
မေ့နိုင်ပါအံ့။

* မိဘကျေးဇူး ၊ မြင်းမိုရ်ဦးသို့
ချီးကျူးမကုန် ၊ စိတ်အာရုံတွင်
အဟုန်မေတ္တာ ၊ မြတ်သဒ္ဓါနှင့်
ဝေခါ အမျှ ၊ ပေးဝေငှကာ
ဦးချ ရိုကျိုး ၊ ငါ ရှိခိုးမိ
အနန္တ ကျေးဇူးရှင် မိခင် သိပါစေသား။ ။

(၁၀-၄-၉၁ နေ့က ကွယ်လွန်ခဲ့သော အနန္တကျေးဇူးရှင် မိခင်ကြီး ဒေါ်အိမ်မြိုင်အား ဤကဗျာဖြင့် ရှိခိုးပူဇော်ပါ၏။)

**တက္ကသိုလ်စိုးယဉ်**
၁-၃-၁၉၉၅၊ မြဝတီမဂ္ဂဇင်း၊ ရွှေ့တန်းကဗျာ
*စာမူခ - ၁၅ဝ/-*

## “တိုင်းရင်းသားထရှပ်ဖော်ကဗျာများ” ကလေးသုတစာစောင်

### ဂေါ်ခေအောင်တို့ မွေးဌာနေ

* ကျွန်တော့်နာမည် မှတ်ထားနော်
'ဂေါ်ခေအောင်' လို့ခေါ် ၊
နေတာနော် ဟားခါးမို့
ချင်းပြည်နယ်ရဲ့ မြို့။
ကျွန်တော့်တို့ရဲ့ ပြည်နယ်မှာ
တောင်တန်း မှုန်ရည်ပြာ ၊
လေ့ကားထစ်မှာ စိုက်ပျိုးခင်း
ဆန်းတဲ့ ဒီမြင်ကွင်း။
သွေးချင်းတို့သာ လာခဲ့ပါ
ခေါင်ရေ တိုက်မယ်ဗျာ ၊
အိမ်အပြန်မှာ လက်ဆောင်ပေး
ပန်းသီး ချိုချိုမွှေး။

### လကွယ်တူးတို့ မြစ်ဆုံဦး

* 'လကွယ်တူး' လို့ နာမည်ခေါ်
လူမျိုး ကချင်နော် ၊
ဇာတိမြေပေါ် မြစ်ကြီးနား
ကျွန်တော့်ကို မွေးဖွား။
မနောပွဲများ ပျော်စရာ
လက်တွဲ က-စို့ လာ။
အေးချမ်းသာတဲ့ မြစ်ဆုံခွ
မေခ မလိခ။
ကျောက်စိမ်းမြတဲ့ ပတ္တမြားမြေ
ရွှန်းလက် တောက်ပနေ ၊
သွေးချင်းတို့တွေ လာလည်ဖို့
ဖိတ်ခေါ်ပါတယ်ဗျို့။

### ဖွဲ့ကပင် တောင်ခြေရင်းမှာ

* ငါ့နာမည်က 'နော်ကြေးရင်ဒွေး'
မှတ်လို့ထားပါဝေး။
ဟိုးအဝေးကို ကြည့်စမ်းနော်
မှိုင်းညို့ တောင်တန်းပေါ် ၊
သစ်ဝါးတွေနော် ပေါကြွယ်ပြည့်
သာယာလှပါ့ဘိ။
ငါ့ဇာတိက ဘားအံမို့
ကရင်ပြည်နယ်မြို့ ၊
ဖွဲ့ကပင်သို့ လာခဲ့ပါ
ချမ်းမြ အေးရိပ်သာ ၊
သွေးသားရင်းချာ မိတ်ဆွေရဲ့
ဖိတ်ခေါ်ပါတယ်ကွယ်။ ။

**မရွှေမြာတို့ မြေ**

* ကျွန်မနာမည် 'မရွှေမြာ'
ကယားမလေးပါ ၊
ဇာတိဌာနေ လွိုင်ကော်မြို့
ကယားပြည်နယ်မြို့။
ကျွန်းပင်ကြီးတွေ ညို့နေတယ်
ကျွန်မတို့ပြည်နယ် ၊
ရှုချင့်စဖွယ် စုံမြိုင်တော
ရေတံခွန်လည်းပေါ။
လောပိတတဲ့ ရေတံခွန်
စွမ်းအား ကြီးမားသွန် ၊
ပြည်မြန်မာတွင် အသုံးကျ
ရေအား လျှပ်စစ်ရ။
လာခဲ့ကြပါ သွေးချင်းတွေ
ဖိတ်ခေါ်ပါတယ်လေ။
ကယားမြေမှာ ဖားစည်နဲ့
က-ကြပါစို့ကွယ့်။

**လှအေးခင်တို့ မြေ**

* ကျွန်မနာမည် သိချင်ရင်
'လှအေးခင်' တဲ့ရှင် ၊
ကျွန်မပျော်ရွှင် စစ်တွေမို့
ရခိုင်ပြည်နယ် မြို့။
ကျွန်မတို့ရဲ့ ပြည်နယ်မှာ
မြစ်ချောင်း ရှုခင်းဖြာ ၊
ငပလီမှာ ပျော်လိုက်ပါ့
သာစွ ဆိပ်ကမ်းလှ။
အုန်းရေသောက်ရ ရွှင်ပျော်ပျော်
အပန်းဖြေစို့နော် ၊
ဖိတ်ခေါ်ပါတယ် စဉ်အမြဲ
စောင့်ကြိုလျက်ပါပဲ။

**နန်းခမ်းအေးတို့ မောဌာနေ**

* ကျွန်မနာမည် သိလိုလျှင်
'နမ်းခမ်းအေး' တဲ့ရှင် ၊
ကျွန်မပျော်ရွှင် တောင်ကြီးမို့
ရှမ်းပြည်နယ်ရဲ့ မြို့။
တောင်တန်းမို့မို့ မှိုင်းပြာဝေ
ချယ်ရီပွင့်ရာမြေ ၊
မောဌာနေရဲ့ အိုးစည်အက
ဓားသိုင်း မြူးကြွကြွ။
အင်းလေးကန်လှ ကျွန်းမျော်ပေါ်
စိုက်ခင်း စုံလှသနော် ၊
မြေထောက်နဲ့လှော် လှေပြိုင်ပွဲ
သာစွ လွန်ထူးကဲ ၊
လာခဲ့ပါနော် သည်နှစ်ထဲ
မေနဲ့ ပျော်ရွှင်ခွဲ။

**မွန်စံအေးတို့ ဌာနေမှာ**

* ကျွန်တော့်မိဘ မှည့်ခေါ်ပေး
နာမည် မွန်စံအေး ၊
ကျွန်တော်မွေးတာ မော်လမြိုင်မို့
မွန်ပြည်နယ်ရဲ့ မြို့။
ကျွန်တော်တို့ရဲ့ လက်ဆောင်ဟာ
ဒူးရင်း မင်းဂွတ်ပါ ၊
ရောက်တဲ့အခါ ဝင်ဖူးသွား
စေတီ ပုထိုးများ။
သွေးချင်းသားတို့ စုံစုံညီ
လာခဲ့စေချင်သည် ၊
ကျိုက္ခမီခေါ် ရေလယ်ဘုရား
သွားရောက်ဖူးစို့လား။ ။

**တက္ကသိုလ်စိုးယဉ်**

၁-၂-၁၉၉၆၊ ကလေးသုတစာစောင်၊
*(စာမူခ - ၂၀၀/-)*

# ရောင်စုံဖူးပွင့်

# အပွင့်ကဗျာများ

## ဆန္ဒမွန်ကောင်း မြတ်ဆုတောင်း

* ပြုံးတုန်း ပြုံးတုန်း ၊ လုံးတုန်းတုန်းဖြင့်
ဝလုံးလေးလို ၊ မျက်နှာချို၏
ကိုယ်ကျိုးမဖက် ၊ အများတွက်ပင်
ပေးဆက်ဖို့ရေး ၊ အစဉ်တွေးလျက်
အရေးတယူ ၊ တစ်ဖက်လူကို
ဘာလှူရမလဲ ၊ ဘာကူရမလဲ
အမြဲတမ်းသာ ၊ ဖွင့်ဟလာသည်
စေတနာဖြူသော ဦးစိုးဝင်း။

* အမျိုးဘာသာ ၊ သာသနာကို
များစွာလေးမြတ် ၊ သူဆည်းကပ်၏
ပါးစပ်မဟုတ် ၊ ရှိတာထုတ်၍
နှုတ်ရောလက်ပါ ၊ ရက်ရောရှာ၏
သာရေး နာရေး ၊ လက်မနှေးဘဲ
ပေးဆပ်ခြင်းက ၊ သူ့ဝါဒတည်
နှိမ့်ချသည်းခံ ၊ ကင်းမဲ့မာန်ဖြင့်
ဆက်ဆံရေးမှာ ၊ တလေးသာသည်
စာရေးဆရာ ဦးစိုးဝင်း။

* မြစ်ခြေမှာမွေး ၊ အညာကျေးက
ရွာလေးတစ်ရွာ ၊ ဇာတိပါမင့်
ကောင်းစွာထုံသင်း ၊ ဂုဏ်သတင်းကား
ချဉ်းနင်းအုတ်ဩ ၊ ပြည်လုံးကျော်၏
လျော်ကန်အဟုတ် ၊ သူ့အလုပ်ကြောင့်
ဗုဒ္ဓဘာသာ ၊ ကလျာဏယုဝ
နာမ ထင်ဟည်း ၊ အသင်းကြီးကို
ဦးစီးနာယက ၊ စွမ်းဆောင်ပြရင်း
အဖအမိ ၊
ဇာတိမွေးရပ် ၊ ကျေးဇူးဆပ်လျက်
မြင့်မြတ်ဂုဏ်ဝါ ၊ သူ့တွင်ဖြာသည်
ကဗျာဆရာ ဦးစိုးဝင်း။
* ဩော်. . . ရဲဘော်စိုးဝင်း ၊ ဂုဏ်သတင်းနှင့်
စိုးဝင်း (မြစ်ခြေ) ၊ ထုံသင်းဝေ၏
အသရေဖြိုးလက် ၊ ကလောင်ထက်၍
တက္ကသိုလ်စိုးယဉ် ၊ မွေးပုံ့လွင်စွ
သူ့တွင်ထင်ရှား ၊ ကလောင်များနှင့်
နောင်သားညီဆွေ ၊ မြေးမြစ်တွေသို့
ပေးဝေထပ်ဆောင်း ၊ မြင့်မြတ်ကြောင်းကား
**“စိတ်ကောင်းရှိခြင်း ၊ ဖြူစင်ခြင်း”** က
**“ပင်ရင်းမူလ ၊ အဓိက”** . . . ဟု
ချီးပဂုဏ်တင် ၊ ဆိုလိုက်ချင်သည်
ခုပင်အရွယ် ၊ သက်ရှစ်ဆယ်မှ
နောင်ဝယ်သက်တော် ၊ တစ်ရာကျော်တိုင်
ပြုံးပျော်ခမ္မ ၊ လျှာဒါနနှင့်
ဘဝခရီး ၊ ဘယ်မငြီးဘဲ
ဆက်ပြီးလျှောက်လှမ်း ၊ နိဗ္ဗာန်နန်းအတွက်
ဖြည့်စွမ်းနိုင်သမျှ ၊ ဖြည့်စွမ်းပါ့ပါဟု
ဆန္ဒမွန်ကောင်း ၊ မေတ္တာလောင်းကာ
ဆုတောင်းပတ္ထနာ ပြုပါသတည်း။ ။

မြင်းမူမောင်နိုင်မိုး

## ရဲဘော်စိုးဝင်း (လှိုင်)
## တက္ကသိုလ်စိုးယဉ်

* ကလောင်မည်မြှာအတွဲ
စာထဲမှာ သူဝင်
ကဗျာစွဲ ယူငင်
ကာရန်တင် စီကုံး
စကားလုံး ရှာကြံကာ
သံသာသာ ရေးဖွဲ့ခြယ်မှုန်း။
ရဲဘော်စိုးဝင်း ကွင်းခတ်လှိုင်
ကလောင်ကိုင်ဖွဲ့ထုံး
ရေးကဗျာစံနှုန်းနဲ့
အလှဆုံးကဗျာ
တက္ကသိုလ်စိုးယဉ် ကလောင်ပွား
ကဗျာများ ရေးဖွဲ့သီကာ။
စကားပြေနဲ့ အနုပညာ
ပြုစရာအလှအတွေးနဲ့
သ ရေးခဲ့ စာပန်းသီငင်
ဖြာလန်းရည်ရွှင်။
ရှစ်ဆယ်ဖြင့် သက်တမ်းဝင်ပြီ
ဆက်လှမ်းလျှင် ရာပေါက်ဖို့လေး။ ။

**သူရဇော်**
အသက် ၈၀ နှစ်ပြည့်
၂၈-၅-၂၀၂၀ နေ့ မွန်းလွဲ ၂း၄၀

# ပြည်သူ့စာဆို ဘဘိုးအိုသို့

* ကဗျာ ရေးသည် . . .
သူရွေးသီရာ ၊ တေးကဗျာကား
မြန်မာလူမှု ၊ ခေတ်ကို ရှု၍
အံ့ပြုစိတ်ထား ၊ လူငယ်များသို့
စွမ်းအားဆက်နှင်း ၊ ပို့ဆောင်ကြဉ်း၏။
* သူရေးဖွဲ့ဟန် ၊ ကဗျာဉာဏ်ကို
ဝေဖန်ဆန်းစစ် ၊ နှောင်းတစ်ခေတ်က
"ဒို့ခေတ်လုပ်သား ပြည့်စွမ်းအား" နှင့်
မခြားတူညီ "ဇာနည်သွေး ကလေးကဗျာများ"
ရေးသားခြယ်မှုန်း "ဝလုံးလေးနှင့်အခြားကဗျာများ"
ခံစားလှပ ၊ စံထားရမည့်
"ဘဝဝန်းကျင် ပန်းဥယျာဉ်ကဗျာများ"
ခံ့ညားတည်ရစ် အစဉ်သစ်လွင်။
* သူမွေ့ပျော်သည်
ရေးဖော်ချင်းချင်း ၊ ချစ်ခင်ရင်းနှီး
ရှိုင်းပင်းလက်တွဲ ၊ ကူညီမြဲတည့်
ပွဲတိုင်းသူပါ ၊ ရောက်အောင်လာ၍
မေတ္တာညွှန်းဆို ၊ နှုတ်ခွန်းချို၍
နှစ်လိုဝမ်းသာ ၊ ပြုံးရွှင်စွာတည့်။
* သူကျင်လည်ရာ ၊ စာပေလောက
စွမ်းသမျှလျှင် ၊ 'ပရဟိတ'
ဒါနပေးလှူ ပျော်မွေ့သူ
သူပေါင်းသင်းရာ ၊ စာပေမိတ်ဆွေ
တွေ့လေရသူ ၊ မတူအသက်
စိမ်းကျက်မခွဲ ၊ လှိုက်လှိုက်လှဲဖြင့်။
* အို့ . . . မဟာစာဆို ၊ ဘဖိုးအိုငဲ့
နှစ်လိုပျော်မွေ့ ၊ စာပေလေဖြင့်
ချမ်းမြေ့ကြည်သာ ၊ သက်ရာကျော်တိုင်
ကဗျာတွေလည်း ရေးပါဦး။
ဆောင်းပါးတွေလည်း ရေးပါဦး။
ကျန်းမာသက်ရှည် နေပါဦး။ ။

(ဆရာကြီး တက္ကသိုလ်စိုးယဉ် သို့)

**စလင်းဘုန်းကျော်**

# ထို့ကြောင့် တက္ကသိုလ်စိုးယဉ်ဟုခေါ်သည်

*
လေအန်ကုန်းကို ရောက်တိုင်းသာ
တစ်အိုးမှာလိုက်ဗျာ ၊
တစ်ထောင်ကိုသာ သူ့အမြဲရှင်း
အမည်က ကိုစိုးဝင်း။
စိတ်ရင်းဖြူဖြူ လက်ဖက်ရည်လှူ
ရဲဘော်စိုးဝင်း (လှိုင်) ရဲ့မူ ၊
အလှူဒါန ရက်ရောလှ
သူ့မှာ ပြုံးရွှင်ပျ။
သူရောက်လာကျရက်တိုင်းမှာ
ပုံမှန်လှူနေတာ ၊
သောက်ပါတစ်ခွက် ကမ်းပေးလျက်
သူက ဒါနဆက်။
မပျက်အစဉ်သာ သူလှူတာ
စိုးဝင်း (မြစ်ခြေ) ဟာ ၊
ကဗျာဉာဏ်လည်း ရှိပေစွ
ရေးတိုင်း သူလာပြ။
ပြင်ရတာလည်း သူလက်ခံ
ကျေးဇူးတင်နေပြန် ၊
တစ်ခါတစ်ရံ သူရွှတ်ပြ
အဓိပ္ပာယ် သူလှစ်ဟ။
ဘယ်လိုလည်းဗျ သူမေးလာ
ကောင်းတယ်ပြောတဲ့ခါ
ဘယ်စာစောင်မှာ ထည့်မယ်ဗျ
တက္ကသိုလ်စိုးယဉ် သူပြောပြ။ ။

**မောင်မောင်မိုးအောင် (စာပေဗိမာန်စာမူဆုရ)**

## ဘဝအလှ

* ပြည့်၍ဖြည့်သည်
အလှေ့ကောင်းသူ ဖြစ်နေ၍။
* ဖြည့်၍ ပြည့်သည်
ပြန်၍ ရရှိခဲ့လေ၍။
* လောကကိုလှျင်
အလှဆင်မှ . . .
ကိုယ်လှျင်နည်းတူ ၊ လှလိမ့်ဟူ၍
သူက ပြောပြနေသည်သို့ . . ။ ။

(ဆရာတက္ကသိုလ်စိုးယဉ်သို့ ဆရာ့ မွေးနေ့အမှတ်တရ)

**ဝင်းဝေနောင်**
(၄-၆-၂၀၂၀)

## ချမ်းမြမြ တမ်းတလှမ်း

* ဂုန်နီ စက်ရုံ ၊ လုပ်သားဂုဏ်ဖြင့်
ကြေးမုံ ထင်ဟပ် ၊ ငယ်ဖြစ်ရပ်ကို
လွမ်းတတ်စေချင် ၊ လမ်းကြောင်းထွင်သည်
ပျော်ရွှင်ချမ်းမြ ခေါ်ငင်ပြ -
ပေါ်ထင်တမ်းတ မြော်မြင်ပါ့။

* ကာယ ဉာဏ ၊ ကိုယ့်စွမ်းစဖြင့်
ဘဝလုံးပမ်း ၊ စာမြင်စွမ်းနှင့်
လက်လှမ်းမှီရာ ၊ ရေးသီကာလျှင်
ပညာရေးရ ၊ ကြင်ယာရ၍
တစ တစ ဝေးခဲ့ပြီ-
ဘဝ ဘဝ ပေးလှည့်ချီ။

* ပတ္တမြားရတု ၊ စာဂုဏ်ပြုအံ့
ပူမှု ကင်းပ့ါ ၊ ပူဇာစ ဖြင့်
လက်ပြန္နတ်ဆက် ၊ ခက်မ သက်လျှင်
ကြင်ဖက်မယား ၊ လျင်ထွက်သွား၍
မယားအပျောက် ၊ တရားပေါက်လည်း
လွမ်းလောက်စရာ တမ်းတ ရှာ။
ကျွမ်းထောက်ခများ လွမ်းတ လာ။

* ဝိညာဉ်ထင်းလင်း ၊ ချသက်ပြင်းနှင့်
ငြင်းဆန်မရ ၊ သင်းပြန်ရလိမ့်
ဘဝရှုန်းကန် ၊ မနက်ဖြန်လား
လက်ကျန်နာမ်ရုပ် ၊ တစ်မိုးချုပ်လား
အထုပ်ပိုက်ကာ ၊ ပြန်ကြရှာတည့်
'ကြင်ယာခိုးပေါင်း ၊ နွားနို့ကြောင်းလည်း
ပြန်ပြောင်းအောက်မေ့ ၊ ငယ်မလေ့လျှင်-
မတွေ့ကင်းကွာ ၊ အနေကြာသော်'
မေတ္တာသာပို့ ၊ နှစ်တို့ချို့ပြီ
ကိုယ့်ဖို့ဝန်တာ ၊ လုပ်စရာသည်
ပညာဉာဏ်ရောက် တည်ဆောက်စွမ်း။
ကြင်နာကံထောက် ချီလျှောက်မြန်း
ချမ်းချမ်းမြမြ တမ်းတ လှမ်း။ ။

**တက်လူ**

အမျိုးသားစာပေ ကဗျာဆု (၂) ကြိမ်ရ

## စညောင်း စာဆိုရှင် ဂုဏ်ပြုတေးထပ်

* မြစ်ခြေနယ် မြတ်ဌာန
ရပ်ဂါမ "စညောင်းရွာ"။
ပဋ္ဌာရ ချောင်းသာယာရယ်
ထနောင်း တမာ ကညင် ထန်း။
"ယောချောင်း" ဟု ဂုဏ်တစ်မည်ဝယ်
ကုန္ဒဒီ ဝိသေသပန်း။
* မြစ်ခြေမြို့ အနောက်ရပ်တွင်ဝယ်
လျှောက်လတ်လျှင် မကွာစခန်း။
အညာတစ်ခွင် နံ့သာယဉ်ပန်းတွေနဲ့
ရွာစဉ်တန်း အရပ်ဒေသာ။
စာဆိုရှင် ဦးစိုးဝင်းရဲ့
ကြီးပြင်းခဲ့ ချက်မြုပ်ဇာတိရွာ။
* စာပေပန်း ဆင်ယင်ကာရယ်
အလင်္ကာ ကဗျာသီမှုန်းပါလို့
စာစီကုံး မြွက်ဆိုရိုးအစဉ်
"တက္ကသိုလ်စိုးယဉ်"။
ပတ္တမြားရတု မင်္ဂလာသဘင်ဝယ်
အထင်ကရပင် ဂုဏ်ပြုရလေး။
* အသက်ရှည်ဖို့ တောင်းဆုတင်တယ်
ကောင်းမှုအစဉ် တည်ကြောင်းပါ့လေး။
ကျန်းမာလို့ လန်းဖြာရွှင်တယ်
အမွှမ်းကဗျာဆင် သီကျူးရလေး။ ။

နွေကိုတူး (ပခုက္ကူ)

# ရင်ထဲက ကမ္ဗည်း

* စံပြုစရာ သပြေညှာအနုရယ်နဲ့
ပံသုလွှာ မြေလွှာထုနှယ်သို့
သည်းခံမှု အရာတွင်။
* ကဗျာမှာ 'ကဝိ' တစ်ပါးပါပဲ
အရာရာ 'သတိ' ထားလေငဲ့
စံတင်ကာ သူကြိုးစားတယ်
နိုးကြားဂုဏ်အင်။
* မာန်မာန သွယ်မယူပါဘူး
ငယ်သူတို့ ထက်ကိုပင်
လှံ့လလျှင် ကြီးပါဘိ။
* အလျား အနံဆို
အသွားအပြန်လို ကေန်မှတ်
အမှားအမှန်ကို ဝေဖန်တတ်တဲ့ပြင်
အကြင်နာ မေတ္တာဓာတ်တွေနဲ့
ခါမလပ် ကဗျာတွေရေးပါရဲ့
နွေးထွေးစွာ နှုတ်ချိုလွင်တဲ့
'တက္ကသိုလ်စိုးယဉ်' ဂုဏ်အထူးကို
ဦးညွှတ်ပါရဲ့။ ။

နန္ဒာမိုးကြယ်

## စိန်ခေါ်သံ

* 'တက္ကသိုလ်စိုးယဉ် . . တဲ့။
ထက်ဗဟို မိုးတစ်ခွင်ကျော်ကြား
ရိုးသား ကြိုးစား တန်ခိုးထွားသူ
ကျောင်းသားဘဝ ကျေးလက်ကစခဲ့
(ခုတော့ . . .)
ဥက္ကဋ္ဌ ဝိုင် အမ် ဘီ အေ မှာ
မဟာမင်္ဂလမ္မ ဇောတိကဇော်ခွဲ့
ဆွတ်ခူးခဲ့ ဘီ၊ အေ အမ် အေ ကျူ
တံခွန်ထူစာရေးဆရာ
သက်ရှစ်ဆယ်မှာ အောင်မြင်တုန်း
သူ့အချစ်ဆုံး တောကအဖေ
မြင်စေချင်ကိုယ်တွေ့
အဖေ့ထက်သာ သားရတနာမို့
"စိုး" ခြေရာ "စိုး" မျိုးဆက်တို့
တိုးတက်အောင် အမီလိုက်ပေရော့
"စိုး" အကြိုက်စိန်ခေါ် . . ။ ။

ရဲဦးမြင့်မောင်
၂၉-၃-၂၀၂၀

# မွေးနေ့ဂုဏ်ပြုဆောင်းပါးများ

## အပိုင်း (၁)

## "သဘောကောင်းသည်။ သို့သော် ပြတ်သားသည်"

"ကျွန်တော့်သူငယ်ချင်း (xxx) ဒုတိယဥက္ကဋ္ဌတစ်နေရာအရွေးခံ လိမ့်မယ်၊ ဆရာ ဦးစိုးဝင်း သူ့ကိုမဲပေးဖို့ ကျွန်တော်က လာပြီးမေတ္တာရပ်ခံ တာပါခင်ဗျာ"

ဒုတိယအကြိမ် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ညီလာခံကျင်းပနေစဉ်ကာလ အတွင်းဖြစ်၏။ အသင်း၏ ဗဟိုအမှုဆောင်ကော်မတီဝင်တစ်ဦးက ဆရာဦးစိုးဝင်းအား အထက်ဖော်ပြပါအတိုင်း မဲလာဆွယ်ခြင်း ဖြစ်၏။ ထိုအခါ ဆရာဦးစိုးဝင်းက. . .

"သူ့ကိုမဲမထည့်နိုင်ဘူးခင်ဗျာ့၊ ဒီလူက အသင်းရဲ့အကျိုးအတွက် ဘာမှထိထိရောက်ရောက် လုပ်ဆောင်ပေးခဲ့တာမျိုးမရှိခဲ့ဘူး။ သူငွေရဖို့အတွက်ပဲ စာပေဟောပြောပွဲတွေ လိုက်ဟောနေတာ။ အသင်းရဲ့ လပတ်ပုံမှန်အစည်းအဝေးကိုတောင် တက်ချင်တဲ့အခါမှတက်တာ၊ ပထမအကြိမ်ညီလာခံတုန်းကလည်း ဒီလူဟာ ဒုတိယဥက္ကဋ္ဌနေရာဝင်အရွေးခံသေးတယ်။ လူအတော်များများက သူ့အကြောင်းကို သိနေကြတော့ မဲမရဘဲရှုံးနိမ့်သွားခဲ့တယ်။ အခုလည်း ဒီလူက ဒုတိယအကြိမ်ပြန်အရွေးခံဦးမယ်ပေါ့။ ကျွန်တော်တို့ကတော့ သူ့ကိုလုံးဝ မဲမပေးဘူးဗျို့" ဟု ပြတ်ပြတ် သားသားပင် တုန့်ပြန်လိုက်၏။ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟို အမှုဆောင်ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ (၃) နေရာရှိ၏။ ဒုတိယအကြိမ် ညီလာခံတွင် လည်း ထိုပုဂ္ဂိုလ်သည်တစ်နေရာအတွက်ဝင်ရောက်ယှဉ်ပြိုင် အရွေးခံရာ ပထမအကြိမ် ညီလာခံမှာကဲ့သို့ပင် ရှုံးနိမ့်ခဲ့ရ၏။ သူ အလွန်ရှက်သွားပုံရ၏။ သူ့အတွက် မဲဆွယ်ပေးသော သူငယ်ချင်းအား . . . "ဟော့ကောင်၊ မင်းလုပ်တာကြောင့် ငါအရှက်ကွဲရတာ နှစ်ခါရှိပြီ" ဟု မချိ သွားဖြဲ ကြိမ်းမောင်းလေ၏။

ထိုပုဂ္ဂိုလ်သည် ဒုတိယအကြိမ်ညီလာခံသက်တမ်းကာလတွင်လည်း ဗဟိုကော်မတီအမှုဆောင် လပတ်ပုံမှန်အစည်းအဝေးကိုပင် မကြာခဏ ပျက်ကွက်၏။ တက်ချင်သည့်အခါမှ တက်ရောက်လေ့ရှိ၏။ တက်ရောက်ပြန်တော့လည်း အစည်းအဝေး

ပြီးဆုံးချိန်အထိ ဘယ်တော့မှမနေ။ ပြန်ချင်သည့်အချိန်တွင် ထပြန်သွားလေ့ရှိ၏။ အဆိုးဆုံးကတော့ ထိုနှစ်သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲတွင် တပ်မတော်အရာရှိဟောင်းတစ်ဦး ပါဝင်အကန်တော့ခံခဲ့ခြင်းနှင့်ပတ်သက်၍ မလိုသူအချို့က ဖေ့စ်ဘုတ်တွင် ပုတ်ခတ်ရေးသားခဲ့ကြ၏။ မြန်မာနိုင်ငံစာရေးဆရာအသင်းက ထိုပုဂ္ဂိုလ်ကြီးသည် စာပေဆိုင်ရာသတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီသောကြောင့် သက်ဆိုင်ရာမြို့နယ်၏ ထောက်ခံတင်ပြချက်အရ အကန်တော့ခံစာရင်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်၏။ လူပုဂ္ဂိုလ်အရမဟုတ်ဘဲ မူနှင့်ကိုက်ညီ သောကြောင့် ပူဇော်ကန်တော့ခဲ့ကြခြင်းဖြစ်၏။ (-----) သည် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကျင်းပနေစဉ် နယ်သို့စာပေဟောပြောပွဲအတွက် ခရီးထွက်နေရာ ၎င်းကမိမိသည် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း သူ၏ဖေ့စ်ဘုတ်တွင် ရေးတင်လိုက်၏။ အမှန်ကတော့ သူ့ကိုစာပေဟောပြောပွဲ တွေများများဖိတ်စေရန်အတွက် စတန့်ထွင်လိုက်ခြင်းဖြစ်၏။

ရိုးရိုးနုတ်ထွက်ချင်သည်ဆိုလျှင် အသင်းသို့တရားဝင်နုတ်ထွက် စာတင်၍ သိက္ခာရှိရှိ နုတ်ထွက်နိုင်၏။ ဤအသင်းသို့လည်း ၎င်း၏ သဘောဆန္ဒအရ ဝင်ရောက်ခဲ့ခြင်းဖြစ်၏။ စဘော်ငွေတစ်သိန်းတင်၍ ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် ဝင်ရောက်အရွေးခံခဲ့ခြင်းဖြစ်၏။ ယခုတော့ ၎င်းပေါ်ပြူလာဖြစ်ရေးအတွက်၊ ခရီးသွားနေရင်းလမ်းခရီးအကြား အများသုံးအိမ်သာတံခါးရွက်တစ်ခုတွင် မီးသွေးခဲဖြင့် နုတ်ထွက်စာရေးသွားသည့်သဘောမျိုး ဆန်ဆန်လုပ်ဆောင်ခြင်းမှာ အလွန်ပင်အောက်တန်းကျလှပေ၏။ ဂျပိုးဆန်လှပေ၏။

ကျွန်တော်သည် ထိုအခါတွင်မှ ဆရာဦးစိုးဝင်း၏သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်မှာ အလွန်ပင်မှန်ကန်ကြောင်း နားလည်သဘောပေါက်မိ ရတော့သည်။

"ဪ. . . ဆရာဦးစိုးဝင်းဟာ ဒီပုဂ္ဂိုလ်ကို ဆွမ်းဆန်ထဲ လာရောတဲ့ ကြွက်ချေးမှန်း အစောကြီးကတည်းက သိနေတယ်။ ဒါကြောင့်လည်း ပထမအကြိမ်ညီလာခံမှာရော ဒုတိယ အကြိမ်ညီလာခံမှာပါ ဒုတိယ ဥက္ကဋ္ဌနေရာအတွက် မရွေးချယ်ခဲ့တာပဲ။ ဆွမ်းဆန်ထဲလာရောတဲ့ ကြွက်ချေးမှန်းသိလို့ အစောကြီးကတည်းက ဖယ်ထားခဲ့တာပဲ။ အခုတော့ အဲဒီ ကြွက်ချေးက သူ့ဟာသူခုန်ထွက်သွားခဲ့ပြီမို့ ငါတို့ရဲ့ မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး လုံးဝသန့်သွား ခဲ့ရပြီ" ဟု တွေးမိရင်းကျေနပ်စွာပြုံးမိလိုက်ရလေသည်။

ဆရာ ဦးစိုးဝင်းသည် သဘောသကာယအလွန်ပင်ကောင်းလှသော်လည်း ပြတ်သား သင့်သည့်နေရာ၌ အလွန်ပင်ပြတ်သားသူဖြစ်ကြောင်း အထက်ပါဖြစ်ရပ်က သက်သေပြလျက်ရှိပါ၏။

အလှူအတန်းနှင့်ပတ်သက်၍လည်း ဆရာဦးစိုးဝင်း မည်မျှသဒ္ဓါ တရားရှိကြောင်း ရက်ရောကြောင်း သူလှူဒါန်းခဲ့သည့်ဒါနမှုအစုစုက သက်သေခံလျက်ရှိနေကြ၏။ ငြိမ်းချမ်းမှုကိုလည်း သူအလွန်ပင်လိုလား၏။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ပထမ အကြိမ်ညီလာခံ သက်တမ်းကာလအတွင်း သဘောကွဲလွဲမှုအချို့ကြောင့် အမှုဆောင် အချို့ကို ထုတ်ပယ်ခဲ့ရ၏။ ထိုသူတို့နှင့် အသင်း၏ဗဟိုကော်မတီဝင်အချို့ တရားရုံးများ၌ အပြန်အလှန်တရားစွဲ ဆိုမှုများရှိခဲ့ကြ၏။ ဒုတိယအကြိမ်ညီလာခံကာလ မိမိဥက္ကဋ္ဌအဖြစ် တာဝန်ယူသောအခါ တရားရုံးတွင်အပြန်အလှန် တရားစွဲဆိုမှုများအားလုံးကို ကျေအေး ပိတ်သိမ်းကြစေရန် ဦးဆောင်ညှိနှိုင်းပေးခဲ့သည်။ အမှုများအားလုံးပိတ်သိမ်းနိုင်ခဲ့ရ၏။ ထိုသို့လုပ်ဆောင်ပေးနိုင်မှုအတွက် ဦးစိုးဝင်းက အကြိမ်ကြိမ်ပင် ချီးကျူးစကားပြောကြား ခဲ့ပါသည်။

ဆရာဦးစိုးဝင်းသည် မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် ဗဟိုအမှုဆောင်ကော်မတီဝင်၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းတွင် ဒုတိယဥက္ကဋ္ဌ၊ ဝိုင်အမ်ဘီအေတွင် ဗဟို အမှုဆောင် ကော်မတီဝင်အဖြစ် တက်ကြွစွာပါဝင်လှုပ်ရှားလျက်ရှိနေသည်။ အကျင့် သိက္ခာ ပိုင်း၌လည်း ဘာမျှအပြစ်ပြောစရာမရှိသော ပုဂ္ဂိုလ်ဖြစ်၏။ အကန်တော့ခံ သက်ကြီးစာပေပညာရှင်တစ်ဦးလည်းဖြစ်ပေရာ ဤလိုပုဂ္ဂိုလ်ထူးမျိုး အသက်ရာကျော်ရှည် စေရန်အတွက် ဆုမွန်ကောင်းတောင်းမိလိုက်ရပါကြောင်း။ ။

xxx xxx xxx

**မနုသကျော်ဝင်း (အမျိုးသားစာပေဆုရ)**

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊

## "မှဒိတာပွားနေရပါတယ် ဆရာ"

ဆရာ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်၊ စိုးဝင်း(မြစ်ခြေ)၊ ရဲဘော် စိုးဝင်း(လှိုင်) အသက် (၈၀)ပြည့်ပါတော့မယ်။ ဒါကြောင့် သူ့အကြောင်း ဝေဖန်တဲ့ကဗျာပဲဖြစ်ဖြစ်၊ ဆောင်းပါးပဲ ဖြစ်ဖြစ် အမှတ်တရချီးမြှင့်ပေးပါလို့ မေတ္တာရပ်ခံတောင်းဆိုလာပါတယ်။

တကယ်တော့ ကျွန်တော်နဲ့ဦးစိုးဝင်းက ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကတည်းက နိုင်ငံရေးလောကထဲမှာ ကျင်လည်ခဲ့ကြတဲ့ ဘဝတူတွေဖြစ်ခဲ့ကြသလို စာပေလောကထဲမှာလည်း ရေးဖော်ရေးဖက်သူငယ်ချင်းတွေ ဖြစ်ကြပါတယ်။

သူက "လှိုင်မြို့နယ်" မှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က နိုင်ငံရေးလေသံ၊ နိုင်ငံရေး အာသီသနဲ့ ကလောင်အမည်ကို "ရဲဘော်စိုးဝင်း(လှိုင်) ရယ်လို့ ခံယူခဲ့တာပါ။ နောက်ပိုင်းကျမှ စာပေလောကထဲမှာ အတွဲများလာခဲ့ကြရင်းက သူ့ကလောင်အမည်ဟာ "ရဲဘော် စိုးဝင်း(လှိုင်) သာမက "တက္ကသိုလ်စိုးယဉ်" "စိုးဝင်း(မြစ်ခြေ)"ဆိုတဲ့ ကလောင်အမည်တွေနဲ့ ကဗျာမျိုးစုံ ရေးသားနေခဲ့တာကို သိခဲ့ရပါတယ်။

သူဟာ မြို့နယ်အဆင့်ကနေ ဗဟိုအဆင့်အထိ စာပေအသင်းအဖွဲ့ တာဝန်ပေါင်း မြောက်မြားစွာ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ တာဝန်ပေါင်း မြောက်မြားစွာကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့သူပါ။ လှူရေးတန်းရေးတွေမှာလည်း အခါအခွင့်သင့်သလို စေတနာသဒ္ဓါ တရားထက်သန်စွာနဲ့ ရက်ရက်ရောရော လှူဒါန်းနေသူပါ။

စေတနာဟာ ရောင်ပြန်ဟပ်သလိုပဲ သူ့စေတနာက သူ့ကိုအကျိုးပေးပါတယ်။ လူချစ်လူခင်ပေါများလှပါတယ်။ မှန်သားထဲက မျက်နှာလိုပဲ တန်ပြန်ကောင်းကျိုး သက်ရောက်မှုကို ခံစားနေရသူပါ။

တချို့က သူ့စာကဗျာတွေ မြောက်မြားစွာ ရေးသားခဲ့တာကို မသိကြပါဘူး။ စာပေတိုက်တွေနဲ့ အသင်းအဖွဲ့မဂ္ဂဇင်းတွေမှာလည်း စာတည်းမှူးစာတည်း တာဝန်တွေ ယူခဲ့ပြီး ဘဝတူစာပေလောကသား အချင်းချင်းကို ရိုင်းပင်းကူညီပေးခဲ့သလို ကလောင်သစ်တွေကို လည်း ပြုစုပျိုးထောင်ပေးခဲ့သူပါ။

သူကိုယ်တိုင်ကဗျာလုံးချင်း(၄)အုပ်၊ သုတစာပေ(၂)အုပ်၊ အထက်တန်းမြန်မာစာစီစာကုံး(၁)အုပ်၊ စုစုပေါင်းလုံးချင်း(၇)အုပ် ရေးသားထုတ်ဝေခဲ့သလို မကြာခင်မှာလည်း ကဗျာစာအုပ်တစ်အုပ်နဲ့ သုတစာအုပ်တစ်အုပ်ထုတ်ဝေဖို့စီစဉ်နေတာ ကျွန်တော့်ကိုယ်တွေ့ပါ။ စာနယ်ဇင်းမျိုးစုံမှာလည်း ကဗျာများစွာကို ရေးသားနေဆဲပါ။

ဆရာ ဦးစိုးဝင်းဟာ အသက်(၈၀)ပြည့်ခါနီးပေမယ့် စိတ်ပျိုလို့ ကိုယ်နုဆဲပါ။ ကိုယ်ကျန်းမာလို့ စိတ်ချမ်းသာဆဲပါ။ တစ်ခါတစ်ရံမှာ ကဗျာတွေရွတ်ဆို၊ အင်္ဂလိပ်လိုတွေပြော၊ အသောဖောက်တတ်လေ့ရှိပါတယ်။ နိုင်ငံရေးလောကမှာ ကျင်လည်ခဲ့သူပီပီ၊ အမှန်တရားဘက်က ပြတ်ပြတ်သားသား ရပ်တည်ရဲတဲ့ဓမ္မဝါဒီလည်း ဖြစ်ပါတယ်။

တကယ်တော့ ဆရာဦးစိုးဝင်းနဲ့ ကျွန်တော်ဟာ သူငယ်ချင်းလိုပဲ ပေါင်းသင်းဆက်ဆံနေကြပေမယ့် သူက ကျွန်တော့်ထက် (၇)နှစ်ပိုကြီးပါတယ်။ အစ်ကိုကြီး အရွယ်ပါ။ ဒါကြောင့် သူငယ်ချင်းညီအစ်ကိုရင်းတွေပမာ ပြောမနာဆိုမနာ သက်တမ်းရှည်ကြာစွာဆက်ဆံပေါင်းသင်း နေနိုင်ခဲ့ကြတာပါ။

ယခုတော့ ဆရာဦးစိုးဝင်းဟာ သီလဂုဏ်၊ ဒါနဂုဏ်၊ စာပေဂုဏ်ကြောင့် ၁၃၈၁ ခုနှစ် (၂၀၁၉)ခုနှစ်မှာ ကျင်းပခဲ့တဲ့ မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးရဲ့ (၃၄)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲမှာ ကန်တော့ခံစာပေပညာရှင်ကြီးတစ်ဦးအဖြစ် ပါဝင်လာတာကြောင့် ကျွန်တော်တို့ ပုဆစ်တုပ်လက်အုပ်ချီပြီး ကန်တော့ခဲ့ကြရပါတယ်။

ကျက်သရေမင်္ဂလာရှိလိုက်ပါဘိ။

မဟာမင်္ဂလာဓမ္မဇောတိက (Y.M.B.A.)က ချီးမြှင့်တဲ့ဘွဲ့ရ သူငယ်ချင်း အစ်ကိုကြီး ဦးစိုးဝင်းကို အားကျမှုနဲ့အတူ မုဒိတာပွားနေရပါတယ်။

သူငယ်ချင်းအစ်ကိုကြီး ယခုထက် သက်တမ်းရှည်ကြာ ကျန်းမာချမ်းသာစွာနဲ့ ဘဝခရီးကို ဖြတ်သန်းနိုင်ပါစေလို့ ပန်ဆုခြွေလိုက်ပါတယ်။

xxx xxx xxx

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊

# "ပတ္တမြားရတု မွေးနေ့ပိုင်ရှင် စာရေးဆရာ တက္ကသိုလ်စိုးယဉ်"

ဆရာ ဦးစိုးဝင်း(စာရေးဆရာ တက္ကသိုလ်စိုးယဉ်)ကို လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ခန့်ကတည်းက သိကျွမ်းခင်မင်ခဲ့ရသည့် "စာပေမိတ်ဆွေကြီး"တစ်ဦးပင်ဖြစ်၏။ ဆရာစိုးက ပတ္တမြားရတု အထိမ်းအမှတ်အနေဖြင့် သူ့အပေါ် ဝေဖန်မှတ်ချက်ပြုပေးပါရန် ပန်ကြားလာ၍ ဤဆောင်းပါးဖြင့် ဆရာစိုးကို ဂုဏ်ပြုမှတ်တမ်းတင်လိုက်ရခြင်းလည်းဖြစ်၏။

ဆရာ မြင်းမူမောင်နိုင်မိုးက စာတည်းမှူးချုပ် တာဝန်ယူခဲ့သော ယူဆဲဖြစ်သော "နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း"တွင် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်က ဆရာစိုးနှင့် ကျွန်တော် သုတ၊ ရသ ဆောင်းပါးများ ရေးသားခဲ့ ကြသည်။ မကြာမကြာ "နိုင်ငံ့ဂုဏ်ရည်" စာပေတိုက်နှင့် "စာပေဗိမာန်" စာအုပ်ဆိုင်တို့၌ ဆရာစိုးကို ဆုံတွေ့ခဲ့ရသည်။ သို့သော် . . အားကစား စာပေဖက်တွင် ကျင်လည်သွားခဲ့ရသော ကျွန်တော်သည် ဆရာစိုးနှင့် အဆက်အသွယ်ပြတ် သွားခဲ့ရသည်။

၂၀၁၆ ခုနှစ် မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံ ဗဟိုအမှုဆောင် ရွေးချယ်ပွဲတွင် ပြန်လည်ဆုံတွေ့ခဲ့ကြရသည်။ ကျွန်တော်တို့နှစ်ဦးစလုံး ဗဟိုအမှုဆောင် ကော်မတီဝင် ဖြစ်လာကြသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း လပတ်အစည်းအဝေးများ၊ စာပေအခမ်းအနားများ၊ အလှူငွေပေးအပ်ပွဲများ၌ အမြဲလိုလို ဆုံတွေ့ခဲ့ကြရသည်။

ဆရာစိုးနှင့် ကျွန်တော် တိုက်တိုက်ဆိုင်ဆိုင် တူညီသောအချက်များရှိနေသည်။ ဆရာစိုး၏ အမည်ရင်းမှာ ဦးစိုးဝင်းဖြစ်၏။ ကလောင် အမည်မှာ တက္ကသိုလ်စိုးယဉ် ဖြစ်၏။ အမည်နှစ်ခုလုံး "စိုး" ပါနေသည်။ ကျွန်တော်၏အမည်ရင်းမှာ ဦးစိုးမြင့် ဖြစ်၏။ ကလောင်အမည်မှာ စိုးမှူး ဖြစ်၏။ အမည်နှစ်ခုစလုံး "စိုး"ပါနေသည်။ ထို့အပြင် . .

ဆရာစိုး၏ ကလောင်အမည်တွင် "ယဉ်"ပါနေ၏။ ဆရာ့ဇနီး စာရေးဆရာမ "ဒေါ်လေးယဉ်"၏ အမည်တွင် "ယဉ်"ပါနေ၏။ ထို့အတူ ကျွန်တော်၏ ကလောင်အမည်မှာ "စိုး"ပါနေသလို ကျွန်တော့် ဇနီးစာရေးဆရာမ "စိုးကြည်ဖြူ"၏အမည်၌ "စိုး"ပါနေ၏။

မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင်များအနက် မွေးနေ့ ရက်၊ လ၊ နှစ် ထပ်တူကျနေသူနှစ်ဦးရှိ၏။ ထိုသူနှစ်ဦးမှာ ဆရာ ဦးကျော်စိုး (မောင်ကျေးဇူး)နှင့် ဆရာစိုးတို့ဖြစ်ကြသည်။ ယင်းတို့၏မွေးနေ့မှာ (၁၉-၁၁-၁၉၄၀) ပြည့်နှစ်ဖြစ်သည်။ ကျွန်တော်၏ မွေးနေ့မှာ (၂၈-၁၁-၁၉၃၉)ခုနှစ်ဖြစ်၏။ မွေးလသာတူနေ၏။

ဆရာစိုးသည် ဆရာမောင်ကျေးဇူးနှင့်အတူ မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၄)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲတွင် ပူဇော်ခံရပြီးဖြစ်သည်။

"အလှူရေစက်၊ လက်နှင့်မကွာ"ဆိုသလို ဆရာစိုးသည် စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ၊ (၁၀)ကြိမ်မြောက် မဲခေါင်စာပေဆုနှင်း သဘင်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ စာရေးနည်း အခြေခံလမ်းညွှန်သင်တန်းတို့တွင် အလှူတော်ငွေတို့ကို စဉ်ဆက်မပြတ် လှူဒါန်းနိုင်ခဲ့သူပင် ဖြစ်လေသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း၊ လပတ်အစည်းအဝေးများတွင်တင်ပြရန် အချက်များ၊ ထောက်ခံရန်အချက်များကို ဆရာစိုးက ပွင့်ပွင့်လင်းလင်း လိုရင်းတိုရှင်း ပြောဆိုတတ်သည်၊ အကြံပြုတတ်သည်။ အလှူငွေကောက်ခံပါကလည်း လက်မနှေး ထည့်ဝင်တတ်သည်။ အချင်းချင်းက အကြံဉာဏ်တောင်းခံလာပါကလည်း ကောင်းမွန်မှန်ကန်စွာ အကြံပြုတတ်သူလည်း ဖြစ်၏။

ဆရာစိုးသည် အဖ ဦးသာတင့်၊ အမိ ဒေါ်အိမ်မြိုင်တို့က ပခုက္ကူခရိုင်၊ မြစ်ခြေမြို့နယ်ခွဲ၊ စံကျောင်းကျေးရွာတွင် မွေးဖွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ B.A. (Hist)၊ M.A.(Q)၊ အစိုးရစစ် အဘိဓမ္မဋ္ဌသင်္ဂြိုဟ်(၃)ပိုင်း အောင်ခဲ့သည်။ ပခုက္ကူခရိုင် ဗုဒ္ဓဘာသာ စာမေးပွဲတွင် ခရိုင်ဒုတိယဆုရခဲ့သည်။ Y.M.B.A. အသင်းချုပ် "မဟာမင်္ဂလဓမ္မ ဇောတိကဓဇ္ဇ"ရခဲ့သည်။ မြဝတီစာပေတိုက် အယ်ဒီတာအဖွဲ့ဝင်မှ အငြိမ်းစားယူခဲ့သည်။ Y.M.B.A. အသင်းချုပ်ဥက္ကဋ္ဌ၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့၊ ဥက္ကဋ္ဌအဖြစ် (၁၆)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ပခုက္ကူအသင်း (ရန်ကုန်) ရွှေရတုမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ၊ ဗဟန်းမြို့နယ် မဟာစည်ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

အမှုဆောင်နှင့် ရိပ်သာ၏ သတင်းလွှာအယ်ဒီတာချုပ်တာဝန်တို့ကို ယူခဲ့သည်။ ဆရာစိုး၏ ကလောင်ခွဲအမည်များမှာ ရဲဘော်စိုးဝင်း(လှိုင်)၊ စိုးဝင်း(မြစ်ခြေ) များ ဖြစ်ကြ၏။ လုံးချင်းစာအုပ်(၉)အုပ်ရေးသား ထုတ်ဝေ ခဲ့ပြီးဖြစ်သည်။

၂၀၁၉ ခုနှစ်၊ (၃၄)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲတွင် ဆရာစိုးသည် Y.M.B.A. မှ ချီးမြှင့်ခဲ့သော ဘွဲ့ တံဆိပ်ကို စလွယ်သိုင်းဝတ်ဆင်ခဲ့ပြီး တက်ရောက်ခဲ့သည်။ ဆရာစိုး၏ အသက်အရွယ်နှင့်လိုက်ဖက်လှသည်။ အဆိုပါ ပူဇော်ပွဲ အခမ်းအနားတွင် ဆရာစိုး၏ မိသားစုတို့က ယပ်တောင်ပုံစံလှလှလေးကို ရိုက်နှိပ်ခဲ့ပြီး ပူဇော်ခံစာပေပညာရှင်များကို လှူဒါန်းခဲ့သည်။

ယပ်တောင်၏မျက်နှာစာတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ လိုဂိုတံဆိပ်နှင့် အလှူရှင်မိသားစုတို့အမည်တို့ကို ဖော်ပြထားသည်။ နောက်ကျောဖက်၌ "စာဆိုတော်နေ့ စေတနာပန်း" ခေါင်းစဉ်ဖြင့် လေးလုံးစပ် ကဗျာတစ်ပုဒ်ဖော်ပြထားသည်။ ယင်းကဗျာကို ဖော်ပြကာ ဆရာစိုး သက်တော်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဤဆောင်းပါးအား နိဂုံးချုပ်အပ်ပါသည်--

## "စာဆိုတော်နေ့ စေတနာပန်း"

* စတုတ္ထမဏ္ဍိုင်၊ ကြံ့ခိုင်တည့်မတ်၊ စိတ်ကောင်းမြတ်ဖြင့်
မပြတ်ရေးသား၊ ပြည်သူကြားတွင်၊ ထင်ရှားအသိပို၊ လူကြည်ညိုလိမ့်။

* သတင်းမီဒီယာ၊ စေတနာဖြင့်၊ ဝေဆာတင့်ဆန်း၊ ပြည်ချစ်ပန်းမို့
လန်းဆန်းကြည်ရွှင်၊ ပီပြင်လုပ်အား၊ ထမ်းဆောင်သွားက၊
လူများအလယ်၊ ဂုဏ်တင့်တယ်လိမ့်။

* စတုတ္ထမဏ္ဍိုင်၊ ချိန်ခွင်ကိုင်သို့၊ စွဲနိုင်သတိ၊ ဝီရိယဖြင့်၊
သမစိတ္တ၊ ထိန်းနိုင်မှသာ၊ မင်္ဂလာမိုး၊ ရွာသွန်းဖြိုးကာ
ပြည်သာယာလိမ့်. . . သာယာလိမ့်. . . ။ ။

**တက္ကသိုလ်စိုးယဉ်**

xxx xxx xxx

**ဦးစိုးမြင့်(စိုးမှူး)**

ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊

# "စေတနာ၊ မေတ္တာ၊ ကရုဏာရှင် ဆရာတက္ကသိုလ် စိုးယဉ်"

ဆရာ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)သည် ၁၉၄၀၊ နိုဝင်ဘာ ၁၉ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ယခုအခါ အသက်(၈၀)ပြည့်လာခဲ့ပြီဖြစ်ရာ မြန်မာနိုင်ငံစာရေးဆရာ အသင်း(ဗဟို)မှ ကြီးမှူးကျင်းပသော ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီး တစ်ဦး အဖြစ် စာရင်းဝင်၍ ကန်တော့ခံနေရပြီဖြစ်သဖြင့် လေးစားရပါသည်။

ဆရာ တက္ကသိုလ်စိုးယဉ်သည် အသက်ကြီးသော်လည်း စိတ်ဓာတ်ကြံ့ခိုင်၍ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ၊ စာပေရေးရာကိစ္စများတွင် တက်တက်ကြွကြွ ပါဝင် ထမ်းဆောင်နေဆဲဖြစ်၍ ဆရာ၏စိတ်ဓာတ်ကို ကျွန်တော်အားကျနေမိခဲ့သည်။ ဆရာသည် မြဝတီစာပေတိုက်တွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေချိန် ကစ၍ ကျွန်တော်နှင့် လူချင်းတွေ့ဆုံသိကျွမ်းခဲ့သည်။ ယခင်က လူချင်းမဆုံခဲ့မိရသော် လည်း မဂ္ဂဇင်းနှင့်စာစောင် အသီးသီးတို့တွင် ကလောင်ချင်းထိတွေ့ကျွမ်းဝင်နေခဲ့ကြ သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ဆရာ တက္ကသိုလ်စိုးယဉ်သည် မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌဖြစ်၍ မင်္ဂလာတောင်ညွန့်မှ ဆရာသက်ဆွေ (ရွှေဆောင်တင်ဆွေ)နှင့်အတူ အပတ် စဉ်စာရေးဆရာများ ဆုံစည်းရာ လေအန်ကုန်း(လမ်း၄၀)သို့ရောက်ရှိပြီး ၎င်းမှတစ်ဆင့် စာပေဗိမာန်၊ ပန်းဆိုးတန်းလမ်းရှိမြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)ရုံး၊ ၎င်းမှတစ်ဆင့် ကျွန်တော်ရှိရာ ၃၆ လမ်းရှိ ကနောင်ဂျာနယ်/မဂ္ဂဇင်းတိုက်သို့ကား မစီးဘဲ ခြေလျင် လျှောက်ကာ အပတ်စဉ် ရောက်လာလေ့ရှိကြသည်မှာ ချီးကျူးစရာ၊ အားကျစရာကောင်း လှသည်။ ၎င်းတို့နှစ်ဦးစလုံး မှာလည်း အသက်မတိမ်းမယိမ်း(သက်ကြီးရွယ်အို) များ ဖြစ်ကြ၍ ချီးကျူးလေးစားနေခဲ့ရပါသည်။ ကျွန်တော်၏ကနောင်စာပေတိုက်တွင် အခြား စာရေးဆရာများနှင့်အတူ စာအကြောင်း၊ ပေအကြောင်း ဗဟုသုတရဖွယ်ရာများကို ရင်းနှီးပွင့်လင်းစွာထိုင်ပြောကြရင်း အောက်ထပ်လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည် ကော်ဖီများ မှာယူစားသောက်ကြသည်မှာလည်း အမှတ်ရစရာ ဖြစ်ခဲ့ရပါသည်။

ဆရာတက္ကသိုလ်စိုးယဉ်သည် ကျွန်တော်တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူ ဆောင်ရွက်နေသော ကနောင်မဂ္ဂဇင်းနှင့် ကနောင်ဂျာနယ်တို့တွင် ဆောင်းပါး၊ ကဗျာ

နှင့် ဘာသာရေးသတင်းများကို ပါဝင်ရေးသားနေခဲ့သည်။ ဆရာသည်မြဝတီစာပေတိုက်၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေခဲ့စဉ်ကပင် မြဝတီ၊ ငွေတာရီ၊ မိုးသောက်ပန်း၊ တေဇ၊ မြဝတီဂျာနယ်၊ ဒို့ရေးဒို့ရာ၊ ဒို့ကျောင်းသားနှင့် အခြားမဂ္ဂဇင်းစာစောင်ပေါင်းများစွာ တို့တွင် စိုးဝင်း(မြစ်ခြေ)၊ ရဲဘော်စိုးဝင်း(လှိုင်)၊ တက္ကသိုလ်စိုးယဉ် စသည့်ကလောင်များအပြင် ပခုက္ကူတုပ်ဖြူ၊ လှိုင်(မြဝတီ) စသည့်ကလောင်ခွဲများဖြင့် စာအုပ်စင်ကဏ္ဍနှင့် ကဗျာ၊ ဆောင်းပါး၊ တွေ့ဆုံမေးမြန်းခန်းကဏ္ဍတို့၌ စာဖတ်ပရိသတ်များ စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားနေခဲ့သည်ကိုလည်း ဖတ်ရှုခဲ့ရပါသည်။

ထိုအထဲမှ ပရိသတ်များ အထူးစိတ်ဝင်စားနှစ်သက်ခဲ့ရသည့် ကဗျာတစ်ပုဒ်မှာ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်း၌ အဖွင့် ကဗျာအဖြစ် ဖော်ပြခံခဲ့ရသည်။ ကဗျာခေါင်းစဉ်မှာ **"ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရတုပိုဒ်စုံ"** ဖြစ်သည်။ အပိုဒ်(၃)ပိုဒ် ပါဝင်ရေးသားဖွဲ့ဆိုထားခြင်းဖြစ်၍ အနှစ်သာရရှိပြီး ဆို၍ဖတ်၍ ကောင်းသော အနှစ်သာရရှိသော ကဗျာအဖြစ် လူကြိုက်များ၍အောင်မြင်ခဲ့သည်။ ၎င်းအပြင် ၂၀၀၀ပြည့်နှစ် မေလထုတ် ငွေတာရီမဂ္ဂဇင်းတွင် **"စာပေ ထင်ရှားပုဂ္ဂိုလ် များနှင့် တွေ့ဆုံမေးမြန်းခြင်း (၂၂)"** ခေါင်းစဉ်ဖြင့် စာပေနယ်၌ အောင်မြင်ထင်ရှားနေသော စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်)နှင့် တွေ့ဆုံမေးမြန်းထားခြင်းသည်လည်း စာဖတ်ပရိသတ်များအထူးကြိုက် နှစ်သက်သော အခန်းကဏ္ဍတစ်ခု ဖြစ်ကြောင်း သိရှိရသည်။ ဆရာတက္ကသိုလ်စိုးယဉ်သည် ယခင်ကလည်း ထိုအခန်းကဏ္ဍတွင် ထင်ရှားသော စာရေးဆရာ/ဆရာမကြီးများနှင့် တွေ့ဆုံမေးမြန်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ၎င်းတို့မှာ စာရေးဆရာမ တက္ကသိုလ် နန်းဖြူဖြူထွန်း၊ ဆရာမ ခင်စန်းမွန်၊ ဆရာမ ယုဝတီသိင်္ဂီမြင့်၊ ဆရာ ချစ်နိုင်(စိတ်ပညာ)၊ ဆရာ အိမ်မဲ့ဒေါင်းပြာ၊ ဆရာ ဒေါက်တာမောင်မောင်ညို၊ ဆရာ အေးမျိုးကြည်၊ ဆရာ မှူးသမိန်၊ ဆရာ စိုးမြင့်ရန်နောင် စသည်ဖြင့် စာပေထင်ရှားလူသိများသော ဆရာကြီး၊ ဆရာမကြီးများကို ဆရာ တက္ကသိုလ်စိုးယဉ် ကိုယ်တိုင်တွေ့ဆုံမေးမြန်း၍ ငွေတာရီမဂ္ဂဇင်း၌ စဉ်ဆက်မပြတ် ဖော်ပြခဲ့သည်ကို ဖတ်ရှုလေ့လာသိရှိခဲ့ရသဖြင့်လည်း ဆရာ တက္ကသိုလ်စိုးယဉ်ကို အထူးကျေးဇူးတင်မိပါသည်။

ထို့နောက် တက္ကသိုလ်စိုးယဉ်သည် ဘာသာ၊ သာသနာနှင့် ပတ်သက်သော အသိပညာပေးဆောင်းပါးပေါင်းများစွာကိုလည်း စာစောင်အသီးသီးတို့၌ စဉ်ဆက်မပြတ် ရေးသားကုသိုလ်ပြုနေသည်ကို ဖတ်ရှုမှတ်သားရပါသည်။ ၎င်းတို့အနက် အချို့ကို ဖော်ပြရလျှင် ၁၉၉၄ ခုနှစ် ငွေတာရီမဂ္ဂဇင်းတွင် **"သာသနာရောင်ဝါ ထွန်းစေဖို့"**

ခေါင်းစဉ်ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ သာသနာပြုနေကြသော မြန်မာနိုင်ငံ မှ ထင်ရှားသော ဆရာတော်ကြီးများအနက်မှ တစ်ပါးစီ တစ်ပါးစီတို့၏ အကြောင်းအရာများကို လစဉ်မပျက် လေ့လာရေးသားတင်ပြထားသည်ကိုလည်း စာဖတ်သူတို့ ဖတ်ရှုလေ့လာသိရှိခွင့်ရကြသဖြင့် ဆရာ တက္ကသိုလ်စိုးယဉ်ကို အထူးပင် ကျေးဇူးတင်ဂုဏ်ပြုလေးစားရပါသည်။

ထို့အပြင် ၁၉၄၄ ခုနှစ်ထုတ် ငွေတာရီမဂ္ဂဇင်းတွင် ပန်းချီဆရာကြီး ဦးစိန် (ကာတွန်းမောင်စိန်) အကြောင်းကို လေ့လာရှာဖွေရေးသား တင်ပြထားသည်ကိုလည်း ဖတ်ရှုလေ့လာမှတ်သားခဲ့ရပါသည်။

နောက်ထပ်ထူးထူးခြားခြား ရေးသားဖော်ပြထားသော ဆောင်းပါးတစ်ပုဒ်ကတော့ ဆရာတက္ကသိုလ်စိုးယဉ်က ကျွန်တော့်အား **"ဆရာ မင်းရွှေမင်း(တောင်ကုတ်) အတွက် အမှတ်တရလက်ဆောင်"**ဟု ရေးသားပြီး ဆရာတက္ကသိုလ်စိုးယဉ်ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး အမှတ်တရ လက်ဆောင်ပေးထားသော ၂၀၀၃ ခုနှစ် ဧပြီလထုတ် ငွေတာရီမဂ္ဂဇင်း၌ ဆရာကိုယ်တိုင်ရေးသားထားသော **"ကဗျာစာဆိုများ၏ ပုံရိပ်ကောက်ကြောင်းများ"** ကဏ္ဍတွင် ဆရာတက္ကသိုလ်စိုးယဉ်၏ဘဝအစမှ အိမ်ထောင်ကျ၍ ယခုဘဝတိုင်အောင် စဉ်ဆက်မပြတ် တွေ့ကြုံဖြတ်သန်းလာခဲ့ရသည့် ဆရာ့ဘဝဇာတ်လမ်းစုံကို စိတ်ဝင်စားဖွယ် ဘဝပုံရိပ်ကောက်ကြောင်းများကို ကိုယ်တိုင်မှတ်တမ်းတင် ရေးသားတင်ပြထားသဖြင့် အထူးစိတ်ဝင်စားဖွယ် ဖတ်ရှုသိရှိမှတ်သားခွင့်ရရှိခဲ့ရပါသည်။

၎င်းပုံရိပ်ကောက်ကြောင်း၌ပင် ဆရာတက္ကသိုလ်စိုးယဉ်၏ ဘဝတစ်လျှောက်လုံး ရေးသားလာခဲ့သမျှသော ကဗျာမြောက်မြားစွာထဲမှ ဆရာ၏အကြိုက်ဆုံးဟု သတ်မှတ်ထားသော ကဗျာ(၃)ပုဒ်ကို ထည့်သွင်းဖော်ပြထားသည်ကိုလည်း ဖတ်ရှုသိရှိခွင့်ရရှိပါသည်။ ဆရာ၏ဘဝမှတ်တမ်းများကို အဆိုပါ **"ကဗျာစာဆိုများ၏ ပုံရိပ်ကောက်ကြောင်းများ"**ကို ဖတ်ရှု၍ သိရှိခွင့်ရရှိလိုက်သည်မှာ ဆရာသည် မြဝတီစာပေတိုက်တွင် ၁၉၉၁ မှ ၂၀၀၁ ခုနှစ်အထိ အယ်ဒီတာအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်နှင့် မဟာစည်သတင်းလွှာ အယ်ဒီတာချုပ် တာဝန်များအပြင်၊ ပခုက္ကူခရိုင်အသင်း၊ မြစ်ခြေမြို့နယ်အသင်း၊ ဆိတ်ဖြူမြို့နယ်အသင်း၊ ဒိုက်ဦးမြို့နယ်အသင်းတို့တွင် နာယကအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ထို့အပြင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(Y.M.B.A.)အသင်းချုပ်တွင် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ပြီး မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌတာဝန်ကို (၄)နှစ်သက်တမ်း (၄)ကြိမ် စုစုပေါင်း (၁၆)နှစ်တိတိ တာဝန်ယူထမ်းဆောင်ခဲ့သည်မှာ လည်း ချီးကျူးဂုဏ်ပြုထိုက်လှပေသည်။ ၎င်းအပြင် မြန်မာနိုင်ငံစာပေပြန့်ပွားရေး အသင်းဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေသည့်အပြင် အသင်းအဖွဲ့အစည်းများ၏ သာရေးနာရေးလူမှုရေးကိစ္စများအတွက် အလှူငွေများကိုလည်း စိတ်ရောကိုယ်ပါ မပျက်မကွက် ပါဝင်လှူဒါန်း ကုသိုလ်ယူလျက်ရှိနေသူတစ်ဦးလည်း ဖြစ်သည်။ ဆရာ သည် Y.M.B.A. ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့စဉ်က Y.M.B.A. အဖွဲ့ဝင်သစ် အင်အား ၂၀၀ယောက်အထိ စည်းရုံးနိုင်ခဲ့သည့်အပြင် အသင်းကြီး တိုးတက်အောင်မြင် စည်ပင်နိုင်ရေးအတွက် အသင်းကြီးသို့ ငွေကျပ် သိန်း ၄၀ တိတိ ထည့်ဝင်လှူဒါန်း ပေးနိုင်ခဲ့သဖြင့် Y.M.B.A. အသင်းကြီး တိုးတက်အောင်မြင်အောင် ထမ်းဆောင်နိုင်သူ အဖြစ် အသိအမှတ်ပြုပြီး **"မဟာမင်္ဂလဓမ္မဇောတိကဓဇ"**ဘွဲ့ကိုလည်း ချီးမြှင့်ခြင်းခံခဲ့ ရပါသဖြင့် ချီးကျူးဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်ထူးပင်ဖြစ်ပါသည်။

ယခုအခါ ဆရာတက္ကသိုလ်စိုးယဉ်သည် အသက်(၈၀)ရှိနေပြီ ဖြစ်သော်လည်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(Y.M.B.A.)အသင်းချုပ် နာယကတာဝန်ကို ဆက်လက် တာဝန်ယူဆောင်ရွက်နေသည့်အပြင် မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) အမှုဆောင် ကော်မတီဝင်တစ်ဦးအဖြစ်လည်း ဆက်လက်တာဝန်ယူဆောင်ရွက်နေပြီး နိုင်ငံသူနိုင်ငံ သားများအတွက် ပြည်သူ့အကျိုးပြုစာပေများကို မဂ္ဂဇင်း/စာစောင်အသီးသီးတို့၌ စဉ်ဆက်မပြတ် ပါဝင်ရေးသားနေဆဲဖြစ်၏။ ဆရာတက္ကသိုလ်စိုးယဉ်သည် ယခု အသက် (၈၀)နှစ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သက်ရှည် ကျန်းမာပျော်ရွှင် ချမ်းမြေ့ စွာဖြင့် စာပေများကို ဆက်လက်ရေးသားနေနိုင်ပါစေကြောင်း အသက်(၈၀)ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆုမွန်ကောင်းတောင်းပေးလိုက်ပါသတည်း။ ။

××× ××× ×××

ဆရာ့အား အစဉ်လေးစားလျက်
**မင်းရွှေမင်း(တောင်ကုတ်)**
(၂၀. ၄. ၂၀၂၀)

# တက္ကသိုလ်စိုးယဉ်ဟု ခေါ်သည်

အသားညိုညို၊ အရပ်ပုပု၊ ဝဖိုင့်ဖိုင့်၊ ပခုက္ကူမြို့နယ် မြစ်ခြေမြို့နယ် (ခွဲ)၊ စံကျောင်းကျေးရွာမွေး . . . အညာသား . . .။

စကားပြောလျှင် အသံကျယ်ကျယ်နှင့်ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။ တစ်ခါက စာတန်းဖတ်ပွဲတစ်ခုတွင် သူ့ကိုသဘာပတိစင်မြင့်ပေါ်၌ အခန့်သားတွေ့ရသည်။ စာတန်းဖတ်သူတစ်ယောက်အပြီး သူနေရာမှထသည်။

စင်ပေါ်မှာ ငုတ်တုတ်ထိုင်နေတဲ့ လူကြီးက ဘယ်ကဟာကြီးလဲ၊ ဘာကြီးလဲ၊ ခင်ဗျားတို့သိချင်ကြမှာပဲဆိုပြီး ပရိသတ်ကို သူ့ကိုယ်သူမိတ်ဆက်ခဲ့သည်။

သူမြဝတီမဂ္ဂဇင်းတွင် အယ်ဒီတာလုပ်ခဲ့သည်။ Y.M.B.A. အသင်းကြီးတွင်လည်း ဥက္ကဋ္ဌလုပ်ခဲ့သည်။ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းတွင်လည်း နှစ်ပေါင်းများစွာ ဥက္ကဋ္ဌလုပ်ခဲ့သည်။ ယခု မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုကော်မတီဝင်တာဝန်ကို ထမ်းလျက်ရှိသည်။

သူ့ကိုစိတ်ဝင်စားခဲ့မိသည်မှာ ရန်ပုံငွေ လိုအပ်သည့်အဖွဲ့အစည်း အသင်းဟူသမျှကို သူအနည်းဆုံး ငွေတစ်သိန်းလှူဒါန်းလေ့ရှိသောကြောင့်ဖြစ်သည်။ သူ့ကိုကျွန်တော့်စိတ်ထဲတွင် အမြဲတမ်းတစ်သိန်း အလှူရှင်အဖြစ် အသိအမှတ်ပြုနေမိသော်လည်း သူသည် Y.M.B.A. အသင်းကြီးအား ငွေကျပ် သိန်း ၄၀ လှူဒါန်းခဲ့ကြောင်း သူ့ကိုယ်ရေးမှတ်တမ်းတွင် တွေ့ရသည်။

ထို့ကြောင့် သူ့ကို "မဟာမင်္ဂလဓမ္မဇောတိကဓဇ" ဘွဲ့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ တက္ကသိုလ်စိုးယဉ်သည် သာမန်လူမဟုတ် ဇောတိကသူဌေးကြီးတစ်ဦးပါလားဟု တွေးမိလိုက်သည်။

သူ့ကိုရိုးသားခြင်း၊ အလှူအတန်းများတွင် လှူရဲခြင်း၊ စေတနာသဒ္ဓါတရား ပြည့်စုံသူအဖြစ် ကျွန်တော်အသိအမှတ်ပြုပါသည်။

သူကဗျာလည်းဝါသနာပါသည်။ ကဗျာစာအုပ်တွေလည်း ထုတ်သည်။ ကဗျာတွေကြိုးစားရေးသည်။ အများကတော့ သူ့ကဗျာတွေအပေါ် မည်သို့အကဲဖြတ်ကြမည်မသိ။ ကျွန်တော်တော့ သိပ်အားမရ၊ သူ့ကဗျာတွေက သူ့လိုပဲရိုးသည်။ သူကဗျာဝါသနာအရ မရေးရမနေနိုင်၍ ရေးနေသည်ဟုသာမြင်သည်။

သို့သော် သူသည် ကဗျာရွတ်ဆိုကောင်းလှသည်။ ရှေးဂန္ထဝင်စာဆိုကြီးများ၏ ကဗျာတွေကို ရွတ်ဆိုရာတွင် အံ့သြလောက်အောင် အသံသြဇာနှင့်ပြည့်စုံသည်ကို ကြားခဲ့ရသည်။ ရှေးကဗျာများစွာကိုလည်း သူအလွတ်ရသည်။

သူ့ကို ကျွန်တော်သဘောကျသည်မှာ ဖြူစင်သောစိတ်သဘောထားရှိခြင်း၊ ပွင့်လင်းခြင်း၊ ပြောစရာရှိလျှင် မဆိုင်းမတွဟောဟောဒိုင်းဒိုင်း ပြောတတ်ခြင်းတို့ကြောင့် ဖြစ်သည်။

သူသည် ခင်စရာကောင်းသည်။ အဖွဲ့အစည်းအသီးသီးကို ဦးဆောင်လာခဲ့သူဖြစ်၍ သူ့ကိုယ်သူယုံကြည်သည်။ လူတစ်ယောက်မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိနေခြင်းသည် ဘဝ၏အောင်မြင်မှုများစွာကို ခံယူရရှိနိုင်မည့် အဓိကအကြောင်းရင်းဖြစ်သည်။

သူ ယခုအသက် (၈၀) ပြည့်ပြီ။ ပတ္တမြားရတုမွေးနေ့မင်္ဂလာသဘင်ခင်းကျင်းနိုင်ခဲ့ပြီ။ သူ့ကိုကြည့်ရသည်မှာ ဖျတ်လတ်သွက်လက်လျက်ပင်တွေ့နေရသည်။ ကျန်းမာရေးအခြေအနေသည်လည်း ကောင်းမွန်နေဆဲဖြစ်သည်။ သူ့ကိုအလုပ်တာဝန်တွေပေးလျှင် မငြီးမငြူဆောင်ရွက်ဆဲဖြစ်သည်။ ကုသိုလ်ကောင်းမှုဒါန၊ သီလ၊ ဘာဝနာတို့ကိုလည်း အဆက်မပြတ်ပြုလုပ်ဆောင်ရွက်ဆဲဖြစ်သည်။

သူ့သားသမီးတွေကလည်း သူ့အလိုဆန္ဒကို ဖြည့်ဆည်းပေးနေကြသည်။ ဖခင်ကြီး၏ ကုသိုလ်ကောင်းမှုမှန်သမျှ ပါရမီဖြည့်နေကြသည်။ သားကောင်းသမီးကောင်းပီသကြပေသည်။

ဤသည်မှာ ဆရာကြီးတက္ကသိုလ်စိုးယဉ်အတွက် မဟာကုသိုလ်ထူးကြီးဖြစ်သည်။ ဖခင်ကြီး၏ကြိုးစားရှန်းကန်ကာ ပညာအမွေကို ဖန်တီးပေးနိုင်ခဲ့မှုကြောင့် သားသမီးတွေ အဆင့်မြင့်သောဘဝကို ရရှိခဲ့ကြသည်။ သားသမီးတွေ အဆင့်မြင့်လာသောအခါ ဖခင်ကြီး၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြသည်။ ဤသည်မှာ ကြည်နူးဖွယ်ဖြစ်၏၊ ရခဲသောလူ့ဘဝတွင် ရခဲသောကုသိုလ်ထူးကိုရရှိကာ မိမိစိတ်စေတနာအရ ဆောင်ရွက်လိုသည်များကို ဆောင်ရွက်ခွင့်ရရှိနေခြင်းမှာ ထူးကဲသော

ကုသိုလ်ကြောင့်ဖြစ်သည်။ ဖခင်ဝတ္တရား၊ သားသမီးဝတ္တရား ကျေကြပါပေသည်။ စံပြုဖွယ်ဘဝဖြစ်ပေသည်။

ဆရာကြီးတက္ကသိုလ်စိုးယဉ်အဖို့ ဘဝတွင် နေပျော်ခဲ့ပြီ။ သေမည်ဆိုကလည်း သေပျော်ခဲ့ပြီဟု ထင်ပါသည်။ သို့သော် ဆရာကြီးအသက်ရှည်စွာဖြင့် လောကအကျိုး၊ ဓမ္မအကျိုး၊ စာပေအကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။ ။

ခင်မင်လေးစားစွာဖြင့်
**ပုသိမ်အောင်သန်းဦး**

# "သင် မြင် ကြား ဆရာ"

စာရေးသူသည် ဟောပြောခြင်း၊ ရေးသားခြင်း၊ မျှဝေခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း တို့ကို ခုံမင်သူဖြစ်ပါသည်။ သို့သော် အသက်(၇၀)ပြည့်မတိုင်မီ (၄)နှစ်လောက်ထဲက ထိုခုံမင်မှုများကို တစ်စိုက်မတ်မတ်မပြုလုပ်နိုင်တော့သည်နှင့် ကြုံနေရတော့သည်။ ထိုသည်က မိမိ ကျန်းမာရေးကြောင့်မဟုတ် ကံကြမ္မာအကျိုးပေးကြောင့်ဟု မှတ်ယူပါသည်။ စာရေးစားပွဲမှာ ထိုင်ဖို့အချိန်မပေးနိုင်လောက်အောင်ပင် မိသားစုကျန်းမာရေးအတွက် အချိန်တွက်ချက် ငွေကြေးရှာဖွေမှုပြုနေရ၍ ဖြစ်ပါသည်။

အမှတ်မထင် (၁၂-၅-၂၀၂၀) နေ့ မွန်းလွဲပိုင်းတွင် စာရေးသူ၏ လက်ကိုင်ဖုန်းကို ဆရာ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) က ဆက်လာပါသည်။ ဆရာ ဦးစိုးဝင်းက

"ဆရာ မောင်စိုးထိုက် နေကောင်းရဲ့လား. . ကျွန်တော့်အသက် (၈၀)ပြည့် အထိမ်းအမှတ် စာအုပ်လေးအတွက် စာမူလေးတောင်းထားတာ မရသေးလို့ နှိုးဆော်တာပါ"

စာရေးသူ ရှုံးမတက်နိုင်တာ အပြင်မထွက်နိုင်တာ (၃)နှစ်ကျော် (၄)နှစ်ထဲရောက်နေပြီဖြစ်သည်။ စာရေးသူလေးစား ခင်မင်ရတဲ့ဆရာကြီးက နှိုးဆော်တာဟု ပြောလာပြီမို့ နှိုးဆော်စာ ကျွန်တော့်ထံရောက်သည် ဖြစ်စေ၊ မရောက်သည်ဖြစ်စေ စာရေးသူ ဂါရဝပြုစာရေးဖို့ အသိဝင်လာပါသည်။

ဆရာက အညာဒေသ "မြစ်ခြေ" သား၊ စာရေးသူက အောက်ပြည် "သာယာဝတီ (သုံးဆယ်မြို့-တောင်ပန်းဆွဲ)"ရွာသား အလှမ်းက အတော့်ကိုဝေးပါသည်။

သို့သော် ရှေးရှေးကသိုလ်ကြောင့်လားမသိ ပိန်သေးသေးကောင်ကလေး ကျွန်တော်နှင့် ဂင်တိုတို ပုဝဝစတိုင်ကျကျ ဝတ်စားနေထိုင်တတ်တဲ့ စာချိုးလေးတွေနဲ့ အမှတ်မထင်စကားတွေ ပြောလေ့ရှိတဲ့ ဆရာ ဦးစိုးဝင်းတို့က ညီအစ်ကိုတမျှ ရင်းနှီးခဲ့ကြသည်။

ဆရာက မြဝတီစာပေတိုက် အယ်ဒီတာအဖွဲ့ဝင် စာရေးသူက စာပေသမားမို့ ဆုံကြခြင်းမဟုတ်။ စာရေးသူက စာအုပ်ထုတ်ဝေနိုင်သော ငွေကြေးမရှိ၊ ခေတ်ပေါ်မဂ္ဂဇင်း၊ ဂျာနယ်များတွင် ပါအောင်ရေးဖို့ အခြေအနေမပေးချိန် စာပေပြိုင်ပွဲ အားပြုယှဉ်ပြိုင် ဆုရစာမူအဖြစ် အဆင့်မြင့် မဂ္ဂဇင်းကြီးများတွင် ဖော်ပြခံရသည့်အခါ ကိုယ့်စာမူလေး ပုံနှိပ်စာလုံးလေးနှင့် မြင်ရ၍ ပီတိဖြစ်ရသည်။ ထိုမဂ္ဂဇင်းတွေက နိုင်ငံတော်အဆင့်ရှိမဂ္ဂဇင်းများဟုပင်ဆိုရသည့် ကာလဖြစ်သည်။

ကိုယ့်စာမူဆုရမှ စာစောင်/မဂ္ဂဇင်းတွေမှာ ဖော်ပြခွင့်ရချိန်တွင် တပ်မတော်နေ့ အကြိုစာပေပြိုင်ပွဲအတွက် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများတွင်

(ပထမ၊ ဒုတိယ၊ တတိယ)ဆုရမှ ဝတ္ထုရှည်ဆို လုံးချင်း၊ အခြားစာမူဆို (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ) စာအုပ်အဖြစ် မြဝတီစာပေတိုက်မှ စိစစ်ထုတ်ဝေပေးသည်။

စာရေးသူသည် မြဝတီစာပေတိုက် (ယခင် ရန်ကုန်မြို့တွင်း) ထိုမှ (စော်ဘွားကြီး ကုန်း) နောက် (ဘောက်ထော်)တို့ကို အရောက်အပေါက် ရှိခဲ့သည်။ ရှေ့ပိုင်းက ဆရာ ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)၊ ဆရာ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)တို့ စာတည်းမှူး ချုပ်တာဝန်များ ထမ်းဆောင်နေစဉ် ကာလများက ဖြစ်ပါသည်။

မြဝတီစာပေတိုက်သို့ရောက်သောအခါ နေပူထဲဖြတ်ပြီး လာရသည့်အခါ လာရ မိုးတွေစိုစိုရွှဲရွှဲနှင့် ရောက်ရသည့်အခါ ရောက်ရတတ်သည်။ မြဝတီစာပေတိုက်ထဲ ရောက်သည့် အခါ နှလုံးစိတ်ဝမ်းအေးအောင် စကားပြောတတ်တဲ့ ပုဝဝ ဂင်တိုတို ဂိုက်ကောင်းကောင်း အယ်ဒီတာအဖွဲ့ဝင် အစ်ကိုကြီးက သွေးရင်းသားရင်းညီငယ် မိုးစိုရွှဲ လျှင်လည်း အနွေးဓာတ်ရဖို့ ရေနွေး။ နေပူမိလာလျှင်လည်း အအေးဓာတ်ရဖို့ အပြုံးလေး များနှင့် ကြိုလေ့ရှိသလို။

"ကိုယ့်ညီလေး. . . နားလိုက်ဦး၊ မိုးစို ရေသုတ်၊ နေပူမိ ထိုင်နား" စာချိုးလေးလို ဆိုရွတ်ပေးသည်ကို ထာဝရအမှတ်ရနေမိသည်။ ဧည့်ခံမှာနေရာပေး၊ အမောပြေ၊ အချမ်းပြေလောက်ပြီဆိုမှ. . "ဆရာ. . မောင်စိုးထိုက် ကိုတာကူညီပေးရမလဲ" အမေးနှင့်အတူ တစ်နယ်စီ ဝေးနေတဲ့ အစ်ကိုနှင့်ညီတွေ့ကြလို့ ပြောဆိုရာကနေ စာပေညီအစ်ကိုပုံစံဖြင့် လိုအပ်တာကူတတ်ပါသည်။

ရေးစရာတွေများနေမှာမို့ များနေတဲ့အထဲက မေ့မရနိုင်တဲ့ အမှတ်တရလေး တွေနှင့် အနှစ်ချုပ်ချင်ပါသည်။

စာပေလောကသားတို့သည် ပွင့်လင်းသည်။ ဖေးမသည်။ ဟန်ဆောင်မှုကင်း သည်။ မာယာမရှိ၊ အတ္တကင်းသည်။ အသပြာကို မက်မက်မောမောထားမရေး။ ရင်မှ၊ နှလုံးသားမှ၊ ဦးနှောက်မှ၊ ဘဝအတွေ့အကြုံမှလာသော ရသကိုသာ ရေးကြသည်။

တစ်ချို့တလေ တစ်ယောက်စနှစ်ယောက်စက အပိုဆောင်း အမှတ်တရလေး တွေ စွဲကပ်နေတတ်သည်၊ အခြားမဟုတ် စာပေလောက သားတို့ "လေထန်ကုန်း" (ဧည့်ခံမှု) ဖြစ်သည်။ "သူရှင်း၊ ကိုယ်ရှင်း" လုရှင်းကြသည့် အပိုဆောင်းအမှတ်တရလေးများဖြစ် ပါသည်။

ကျွန်တော့်ကို ကိုယ့်ညီလေးသဖွယ် တွယ်တာပေးသော နွေးထွေးစွာ ပြောဆို ပေးသော ဆရာဦးစိုးဝင်း(တက္ကသိုလ်-စိုးဝင်း)၊ စိုးဝင်း (မြစ်ခြေ) အသက်(၈၀)ပြည့်တော့ မည့် ရက်က (၁၉-၁၁-၂၀၂၀)ဖြစ်သည်။

**“သခ်ီရသည်”**

အသက်အနာ ချိန်အခါနှင့်
စွန့်ရာသုသာန် လားရာဂတိ
မသိအပ်ငြား ကိုငါးပါး။ ။

တရားအသိ ရှိနေသူတို့က ကိုယ်လျှောက်ရမည့်လမ်းအတွက်
“နှလုံးသားတွင် ဘုရားတည်”
“အသိစိတ်တွင် တရားမှတ်”
“မသိစိတ်ကို စဉ်ဖယ်ခွာ”လေ့ရှိပါသည်။

ဆရာ ဦးစိုးဝင်းနှင့် စာပေတာဝန်များစွာကို ခေါင်းစဉ်မျိုးစုံဖြင့် နှစ်ကာလရှည် တွဲဖက်ဆောင်ရွက်ဖူးပါသည်။

အစ်ကိုကြီးက ညီငယ်လိုဆက်ဆံပေးပါသည်။ လုပ်ဖော်ကိုင်ဖက်က အတွေ့အကြုံ မျှဝေပေးပါသည်။ စာရေးသူအတွက် သတင်းကောင်းလေးကြားသိလျှင် သူကပိုပြီး ပျော်ပေးပါသည်။ သတင်းဆိုးလေးကြားမိလျှင် သူကပိုပြီးခံစားပေးသည်။ လပိုင်းအတွင်း အသက်(၈၀) ပြည့်တော့မည့် ဆရာ ဦးစိုးဝင်းက ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် နေ့စဉ် လှူလေ့ရှိသည်ကို ကြုံရဆုံရမြဲဖြစ်ပါသည်။ ဆရာ့အလှူဒါနအားလုံးကို သာဓုခေါ်ရင်း အသက်ရာကျော်ရှည်ပါစေ ဆရာ။ ဆရာ့အလှူတွေကို အကြောင်းပြုပြီး ဆုတောင်းလျက်ပါ။

“ငါ လှူချင်လိုက်တာလို့တွေးပြီး လှူဖြစ်လိုက်တာလည်း (ကာယကံ) ကုသိုလ် အလှူဖြစ်ပါသည်”

“ငါ လှူချင်လိုက်တာလို့ နှုတ်ထွက်စကားဆိုမိတာကလည်း (ဝစီကံ) ကုသိုလ် အလှူဖြစ်ပါသည်”

“ငါ လှူချင်လိုက်တာလို့ စိတ်ဖြစ်ပေါ်လာတာကလည်း (မနောကံ) ကုသိုလ် အလှူဖြစ်ပါသည်” ဟု ကျွန်တော်ယုံကြည်ပါသည်။ ကျွန်တော်ကတော့ ဆရာ့အလှူတွေကို အားကျရင်း သွေးကုသိုလ်/ သာသနာပြု ကုသိုလ်များပြုရင်း အနာဂတ်ခရီးဆက်လျှောက် လျက်ပါ ဆရာ။

“ဆရာ. . . အသက်ရာကျော်ရှည်စေသော်”

xxx xxx xxx

**မောင်စိုးထိုက်(သုံးဆယ်)**
အကြိမ်(၁၅၀)ပြည့်သွေးလှူရှင်

# “ဆရာ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) (မဟာမင်္ဂလမ္မဇောတိကဓဇ)၏ (၈၀) ပြည့် ပတ္တမြားရတုမော်ကွန်း”

Y.M.B.A. နာယကကြီး (မဟာမင်္ဂလမ္မဇောတိကဓဇ) ချစ်ညီလေး (ဝါ) ချစ်သူငယ်ချင်း ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)ထံမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက် နေ့စွဲဖြင့် ဝေဖန်ချက်လေး ချီးမြှင့်ပါရန် မေတ္တာရပ်ခံခြင်းဆိုတဲ့ စာလေး လက်ခံရရှိခဲ့ပါသည်။ ဝေဖန်သည်ဆိုသည်မှာ အကောင်းအဆိုး၊ အကြောင်းအကျိုး ဝေဖန်ရမည်ဖြစ်သောကြောင့် ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)၏ (၈၀)ပြည့် စိန်ရတု မွေးနေ့အတွက် ဝေဖန်စရာမရှိပါ။ နောင်လာနောက်သားများ မှတ်သားနိုင်ရန် ဆရာ တက္ကသိုလ်စိုးယဉ်၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့် ဘာသာရေး၊ လူမှုရေး ဆောင်ရွက် ခဲ့သည့်ကိစ္စရပ်များကို နောင်လာနောက်သား မှတ်သားနမူနာယူနိုင်ရန် မော်ကွန်း အကျဉ်းချုပ်ကို ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) (မဟာမင်္ဂလမ္မဇောတိကဓဇ) B.A. (HISTORY), M.A. (Q.), Y.M.B.A. အသင်းကြီး နာယက၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ယခင် မြဝတီမဂ္ဂဇင်း စာတည်း(အငြိမ်းစား)၊ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်၊ ပြန်ကြားရေးဆပ် ကော်မတီ ဥက္ကဋ္ဌ၊ မဟာစည်သတင်းလွှာ စာတည်းမှူးချုပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း ဂုဏ်ထူးဆောင် နာယက၊ မဟာစည် ရာပြည့်မော်ကွန်းအမှုဆောင်စာတည်း၊ ချမ်းအေး ဓမ္မစာဆို ပညာရှင်ကြီးများ ပူဇော် ဂုဏ်ပြုရေးအဖွဲ့ အမှုဆောင်၊ အယ်ဒီတာချုပ်ဒေါက်တာသက်ဆွေထုတ်ဝေသော ဇီဝကမဂ္ဂဇင်း အတိုင်ပင်ခံ အယ်ဒီတာ၊ ဦးဌေးလှိုင် စီစဉ်သော ခရီးဖော်မဓမ္မရသမဂ္ဂဇင်း နာယက၊ ပခုက္ကူအသင်း (ရန်ကုန်) နာယက၊ ဆိပ်ဖြူမြို့နယ် အသင်း(ရန်ကုန်) နာယက၊

ရတနာမွန် မဂ္ဂဇင်းစာတည်းအဖွဲ့ဝင်၊ ပခုက္ကူအသင်း (ရန်ကုန်) မဂ္ဂဇင်းအယ်ဒီတာ၊ ပခုက္ကူအသင်း နှစ်(၅၀)ပြည့် ရွှေရတုမဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ၊ မြန်မာနိုင်ငံ မြန်မာကျေးလက်ဒေသအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ဝင်၊ ဘာသာရေး စာပေ ထူးချွန်သူအနေဖြင့် ၁၉၅၃ ခုနှစ် အဘိဓမ္မာသင်္ဂြိုဟ် (၃)ပိုင်း အောင်မြင်ခဲ့ခြင်း၊ ၁၉၅၉ ခုနှစ်တွင် ဗုဒ္ဓဘာသာ သင်္ခန်းစာ၊ ခရိုင် ဒုတိယဆုရရှိခဲ့ခြင်း စသည့်ဘာသာရေး၊ လူမှုရေး၊ စာပေနယ်အသီးသီးတွင် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သောကြောင့် နောင်လာနောက်သားမျိုးချစ်လူငယ်များ နမူနာယူမှတ်သားနိုင်ရန် သမိုင်းမော်ကွန်းအဖြစ် ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

ဦးစိုးဝင်း(ဆရာ တက္ကသိုလ်စိုးယဉ်) (မဟာမင်္ဂလဓမ္မဇောတိကဓဇ) B.A. (HISTORY) M.A. (Q.) အား ဖခင်ပွဲစားကြီး ဦးသာတင့်၊ မိခင် ဒေါ်အိမ်မြင့်တို့မှ ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့နယ်ခွဲ စံကျောင်းကျေးရွာ၌ ၁၃၀၂ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် (၆)ရက် (၁၉-၁၁-၁၉၄၀)နေ့တွင် မာတာမိခင် ဖွားသန့်စင်သော ထူးခြားမွန်မြတ်သည့် သားလှရတနာတစ်ဦး ဖြစ်ပါသည်။

ဦးစိုးဝင်း(ဆရာ တက္ကသိုလ်စိုးယဉ်)နှင့် ဇနီး ဒေါ်ငွေရင် စာရေးဆရာမ (မလေးယဉ်)တို့ ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း လက်ထက်တွင် အုတ်ကျင်းဂုန်နီစက်ရုံ ဝန်ထမ်းများဘဝ၌ ကျွန်တော်က (TRANSPORT-OFFICER) ဘဝမှစ၍ ညီရင်းအစ်ကို မောင်ရင်း နှမကဲ့သို့ ချစ်ခင်ရင်းနှီးခဲ့ကြသဖြင့် ယနေ့ထက်တိုင် မမေ့နိုင်အောင် ဖြစ်နေပါတော့သတည်း။

ဆရာတက္ကသိုလ်စိုးယဉ် ပတ္တမြားရတုမှသည် နဝရတ်ရတုသို့ တိုင်အောင် သက်တော်ရာကျော်ရှည်စေသော်. . . ။ ။

xxx xxx xxx

**ဒေါက်တာသက်ဆွေ(နာယကကြီး)**
Ph.D. (AYURVEDIC MEDICINE)
မဟာမင်္ဂလဓမ္မဇောတိကဓဇ
Y.M.B.A. အသင်းကြီးနာယက

## "မဟာမင်္ဂလာမွေ့ဇာတိကဇာတ်ရဲ့ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)"

ဦးစိုးဝင်းနှင့် ကျွန်တော်သည် မြဝတီစာပေတိုက်၌ ၁၉၉၁ ခုနှစ်တွင် စတင်ဆုံးစည်းခဲ့ကြသည်။ ကျွန်တော်သည် မြဝတီစာပေတိုက်၊ မြဝတီမဂ္ဂဇင်းတွင် တာဝန်ခံစာတည်း (အယ်ဒီတာ) အဖြစ် ဆောင်ရွက်နေချိန်ဖြစ်သည်။ ထိုစဉ်က ဦးစိုးဝင်းသည် မြဝတီမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင် တစ်ဦးအဖြစ် ရောက်ရှိလာခဲ့သည်။ သို့ပါ၍ စာပေလက်တွဲဖော်အဖြစ် နှစ်ဦးသား ခင်မင်ရင်းနှီးခဲ့ကြသည်။ ဦးစိုးဝင်းသည် တက္ကသိုလ်စိုးယဉ် ကလောင်အမည်ဖြင့် ကဗျာများရေးသားလျက်ရှိသည်။ ကလောင်ခွဲများမှာ စိုးဝင်း(မြစ်ခြေ)နှင့် ရဲဘော်စိုးဝင်း(လှိုင်) တို့ဖြစ်ကြသည်။

ဦးစိုးဝင်းသည် မြဝတီမဂ္ဂဇင်းသို့ ရောက်ရှိလာသော ကဗျာစာမူများကို ရှေးဦးအဆင့် တာဝန်ယူရွေးချယ်ပေးခဲ့သည်။ ထို့အပြင် မြဝတီမဂ္ဂဇင်းစာအုပ်စင်ကဏ္ဍတွင် ယခင်က ကျွန်တော်ရေးခဲ့ရာမှ ၁၉၉၆ ခုနှစ် နောက်ပိုင်းတွင် ဦးစိုးဝင်းအား တာဝန်ပေးခဲ့သည်။ ဦးစိုးဝင်းသည် ထိုကဏ္ဍကို ၂၀၀၁ ခုနှစ် အငြိမ်းစားယူသည်အထိ တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ ပေးအပ်သောတာဝန်တစ်ရပ်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သူဖြစ်သည်။

ထိုအချိန်က ဦးစိုးဝင်းသည် မြဝတီစာပေတိုက်မှ ထွက်ရှိသောမဂ္ဂဇင်းများ၊ ဂျာနယ်နှင့် စာစောင်များတွင် ကဗျာများကို စဉ်ဆက်မပြတ် ရေးသားခဲ့သည်။ ကဗျာဝါသနာပါသူများကိုလည်း တတ်နိုင်သမျှ ကူညီပံ့ပိုးပေးခဲ့သူဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်များအပေါ်တွင်လည်း ကူညီရိုင်းပင်းတတ်သည်။ သို့ပါ၍ အားလုံးနှင့်ခင်မင်မှုရရှိခဲ့သည်။

မြဝတီမဂ္ဂဇင်းတွင် ကျွန်တော်အားကိုးခဲ့ရသော ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်သည်။ မြဝတီစာပေတိုက်မှ တပ်မတော်ရွှေရတုမဂ္ဂဇင်းကြီး ထုတ်ဝေနိုင်ရန်အတွက် ထိုအချိန်က

အမှုဆောင် အရာရှိချုပ် ဦးသိန်းစိန် (ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး)သည် ကျွန်တော့်အား တာဝန်ပေးခဲ့သည်။ ဦးစိုးဝင်းသည် အယ်ဒီတာ ဦးမောင်မောင်ကြည်နှင့် တွဲဖက်၍ ဤမဂ္ဂဇင်းကြီး ရိုက်နှိပ်ပြီးစီးသည်အထိ ကျွန်တော့်အား အကူအညီပေးခဲ့သည်။ သို့ပါ၍ ကျေးဇူးတင်မဆုံး မှတ်တမ်းတင်အပ်ပါသည်။

ဦးစိုးဝင်း၏ဇနီးဒေါ်ငွေရင်သည်လည်း "စာပေသမားနားနီး စာပေသမား" ဆိုသကဲ့သို့ ဝတ္ထုတိုများကို ရေးသားခဲ့သည်။ ကလောင်အမည်မှာ "မလေးယဥ်" ဖြစ်သည်။ ဦးစိုးဝင်း၏ ပံ့ပိုးကူညီမှုဖြင့် မြဝတီမဂ္ဂဇင်းနှင့် ငွေတာရီမဂ္ဂဇင်းတို့တွင် ဝတ္ထုတိုများ ရေးသားခဲ့သည်။ သို့ပါ၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်တစ်ဦး ဖြစ်လာခဲ့သည်။ ဤသည် မှာလည်း ဦးစိုးဝင်း၏ စွမ်းဆောင်ပေးနိုင်မှုတစ်ရပ်ပင်ဖြစ်သည်။

ဆက်လက်၍ ဦးစိုးဝင်း၏ ကိုယ်ရေးအကျဉ်းမှ စာပေထူးခြားချက်များကို ဖော်ပြလိုပါသည်။ ဦးစိုးဝင်းသည် မူလတန်းအဆင့်နှင့် အထက်တန်း အဆင့်တို့တွင် ဗုဒ္ဓဘာသာစာမေးပွဲ များ၌ ခရိုင်အဆင့်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည်။ အတန်းပညာ အရည်အချင်းအားဖြင့် B.A. (HISTORY) M.A. (Q.) အောင်မြင်ပြီးဘွဲ့ရရှိခဲ့သည်။ စာပေပိုင်းအနေဖြင့် ကြည့်မည်ဆိုလျှင် မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် (၁၆) နှစ်တာဝန် ထမ်းဆောင် ခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖြစ် သက်တမ်း(၂)ကြိမ် ရွေးချယ်ခံခဲ့ရပြီး ယခုအချိန်တွင်လည်း ဗဟိုအလုပ်အမှုဆောင်အဖြစ် ဆက်လက်ဆောင်ရွက် လျက်ရှိသည်။

ဦးစိုးဝင်းသည် မြဝတီစာပေတိုက်တွင် (၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အငြိမ်းစားယူသောအခါ Y.M.B.A. (ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်းချုပ်)တွင် ဥက္ကဋ္ဌအဖြစ် (၂)နှစ်တာဝန်ယူပြီး ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်စဉ်ကာလတွင် အသင်းဝင် (၂၀၀) ကျော်ကို စည်းရုံးပေးနိုင်ခဲ့သည့်အပြင် ငွေကျပ် သိန်း(၄၀)လှူဒါန်းခဲ့သည်။ သို့ပါ၍ "မဟာမင်္ဂလဓမ္မဇောတိကဓဇ" ဘွဲ့ချီးမြှင့်ခံခဲ့ရသည်။

ဦးစိုးဝင်းသည် စာပေလုပ်ငန်းပိုင်း၌ ဆောင်ရွက်နေသည်များမှာ ပြင်ပမဂ္ဂဇင်း၊ ဂျာနယ်နှင့်စာစောင်များတွင် စာတည်း၊ တာဝန်ခံ စာတည်းနှင့် စာတည်းမှူးချုပ်တာဝန်များကို ယနေ့ထိ တာဝန်ယူဆောင် ရွက်နေကြောင်း သိရှိရသည်။ အထူးသဖြင့် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာကြီးဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ထုတ်ဝေသော မဟာစည်သတင်းလွှာတွင် စာတည်းမှူးချုပ်အဖြစ် ယနေ့တိုင်ဆောင်ရွက် နေပေသည်။

သူ၏လုံးချင်းစာအုပ်ထုတ်ဝေမှုကိုကြည့်မည်ဆိုသော် အထက်တန်း မြန်မာစာစီ

စာကုံး စာအုပ်အပါအဝင် ကဗျာစာအုပ် (၉)အုပ် ထုတ်ဝေနိုင်ခဲ့သည်။ ထိုအထဲတွင် ဇာနည်သွေးကလေးကဗျာစာအုပ်ဆိုလျှင် နှစ်ကြိမ် ပြန်၍ ရိုက်နှိပ်ထုတ်ဝေခဲ့ရသည်။ ဆက်လက်၍လည်း ကဗျာစာအုပ်များ ရေးသားထုတ်ဝေရန် စီစဉ်နေကြောင်း သိရှိရသည်။

ဦးစိုးဝင်းသည် စာပေလောကတွင် တစိုက်မတ်မတ်ကြိုးစားနေသော စာရေးဆရာကြီးတစ်ဦးဖြစ်ကြောင်း သူ၏ဆောင်ရွက်ချက်များကိုကြည့်လျှင် သိရှိနိုင်ပေသည်။ သို့ပါသောကြောင့် "မဟာမင်္ဂလမမ္မဇောတိကဓဇ"ဘွဲ့ရ ဆရာကြီး ဦးစိုးဝင်းသည် အသက် (၈၀) ပတ္တမြားရတုမှသည် အသက်ရာကျော်ရှည်သည်အထိ စာပေတာဝန်များကို ကျန်းမာရေးကောင်းမွန်စွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။ ဆရာကြီး အသက်ရာကျော်ရှည်စေသော်။ ။

xxx xxx xxx

**မောင်သန်းလွင်**
တာဝန်ခံအယ်ဒီတာ(ငြိမ်း)၊ မြဝတီမဂ္ဂဇင်း
ဖုန်း-၀၉ ၂၅၀၅၀၇၃၆၁

# "တက္ကသိုလ်စိုးယဉ် သို့မဟုတ်..."

တက္ကသိုလ်စိုးယဉ်သည် ခုမှ စာရေးသူမဟုတ်။ ၁၉၇၂ ခုနှစ်က ကျွန်တော် အမျိုးသား စာပေဆုရတော့ "သာမန်လုပ်သားဘဝမှ အမျိုးသားစာပေဆုရလာသူ" ခေါင်းစဉ်နှင့် ကျွန်တော့်အကြောင်းကို လုပ်သားဂျာနယ်စာစောင်၌ ဂုဏ်ပြုချီးကျူး ရေးသားဖူးသည်။

ကျွန်တော်တို့ ဂုံနီစက်ရုံထွက် စာရေးဆရာများတွင် ဆရာ တက္ကသိုလ်စိုးယဉ် လည်း တစ်ယောက်ပါသည်။ ကိုမြတ်စိုး(လှိုင်)၊ တက်လူ၊ ပြည်ပန်းမိုးတို့မှာလည်း ဂုန်နီ စက်ရုံထွက် စာရေးဆရာများပင်။ ကိုတင့်ဇော်ကမူ ၁၉၇၄ ခုနှစ် အလုပ်သမားအရေး အခင်းနှင့် ကျွန်တော် ထောင်ထဲရောက်သွားပြီးမှ ဒုစက်ရုံမှူးရာထူးနှင့် ဂုံနီစက်ရုံကို ရောက်လာသူဖြစ်သည်။ ၂၀၁၇ ခုနှစ် ကျွန်တော် အမျိုးသားစာပေ တစ်သက်တာဆု ရတော့ ကိုတင့်ဇော်လည်း ထိုနှစ်မှာပင် ဝတ္ထုတိုပေါင်းချုပ်ဆုရော၊ ဘာသာပြန်ဆုရော တစ်နှစ်တည်းတွင် ဆုနှစ်ဆုရသည်။ သူ့အတွက် သာမက အမျိုးသား စာပေဆုအတွက် မှတ်တိုင်တစ်ခုပင်။ သူ့လိုအမျိုးသားစာပေဆုကို တစ်နှစ်တည်းနှင့် နှစ်ဆုရသူ မရှိဟုထင် သည်။ စောစောဆုံးပါးသွားသည်မှာ စာပေလောကအတွက် ဆုံးရှုံးမှုတစ်ခုပင်။

ကိုစိုးယဉ်ဇနီးအမျိုးသမီးစာရေးဆရာမ မလေးယဉ်သည်လည်း ကျွန်တော်တို့ ဂုံနီစက်ရုံက စာရေးမပင်။ ကိုစိုးယဉ်ကိုတွေ့လျှင် ကျွန်တော်က "သူငယ်ချင်း ပဲခူးဆား" ဟု ခေါ်တတ်သည်။ ကျွန်တော်သူ့အား ဤသို့ခေါ်ရခြင်းကိုလည်း ကြည့်ပါဦး။ တက္ကသိုလ်ဘွဲ့ရ ပညာတတ်တစ်ယောက်။ ကျွန်တော်ဘုန်းကြီးကျောင်းသားဟောင်းပင် မတက်ဖူးသော အဘိဓမ္မဌာဂြိုဟ် (၃) ပိုင်းကိုအောင်သည်။ ပခုက္ကူခရိုင် ဗုဒ္ဓဘာသာ စာမေးပွဲကြီးမှာလည်း တစ်ခရိုင်လုံးမှာ ဒုတိယရသည်။ Y.M.B.A. အသင်းချုပ်၏မဟာ မင်္ဂလဓမ္မဇောတိကဇဘွဲ့လည်းရသည်။ အသင်းချုပ် Y.M.B.A. ဉက္ကဋ္ဌလည်း လုပ်သည်။

မြဝတီမင်္ဂဇင်းတိုက်တွင် အယ်ဒီတာအဖွဲ့ဝင်လည်း လုပ်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် စာပေနှင့်စာနယ်ဇင်း ဥက္ကဋ္ဌလည်း (၁၆)နှစ် လုပ်သည်။ မဟာစည်ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်နှင့် ရိပ်သာ၏ မဟာစည်သတင်းလွှာအယ်ဒီတာချုပ်လုပ်သည်။ ပခုက္ကူရွှေရတု မဂ္ဂဇင်းမှာလည်း တာဝန်ခံအယ်ဒီတာ။ နောက်ပြောသေးသည် မြန်စာပြန်နဲ့လား ဘာလားတော့ ကျွန်တော်မမှတ်မိတော့။ ရဲဘော် စိုးဝင်း(လှိုင်) စိုးဝင်း (မြစ်ခြေ) ကလောင်အမည်များနှင့်လည်း ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများရေးသည်။ လုံးချင်းလည်း ရေးသည်။ ထို့ကြောင့်လည်း ကျွန်တော်က သူ့ကိုတွေ့လျှင် "ဟင်. . သူငယ်ချင်း ပဲခူးဆား ခုဘာတွေလုပ်နေပြန်ပလဲ" ဟုမေးလျှင် "မဟုတ်ပါဘူး သူငယ်ချင်း ဒီလိုပါပဲ"တဲ့။ ကျွန်တော်က "ခင်ဗျား ပဲခူးဆားမဟုတ်ရင် ဘာလဲဗျ။ ခွေးလေးပျားလား" ဆိုတော့ "ဟုတ်ပ့ါ သူငယ်ချင်း. . အဲဒါနဲ့တော့ နည်းနည်းနီးစပ်မယ်ထင်တယ်" ဟု ရယ်ရယ်မောမော ပြောသွားတတ်သည်။ ကျွန်တော်ကား သူ့လိုမလုပ်နိုင်ပေ။ ထို့ကြောင့် ကိုယ့်သူငယ်ချင်း ပတ္တမြားရတုကို ဂုဏ်ပြုသောအနေနှင့် **ခတ်တိုင်းငန်ပါစေ သက်တော်ရာကျော်ရှည်ပါစေ** ဆုတောင်းမေတ္တာပို့သလိုက်ပါကြောင်း။ ။

××× ××× ×××

စာပေသူငယ်ချင်း<br>**ဖိုးကျော့**

## "ဘာသာ၊ လူမှုရေးနှင့် စာပေနယ်က ဆရာ ဦးစိုးဝင်း"

ဆရာ ဦးစိုးဝင်းက သူရေးသားမည့် "နှစ်(၈၀)ပြည့် မွေးနေ့လက်ဆောင် စာအုပ် (၂၀၂၀) တွင် အမှတ်တရ အမှာစာရေးသားချီးမြှင့်ပေးပါရန် မေတ္တာရပ်ခံပါသည်။

ဆရာ ဦးစိုးဝင်း၊ (ကလောင်အမည်. . . တက္ကသိုလ်စိုးယဉ်)၊ ကလောင်အမည်ခွဲ စိုးဝင်း (မြစ်ခြေ)၊ ရဲဘော် စိုးဝင်း(လှိုင်) နှင့် ကျွန်တော်သိကျွမ်းသည်မှာ ကျွန်တော် ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၌ အတွင်းရေးမှူးအဖြစ် တာဝန်ယူစဉ် လွန်ခဲ့သော နှစ်(၄၀)ခန့်မှ ဖြစ်ပါသည်။

ဆရာ ဦးစိုးဝင်း၏ဇနီး ဒေါ်ငွေရင်မှာ ကျိုက်စကောရွာသူ (ဒိုက်ဦးမြို့နယ်) ဖြစ်ရာ ဆရာရော ဆရာ့ဇနီးပါ အသင်းဝင်ဖြစ်ကြသည်။

ဆရာ့ဇနီးရဲ့ စာရေးဆရာမအမည်မှာ 'မလေးယဉ်'ဖြစ်ရာ ဆရာအမည်ရင်းရှေ့က နာမည် စာလုံး 'စိုး'နှင့်တွဲ၍ ဆရာ့ဇနီး(ဒုတိယစာလုံး နာမည်နှင့်ပေါင်းကာ) "တက္ကသိုလ် စိုးယဉ်" ကလောင်အမည်ယူခဲ့ပါသည်။

ဆရာသည် ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့နယ်ခွဲဇာတိဖြစ်ရာ ကျွန်တော်နှင့် သိကျွမ်းသူက ဦးလေးဦးကွန်းစိန်။ ဇနီး ဒေါ်သက်ရှည်တို့နှင့် ဆက်နွယ်၍ 'မြစ်ခြေ' အမည်ကို ရင်းနှီးနေပါသည်။ ဦးလေး ဦးကွန်းစိန်က မန္တလေးမှာနေသူ မြောင် နယ်သား ဖြစ်၍ ဒေါ်သက်ရှည်က ပခုက္ကူ မြစ်ခြေနယ်သူဖြစ်ပါသည်၊ သူတို့ဇနီးမောင်နှံမှာ ဆေးပွဲစား၊ ဆေးပွဲရုံပိုင်ရှင်များလည်း ဖြစ်ပါသည်။

ဆရာသည် ယခုအသက် (၈၀)ပြည့်ပြီဖြစ်ရာ အသက် (၈၀)ပြည့် မွေးနေ့ လက်ဆောင် စာအုပ် (၂၀၂၀ပြည့်နှစ်)၌ ကျွန်တော့်အမှာစာ ရေးထားသော ခေါင်းစဉ်ကို ဆက်လက်ဖော်ညွှန်းပါရစေ။ ဆရာသည် ဘာသာရေး အဖွဲ့အစည်းများ၌ အားစိုက်ခွန်စိုက်

ပါဝင်ဆောင်ရွက်သည်။ ဆရာသည် မဟာမင်္ဂလမြေဇောတိကဓဇ (Y.M.B.A)ဘွဲ့ ရရှိထားသူ။ (Y.M.B.A.) အသင်းချုပ် ဥက္ကဋ္ဌ၊ နာယက။ မဟာစည်သာသနာ့ရိပ်သာကြီး၊ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင် မဟာစည်သတင်းလွှာအယ်ဒီတာချုပ်စသည့် ဘာသာရေးအဖွဲ့အစည်းများ၌ ပါဝင်အလုပ်အကျွေးပြုသူဖြစ်သည်။

လူမှုရေးအဖွဲ့အစည်းများဖြစ်သော ပခုက္ကူအသင်း။ ဆိပ်ဖြူမြို့နယ်အသင်း။ မြစ်ခြေမြို့နယ်အသင်းများ၏ နာယက။ ဒိုက်ဦးမြို့နယ် အသင်း (ရန်ကုန်)၏ နာယက နှင့် ကန်တော့ခံစသည့် လူမှုရေးလုပ်ငန်းများ၌ စိတ်ပါဝင်စားပံ့ပိုးဆောင်ရွက်ပေးသူ ဖြစ်ပါသည်။

ဆရာ ဦးစိုးဝင်းသည် အသက်(၈၀)နား နီးသော်လည်း သူသည် အသက်(၆၀) ကျော်သမာ သွက်လက်ဖျတ်လတ်လျက်နေပါသည်။ ထီးအရှည်တစ်ချောင်းကို စတိုင်ကျကျ အားပြု၍ ခရီးနီးလျှင် လိုင်းကားစီးကာ ခရီးဝေးက အငှားကားစီးရင်း မမောမပန်း လျှောက်လှမ်းသွားလာနေသည်။

သား၊ သမီးများ၏ ကိုယ်ပိုင်ကားဖြင့် သွားလိုသည်ကို လိုက်ပို့တတ်သည်ကိုပင် ငြင်းပယ်တတ်ပါသည်။

မည်သူ့ကိုမျှ ဒုက္ခမပေး၊ ကိုယ့်ခြေပေါ် ကိုယ်ရပ်၊ လိုရာခရီးနှင်၊ လူမှုရေးအကျိုး ပြုသူဖြစ်ပါသည်။

ဆရာသည် စာပေနယ်ပယ်၌လည်း နှံ့စပ်ကျွမ်းကျင်ပါသည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်း (ဗဟိုအမှုဆောင်ကော်မတီဝင်) (၂)ကြိမ် (၈ နှစ်) မင်္ဂလာတောင်ညွန့် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၆)နှစ်နှင့် ဂုဏ်ထူးဆောင်နာယက။

ဆရာဦးဌေးလှိုင်စီစဉ်သော 'ခရီးဖော်ဓမ္မရသမဂ္ဂဇင်း' နာယက။

ရတနာမွန်မဂ္ဂဇင်း စာတည်းအဖွဲ့ဝင်။ ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) စိန်ရတုအကြိုမဂ္ဂဇင်း၌လည်း စာတည်းအဖွဲ့ဝင်စသည့် စာပေရေးရာတို့၌လည်း ပါဝင် အလုပ်အကျွေးပြုနေသူ စာချစ်သူတစ်ဦးဖြစ်ပါသည်။

ဆရာ ဦးစိုးဝင်းသည် ဤသို့ ဘာသာ၊ လူမှုရေးနှင့် စာပေရေးရာတို့အပြင် ဂီတနယ်သို့လည်း မေးတင်၍ သီချင်းတစ်ပုဒ်ရေးစပ်သီကုံးခဲ့ပါသေးသည်။ သီချင်း အမည်က "မြစ်ခြေ မြို့ကိုလာခဲ့ပါကိုကို"ဖြစ်ပါသည်။ တေးဆိုသူက . . အဆိုတော် မြင့်မြင့်အုန်းဖြစ်ပါသည်။

ဆရာ ဦးစိုးဝင်းသည် ဘာသာ၊ လူမှုရေးနှင့် စာပေနယ်တို့တွင် သူကို မသိသူမရှိ။ သူအကျိုးပြုခဲ့ဖူးသော၊ ပြုနေသောအလုပ်တို့သည် ဒုနဲ့ဒေး အများအပြားပင်။

ဤသို့သော ကျွန်တော့်မိတ်ဆွေကြီး . . ဦးစိုးဝင်းကို သိရိပ့်ချီ ဘွဲ့တံဆိပ်ရ။ အမျိုးသားစာပေဆုရှင် ဆရာဇော်ဂျီ၏ ကဗျာတစ်ပုဒ်ဖြင့် ရည်ညွှန်းဂုဏ်ပြုလိုပါသည်-

* "သြော်. . . လူ့ပြည်လောက၊ လူ့ဘဝကား
အိုရ နာရ၊ သေရဦးမည်. . မှန်ပေသည်တည့်။
သို့တပြီးကား . . . သင်သေသွားသော်. .
သင်ဖွားသောမြေ. . . သင်တို့မြေသည်
အခြေတိုးမြင့်. . ကျန်ကောင်းသင့်၏။
* သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့် ကျန်ကောင်းသင့်၏။
* သင်ဦးချ၍ ၊ အမျှဝေရာ စေတီသာနှင့်
သစ္စာအရောင်. . . ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက်. . . ကျန်စေသတည်း။ ။

**(ဆရာဇော်ဂျီ ၏"သင်သေသွားသော်"**ကဗျာ။
**ဒီဇင်ဘာ ၁၉၃၅** မှ)

ကျွန်တော့်မိတ်ဆွေကြီး၊ ဆရာကြီးဦးစိုးဝင်းသည် နိုင်ငံနှင့်လူမျိုး အတွက် အမျိုး ဘာသာ၊ စာပေအမွေများတိုး၍ တိုး၍ သည်ပိုးရွက်ဆောင် နိုင်ပါစေ။ ။

xxx xxx xxx

**မြန်မာ့အသံသိန်းဟန်**
၁၂-၄-၂၀၂၀

# "သီလ၊ သမာဓိ၊ ပညာ ပြည့်စုံစွာဖြင့်"

လွန်ခဲ့သောလ၊ ဖေဖော်ဝါရီ (၂၁)ရက်နေ့က ထုံးစံအတိုင်း၊ မသွားရမနေ နိုင်သော စာရေးဆရာတို့စုဝေးရောက်ရှိကြကုန်သော "လေအန်ကုန်း"သို့ရောက်ခဲ့ပါသည်။

ညီလေး ကဗျာဆရာ၊ စာရေးဆရာ အောင်ရာဇာ (ဥက္ကလာ) ၏ ကားကြုံပို့ဒါန ကြောင့် စုဝေးရာ အောင်ကဖီးသို့ စောစီးစွာ ရောက်ရှိပါသည်။

ခရီးရောက်မဆိုက်၊ စာပေညီအစ်ကို၊ အစ်ကိုကြီးဖြစ်သူ ဆရာ တက္ကသိုလ် စိုးယဉ်က သူ၏အသက် (၈၀)ပြည့် အထိမ်းအမှတ်စာအုပ်လေးတွင် ထည့်သွင်းဖော်ပြ နိုင်ရန် စာမူတစ်စောင်တောင်းခံပါသည်။ စာမူတောင်းသည်မှာ ပါးစပ်နှင့်တွေ့ရာ နေရာတွင် တောင်းခြင်းမဟုတ်ဘဲ၊ တလေးတစား ခင်မင်မှုကို အလေးထားသည့် အနေ ဖြင့် မေတ္တာရပ်ခံစာဖြင့် စနစ်တကျ တောင်းခံခြင်းဖြစ်ပါသည်။ သူ့စာ၏ နောက်ဆုံးဝါကျတွင်-

၃၁-၅-၂၀၂၀ နောက်ဆုံးထား၍ ချီးမြှင့်ပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံ ပါသည်ဟု စာတစ်စောင်ပေတစ်ဖွဲ့ဖြင့် စာမူတောင်းခံပါသည်။ စာမူတောင်းခံစာနှင့်အတူ ဆရာ၏ ကိုယ်ရေးအကျဉ်းချုပ်နှင့် ဘဝတစ်သက်တာ ပါဝင်ဆောင်ရွက်လုပ်ဆောင်မှု များကိုပါ ပူးတွဲပေးပို့ထားသဖြင့် ဆရာအတွက် စာမူရေးသားရသူများ၊ ငှက်ပျောသီး အခွံနွှာ စားရသကဲ့သို့ ဆရာ့ဘဝ၊ ဆရာ့အကြောင်းကို **"လက်လက်လင်းလင်းနဲ့ ကွက်ကွက်ကွင်းကွင်း"** မြင်တွေ့ရပြီး၊ ကိုယ်ရေးအကျဉ်းဖတ်ပြီးစဉ်ကပင် ဆရာ၏ လူဖြစ်ရကျိုးဘဝကို အားကျမိပါသည်။

ဆရာ၏အသက်မွေးမှုသည် ပညာနှင့်အသက်မွေးမှုဖြစ်၍ အလွန်မွန်မြတ် သန့်စင် ပါသည်။ ပညာအရာတွင်လည်း ရန်ကုန်တက္ကသိုလ်မှ ဘီအေသမိုင်းဘွဲ့ရရှိခဲ့ သည့်အပြင် ထူးချွန်စွာ အောင်ခဲ့သူလည်း ဖြစ်ပါသည်။ ထိုမျှမကသေး အသက်(၁၃)နှစ် အရွယ်ကပင် အဘိဓမ္မာသင်္ဂြိုဟ်(၃)ပိုင်းကို တစ်နှစ်တည်းဖြင့် အောင်ခဲ့သူဖြစ်သည်။ ၁၉၅၉ ခုနှစ်တွင်လည်း ဗုဒ္ဓဘာသာသင်ခန်းစာကို ပခုက္ကူတစ်ခရိုင်လုံး ဒုတိယဆုရရှိ ခဲ့သူဖြစ်သည်။

ပညာပြည့်ဝနှလုံးလှသူအဖြစ်လည်း ဘာသာအကျိုး၊ သာသနာအကျိုးရပ်ရွာ အကျိုး၊ စာပေနှင့်လူမျိုးအကျိုးကို မိမိ၏ဘဝတစ်သက်တာ တစ်လျှောက်လုံး၊ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်ကို ဆရာ၏ဘဝမှတ်တမ်းများက သက်သေခံနေပါသည်။

စာပေအကျိုးဆိုလျှင် ကိုယ်တိုင်က စာရေးဆရာကြီးတစ်ဦးဖြစ်သည့် အားလျော်

စွာ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများစွာကို ရေးသားခဲ့သူ ဖြစ်သည်။ ဆရာ၏ စာပေသက်တမ်းတွင် လုံးချင်းအဖြစ် မှတ်တမ်းတင်ခဲ့သော ဆောင်းပါးပေါင်းချုပ် (၁)အုပ်၊ ကဗျာ စာအုပ် (၅)အုပ်နှင့် စာစီစာကုံးတစ်အုပ် အပါအဝင်စုစုပေါင်း (၉) အုပ်ရေးသားခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းတွင် ဥက္ကဋ္ဌအဖြစ်၊ (၁၆) နှစ်တိုင်အောင် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်၍ နေပါပြီ။ ထို့ပြင် မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း ဒုတိယဥက္ကဋ္ဌကြီးလည်း ဖြစ်ပါသည်။ အသင်းအဖွဲ့များမှထုတ်ဝေသော ကျောင်းမဂ္ဂဇင်း၊ မြို့နယ် မဂ္ဂဇင်း၊ ရတနာမွန်မဂ္ဂဇင်း၊ ဇီဝကမဂ္ဂဇင်း စသည့်တို့တွင် စာတည်းတာဝန်များယူခဲ့ရပြီး မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ မဟာစည်သတင်းလွှာ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်နေပါသည်။

ဆရာကြီး၏ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်တို့မှာပြော၍ပင်ကုန်မည်မထင်ပါ။ အထူးသဖြင့် ဆရာကြီးသည် မြန်မာနိုင်ငံ၏ သက်တော်ရှည်အသင်းအဖွဲ့ကြီးတစ်ခုဖြစ်သော Y.M.B.A. အသင်းကြီး အောင်မြင်တိုးတက်စေရန် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့ပြီး ငွေသိန်းပေါင်းများစွာ လှူဒါန်းခဲ့သည်။

ဆရာကြီး၏ Y.M.B.A. အသင်းကြီးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်မှုကြောင့် ဆရာကြီးကို အသင်းကြီးက "မဟာမင်္ဂလဓမ္မ ဇောတိကဓဇ"ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်း ခံခဲ့ရသူတစ်ယောက်လည်း ဖြစ်ပါသည်။ အမျိုးဘာသာသာသနာအတွက် ဆရာကြီး စွမ်းဆောင်မှုကို အသိအမှတ်ပြုခြင်းပင် ဖြစ်ပါသည်။

ဆရာကြီးသည် မွေးစမှသည် ယနေ့အသက် (၈၀)ပြည့်သည်အထိ မိမိ၏ ကိုယ်ကျိုးစီးပွားကို လုံးဝမဆောင်ရွက်ဘဲ လူမှုရေး၊ ပညာရေး၊ ဘာသာရေး၊ အမျိုးသားရေးကိစ္စရပ်များကို ပရဟိတစိတ်ဓာတ်အရင်းခံကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ဆရာကြီး၏ ဘဝအတွေ့အကြုံအဖုံဖုံကို နောင်လာနောက်သားများ လေ့လာ၊ မှတ်သား၊ နာယူ၊ ဆည်းပူးဆောင်ရွက်နိုင်ရန်အလို့ငှာ "ပင်ကိုရေး အတ္ထုပ္ပတ္တိ တစ်စောင်" ရေးသားသင့်ကြောင်း အကြံပြုလိုပါသည်။ ယခုလည်း မိတ်ဆွေအပေါင်းအသင်း၊ ရောင်းရင်းစာရေးဆရာများ၏ မိမိ အပေါ် ထင်မြင်ယူဆ၊ ဝေဖန်၊ သုံးသပ်ချက်များလည်း ဆရာကြီး၏ ဘဝပုံရိပ်ကို ထင်ရှားပေါ်လွင်စေရန် မီးမောင်းထိုးပြနေသကဲ့သို့ဖြစ်ပါသည်။ ဆရာကြီး အသက်ရာကျော်ရှည်ပြီး အမျိုးဘာသာ သာသနာ၊ စာပေပညာ အကျိုး ဆက်လက်သည်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။

xxx xxx xxx

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

## "စိန်အောင်မင်းနှင့်တွေ့ဆုံခြင်း"

လွမ်းမောစရာ စာပန်းခင်းကလေး တစ်ခင်း. .

ဤနေရာသည်ကား 'လေအန်ကုန်း'ဟု ပညတ်သညာရှိနေကြသော 'အောင်' လက်ဖက်ရည်ဆိုင်ကလေး။ ရန်ကုန်မြို့ရှိ လမ်း(၄၀)နှင့် ကုန်သည်လမ်းတို့၏ဆုံမှတ်တွင် တည်ရှိသည်။ ဆိုင်၏မျက်နှာစာတွင် ပင်ရိပ်ထီးထီး ကြီးမားသောညောင်ပင်ကြီးက အုတ်ပလ္လင်နှင့် ထည်ထည်ဝါဝါ။ ကြီးမားကျယ်ပြန့်သော အရိပ်အာဝါသအောက်ဝယ်။ ကမ်းနားဆီမှ တိုးဝှေ့လာသော လေပြည်တဖြူးဖြူးကို မိန့်မိန့်မောမော ခံစားကြရင်း။ စာပေရေးရာကိစ္စ အသွယ်သွယ် ဆောင်ရွက်ရန် ရောက်လာကြသည့် စာပေမောင်နှမ တစ်သိုက်။ ဤနေရာသို့ ရောက်သည်နှင့် တစ်ယောက်မျက်နှာတစ်ယောက်မြင်သည် နှင့် ကြည်နူးရယ်ရွှင် အမောပင်အလိုလိုပြေကြသည်။

လွန်ခဲ့သောနှစ်များက ဆရာညွန့်ဝင်းကို၏ ဖိတ်ခေါ်မှုကြောင့် သည်ညောင်ပင် အောက်က ခုံလေးတွေမှာ ထိုင်ဖြစ်ခဲ့သည်။ နောက်မှ ရောက်လာရသူပီပီ ဝါကြီးဝါရင့် စာရေးဆရာဆိုသူများကို တလေးတစား ခင်မင်ရင်းနှီးစွာဖြင့် သူတို့ကို အကဲခတ်ရသည်။ ရေးအား ကောင်းသော ဆရာ/ဆရာမများကို လေးစားချစ်ကြည် အတုပင်ယူမိသည်။ ရောက်သည့် အချိန်တိုင်းတွင် တကယ့်မောင်ရင်းနှမများပမာ နောက်ပြောင်ကျီစယ် ကြသော သူတို့အကြား ကျွန်မလည်း ပန်းခင်းထဲက မထွက်ချင်လောက်အောင် ပျော်ပွဲ ဆင်ခဲ့ရသည်။

ရောက်စတုန်းက စာရေးဆရာ ဘယ်သူဘယ်ဝါ သဲကွဲစွာ မသိရသေး။ တဖြည်းဖြည်း နှင့်မှ ရောင်စုံကာလာတွေကို ခွဲခြားသိမြင်လာရသည်။

နံနက်ခင်း၏လေညင်းက လေအန်ကုန်းကို နွေးထွေးစွာ တိုးဝှေ့ကျီစယ်သည်။ စောစောရောက်ဖြစ်သည့်နေရက်များတွင် သက်ကြီးပိုင်းဆရာကြီးတစ်ဦးက စာပေ

မောင်နှမတွေကို လက်ဖက်ရည်နှင့် မုန့်များဖြင့် ကျွေးမွေးလေ့ရှိသည်ကို ကြုံရသည်။ သဘောမနောကလည်း ကောင်းပါဘိ။ အလှူဒါန စွန့်ကြဲမှုကလည်း ရက်ရောပါဘိ။ အရပ်မရှည်သော ဆရာကြီး၏ ခန္ဓာကိုယ်သည် သူ့မျက်နှာနှင့် ထပ်တူညီစွာ ဝဝဝိုင်းဝိုင်း ကလေးဖြစ်နေ၏။ ဆရာကြီးကိုမြင်တော့ နယ်ကကျောင်းမှာ ဆယ်တန်းစာ သင်ပေးခဲ့သော 'ဆရာ ဦးစိုးလွင်'ကို သတိရမိသည်။ သူက အသားဖြူဖြူ နှာတံစင်းစင်းနှင့်။ ရုပ်ကလည်းအဖြောင့်။ အသံကလည်းကောင်း။ အစဉ်ပြုံးရွှင်ရယ်မောနေတတ်သော မျက်နှာဝိုင်းကလေးက လပြည့်ဝန်းပမာ ရွှန်းမြကြည်လင် လျက်ရှိသည်။ ကိုယ်လုံးကလည်း ဝဝ၊ အရပ်ကလည်း ပုသမို့ ကျောင်းသားတွေက "စိန်ကမ္ဘာ" ဟု ချစ်စနိုး ခေါ်ဝေါ်ကြသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးကာလ. .

ယခုတဖန် ကျွန်မတို့ လေအန်ကုန်းမှာ တွေ့လိုက်သော ထိုဆရာကြီးမှာလည်း ကလောင် အမည်က "တက္ကသိုလ်စိုးယဉ်"ဟု သိရှိရ တော့ ကျွန်မ၏ဆရာများလားဟု ထင်မှတ်မှားမိသေးသည်။ သို့သော်. . . ဖြူတာနှင့် ညိုတာ နည်းနည်းတော့ ကွာခြားနေသည်။ သည်ဆရာကြီးကို အကဲခတ်တော့ အညာမြစ်ခြေက ဟုဆိုသည်။ အသံကလည်း ကောင်းပါဘိ။ စာပေအခမ်းအနား တော်တော်များများမှာ ဆရာကြီးနှင့်ဆုံသည်။ အခမ်းအနားတိုင်းမှာလည်း ဆရာကြီးမှ မုဒိတာ စကားအမြဲပြောကြားရစမြဲ။ အသံက အသက်အရွယ်နှင့်မလိုက်အောင် အားကောင်းအောင်မြင် သည်။ အာဝဇ္ဇန်းက ခပ်ရွှင်ရွှင်၊ သုတရသကပါလိုက်သေး။ ပြီးလျှင် နိဂုံးအချုပ်မှာတော့ ဘဝင်ညံ့ လောက်သော အသံအောင်အောင်ဖြင့် တေးသံသာတစ်ခုခုကို "ဟဲ"ပြီး ပွဲသိမ်းတတ်လေသည်။

ထိုအခါမျိုးတွင်. .

ငယ်ငယ်က ကြည့်ခဲ့ရသော "စိန်အောင်မင်း" ဇာတ်အဖွဲ့ကြီးကို ပြေးပြီး သတိရမိပြန်ပါသည်။ ဘယ်လောက်ပင် အိပ်ငိုက်ငိုက်၊ သည် ဇာတ်ပွဲကြီးကိုတော့ မိုးစင်စင် လင်းသည်ထိ ကျွန်မကြည့်နေတတ်ခဲ့သည်။ ထို့အတူ ဆရာကြီး၏ပြုံးရွှင်သော မျက်နှာထားနှင့် 'အဆို အဟဲ' တို့ကို ကြားရလေတိုင်း 'စိန်အောင်မင်း'ဟု ရင်ထဲမှ ဂါရဝပြုခေါ်ဝေါ်နေမိသည်။ ဆရာကြီးကား ဤသည်ကိုမသိရှာပါလေ။

ဆရာကြီး စိန်အောင်မင်းရေ. . .

သည်စာလေးရေးနေတဲ့အချိန်တွေဟာ အရင့်အရင်ကာလတွေထက် အမှတ်တရအဖြစ်ဆုံးပါပဲ။ ဘာပြုလို့ဆိုတော့ ကမ္ဘာနှင့်ချီပြီး သောင်းကျန်းမင်းမူနေတဲ့ COVID-19

ပိုးမွှားတွေဟာ ကျွန်မတို့မြန်မာပြည်ကိုလည်း ဝင်ရောက်မွှေနှောက်နေဆဲကာလမို့ပါပဲ။ သည်ပိုးမွှားတွေက လူသားတွေရဲ့အသက်ဇီဝိန်ကို ခြွေဖြုတ်နေတာလည်း အားလုံး မျက်မြင်ပါ။ ကူးစက်ပြန့်နှံ့လွယ်သလောက် သူနှင့်နီးစပ်သူ၊ ထိတွေ့သူမှန်သမျှ ဆိုးရွားတဲ့ ဝေဒနာခံစားကြရသည်။ ဒါကြောင့် လူသားအားလုံး Home Stay ဆိုတာကြီးထဲမှာ တဝဲဝဲလည်ရင်း မငြီးမငွေ့နေတတ်အောင် နေကြရသည့် အချိန်ဖြစ်နေသည်။ ဗွေပါ သည့် ခြေထောက်တွေကိုလည်း နှိပ်ကွပ်ဆုံးမရင်း လေအန်ကုန်းနှင့်တကွ ဆရာကြီး စိန်အောင်မင်းကိုပါ လွမ်းလိုက်ရသည့် အလွမ်းတွေက. . .။

ကြာလာတော့ အရာရာကို သည်းခံနိုင်အောင် COVID-19 ကပင် သင်ကြားပေး လေသယောင်နှင့် အနတ္တဆိုသောတရားတွေကို ကျွန်မတို့ လူသားတွေလက်ခံ ကျင့်သုံး လာကြသည်ထင်၏။ တကယ်တော့ ကျွန်မတို့ရဲ့မြတ်ဗုဒ္ဓက အစိုးမရသော 'အနတ္တ'ကို ဟောကြားပြဌာန်းပြီးဖြစ်လျက်နှင့် မကျင့်ကြံနိုင်ခဲ့ခြင်းဖြစ်ပေသည်။ ခုတော့. . သည်သဘောတရားတွေကို မိမိရရ ဆုပ်ကိုင်မိကြရင်း လောကဓံကို ရင်ဆိုင်နေကြရပြီ ဖြစ်ပါသည်။

ဆရာကြီး စိန်အောင်မင်းရေ. . .

ယခုအတိုင်းကလေး ကျန်းမာချမ်းသာစွာဖြင့် သက်တော်ရာကျော် ရှည်ပါစေ ကြောင်း ထပ်ဆင့်လောင်း၍ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ အခမ်းအနားတိုင်း၊ ပွဲတိုင်းတွင်လည်း ဆရာကြီးနှင့် ဆုံတွေ့ရပါလို၏။ ဆရာကြီး၏ သီချင်းသံသာများ ကိုလည်း အစဉ်ကြားရပါလို၏။ ဖိုးလမင်းကြီးကဲ့သို့ ဝိုင်းစက်တင့်ရွှန်းသော ဆရာကြီး၏ မျက်နှာတော်ကိုလည်း အစဉ်ဖူးတွေ့နိုင်ခွင့်ရရပါလို၏။

ယခုကဲ့သို့ တင်စားခေါ်ဝေါ်မိခြင်းအား အဂါရဝဖြစ်သွားပါက ခွင့်လွှတ်ပေးပါ ရန် အနူးအညွတ်တောင်းပန်အပ်ပါသည် ဆရာကြီးရှင့်။ ကမ္ဘာနှင့်အဝှမ်း COVID စစ်ပွဲ ဆင်နွှဲနေရသည့်ကာလအတွင်း ရေးရသည့်စာမို့ အခြားစာတို့ထက် လွန်စွာထူးခြား တန်ဖိုးကြီးမားသည်ဟု စိတ်တွင်ခံစားမိပါသည်။ ။

xxx xxx xxx

လေးစားစွာဖြင့်

**မြကြေးမုံ (ရတနာဆောင်)**

ဖုန်း-၀၉ ၈၈၈ ၄၆၈၉၈၀

# "လွတ်မြောက်သူ့ လက်တွဲခေါ်သော စာပေလက်များ"

မျှော်လင့်မထားသော ဖုန်းသံကို (၁၁-၅-၂၀၂၀)နေ့ မွန်းလွဲ ၁ နာရီမှာ ကြား သိရသည်။ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ကန့်ကော်လမ်းသွယ်၊ အမှတ် (၁၅)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) ကော်မတီဝင် ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) ထံမှ ဖုန်းဖြစ်သည်။

ကိုဗစ်-၁၉ ကာလ၊ ကမ္ဘာ့ကပ်ကြီးနှင့်ကြုံ၍ ရန်ကုန်မြို့လစဉ် တစ်လတစ်ကြိမ် ဆုံတွေ့နေသော ဗဟိုအစည်းအဝေးတွင် မဆုံရမတွေ့ရ စကားမပြောရသည်မှာ ကြာ ပါပြီ။

တက္ကသိုလ်စိုးယဉ်သည် ကျွန်တော်စာပေနယ်မြေမှာ ကြုံရဆုံရ အများဆုံး စာပေသမားတစ်ဦးထဲတွင် ပါဝင်သည်။ ကျွန်တော်က ကချင်ပြည်နယ်မြစ်ကြီးနား မြို့သစ်တောခရိုင်ဝန်ရုံးတွင် ၁၉၆၂-၁၉၇၀ ပြည့်နှစ်အတွင်း သစ်တောစာရေးတာဝန် ယူခဲ့ရာ ၁၉၆၈ ခုနှစ်၊ ဗိုလ်တထောင်သတင်းစာတွင် "ဂျိန်းဖောမြေမှ ရက္ကန်းသံ" ဆောင်းပါးဖြင့် စာပေလောကသို့ ခြေချခဲ့သည်။

ဆရာ တက္ကသိုလ်စိုးယဉ်နှင့် မြန်မာ့အလင်း၊ ကြေးမုံ၊ ဗိုလ်တထောင်၊ လုပ်သား ပြည်သူ့နေ့စဉ်တို့တွင် စာမူခထုတ်ရာမှာ မကြာခဏ ဆုံသည်။ ဗိုလ်တထောင်သတင်း စာတိုက် "ဆာမှစား" ဝန်ထမ်းသက်သာ စားသောက်ဆိုင်မှာ ထမင်းတစ်ပွဲ ၃၅ ကျပ်ဖြင့် အတူစားခဲ့ဖူး သည်။

၁၉၈၀ ပြည့်နှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ စာပေလုပ် သား အဖွဲ့၏ နှစ်နှစ်တစ်ကြိမ်အစည်းအဝေး၊ လေးနှစ်တစ်ကြိမ် ညီလာခံကျင်းပစဉ် ကျိုက္ကဆံ၊ ကမ္ဘာအေး၊ ကရဝိတ်ခန်းမ၊ မြို့တော်ခန်းမတို့တွင် ဆုံခဲ့ကြုံခဲ့ စကားပြောခဲ့ရ သည်။

၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သောအခါ နှစ်နှစ်တစ်ကြိမ်၊ လေးနှစ်တစ်ကြိမ် ဗဟိုကော်မတီအစည်းအဝေး ညီလာခံတွင် တွေ့ရဆုံရ စကားပြောခဲ့ရသည်။

ဒီမိုကရေစီခေတ်စနစ်၊ ၂၀၁၂-ခုနှစ် ဇွန်လ (၁၆)ရက်၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) ခန်းမဆောင်တွင် ပထမအကြိမ်ညီလာခံကျင်းပရာ ဗဟိုအမှုဆောင် (၃၅)ဦးတွင် အဝေးရောက်အဖွဲ့ဝင်နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)နှင့် ကောလင်း မြို့မှ ကျွန်တော်တို့နှစ်ဦး ပြန်လည်ဆုံစည်းကြသည်။ ဆရာလယ်တွင်းသားစောချစ်က ဥက္ကဋ္ဌ ဖြစ်သည်။

ဒုတိယအကြိမ် သက်တမ်း(၂၀၁၆) ခုနှစ်၊ သိမ်ဖြူလမ်းပုံနှိပ်ရေးနှင့် ထုတ်ဝေရေးခန်းမတွင် အဖွဲ့ဝင်(၃၀)ဦးဖြင့် ပြန်လည်ဖွဲ့စည်းရာ နယ်မှအဝေးရောက် အဖွဲ့ဝင်သုံးဦးတွင် ကျွန်တော် ထပ်မံပါဝင်၍ ရန်ကုန် စာပေနယ်မြေသို့ ခြေချခွင့်ရသည်။ မနုဿကျော်ဝင်းက ဥက္ကဋ္ဌဖြစ်သည်။ တက္ကသိုလ်စိုးယဉ်နှင့် ထပ်မံပြန်ဆုံရသည်။

ကျွန်တော် ရန်ကုန်သို့ အစည်းအဝေးတက်ရောက်တိုင်း စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၊ ကချင်ပြည်နယ်စပ်မှ ညပိုင်း ၁၀နာရီ ရထားစီးရာ နောက်တစ်နေ့နံနက် ၅ နာရီမှ မန္တလေးရောက်သည်။ မန္တလေးမြို့မှ ညနေ ၃နာရီရထားစီးရာ၊ နောက်တစ်နေ့ နံနက် ၆နာရီကျော်မှ မီးရထားမိုင် ၃၈၅ ရန်ကုန်သို့ရောက်သည်။ ရထားတွဲပေါ်မှာ နှစ်ရက်ကြာအချိန်ပေးပြီး မီးရထားမိုင် ၅၃၅ ဝေးသော စာပေဗဟိုကော်မတီရုံးသို့ရောက်သည်။ ခရီးပင်ပန်းသော်လည်း အစည်းအဝေးခန်းမတွင် ဆရာတက္ကသိုလ်စိုးယဉ်နှင့် ရေးဖော်မိတ်ဆွေများကို မြင်တွေ့ရသောအခါ စိတ်ပင်ပန်းရမှုကို ပြေပျောက်စေသည်။

အသိပညာရှင် စာပေသမားများ စာပေနယ်မြေတွင် ရယူပိုင်ဆိုင်နိုင်အောင် ကျော်လွှားဖြတ်သန်းခဲ့သောပုဂ္ဂိုလ်များကို မြင်တွေ့ခွင့် ရင်းနှီးကျွမ်းဝင်ခွင့်ရသောအခါ ကျွန်တော်၏ စာပေစိတ်က အစဉ်နိုးကြားရသည်။ ဆရာ တက္ကသိုလ်စိုးယဉ်ကို အားကျမိသည်။

၁၉၇၂-၁၉၈၀ ခုနှစ် ဝန်းကျင်တွင် စာပေလောကတွင် ဝင်ဆံ့လိုသဖြင့် စာနယ်ဇင်းမဖွံ့ဖြိုးခင်က ရန်ကုန်သို့ဆင်းသည်။ စာပေပိုးဝင်ခဲ့သည်။ စာရေးဆရာဘဝကို "ရူး"ခဲ့သည်။ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဆရာကြီး ဦးရန်အောင်တို့ကို အားကျ၍ စာရေးခဲ့သည်။ အတုခိုးနည်းယူခဲ့သည်။

ထိုစဉ်က ရန်ကုန်မြို့ မော်တော်ယာဉ်လိုင်းတွင် ငါးပြား၊ ဆယ်ပြား၊ ဆယ့်ငါးပြား၊ ပြားနှစ်ဆယ်၊ နှစ်ဆယ့်ငါးပြား၊ ပြားသုံးဆယ်၊ သုံးဆယ်ငါးပြားဖြင့် ကားလက်မှတ်ဖြတ်ပါက ရန်ကုန်တစ်မြို့လုံး ဘတ်စ်ကားစီးနိုင်သော ခေတ်။ စာမူခ ငါးကျပ်၊ တစ်ဆယ်ရသော ခေတ်တွင် တက္ကသိုလ်စိုးယဉ်အား၊ စိုးဝင်း(မြစ်ခြေ)၊ ရဲဘော် စိုးဝင်း(လှိုင်) ကလောင်ခွဲများဖြင့် စာပေသတင်းစာဂျာနယ်၊ မဂ္ဂဇင်းတို့တွင် မကြာခဏဆုံကြရသည်။ ပညာတန်ဆောင်၊ ရွှေသွေး၊ တိုင်းရင်းမေ၊ ယုဝတီ၊ ဝတ်မှုံ၊ ပြည်သူ့ကြယ်၊ ရှုဒေါင့်၊ လူငယ်ဂျာနယ်၊ ဒို့ကျောင်းသား၊ အိုးဝေ၊ ငွေတာရီ၊ မြူနီညီပြာ၊ စန္ဒာ၊ သွေးသောက်၊ သင့်ဘဝ၊ ရှုမဝ၊ မိုးဝေ၊ မှန်ပြောင်း၊ တောင်သူလယ်သမား၊ လုပ်သားဂျာနယ်တို့တွင် လည်းကောင်း။

နေ့စဉ်ထုတ် ဗိုလ်တထောင်၊ လုပ်သားပြည်သူ့နေ့စဉ်၊ ကြေးမုံ၊ မြန်မာ့အလင်း၊ ဟံသာဝတီ၊ ရတနာပုံတို့တွင်လည်းကောင်း၊ တက္ကသိုလ်စိုးယဉ်၏ ဆောင်းပါး၊ ကဗျာများကို ဖတ်ခွင့်ရသည်။ လူချင်းမတွေ့ရသော်လည်း စာပေချင်းက အမြဲထိတွေ့နေသည်။ ဆရာကို လေးစားကြည်ညို၍ "ပုဂ္ဂိုလ်ခင်၍ တရားမင်ကာ" ဆရာ့စာပေများကို စာအုပ်စင်မှာ စုဆောင်းခဲ့သည်။

ဂျာနယ်ကျော်မမလေးရေးသော "သူလိုလူ"ကို စွဲမက်ရာမှာ ခုံဖိနပ်ကြီးစီးပြီး ထီးကို ညာဘက်လက်ကြားညှပ်ကာ စာပေနယ်မြေ ခြေဆန့်ခဲ့သော ဆရာကြီးဂျာနယ်ကျော်ဦးချစ်မောင်၏ပုံရိပ်က တက္ကသိုလ် စိုးယဉ်တွင် ထင်ဟပ်နေ၍ ဆရာကြီးကို လေးစားကြည်ညိုမိသည်။ စာပေထဲမှ ဇာတ်ကောင်ကို ပြင်ပမှာ မြင်တွေ့ခွင့်ရသည်ဟု ထင်မိသည်။

ဆရာ တက္ကသိုလ် စိုးယဉ်က ဗဟိုကော်မတီအစည်းအဝေးသို့ လာလျှင်ဖြစ်စေ၊ စာပေဗိမာန်အနီး၊ ကုန်သည်လမ်းနှင့် လမ်း ၄၀ထောင့်၊ လေအန်ကုန်းသို့လာသည်ဖြစ်စေ၊ ထီးကိုလက်ကြားညှပ်၍ လာစမြဲ၊ ထီးကို အလေးတယူပြုပြီး ယူဆောင်စမြဲဖြစ်သည်။ ထီးဆောင်းပြီး မလိုအပ်ပါက ထီးကို တုတ်ကောက်ပမာကိုင်သည်။

စာထဲပေထဲမှာ ဂျာနယ်ကျော်ဦးချစ်မောင်ကို လေးစားသကဲ့သို့ ကျွန်တော့်စာပေဝန်းကျင်တွင်မြင်ရသော တက္ကသိုလ်စိုးယဉ်ကို လေးစားကြည်ညိုမိသည်။

လူသည် ပေါင်းသင်းဆက်ဆံတတ်သော သတ္တဝါဖြစ်ရာ လူသားဆန်သော လိုက်လျောညီထွေပြောဆိုနိုင်သော စာပေတွင်မွေ့လျော်ပျော်ပိုက်သော ဆရာကြီးတက္ကသိုလ်စိုးယဉ်ကို ကျွန်တော့်ထက် (၇)နှစ်ပိုကြီး၍ "ဂုဏဂုဏ်၊ ဝယဂုဏ်"တန်ဖိုးထားမိသည်။ လူသားဆန်သော လူသားစရိုက်လက္ခဏာများမွှမ်းနေသော လူတစ်ဦးဖြစ်သည်။

မာန်မာနနည်းသည်။ ဒေါသကင်းသည်။

တစ်ဦးတစ်ယောက်၏အကျိုးကို လိုလားစွာဆက်ဆံခင်မင်တတ်သော ဆရာ့စကား၊ အဆိုအမိန့်၊ အရေးအသားများက ကျွန်တော်၏ စာအုပ်စင်၊ စာဖတ်ခန်းတွင် နေရာယူလာသည်။ ၂၀၁၈ ခုနှစ် နိုင်ငံ့ဂုဏ်ရည် တိုက်ထုတ် "ဘဝဝန်းကျင်၊ ပန်းဥယျာဉ်" စာအုပ်က ကဗျာချစ်သော ကျွန်တော့်စိတ်ကို လွှမ်းမိုးနေသည်။ ကျွန်တော်က စကားပြေဆောင်းပါးကိုသာ ရေးနိုင်သည်။ ဆရာကြီး တက္ကသိုလ်စိုးယဉ်က ကျွန်တော့်ထက် "နှာတစ်ဖျား" သာလွန်သည်။ ကဗျာကိုပါ ရေးသားတင်ပြနိုင်သည်။ ကဗျာစိတ်၊ ကဗျာအသိ၊ ကဗျာဆန်သောသူက လောကဝန်းကျင်တွင် လွန်စွာမှမြင်ရတွေ့ရခဲသည်။ ရေးသားပြောဆိုမှု အသွင်အပြင်အမူအရာ တစ်ထပ်တည်းကျနေမှုက ဆရာတက္ကသိုလ်စိုးယဉ်၏ ဂုဏ်ဖြစ်သည်။

ဗဟိုကော်မတီအစည်းအဝေးခန်းမထဲတွင် တင်ပြလိုသော အကြောင်းအရာ၊ အချက်အလက်များကို ကျွန်တော်အစည်းအဝေးတက်တိုင်း ကြားသိခွင့်မှတ်သားခွင့်ရသည်။ တင်ပြ လိုက်သော အချက်အလက်က အမိမြန်မာပြည် စာပေလောကသားအရေးနှင့် မီဒီယာအကြောင်းက မှတ်သားစရာ၊ ပြုပြင်ဖန်တီးစရာ။

၁၉၈၀ ပြည့်နှစ် စာပေလုပ်သားအဖွဲ့မှ နှစ်ပေါင်းလေးဆယ်ကျော် ဖြတ်သန်းခဲ့ရသော စာပေခရီးတစ်ခုတွင် စာရေးဆရာနှင့်သတင်းစာ ဆရာတို့အလွှာနှစ်ခုပေါင်းစပ်မှုက ၂၀၁၂-ခုနှစ်တွင် စွယ်တော်ရွက်တစ်ရွက်မှာ နှစ်လွှာဖြစ်ခဲ့ရသည်။ စာရေးဆရာနှင့် သတင်းစာဆရာတို့၏ ဦးတည်ရာ နှစ်ခုက ဆယ်စုတစ်စုအတွင်း မီဒီယာလောကထဲတွင် ကျင်လည်ခဲ့ရသည်။

ဆရာကြီး တက္ကသိုလ်-စိုးယဉ်က စာရေးဆရာအလွှာနှင့် သတင်းစာဆရာအလွှာ နှစ်ခုစလုံးကို ထိတွေ့နိုင်သည်။ ပေါင်းစပ်ပေးနိုင်သည်။ အသိအကျွမ်းများသည်။ စာပေစိတ်မီဒီယာစိတ်ပြည့်ဝရင့်ကျက်သည်။

ဆရာကြီးဖြတ်သန်းကျော်လွှားခဲ့ရသော ဘဝလမ်းကြောင်းတွင် ရန်ကုန်၊ အုတ်ကျင်း ဂုန်နီစက်ရုံ၊ လှိုင်မြို့နယ် B.C. (ငြိမ်း)ဘဝ၊ Y.M.B.A. အသင်းချုပ်ဥက္ကဋ္ဌ၊ မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းအယ်ဒီတာ၊ လက်ရှိ Y.M.B.A. အသင်းချုပ်နာယက တာဝန်တို့က လူမှုရေးစာပေနှင့် ဘာသာရေးတို့တွင် ထင်ရှားစွာ စွမ်းဆောင်နိုင်သူဖြစ်ခဲ့သည်။

ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)က ရန်ကုန်တက္ကသိုလ်မှ B.A.(Hist.) M.A.(Q.) အောင်မြင်ပြီး အစိုးရစစ်အဘိဓမ္မဒသဂြိုဟ်သုံးပိုင်းအောင်သူဖြစ်သည်။ ပခုက္ကူခရိုင်

ဗုဒ္ဓဘာသာစာမေးပွဲ၊ ခရိုင်ဒုတိယဆု Y.M.B.A. အသင်းချုပ် မဟာမင်္ဂလဓမ္မဇောတိက ခဇဘွဲ့များက ဗုဒ္ဓစာပေလေ့လာမှုမျက်နှာစာကို မီးမောင်းထိုးပြနေသည်။ ဘာသာရေးတွင် ထဲထဲဝင်ဝင်ဆောင်ရွက်ခဲ့သဖြင့် မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်နှင့်အယ်ဒီတာချုပ် တာဝန်ယူဆဲဖြစ်သည်။

စာပေနယ်မြေတွင် ၁၉၉၆ ခုနှစ်မှ စတင်၍ ဗဟိုဦးစီးအဖွဲ့ဝင်၊ (၁၆-၆-၂၀၁၂)မှ ယနေ့ထိ ဗဟိုအမှုဆောင်ကော်မတီဝင်၊ ဇီဝက၊ ရတနာမွန်၊ ပခုက္ကူ နိုင်ငံ့ဂုဏ်ရည်၊ ငွေတာရီ မြဝတီတို့တွင် အယ်ဒီတာအဖွဲ့ဝင်ဖြစ်၊ အနယ်နယ်အရပ်ရပ် စာပေသမားများကို မိသားစုစိတ်၊ စာပေချစ်စိတ်ဖြင့် အမျိုးဂုဏ် ဇာတိဂုဏ်ကို မြင့်တင်နေသည်။ နာယကတာဝန်အဖြစ် Y.M.B.A. ပခုက္ကူအသင်း၊ ဆိတ်ဖြူ၊ မြစ်ခြေ၊ ဒိုက်ဦးအသင်းတို့တွင် ကြီးကြပ်ဆောင်ရွက်နေသူဖြစ်သည်။

ဆရာ တက္ကသိုလ်စိုးယဉ်၏ရင်ဝယ် သိုသိပ်ပြုစုထားသော မိတ်ဆွေကျင့်ဝတ်တို့က "စံ"တုစရာ၊ အတုယူစရာ၊ အားကျစရာပင်ဖြစ်သည်။ ဆရာကြီး မကြာခဏ ပြောဆိုခဲ့သော မိတ်ဆွေကျင့်ဝတ်မှာ

- အလိုရှိသောအခါတိုင်း မိတ်ဆွေအား ပေးကမ်းချီးမြှင့်ခြင်း ဂုဏ်
- မိမိနှင့်တန်းတူထား၍ ပေါင်းသင်းဆက်ဆံခြင်းဂုဏ်
- သူ၏စီးပွားကို လိုလားဆောင်ရွက်ပေးခြင်းဂုဏ်
- ပီယဝါစာစကားဖြင့် ပြောဆို၍ ဆန့်ကျင်ဘက်မဖြစ်အောင် ကြိုးစားခြင်းဂုဏ်
- တော်မှန်သောစိတ်ထားအမြဲရှိခြင်းဂုဏ်တို့က ဆရာကြီး နှုတ်ထွက်ဝယ် အရိပ်အယောင်သန်းနေသည်။ ဗဟိုစာပေအဖွဲ့ဝင်များကို မှတ်သားစေသည်။ အမှတ်ရရကျင့်ကြံရန် ပြောဆိုသည်။

အစည်းအဝေးခန်းမထဲထိုင်လျှင် ကျွန်တော်က သိပ္ပံစိုးမြင့်နိုင် (သေဆုံး)၊ မောင်ရန်ရှင်း (ဆူးလေကြိုင်မြင့်) (သေဆုံး)။ ရွှေစွန်ညို၊ မောင်ကျေးဇူး၊ မျော်ဝန်းကြည်မြတ်၊ မြတ်ဝေတိုး၊ မြတ်စိုး(လှိုင်)၊ မောင်စိုးထိုက်(သုံးဆယ်)၊ တက္ကသိုလ်စိုးယဉ်တို့အနီးမှာ အမြဲထိုင်သည်။ သူတို့နှင့် စကားပြောဖြစ်သည်။

အစည်းအဝေးမစတင်မီ၊ မိတ်စကားပြောမိသည်။ အစည်းအဝေးပြီးလျှင် ပန်းဆိုးတန်းက စားသောက်ဆိုင်တစ်ဆိုင်မှာ ဆွေးနွေးတွေ့ဆုံကြသည်။ အပန်းဖြေအနားယူကြသည်။ ဘဝအမောလေးများကို ဖြေသိမ့်ရယူကြသည်။

စားသောက်ပြီး ကုန်ကျစရိတ်ရှင်းသည်။ ဆရာတို့က ရပ်ဝေးမှလာသော နယ်ကော်မတီဝင်ဖြစ်၍ ကုန်ကျငွေကို ကျွန်တော့်အား မရှင်းစေပါ။ ကျွန်တော် ရန်ကုန်သို့အစည်းအဝေးတစ်ကြိမ်လာတိုင်း ငွေတစ်သိန်း ကုန်သည်ကိုသိ၍ ငဲ့ညှာထောက်ထားစိတ်က ဆရာကြီး တက္ကသိုလ်စိုးယဉ်မှာရှိသည်။

"ဆရာ မြန်ဂုဏ်ဆောင် ငွေမထည့်ပါနှင့်"

ပြတ်သားသော ဆရာတက္ကသိုလ်စိုးယဉ်စကားက ကျွန်တော့်ကို နွေးထွေးကြည်နူးစေသည်။ သည်မြင်ကွင်း သည်လုပ်ရပ်ကို မမေ့နိုင်ပါ။ ဆောင်ရမည့်ငွေကုန်ကျမှုသက်သာမှုထက် စာပေနောင်တော်ကြီးများက ကျွန်တော့်အပေါ် ထားရှိနေသော မေတ္တာစေတနာကို သိခွင့်ရ၍ ဖြစ်သည်။ ဘဝကိုနားလည်ပေးကြသည်။

ဘူမိနက်သန်နေရာမှန်မှ စာပေမိတ်ဆွေကောင်းများဖြင့် ဆုံတွေ့ခွင့်ရတိုင်း ကျွန်တော့်ဘဝ စာရေးအား "ကောင်း"စေသည်။

ယခု အသက် (၇၃)နှစ်တိုင် "ဘာဆေးအမြဲစားသလဲ"ဟူ၍ မေးတိုင်း၊ မေးမြန်းသိလို သူအား "စာရေးခြင်းဖြင့် အသက်မွေးပါတယ်" ဟူ၍ ဖြေမိသည်။

နှစ်(၂၀)ကျော်ရှည်ကြာအောင် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း "စာပေအလင်း၊ စာပေသတင်း" ကဏ္ဍစာမျက်နှာတွင် အနယ်နယ်မှ စာပေလှုပ်ရှားမှုများ သုတေသနပြုပြီး လစဉ်စုဆောင်းတင်ပြနိုင်သော တက္ကသိုလ်စိုးယဉ်ကို အမြဲထာဝရချီးကျူးမိသည်။ ကိုယ်တိုင်ကလည်း သတင်းများပေးပို့ခဲ့ သည်။

စာပေမိတ်ဆွေကောင်းတို့က သူတို့ကိုယ်တိုင်လည်း စိတ်ချမ်းသာမှုကိုရအောင် ပိုက်ထွေးသည်။ သူ့ဝန်းကျင်မှ လူသားတို့အား တူမျှသော စိတ်၏ချမ်းသာမှု၊ ငြိမ်းအေးမှုကို ပေးစွမ်းသည်။

ဆရာကြီး တက္ကသိုလ်-စိုးယဉ်က ကျွန်တော့်အတွက် မိတ်ဆွေ ကောင်းတစ်ယောက်ပါ။

သည်စကားလေးတစ်ခွန်းကို အသက်(၇၃)နှစ်ရှိ ကျွန်တော် မသေခင်ပြောခွင့်ရ၍ ဝမ်းသာသည်။ ကြည်နူးသည်။ ပီတိဝေဖြာသည်။ ဗဟိုကော်မတီဝင်ထဲမှ ဒုတိယသက်တမ်းကာလတို လေးနှစ်အတွင်းမှာ မောင်ရန်ရှင်း(ဆူးလေကြိုင်မြင့်)၊ မောင်မောင်ထွန်းအောင် (ကျန်းမာရေး)၊ သိပ္ပံစိုးမြင့်နိုင်တို့ သုံးဦးသေဆုံးခြင်းက ကျွန်တော့်မနောအိမ်ကို ထိခိုက် လွှန်းလှ သည်။ စာပေနယ်မြေမှာ အစားထိုးမရနိုင်သော ဆုံးရှုံးမှုပါ။

အသက်(၈၀)ပြည့် ဆရာကြီးတက္ကသိုလ်စိုးယဉ်က ကျွန်တော့် ထက် (၇) နှစ်ကြီး၍ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများစာရင်း ဝင်သွားပြီ။ ပူဇော်ထိုက်၍ ပူဇော်ခံနေရပြီ။

"တွေ့ဆုံကြုံကွဲ" လောကနိယာမကို သိသော်လည်း မကွဲကွာချင်သေးပါ။ မခွဲခွာလို ပါ။ လူ့ဘဝ လူ့သက်တမ်းက ရာစုတစ်စုမျှအချိန်ကို အတွင်း "ကြွေတစ်လှည့်ကြက်တစ်ခုန်" ဆုံရတွေ့ရ စကားပြောခွင့်ရမှုများကို တမ်းတနေဆဲပါ။

ထေရဝါဒဗုဒ္ဓသာသနာတော်၏ဓမ္မအရိပ်အာဝါသတွင် ရှင်အာနန္ဒာက "မိတ်ဆွေကောင်းနှင့်ပေါင်းရလျှင် မဂ်ကိစ္စဖိုလ်ကိစ္စအတွက်ထက်ဝက် အောင်မြင်ပြီ"ဟူ၍ လျှောက်ထားသည်။ မြတ်ဗုဒ္ဓက "အာနန္ဒာ ဤသို့ မဆိုလင့်။ မိတ်ဆွေကောင်းသည် မဂ်ဖိုလ်ကိစ္စအတွက် ရာနှုန်းပြည့်အရေးပါအရာရောက်သည်"ဟု ပြန်လည်မိန့်ကြားတော်မူသည်။

အသက် နှစ်(၈၀)ပြည့်သော်လည်း လူလတ်လူငယ်ပမာ အမြဲတမ်းပျော်ရွှင်စိတ်ကြည်နူးနိုင်သော ဆရာကြီးတက္ကသိုလ်စိုးယဉ်၏ဖြတ်သန်း ကျော်လွှားခဲ့ရသောဘဝ၏ စိန်ခေါ်မှုများက ဆရာကြီးကို "တွန်းအား"ပြုနေသည်။ "စိတ်တန်ခိုး၊ စွမ်းအား၊ ပါဝါ" များကို တိုးမြှင့်နေသည်။

ကျွန်တော်မိတ်ကောင်းဆွေကောင်းများစွာကို တွေ့ကြုံခဲ့သည်။ အကျိုးပြုခြင်းကို ထိုက်တန်စွာခံစားရသည်။ လူပေါင်းမှား၍ လူများပေါင်းမိသည်။ ဘဝအခက်အခဲဆုံခဲ့ရသည်။ ကြုံခဲ့ရသည်။ တွေ့ခဲ့ရသည်။

မိတ်ဆွေကောင်းထဲမှ ဆရာကြီးတက္ကသိုလ်စိုးယဉ် ရေးသားပြုစုခဲ့သော ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို့က ၂၀ရာစုစာပေစင်မြင့်ပေါ်မှာ ထာဝရလင်းလက်နေဆဲပါ။ အမှတ်တရ အတုယူစရာများစွာဖြင့် ဝန်းရံနေဆဲပါ။ နှောင်းခေတ် မျိုးဆက်သစ်စာပေသမားများအတွက် အားတက်စရာ ဂုဏ်ယူစရာဖြစ်သည်။

ထေရဝါဒဗုဒ္ဓသာသနာတော်၏ ထီးတော်ရိပ်အောက်ရှိ သာသနာ့ဝန်ထမ်းရဟန်း၊ သာသနာ့နွယ်ဝင်၊ သီလရှင်အလှူ၊ အသိုင်းအဝိုင်းမှာရှိသော အရိပ်၏ဂုဏ်၊ လူသားချင်းပုထုဇဉ်နယ်ပယ်မှာရှိသောအရိပ်၏ ဂုဏ်များတွင် ဆရာတက္ကသိုလ်စိုးယဉ်က မိုးပေးသော စာပေအရိပ်၏ဂုဏ်ကား ထူးခြားသည်။ မြင့်မြတ်သည်။ ငယ်ပေါင်းကြီးဖော်ဖြစ်၍ လေးစားကြည်ညိုထိုက်သည်။ ဘဝအတွက် ရုန်းကန်နေရသူများ "အား"ကို ဖြစ်စေ သည်။ ပူပင်သောကပြည့်ဖြိုးနေသူများ "ရေကြည်တစ်ပေါက်"ကိုဖြစ်စေသည်။

တပည့်မရှား၊ တစ်ပြားမရှိ။ ပီတိကိုစား အားရှိပါ၏။

မွန်မြတ်သော ပရဟိတစိတ်ဖြင့် စာပေသမားများ မျိုးဆက်သစ်များကို လက်တွဲခေါ်သည်။ ဘဝတူစာပေသမားချင်းအပေါ် ညှာတာ သည်။ ထောက်ထား သည်။ အင်္ဂါ-သောကြာနေ့တိုင်း အပတ်စဉ်ဆုံကြသော “လေအန်ကုန်း”(ကုန်သည်လမ်းနှင့် လမ်း ၄၀ထောင့်) စာပေဝိုင်း ကို ကြီးကြပ်ဆောင်ရွက်နိုင်စွမ်းသည်။

ဆရာကြီး တက္ကသိုလ်စိုးယဉ် ရေးသားပြုစုခဲ့သော ဆောင်းပါး၊ ကဗျာများကို ငွေကုန်ခံပြီး ပေါင်းချုပ်ထုတ်သည်။ ပြန့်ကြဲနေသော စာကောင်းပေမွန်များကို တစ်စုတစ်စည်းထဲဖြစ်အောင် “စာပေပန်းကုံး” သီကုံးနိုင်ခဲ့သည်။ ဆရာကြီးတက္ကသိုလ်စိုးယဉ်၊ ရဲဘော်စိုးဝင်း(လှိုင်)၊ စိုးဝင်း(မြစ်ခြေ) ကလောင်ခွဲများဖြင့် စာပေဝန်းကျင်တွင် ရှင်သန်ခဲ့သည်။ ဘဝနှင့်ရင်းနှီး၍ စာပေကလောင်ကို သွန်းလောင်းခဲ့သည်။ စာဖတ်သူတို့အား အသိအတွေးအမြင်ကို မျှဝေပေးနိုင်သည်။

စာပေနယ်မြေတွင် ဆရာကြီးတက္ကသိုလ်စိုးယဉ်က ခရောင်းလမ်းကို ဖြတ်ကျော်၍ ပန်းခင်းသောလမ်းသို့ ရောက်ခဲ့ပြီ။ ဆရာ့အသိဉာဏ်က အမှောင်တံခါးကို ခေါက်လာပြီ။ ဆရာ့အသိအတွေးအမြင်တို့က မှုန်ဝါးဝါးမှ တဖြည်းဖြည်း ပုံရိပ်ထင်လာသည်။ အလင်းရောင်က နေခြည်နှင့်အတူ ဖြာထွက်လာသည်။ လောကသစ္စာရှာရာမှ ဘဝအလင်းရောင်ကို တွေ့ခဲ့သည်။

ဆရာမှာ အသိဉာဏ်ပညာဖြန့်ဝေရေး စိတ်ဆန္ဒပြင်းပြသည်။ စိတ်ဓာတ်ကြံ့ခိုင်သည်။ ဝီရိယမြဲမြံသည်။ ပင်ကိုအသိဉာဏ်ဖြင့် ဆင်ခြင်နိုင်သည်။

ဆရာကြီးတက္ကသိုလ်စိုးယဉ်က စာပေခရီးကြမ်းတွင် အမှောင်ကို အမှောင်မှန်းသိလာသည်။ ထို့ကြောင့် အလင်းကို ဆန္ဒပြုသည်။ အမှားကို အမှားမှန်းသိလာသည်။ ထို့ကြောင့် အမှန်ကို ဦးတည်လာသည်။

ဘဝတဏှာန္တဂယက်ကို ရှုန်းကြည့်သည်။ ကန်ကြည့်သည်။ လျှော်ကြည့်သည်။ ခတ်ကြည့်သည်။

စာပေနယ်မြေတွင် စာပေကျေးကျွန်ဘဝဖြင့် ခံယူပြီး စာပေကို အလုပ်အကျွေးပြုသူ၊ မားသွေးကျောက်ပမာ ကိုယ်ကို အပါးလွှာခံ၍ အသွေးခံသည်။ ကိုယ်တိုင်က ပြာကျခံ၍ အမွှေးနံ့သာပေးခဲ့သည်။ လွတ်မြောက်မှုဝိမုတ္တိကို ထွက်ပေါက်ပြု၍ သာသနာရေး သာသနာပြု မျက်နှာစာတွင် ဝင်ဆံ့ဆောင်ရွက်ခဲ့သည်။

သာသနာ၏အေးမြသော ဓမ္မပုံရိပ်ထီးတော်အောက်တွင် မြင့်မြတ်နက်ရှိုင်း

မွန်ရည်ကောင်းမြတ်သော ထိုးထွင်းသိမြင်နိုင်စွမ်းသော ဂုဏ်စွမ်းရည်ကို ရရှိလာသည်။

နိုင်ငံ့ဂုဏ်ရည်ကို သိမြင်ခံယူ၍ စာပေလမ်းကြောင်းဝယ် ဝပ်တွား၍ စာပေသမားများကို ကျော်လွှားစေသည်။ လွတ်မြောက်သူ လက်တွဲ ခေါ်သော စာပေလက်များအား လက်ချင်းချိတ်ဆက်ကြပြီ။

မြန်မာမှုနယ်ပယ်တွင် ရှေးဘိုးဘေးစဉ်ဆက်မှာပင် "လက်အုပ်ချီ၍ အရိုအသေပြုခြင်းမြတ်မင်္ဂလာ"ကို ချစ်စရာကောင်းသော အမှုအကျင့်အဖြစ် အရှေ့တိုင်းယဉ်ကျေးမှုတွင် နေရာပေးခဲ့သည်။ မိမိထက် အသက်အရွယ် တစ်နာရီ၊ တစ်ရက်၊ တစ်လကြာကြီးမြတ်သူတို့အား နေရာပေး ဂါဝရပြုသော မြန်မာ့ဓလေ့ထုံးကို ရင်ဝယ်ပိုက်ထွေးပြီး ကျွန်တော်ထက် (၇)နှစ်ကြာကာလကို ပိုမိုပိုင်ဆိုင်ခွင့်ရသော ဆရာတက္ကသိုလ်စိုးယဉ်အား အသက်တော် နှစ် ၁၂၀ ရာကျော်နေခွင့်ရပြီး စာပေဂုဏ်ကို ဆောင်ယူ ထိန်းသိမ်းနိုင်ပါစေဟူ၍ အသက်နှစ်(၈၀)ပြည့်ကာလ မြတ်မင်္ဂလာချိန်ခါ မှာ ဆုမွန်ချွေအပ်ပါသည်။

ကျွန်တော်လည်း ဆရာတက္ကသိုလ်စိုးယဉ်ကဲ့သို့ပင် နှစ်(၈၀)ပြည့်ကို ကျော်လွှားဖြတ်သန်း လိုပါသည်။ ခိုးနှိမ်သော နှိမ့်ချသော မာန်မာနတို့ဖြင့် လက်အုပ်ချီ၍ အရိုအသေပြုခြင်း မြတ်မင်္ဂလာဖြင့် ဂါရဝပြုအပ်ပါသည်။ ။

ခြေတော်အစုံကို ဦးခိုက်လျက် စာပေမိတ်ဆွေရင်း ညီလေး. .

xxx xxx xxx

**မြန်ဂုဏ်ဆောင်**

## တက္ကသိုလ်စိုးယဉ် (သို့မဟုတ်) ကလောင်ပျံသုံးစင်းနှင့်လူ

ကျွန်တော်. . . ၁၉၉၇ ခုနှစ်တွင် ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးနောက်ပိုင်း၊ မဂ္ဂဇင်းအယ်ဒီတာစားပွဲအချို့ကို ဖြတ်သန်းနေဆဲကာလ. . .။

တစ်နေ့တွင် ကျွန်တော့်လိုပင် အယ်ဒီတာတစ်ဦးဖြစ်သော ဆရာ "မောင်သီလ" က ပုဂ္ဂိုလ်တစ်ဦးနှင့် မိတ်ဆက်ပေးသည်။ ထိုပုဂ္ဂိုလ်က အသက်(၅၀)ကျော် (၆၀)တွင်း အရွယ်ခန့်သာ ရှိဦးမည်။ အမည်ရင်းက **"ဦးစိုးဝင်း"** ၊ ကလောင်အမည်က **"တက္ကသိုလ်စိုးယဉ်"**. . . တဲ့။ အသားညိုညို၊ ဝဝဖိုင့်ဖိုင့်၊ ပုပုပြတ်ပြတ်၊ ကော်လာကတုံး၊ တိုက်ပုံအကျီ၊ အကွက်ကျဲလုံချည်ဝတ်ဆင်ထားသည်။ ထီးကောက်တစ်ချောင်းလည်း ပါသေးသည်။

ထိုနေ့က လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စကားဝိုင်းဖွဲ့ဖြစ်ခဲ့ကြသည်။ ဆရာ တက္ကသိုလ်စိုးယဉ်က ဖော်ရွေသည်။ ဟာသဉာဏ်ရှိသည်။ အာပေါင်အာရင်းသန်သန်ဖြင့် ကျယ်ကျယ်လောင်လောင် ပြောတတ်သည်။ အညာလေသံမျိုးဖြစ်သည်။ အသံ ဩဇာရှိသည်။ သူ့စကားထဲတွင် ရံဖန်ရံခါ ဂီတသံမျိုး ဝေ့ဝေ့ဝဲဝဲ ကပ်ငြိပါလာပုံကို သတိပြုမိရာမှ အားမနာတမ်း စေ့ငုကြည့်တော့ . . . သူသည် ရှေးခေတ်လေးချိုးကဗျာများကို ဌာန်ကရိုင်းကျစွာ ရွတ်ဆိုနိုင်ကြောင်း သိလိုက်ရသည်။ ဆရာ တက္ကသိုလ်မောင်မောင်ကြီး၏ "ကဗျာပန်းကုံး"စာအုပ်ထဲမှ ကဗျာရှည်တစ်ပုဒ်ကိုပင် လက်တွေ့ရွတ်ဆိုပြလိုက်သေးသည်။ ထိုစကားဝိုင်းမှာပင် သူသည် တက္ကသိုလ်စိုးယဉ်အပြင် **စိုးဝင်း(မြစ်ခြေ)၊ ရဲဘော်စိုးဝင်း(လှိုင်)** ကလောင်အမည်များဖြင့်လည်း ရေးသားကြောင်း အံ့သြဖွယ်သိလိုက်ရသည်။

"မြစ်ခြေ"ဟုဆိုကတည်းက သူအညာသားစစ်စစ်တစ်ဦးဆိုတာ သေချာသွားပြီ။ "မြစ်ခြေ"ဆိုသည်က ပုဂံညောင်ဦး တစ်ဖက်ကမ်း၊ ဧရာဝတီမြစ်ကမ်းနဖူးပေါ်မှ ရေမရွာကြီးတစ်ရွာ၏အမည်။ (ယခုတော့ မြို့ငယ်တစ်မြို့အသွင် ဖွံ့ဖြိုးစည်ပင်နေသည်။) သူက. . . ပုဂံ အနော်ရထာဘုရင် နတ်ရွာစံသည့် **"အောင်သာမြစ်ခြေ"**ဟု

ပြောပြသည်။ ကလောင်ခွဲ "စိုးဝင်း(မြစ်ခြေ)"သည် အမည်ရင်း (ဦး)စိုးဝင်းနှင့်ဇာတိ (မြစ်ခြေ) ကိုတွဲဖက်ထားခြင်းဖြစ်ကြောင်း။ "ရဲဘော်စိုးဝင်း(လှိုင်)ဆိုတာကတော့ . . . လမ်းစဉ်ပါတီခေတ်က ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အုတ်ကျင်းဂုံနီစက်ရုံ၌ တာဝန်ထမ်းဆောင်ခိုက်၊ စာတွေပေတွေ ရေးသားဖြစ်ရာမှ ပါတီဝင်အချင်းချင်း ခေါ်ဝေါ်ပြောဆိုကြသည့် 'ရဲဘော်စိုးဝင်း'အမည်တွင် (ကွင်းစ ကွင်းပိတ်ဖြင့်) 'လှိုင်'ကို ပူးတွဲထားခြင်းဖြစ်ကြောင်း ရှင်းပြသည်။

ကျွန်တော်သည် 'စိုးဝင်း(မြစ်ခြေ)'ထက်၊ 'ရဲဘော်စိုးဝင်း(လှိုင်)'အမည်ကို ရှေးမဆွကပင် သိနေနှင့်သည်။ 'ရှေးမဆွ'ဆိုသည်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလကို ဆိုလိုခြင်းဖြစ်သည်။ လမ်းစဉ်ပါတီခေတ်တွင် ပါတီအာဘော်ကို ထင်ဟပ်သော စာနယ်ဇင်းတွေက အများအပြား။ ပြည်သူ့ပိုင်သတင်းစာများ၊ ပါတီစာနယ်ဇင်းဟုဆိုသော ရှေ့သို့စာစောင်၊ လမ်းစဉ်သတင်းဂျာနယ်၊ လုပ်သားဂျာနယ်၊ တောင်သူလယ်သမားရေးရာဂျာနယ်၊ နိုင်ငံတကာရေးရာဂျာနယ်၊ လူငယ်ဂျာနယ်၊ မိုးသောက်ပန်းဂျာနယ်၊ မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ မြဝတီဂျာနယ်တို့အပြင် တို့ကျောင်းသား၊ တေဇနှင့် ရွှေသွေးစာစောင် စသည်များ။

ပါတီစာနယ်ဇင်းများအနက် နိုင်ငံတကာရေးရာဂျာနယ်မှတစ်ပါး ရဲဘော်စိုးဝင်း(လှိုင်)၏ စာပေလက်ရာများကို မကြာခဏ တွေ့မြင်ဖတ်ရှုနေရသည်။ စာရေးအားကောင်းသော ကလောင်တစ်ချောင်းအဖြစ် သတိပြုမိခဲ့သည်။ သူ့လက်ရာအများစုက အလုပ်သမား၊ လယ်သမား၊ လူတန်းစားကို ကိုယ်စားပြုသော (ပါတီအာဘော်)ပေါ်လစီဆောင်းပါး၊ ကဗျာများဖြစ်သည်။ ထို့ကြောင့် ရဲဘော်စိုးဝင်း(လှိုင်)ကို လမ်းစဉ်ပါတီကေဒါတစ်ဦးအဖြစ် ရှုမြင်ခဲ့မိသည်။

ယခု ဆရာ တက္ကသိုလ်စိုးယဉ်နှင့် လူချင်းဆုံတွေ့ဖြစ်တော့မှ သူသည် 'ရဲဘော်စိုးဝင်း(လှိုင်)' ဖြစ်ကြောင်း တအံ့တသြ သိရှိလိုက်ရသည်။

ကျွန်တော်တို့ စာပေရပ်ဝန်းတွင် ကလောင်ခွဲများဖြင့် ရေးသားသူအချို့ရှိခဲ့ကြသည်။ ရှိနေဆဲလည်း ဖြစ်သည်။ ဆိုပါစို့ . . . ဆရာ"ကြေးမုံ-ဦးသောင်း"သည် "အောင်ဗလ၊ အောင်ဗလယ်၊ အောင်ဗလွန်"ကလောင်များဖြင့်လည်း ရေးတတ်သည်။ "ဇင်အောင်၊ မင်္ဂလာဇင်အောင်၊ ဆီညော်ဇင်အောင်၊ ဦးအောင်သိန်းမြတ်"တို့သည် ဆရာကြီး "ဆင်ဖြူကျွန်းအောင်သိန်း"၏ကလောင်ခွဲများဖြစ်ကြသည်။ အလားတူ ဆရာဦးစိန်လှိုင်(မဟာဝိဇ္ဇာ)သည် ဆရာ "သူရဇော်"။ ဆရာ "အိုကြာကွေး"သည် "ဓနုဖြူ

ကျော်ထွန်း”။ ဆရာ ဒဂုန်တာရာ၊ ဆရာ မြသန်းတင့်၊ ဆရာ ကြပ်ကလေးတို့ဆိုလျှင်လည်း ကလောင်ခွဲပေါင်း မြောက်မြားစွာ ပိုင်ဆိုင်ထားကြသည်။ မိမိရေးသားမည့် ဘာသာရပ်နှင့် အကြောင်းအရာကိုလိုက်၍ ကိုယ်ခွဲကလောင်များဖြင့် ရေးသားကြသည့် စာပေလက်ရာတွေကလည်း တစ်ဦးတည်းက ရေးသားသည်ဟူ၍ပင် မထင်မှတ်ရလေအောင်၊ ရသကိုယ်စီ၊ အလှကိုယ်စီနှင့်ဖြစ်သည်။

ယခု ဆရာ တက္ကသိုလ်စိုးယဉ်သည်လည်း ထိုနည်းတူစွာ။

xxx

၁၉၈၈ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံ၏ပြောင်းလဲလာသော ခေတ်ကာလ အရွေ့တစ်ခုတွင် ဆရာ ဦးစိုးဝင်းသည် နှစ်လွန်ပြက္ခဒိန်နေ့ရက်များတစ်လျှောက် ဆယ်စုနှစ်နှင့်ချီ၍ ကိုင်တွယ်ခဲ့သော သူ၏မူလ “ရဲဘော်စိုးဝင်း(လှိုင်)”ကလောင်အမည်ကို အကြောင်းအားလျော်စွာ အနားပေးလိုက်ဟန်တူသည်။ “ရဲဘော်စိုးဝင်း(လှိုင်). . သင်သည် နှစ်ဆယ့်ခြောက်နှစ်တည်းဟူသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် နိုင်ငံ့တာဝန်၊ ပါတီတာဝန်နှင့် စာပေတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ချေပြီ။ ယခု. . . အသင်၊ ငြိမ်းချမ်းစွာ အနားယူဖို့ သင့်ချေပြီ”ဟု ဥဒါန်းကျူးရင့်ကာ (တမင်) အနားပေးလိုက်ခြင်းဖြစ်ပုံရသည်။ သိသာထင်ရှားသည်ကတော့ ၁၉၈၈ ခုနှစ် နောက်ပိုင်း ကာလများတွင် “ရဲဘော်စိုးဝင်း(လှိုင်)”ဟူသောကလောင်အမည်၊ စာနယ်ဇင်း စာမျက်နှာများပေါ်မှ လုံးဝပျောက်ကွယ်သွားခြင်းပင်။ ဤကာလတွင် ဆရာ ဦးစိုးဝင်းသည်၊ သူ၏ချစ်ဇနီး “ဒေါ်ငွေရင်”(စာရေးဆရာမ **မလေးယဉ်**၊ ယခုကွယ်လွန်)နှင့် ကလောင် အမည်ချင်း နီးကပ်စွာ “တက္ကသိုလ်စိုးယဉ်”ဟူသော ကလောင်ကို မွေးဖွားသန့်စင်ပြီး ပိုးမွေးသလို တယုတယ မွေးမြူခဲ့ခြင်းဖြစ်နိုင်ကောင်းသည်။

မည်သို့ဆိုစေ. . ဆယ်စုနှစ်သုံးစုခန့်ကာလအတွင်း “တက္ကသိုလ်စိုးယဉ်” ကလောင်အမည်သည် စာနယ်ဇင်းများတွင် တစ်စ,တစ်စ နေရာရရှိခဲ့ကြောင်း တွေ့ရသည်။ ဤကလောင်ဖြင့် ဘာသာရေးဆိုင်ရာ၊ စာပေယဉ်ကျေးမှုဆိုင်ရာ၊ လူငယ်ဆိုင်ရာ၊ အမျိုးသားရေးဆိုင်ရာ၊ တိုင်းရင်းသားချစ်ကြည်စည်းလုံးညီညွတ်ရေးဆိုင်ရာ၊ လူမှုရေးနှင့် ပရဟိတဆိုင်ရာစာပေများကို တစိုက်မတ်မတ်ရေးသားဖြစ်ခဲ့ကြောင်း သတိပြုမိသည်။ သူက ဆောင်းပါး၊ ဝတ္ထုတိုအပြင် မြန်မာ့ဂန္ထဝင်ဟန်ကဗျာတွေလည်း ရေးဖွဲ့သည်။ သူရေးဖွဲ့ခဲ့သည့်ကဗျာများတွင် ဒွေးချိုး၊ တြိချိုးနှင့် လေးချိုးကဗျာများအပြင် အသံ‘သာ’သော ကလေးကဗျာများကိုလည်း တွေ့ရသည်။

ဆရာ ဦးစိုးဝင်းသည် "တက္ကသိုလ် စိုးယဉ်"ကို ကလောင်ပုံတစ်စင်းအဖြစ် မွေးဖွားရင်း၊ တစ်ဖက်တွင်လည်း လစဉ်ထုတ်မဂ္ဂဇင်း၊ စာစောင်အချို့နှင့် ဘာသာရေး မဂ္ဂဇင်းအချို့၊ ဒေသဆိုင်ရာ မဂ္ဂဇင်းအချို့တွင် အတိုင်ပင်ခံစာတည်း၊ အမှုဆောင်စာတည်း၊ စာတည်းအဖွဲ့ဝင်၊ တာဝန်ခံစာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ "နိုင်ငံ့ဂုဏ်ရည်"မဂ္ဂဇင်း မှ "စာပေသတင်း၊ စာပေအလင်း" ကဏ္ဍကို လစဉ်တာဝန်ယူရေးသားနေသူလည်းဖြစ်သည်။

သည်ကြားထဲမှာပင် **"တို့ခေတ်လုပ်သား၊ ပြည့်စွမ်းအား"**၊ **"ဇာနည်သွေး ကလေးကဗျာများ"**၊ **"ဝလုံးလေးနှင့် အခြားကဗျာများ"**၊ **"ဘဝဝန်းကျင် ပန်းဥယျာဉ် ကဗျာများ"** စသည့် ကဗျာလုံးချင်းစာအုပ်များအပြင် **"သုံးပွင့်တစ်ခိုင် အထက်တန်း မြန်မာစာစီစာကုံး"**စာအုပ်နှင့် သူ့အသက် (၇၅)နှစ်ပြည့် **"စိန်ရတုမွေးနေ့မင်္ဂလာ လက်ဆောင်"**စာအုပ်များ. . . ဟောတစ်အုပ်, ဟောတစ်အုပ် . . ရေးသားထုတ်ဝေနိုင် ခဲ့ကြောင်း တွေ့ရသည်။ ယခု ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ တစ်လတည်းမှာပင် **"ကျေးဇူး သစ္စာမမေ့ပါနှင့် အခြားကဗျာများ"** စာအုပ်နှင့် **"ပွင့်ဦးမေတ္တာ ချူလှည့်ပါနှင့် အခြားကဗျာများ"** စာအုပ်ကို အောင်မြင်စွာ ထုတ်ဝေနိုင်ခဲ့ပြန်သည်။ ယခုတစ်ဖန် သူ့အသက် (၈၀)ပြည့်အထိမ်းအမှတ် ရသစုံ စာအုပ်တစ်အုပ် ထုတ်ဝေပြန်ဦးမည်တဲ့။

ကန်တော့ခံသက်ကြီးစာပေပညာရှင်တစ်ဦးလည်းဖြစ်သော ဆရာတက္ကသိုလ် စိုးယဉ်သည် "စာပေသူရဲကောင်း"တစ်ဦးနှယ် ယနေ့တိုင် စာပေယဉ်ကျေးမှုရေအလျင် တွင် ရှင်သန်စီးမျော၊ မွေ့လျော်နေဆဲပါတကား။

ကျွန်တော်သတိပြုမိသလောက်၊ သက်ကြီးစာရေးဆရာအတော်များများသည် မိမိတို့၏ ဝမ်းဗိုက်၌ စာပေဝမ်းစာများ လုံလောက်စွာ သိုမှီးထားနိုင်ကြသည့်တိုင် အကြောင်းကြောင်းကြောင့် ယခုအခါ စာတွေပေတွေ ရေးသားနိုင်ခြင်း မရှိကြတော့။ ဆရာ တက္ကသိုလ်စိုးယဉ်ကတော့ သည်လို ဆရာ့ဆရာများနှင့် ဆန့်ကျင်စွာ. . ။ ယနေ့တိုင် **"စာပေလက်ပန်းမကျသေးသူ"**အဖြစ် ကမ္ပည်းတင်ရချေတော့မည်။

ကျွန်တော်တို့မြန်မာနိုင်ငံမှ စာပေယဉ်ကျေးမှုနှင့် လူထုလူတန်းစား အဖွဲ့အစည်း များသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ "တစ်စုံတစ်ရာသောဩဇာ"ကို အကြောင်းပြု၍ တလေးတစားနေရာပေးခဲ့ကြသည်။ နေရာပေးတတ်ကြသည်။ "တစ်စုံတစ်ရာသော ဩဇာ"ဆိုသည်မှာ ခနငွေကြေးလည်း ဖြစ်နိုင်သည်။ အနုပညာရှင်ဆိုလျှင် စာရေးဆရာ၊ ကဗျာဆရာလည်း ဖြစ်နိုင်သည်။ ဂီတပညာရှင်လည်း ဖြစ်နိုင်သည်။ ဇာတ်သဘင်ပညာ

ရှင်လည်း ဖြစ်နိုင်သည်။ ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာလည်း ဖြစ်နိုင်သည်။ အဆိုပါ ပုဂ္ဂိုလ်များသည် မိမိကျွမ်းကျင်ရာ၊ ကျင်လည်ရာ၊ ကိုယ်စားပြုရာ၊ မွေ့လျော်ရာ နယ်ပယ် အလိုက် ထင်ရှားကျော်ကြားသော တိုင်းသိပြည်သိ ပုဂ္ဂိုလ်များလည်း ဖြစ်သည်။ အချို့ သည် အဖွဲ့အစည်းတစ်ခုခု၏ နာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အကြံပေး၊ အမှုဆောင် စသည်။ အချို့သည် လူမှုအဖွဲ့အစည်းများ တစ်ခု၊ နှစ်ခုမက၊ မိမိစွမ်းဆောင်နိုင်သည့် နေရာ 'တစ်နေရာရာ'မှ ပါဝင်လှုပ်ရှားနေကြသည်။ အချို့သည် အဖွဲ့အစည်းတစ်ခုခုမှ တလေးတစား ဖိတ်ခေါ်၍ နေရာ 'ပေး'ခြင်းခံရသည်။ အချို့သည် အဖွဲ့အစည်းဝင်များ ၏ဆန္ဒဖြင့် ရွေးချယ်နေရာပေးခြင်း ခံကြရသည်။

မည်သို့ဆိုစေ. . . သည်လို ပုဂ္ဂိုလ်များသည် နယ်ပယ်ရပ်ဝန်းတစ်ခုခုတွင် တစ်စုံတစ်ရာသော အတိုင်းအတာ တစ်ခုအထိ ဩဇာရှိသူများဖြစ်နေကြသည်ကတော့ လုံးဝသေချာသည်။

ဆရာ တက္ကသိုလ်စိုးယဉ်သည် လက်ချိုးရေတွက်၍ ရနိုင်သည့် သည်လိုပုဂ္ဂိုလ် မျိုးတွေထဲမှ ထင်ရှားသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သူသည် တစ်စုံတစ်ရာသော ဩဇာ ရှိသူတစ်ဦးဖြစ်သည်ကတော့ လုံးဝသေချာသည်။

သူ၏တစ်စုံတစ်ရာသော ဩဇာဟူသည် သူ၏ပင်ကိုသဒ္ဓါတရားနှင့် စေတနာ ထက်သန်မှုကို ဖော်ညွှန်းသည့် မနေ့ငွေကြေး/ပစ္စည်းလှူဒါန်းနိုင်မှုလား။ ရဲဘော်စိုးဝင်း (လှိုင်)၊ စိုးဝင်း(မြစ်ခြေ)၊ တက္ကသိုလ်စိုးယဉ်ဟူသော က လောင်ပျံသုံးစင်း၏ ဩဇာအရှိန် အဝါကြောင့်လား. . .။

ဆရာ တက္ကသိုလ်စိုးယဉ် ပါဝင်ဆောင်ရွက်ခဲ့သည့် ပါဝင်ဆောင်ရွက်နေဆဲ လည်း ဖြစ်သည့် အဖွဲ့အစည်းများချည်း (၁၈)ခုရှိကြောင်း သတိပြုမိသည်။ အများစု သည် ဘာသာ၊ သာသနာရေးကို အခြေပြုသည့်သမိုင်းရှိသော အဖွဲ့အစည်းများ၊ စာပေ ယဉ်ကျေးမှုကို အခြေခံသော အဖွဲ့အစည်းများ၊ ဇာတိနှင့် ဒေသဆိုင်ရာ မြို့နယ်အဖွဲ့ အစည်းများဖြစ်ကြသည်။ ထိုအဖွဲ့အစည်းအားလုံးသည် အတ္တနှင့်ကိုယ်ကျိုးစီးပွား မပါ ဝင်သော လူမှုပရဟိတ အသင်းအဖွဲ့များချည်းဖြစ်သည်။

ဆရာ တက္ကသိုလ်စိုးယဉ်သည် "အလှူရေစက် လက်နှင့်မကွာ"ဆိုသလို စွန့်ကြဲ ခြင်းဒါနအလှူအတန်းများနှင့် ကင်းကွာ၍ မနေတတ်သော စာရေးဆရာတစ်ဦးဖြစ် ကြောင်းလည်း တွေ့ရပြန်သည်။ သူပါဝင်လှုပ်ရှားခဲ့သည့် ပါဝင်ဆောင်ရွက်နေဆဲလည်း ဖြစ်သည့် လူမှုအဖွဲ့အစည်း၊ စာပေယဉ်ကျေးမှုအသင်းအဖွဲ့အားလုံးသည် သူ၏ အလှူဒါန

(ငွေကြေး/ပစ္စည်း)နှင့် ကင်းသည်ဟူ၍မရှိ။ (အနည်းနှင့်အများသာ ကွာခြားကောင်း ကွာခြားမည်။)

သူ၏ခြေရာလက်ရာနှင့်မကင်းသော ဘာသာရေးနှင့်စာပေယဉ်ကျေးမှု အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းနှင့် အသင်းအဖွဲ့များအနက် ဆရာ တက္ကသိုလ်စိုးယဉ်သည် "ဝိုင်အမ်ဘီအေ"ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ်က ချီးမြှင့်ထားသော ဘွဲ့တံဆိပ်နာမနှင့် မြန်မာတစ်နိုင်ငံလုံးကို ကိုယ်စားပြုထားသော မြန်မာနိုင်ငံစာရေးဆရာသင်းမှ နှင်းအပ်ထားသည့် ဗဟိုအမှုဆောင် ရွှေရောင်တံဆိပ်ကို အမြတ်နိုးဆုံးဖြစ်လိမ့်မည်ဟု ယုံကြည်ရသည်။

အကြောင်းမူ. . .

ဘာသာ သာသနာနှင့် စာပေယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများတွင် ဆရာ တက္ကသိုလ်စိုးယဉ်အား မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင် အသိအမှတ်ပြု ရွှေရောင်ရင်ထိုးတံဆိပ်နှင့် သူကိုယ်တိုင်ဥက္ကဋ္ဌ (၂ဝဝ၈-၂ဝ၁ဝပြည့်နှစ်)အဖြစ် ဆောင်ရွက်ခဲ့သော ဝိုင်အမ်ဘီအေ အသင်းချုပ်မှ ချီးမြှင့်သော **မဟာမင်္ဂလမဓ္ဓဇောတိကဓဇ** ဘွဲ့တံဆိပ်ပါ ရွှေစလွယ်ကြွားကြွားကို ရွှေဝါရောင်ခေါင်းပေါင်းစ တလူလူနှင့်အတူ မကြာခဏ တွေ့မြင်နေရသောကြောင့်တည်း။ ။

xxx xxx xxx

**မှော်ဝန်းကြည်မြတ်**

# ရင်မှာပွင့်လာအတွင်းကဗျာများ

## အပိုင်း (၂)

## ဆရာကြီးတက္ကသိုလ်စိုးယဉ်အတွက်
## မွေးနေ့လက်ဆောင်

* "အသက် (၈၀) ပြည့် မွေးနေ့မှသည်
အသက်ရာပြည့်/ရာကျော်
မွေးနေ့များတိုင်အောင် ဆင်နွှဲနိုင်ပါစေ။
အသက်ရှည်ကျန်းမာ စိတ်ချမ်းသာ၍
ကောင်းကျိုးလိုရာ ဆန္ဒများ ပြည့်ဝပါစေကြောင်း
မေတ္တာပို့သ ဆုတောင်းလိုက်ပါသည်"

**ဆရာတော် မုံရွာနေဇာ**
ဖုန်း-၀၉ ၅၀၉၆၉၈၂

## တက္ကသိုလ်စိုးယဉ်၏
## အသက် (၈၀) ပြည့် ပတ္တမြားရတုဂုဏ်ပြုလွှာ

* တက္ကသိုလ်စိုး ၊ တိုင်းပြည်ကျိုးကို
သည်ပိုးဆောင်ရွက် ၊ နောင်မပျက်အောင်
အခက်ဝေဖြာ ၊ စေတနာနှင့်
သေချာကောင်းကျိုး ၊ လွန်မျှော်ကိုး၍
အမျိုးဘာသာ ၊ သာသနာနှင့်
ပညာအရေး ၊ စိတ်မအေးဘဲ
အတွေးများစွာ ၊ ရှေးရှုကာဖြင့်
ဖွေရှာသရုပ် ၊ ကောင်းစွာထုတ်၍
ဂုဏ်ပုဒ်ပိုင်ပြန် ၊ ဘီအေမှန်ကို
အားသန်မပျက် ၊ စဉ်ဆောင်ရွက်သည်
အသက်ရှစ်ဆယ်တိုင်ပြီတည်း။

* အသက်ရှစ်ဆယ် ၊ ရောက်ငြားလွယ်လည်း
ငါ့ဝယ်ပျိုမြစ် ၊ မအိုဖြစ်ခဲ့
ဆိုလှစ်ပဲ့တင် ၊ ပြုပြုစင်အောင်
သစ်လွင်နောင်ခု ၊ ရာထောင်ပြု၍
အောင်မှုနေမင်း ၊ ထိန်ထိန်လင်းသည့်
အဆင်းရောင်ဝါ ၊ ကဲ့ပမာသို့
ဖွဲ့ကာစာသ ၊ မာနမရှိ
ပကတိသွင် ၊ စိတ်ကောင်းယှဉ်၍
အစဉ်ကောင်းကျိုး ၊ ရည်မျှော်ကိုးကာ
အမျိုးဘာသာ ၊ သာသနာနှင့်
ပညာအရေး ၊ ဘက်စုံတွေးပြီး
မနွေးရှေ့ဆောင် ၊ နောက်နောင်လူများ
အမှောင်မချဉ်း ၊ အရောင်လင်းအောင်
ဆောင်နှင်းဝိုင်အမ် ၊ ဘီအေမှန်ကို
တည်ပြန်ဆက်လက် ၊ ရာကျော်သက်တိုင်
မပျက်နိုင်အောင် ၊ မြခိုင်နောင်ခု
ရည်ဆောင်ပြုသည်
အောင်မှုအောင်ရာအောင်စေတည်း။

* တက္ကသိုလ်စိုး ၊ ကောင်းကျိုးမြိုင်ဆိုင်
ရာကျော်သက်တမ်း ၊ တက်လှမ်းပိုင်ပိုင်
လိုရာဆန္ဒ ၊ ပြည့်ဝအောင်နိုင်
ပျော်မဆုံး မော်မဆုံး ရှေ့သို့တိုင်။ ။

**ဘဒ္ဒန္တ ခေမာစာရ (မြင်းမူရွှေမင်းသား)**
ဖုန်း - ၀၉ ၂၅၆၀၅၃၂၈၄

# အစဉ်အလာ သတင်းတိုးလင်းတဲ့
# မင်္ဂလာ ဦးစိုးဝင်း
# (စည်တော်သံ)

* မင်္ဂလာတက်နေဖြိုးပါလို့
ကျက်သရေတိုးတဲ့ သည်ချိန်ခါ . . .၊
တို့ဆရာ ဦးစိုးဝင်းမှာ
ကောင်းသတင်းဖြာ။
အပေါင်းအသင်းစုံစွာ
ရောက်လာကြအများ. . .။
ဂုဏ်တင့်သူဂုဏ်မြင့်ရေးကို
အားပေးစို့လား။

* ဖခင်မှာ ဦးသာတင့်
အမိဖြင့် ဒေါ်အိမ်မြိုင်၊
သားရတနာ ဦးစိုးဝင်းကို
မွေးခြင်းဖြင့်ပိုင်။
ဓနက လှိုင်လှိုင်
ကြံ့ခိုင်တဲ့ စိတ်ထား. . .၊
မြစ်ခြေမှာ လွန်ကျော်ကြားတယ်
မွေးဖွားတဲ့သား။

* ထောင်ကိုးရာ လေးဆယ်ခု
ဖွားမြူတဲ့ တို့ဆရာ ၊
စာပေနယ် ထင်ကျော်ကြား
အားကျဖို့ပါ။
အတွေးစာကဗျာ
အရေးမှာ အလွန်ကောင်း . . .
စာပေဂုဏ် မြှင့်တင်ရေးကို
အားပေးပါကြောင်း။

* Y.M.B.A. အသင်းကြီးမှာတော့
သတင်းကြီးတဲ့ တို့ဆရာ ၊
အမှုဆောင် ဥက္ကဋ္ဌအဖြစ်
ရွေးလှစ်လို့ပါ။
ဘာသာနဲ့ သာသနာ
တိုးတက်ရာ တိုးတက်ကြောင်း . . ။
ပညာဉာဏ် ဝီရိယအားရယ်
ကြိုးစားလို့ကောင်း။

* မဟာစည် ရိပ်သာကြီးမှာတော့
သိက္ခာကြီးတဲ့ အမှုဆောင် ၊
သာသနာ နုဂ္ဂဟအသင်း
ကောင်းသတင်းဆောင်။
ရာပြည့်မော်ကွန်းစာစောင်
အပီအောင်ဖို့ စိတ်မှာတွေး။
အမှုဆောင် စာတည်းအဖြစ်နဲ့
ကောင်းသစ်ဖို့ရေး။

* မြန်မာနိုင်ငံစာရေးဆရာအသင်း
ကောင်းသတင်းပြည့်စုံရာ ၊
ဗဟိုမှာ ညီအောင်ပြုပါလို့
ပေါင်းစုလို့ပါ။
တက္ကသိုလ်စိုးယဉ်တဲ့ အမည်သာ
အမှုဆောင်မှာ ပါပါသေး။
တတ်ပညာ လိုသလောက်ကို
ချီးမြှောက်တယ်လေး။

* စာပေနယ် လေအန်ကုန်းမှာတော့
ငွေအမှန်သုံးတဲ့ တို့ဆရာ ၊
လက်ဖက်ရည် အချိုတိုက်တယ်
အားစိုက်လို့ပါ။
ကောင်းမွန်တဲ့ ဖြူသဒ္ဒါ
စေတနာက မသေး။
ချို့တဲ့သူ မိတ်ဆွေများကို
ငွေအားဖြင့်ပေး။

* အသက်မှာ ရှစ်ဆယ်ပြည့်ပါလို့
ကောင်းယနေ့ သည်ချိန်ခါ ၊
မင်္ဂလာ အစဉ်တိုးစေဖို့
ကောင်းကျိုးဝေဖြာ။
ပရိသတ်တို့ စုံလင်စွာ
ကျန်းမာပါလို့ ချမ်းသာရေး။
တို့ဆရာကိုယ်စိတ်နှုအောင်
တောင်းဆုချွေပေး။ ။

**အောင်သျှင်သူ (မဟာမြေ)**
ဖုန်း-၀၉ ၂၅၁၀၂၉၆၄၅

# ရာပြည့်တေး

* သူ့ကိုမြင်လျှင်
အစဉ်ပြုံးရွှင် မာန်မာနကင်းစင်
ရိုးသားဖြူစင် ဘဝင်လေမဟပ်
လူတိုင်းနဲ့သင့်မြတ်။

* တတ်အားသမျှ ဒါနအလှူ
ပေးကမ်းစွန့်ကြဲသူ။
အကြူဆုံးပန်း သူဆင်မြန်း
ကဗျာပုလဲပန်း။

* အမြဲတမ်းပင်သူ့ပုံသွင်
တိုက်ပုံအင်္ကျီ နေ့တိုင်းဆင်
အဲ့ဒါတက္ကသိုလ်စိုးယဉ်. . .။
အချိန်ရေလျဉ်စီးဆင်းရွေ့
အသက် ၈၀ ပြည့် သူ့မွေးနေ့။

* တို့ရှေ့ကလူချစ်တဲ့သူ
ပန်းလိုမွှေးကြူ ရေလိုအေး
ဘေးဘယာတွေ ကင်းကွာဝေး
သက်ရာကျော်တိုင် အသက်ရှည်ဆေး
ကဗျာတွေစာတွေ ဆက်၍ရေး
အဲဒါ ရာပြည့်တေး။ ။
(ဆရာကြီး တက္ကသိုလ်စိုးယဉ်၏ အသက် (၈၀) ပြည့်မွေးနေ့ ပတ္တမြားရတုသို့)

**ဖြိုးထိန်**
၁၅-၅-၂၀၂၀

# ဂုဏ်ယူအားကျ အဘိုးစံပြ

* အဘိုး အဘိုး
ကျွန်တော်တို့ရဲ့ အဘိုး။
ပြုံးရွှင်ချိုသာ အဘိုးမျက်နှာ
အားလုံးစိတ်ချမ်းသာ။

* မြို့နယ်တိုင်းနှင့် ခရိုင်အသင်းမှာ
အဘိုးအမြဲပါ။
ဇာတိစိတ်နဲ့ ခရိုင်အစွဲ
အဘိုးရှေ့ကပဲ။

* ဖိတ်ခေါ်လျှင် အမြဲလာ
လွယ်အိတ်ကြီးနဲ့ဗျာ။
ထီးခေါက်ကြီးက ပါလိုက်သေး
လှူဒါန်းမှုလက်မနှေး။

* နယ်သံယောဇဉ်အလွန်ကြီးမား
အာဂအဘိုးကြီးဗျား။
ကျွန်တော်တို့လွန်လေးစား။

* မြစ်ခြေ ဆိပ်ဖြူ မြို့ပခုက္ကူ
ပေါက်နှင့် ကမ္ဘမကျန်ရ၊
မြိုင် ရေစကြိုလည်းကြွ
လေးစားအတုယူရ
ကျွန်တော်တို့ရဲ့ စံပြ။ ။

ကျော်ဟန်တင့် (မြစ်ခြေ)
ဖုန်း- ၀၉ ၄၅၀၀ ၅၂၆၈၆

## တက္ကသိုလ်စိုးယဉ်၏ မွေးနေ့ပွဲသို့

* စာရေးဆရာအသင်း ဗဟိုတွင်
အမှုဆောင်တက္ကသိုလ်စိုးယဉ်။
လှူစရာရှိလျှင် ထိပ်ဆုံးက
သိန်းချီအလှူဒါန။

* လိမ္မာလှသည့် သမီးလေးတွေ
အဖေလှူချင်သမျှ ထုတ်ပေးနေ။
ပခုက္ကူ မြစ်ခြေ မကျန်ရ
မွေးရပ်မြေပါ သွားလှူနေကျ
နိဗ္ဗာန်ရည်စူး မွန်မြတ်လှ
သဒ္ဓါတရား ပြည့်ဝသည့်သားဖ
သာမှု သုံးကြိမ်မက။

* သူက ပခုက္ကူခရိုင် မြစ်ခြေသား
ကျွန်ုပ်က မကွေးခရိုင် တောင်တွင်းကြီးသား။
မကွေးတိုင်းဒေသသားချင်းတူ
စာပေကဗျာ ဝါသနာချင်းလည်းတူ။
သူက မျက်မမြင်ကျောင်းအုပ်စိုးကြည်နှင့်
လုပ်သားများကော်လိပ်တက်ဖက်
ကျွန်ုပ်က ဦးကြည်နှင့် ပညာရေးတက္ကသိုလ်တွင် R.L တက်ဖက်။
မိတ္ထီလာရှိ ဦးကြည်၏ရှေ့ဆောင်
မျက်မမြင်ကျောင်းသို့ သွားခဲ့ကြတာ အတူတူ
ကျွန်ုပ်တို့နှစ်ဦးရဲ့ မွေးသက္ကရာဇ်က
ထပ်တူထပ်မျှ (၁၉-၁၁-၁၉၄၀)
သူမွေးနေ့ပွဲလုပ်မယ်ဆိုတော့
ကျွန်ုပ်ပါအကျိုးဝင်သွားသလို ခံယူမှု
ဝမ်းမြောက်နူမော်သာမုဒေါ် လိုက်ပါတယ် သူငယ်ချင်း
ရာကျော်သည်ထိ သက်ရှည်ကျန်းမာပြီး
လောကီ လောကုတ္တရာ နှစ်ဖြာကောင်းကျိုး
ဆထမ်းပိုးဆောင်ရွက် နိဗ္ဗာန်မျက်မှောက်
ပြုနိုင်ပါစေ သော်ဝ်။ ။

**ဦးကျော်စိုး (မောင်ကျေးဇူး)**

## ကလောင်အရိ ထိုနှစ်ဦး

* ရဲဘော်စိုးဝင်း
လူရင်းရေးဘော် ၊ ဂုန်နီပျော်နှစ်ဦး
ဖြစ်ဖူးခဲ့ကြတစ်ချိန်က။
* သူကဆောင်းပါး ၊ ကိုယ်ကားဓာတ်ပုံ
တွေ့ဆုံမိတ်ဖက်ရှေးရေစက်။
* ဓာတ်ပုံဆောင်းပါး ၊ အတူသွားကာ
အများဖတ်ရန် ၊ စိတ်ရည်သန်၍
ချိန်မှန်တင်ပြ လုပ်သားဘဝ
ဓာတ်ပုံဆောင်းပါး စုံလင်လှ။
* ဘယ်ကစဟု ၊ အမေးပြုသော်
ယခုကွယ်လွန် ၊ ဆရာမွန်ဖြစ်
ချစ်ကြည်ရေးကြည်ညွန့် ၊ အဝွန့်ရှည်ကြာ
နည်းပေးလာခဲ့ ၊ ဆရာကျေးဇူး
ရှိပေဖူးသည်
ရှိဦးတင်ကာ သတိရ။
* ယခုခါတွင် ၊ ယခင်စိုးဝင်း
လက်ငင်းစိုးယဉ် ၊ ယခင်မြတ်စိုး
ယခုမျိုးမြန်မာ ၊ မည်တွင်ကာဖြင့်
ကလောင်ဝင့်ကာ ၊ စာပေနယ်တွင်
ခရီးနှင်မြဲ ရှေ့ဆက်ဆဲ။
* ထိုစာပေပျော် ၊ ရဲနှစ်ဘော်ကား
အိုပြားအသက် ၊ ငဲ့မတွက်ဘဲ
ရှေ့ဆက်၍သာ ၊ ချီတက်ပါမည်
လာခြင်းကောင်းသည်ကလောင်တွေ
များကျိုးအတွက် စွမ်းဆောင်နေ
ငါတို့အိုပြီ မတွက်ပေ။ ။

**မျိုးမြန်မာ၊ မြတ်စိုး (လှိုင်)**
၉-၆-၂၀၂၀ (၁၀း၅၃) နာရီ

## လှူအဖိုးတန်

* သူသည်ကား
ကဗျာများစွာ ရေးဖွဲ့သူ။
သူသည်ကား
စာပေသမား ပီသသူ။

* သူသည်ကား
မိတ်ဆွေပေါ်များချစ်ခင်သူ။
သူသည်ကား
မေတ္တာတရား ရှေ့ထားသူ။

* သူသည်ကား
သင်းဖွဲ့များတွင် ပါဝင်သူ။
သူသည်ကား
ပရစိတ်ထား မျှတသူ။

* သူသည်ကား
သည်းခံစိတ်ထား ခွင့်လွှတ်သူ။
သူသည်ကား
ပေါင်းဖော်များနှင့် ပျော်မွေ့သူ။

* သူသည်ကား
ဒါနများစွာ မြှုပ်နှံသူ။
သူသည်ကား
တရားဓမ္မ မွေ့လျော်သူ။

* လူဆိုသည်ကား
ပခုံးနှစ်ဖက်ကြား
ခေါင်းရှိငြားလည်း
လူသားစင်စစ်မဟုတ်ချေ။

* လူဆိုသည်ကား
အတ္တဖယ်ရှား
အများကောင်းကျိုး
ရွက်သယ်ပိုးမှ
လူ့အဖိုးတန် မှန်ပေလိမ့်။ ။

* သူသည်ကား . . . .။

(ဆရာ တက္ကသိုလ်စိုးယဥ်၏ အသက် (၈၀) ပြည့် ပတ္တမြားရတု
အထိမ်းအမှတ် မွေးနေ့သို့ . .)

**မောင်ခေတ်ထွန်း**

၂၉-၅-၂၀၂၀

ဖုန်း-၀၉ ၅၁၇၄၅၅၂၁

## နှစ်စဉ် ပွဲကြည့်နိုင်ပါစေ

* စညောင်းမြေ သာစခန်းဆီမှ
မြစ်ခြေသား ဘသက်ရှည်
ကိုယ့်ဌာနေ တိုးတက်ရေး
အလေးထားလှပေ။

သာသနာရောင်ဝါ လင်းစေဖို့
ဓမ္မစာပေ ပဋ္ဌာန်းကျမ်းများ
ဖြန့်ဝေကာ အလှူပေးခဲ့ပါသည်။
အလှူရှင် ဒီသမီးအတွက်
အညာမြေပြန် လက်ဆောင်
ပဲအမျိုးမျိုး သယ်ယူကာပေးခဲ့ပြီ
မြစ်ခြေသင်း အလှူပွဲတိုင်း
ဖိတ်ခေါ်ကာ ပါဝင်နွှဲစေလို့
သနပ်စုံ ပဲနှပ်နဲ့
အကြိုက်တွေ့ခဲ့သည်။

* ဆယ်စုနှစ်တစ်ခုတိုင်ပြီ
ခင်မင်ကြနှစ်မနည်း
စာချစ်သူ သမီးငယ်ကို
ဖေးကူကာ လက်တွဲလို့
လေအန်ကုန်း အဖွဲ့ဆီ
ခေါ်ဆောင်ခဲ့သည်။
တစ်ပတ်တွင် နှစ်ရက်မျှ
တွေ့ဆုံကာ စာမူပေးယူလို့
ရင်တွင်းက စာပေတွေ
ဖလှယ်တဲ့ လေအန်ကုန်းမှာ
ပြုံးရွှင်ကာ တူပျော်ကြလို့
မသွားရမနေနိုင်
တစ်ထောင်တန်ကော်ဖီအိုး
ဘသက်ရှည်အစပျိုးလို့
ပဲထမင်း လက်ဖက်ဆီ
ဂျင်းသုပ်နဲ့ ပဲလမုန့်မကျန်အောင်
စားခဲ့ကြသည်။
အဲ့ဒီလို လေအန်ကုန်းနဲ့
အဖေကြီး (ဦးစိုးယဉ်) ဦးစိုးဝင်း
ခွဲမရအောင် တသားတည်းမို့
အသက်ရှည်ကာ ကျန်းမာစွာနှင့်
မျက်နှာချို တပြုံးပြုံး
နောင်နှစ်ခါ တန်ဆောင်မုန်း
ပွဲကြည့်ပါဦး။ ။

**မာလာသိန်း (မန်း ဂျိုတီအိုင်)**
၁၀-၆-၂၀၂၀

မှတ်ချက်။ ။ (ပွဲ) ဆိုသည်မှာ စာပေပွဲများကို ဆိုလိုပါသည်။

## အသက် ၁၂၀ ရှည်စေသော်ဝ်

*  ဆရာ တက္ကသိုလ်စိုးယဉ်
လူတိုင်းနှင့် ခင်ခင်မင်မင်
အစဉ်အလာမပျက်
လက်တွဲမဖြုတ်
သူ့အလုပ်က
ကဗျာဆရာ ၊ စာရေးဆရာ
အယ်ဒီတာ။

*  စာပေအလုပ် တကုပ်ကုပ် မရပ်မနား
စာသမားပီသ
မြဝတီ ငွေတာရီ မဂ္ဂဇင်းတွေမှာ
အလင်းရောင်ပေးရှာ ၊ အယ်ဒီတာရဲ့ဘဝ
သူက ကျေနပ်နေရင်း
စာပေအသင်းတွေမှာ အမှုဆောင်
လူ့ဘောင်မှာ ဝင့်ကြွား
ထင်ရှားတဲ့ သူ့ဂုဏ်ပုဒ်တွေက အများသား
သူအလေးထားတာက ဘာသာနှင့်သာသနာ
ဝိုင်အမ်ဘီအေ (Y.M.B.A.) မှာလည်း
သူက အသင်းချုပ်ရဲ့ ဥက္ကဋ္ဌ။

*  "မဟာမင်္ဂလမဓမ္မ ဇောတိကဓဇ"
ဘွဲ့ထူးက ရလိုက်သေး။
နွေးထွေးတဲ့ ဆက်ဆံရေးအပြည့်
ယနေ့ ဆရာ့အသက် (ရှစ်ဆယ်) တိတိ
မင်္ဂလာရှိသော မွေးနေ့သက်တမ်းမှာ
"ဇရာ" ကို ဖြတ်ကျော်လို့
ဇာတာတော် အသက် (၁၂၀) ရှည်စေသော်ဝ်လို့
ဆုချွေပေးအပ် အလေးအမြတ်ပြုလိုက်ရကြောင်းပါခင်ဗျာ။ ။

**စိုးပိုင် (ကညွတ်ကွင်း)**
ဖုန်း- ၀၉ ၇၆၁၆၇၀၂၅၀၊ ၀၉ ၄၄၁၉၁၉၇၀၄

# မွေးနေ့ဂုဏ်ပြုဆောင်းပါးများ

## အပိုင်း (၃)

# ကျွန်တော်နှင့် ဆရာတက္ကသိုလ်စိုးယဉ် သို့မဟုတ် ရဲဘော်စိုးဝင်း (လှိုင်)

အမျိုးသားရေးစိတ်ဓာတ်နှင့် ပရဟိတနှလုံးသားကို အစဉ်စွဲကိုင်ထားသော လူပုဂ္ဂိုလ်ကောင်းတစ်ဦးတစ်ယောက်နှင့် ဘဝတစ်ကွေ့တွင် ခဏတွေ့ခဲ့ရစေကာမူ ထာဝရမမေ့နိုင်ဘဲ ကလျာဏမိတ္တစာရင်း၌ အမြဲသွတ်သွင်းထားခံရသည့် "ဆရာတက္ကသိုလ်စိုးယဉ်" ပါပေ၊ တစ်နည်းဆိုရပါလျှင် အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်၏ သိင်္ဂါလောဝါဒသုတ် ဒေသနာတော်အရ မိတ်ဆွေစစ်မိတ်ဆွေကောင်းတို့၏ အင်္ဂါရပ်တို့ဖြင့် စိစစ်ကြည့်လိုက်ပါက "ဆရာတက္ကသိုလ်စိုးယဉ်" သည် ကျေးဇူးပြုတတ် ကူညီတတ်သည့် စိတ်ထားကောင်းမြတ်သော "ဥပကာရမိတ်ဆွေစစ်" တစ်ဦးဟု ဆိုချင်ပါသည်။ သူ၏ယောနိသောမနသိကာရစိတ်ဓာတ် မနသိမြတ်ကို အင်္ဂလိပ်ဆိုရိုးစကားတစ်ခုဖြင့်ပြောရလျှင် "လိုအပ်လျှင်ကူညီစောင့်ရှောက်တတ်သောသူသည် မိတ်ဆွေစစ် ဆွေကောင်းတစ်ဦးပင် ဖြစ်သည်" (A Friend in need is a friend indeed) ဟူသော ဆိုရိုးစကားနှင့် ကိုက်ညီလိမ့်မည်ဟု ကျွန်တော်ယုံကြည်မိပါသည်။

xxx

- * မြစ်တို့သည် ရေကိုမသောက်သုံးကြပါ။ သူတစ်ပါးအကျိုးအတွက်သာ ဖြစ်သည်။
- * သစ်ပင်တို့သည်လည်း အသီးကိုမစား၊ သူတစ်ပါးအကျိုးအတွက်သာ ဖြစ်သည်။
- * မိုးသည်လည်း ကောက်ပဲသီးနှံတို့ကိုမစား၊ သူတစ်ပါးအကျိုးအတွက်သာ ဖြစ်သည်။
- * ထို့အတူ ပရဟိတအကျိုးဆောင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့သည် လည်း မိမိ၏ "အတ္တ" အကျိုးစီးပွားထက် "ပရ" အကျိုးစီးပွားကို ရှေးရှုကြစမြဲပင် ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ထဲတွင် "ဆရာတက္ကသိုလ်စိုးယဉ်" ပါဝင်နေသည်ကို အမြဲတွေ့မြင်ကြားသိနေရပါသည်။

ကျွန်တော် မြဝတီစာပေတိုက်တွင် တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူခဲ့စဉ်က "ဆရာတက္ကသိုလ်စိုးယဉ်" ၏ အမျိုးသားရေးဆိုင်ရာ ကဗျာသီကုံးစာပန်းချီမွန်းချက် လက်ရာများသည် ကျွန်တော်၏ ရုံးစားပွဲ ပေါ်သို့ မကြာခဏရောက်လာတတ်ပါသည်။ နိုင်ငံတော်နှင့် လူမျိုးအတွက် အမျိုးသားရေးလိုအပ်ချက်ကို အမျိုးသားရေးခံယူချက်ဖြင့် အမျိုးသားရေး ရပ်တည်ချက်မှန်ကန်စေရန် ကဗျာချစ်သူ၊ စာချစ်သူတို့အား လှုံ့ဆော်ပေးသည့်သူ၏ ကဗျာများက ကျွန်တော်၏ စက္ခုပသာဒအာရုံကို အမြဲတစေ ဖမ်းစားလေ့ရှိပါသည်။ သို့နှင့် သူ၏အမျိုးသားရေးဆိုင်ရာကဗျာ၊ အမျိုးသားရေးဆိုင်ရာစာများကို ဖော်ပြခဲ့ပါသည်။

နောက်မကြာမီမှာပင် သူသည် မြဝတီစာပေတိုက်သို့ လက်ထောက် အယ်ဒီတာအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရာ သူ၏ကဗျာစာဆို ဘဝကို မြဝတီစာပေတိုက်တွင် မြှုပ်နှံခဲ့သဖြင့် စာရေးသူက သူ့အား စာပေမိတ်ဆွေကောင်းသာမက တစ်မိုးအောက်တွင် အတူနေလုပ်ဖော် ကိုင်ဖက်ပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့ပါသည်။ သို့သောအခါ သူ၏မိတ်ဆွေတို့ အပေါ် ထားရှိသော စိတ်မာတ်မနသီမြတ် အဇ္ဈတ္တမနောကို ထဲထဲဝင်ဝင် သိခဲ့ရသဖြင့် ပို၍လေးစားခဲ့ရသည်။ သည့်ထက်ဂုဏ်ယူလေးစားရသည်မှာ အမိမြန်မာပြည်၏သက်တော်ရှည် အမျိုးဘာသာသာသနာဆိုင်ရာ အသင်းကြီးဖြစ်သည့် ယနေ့ဆိုလျှင် သက်တမ်း ၁၁၄ နှစ်ရှိပြီဖြစ်သော "ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး" Y.M.B.A: Young Men Buddhist Association, (၁၉၀၆ ခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သည်။) တွင်နာယကကြီးတစ်ဦးအဖြစ် တာဝန်ယူနေခြင်းပင် ဖြစ်သည်။ ထိုသို့ အမျိုးဘာသာ သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်သလို မဟာစည်သာသနာ့ရိပ်သာတွင်လည်း အကျိုးဆောင်တစ်ဦးအဖြစ် ဆောင်ရွက်နေခြင်းကြောင့် ဂုဏ်ယူလေးစားရပါသည်။ တစ်ဘက်တွင်လည်း အမျိုးသားစာပေဖွံ့ဖြိုး တိုးတက်ရေးနှင့် စာပေလောကသားတို့၏အကျိုးအတွက် အားထားရာ အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးတွင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးအဖြစ်လည်း ဆောင်ရွက်နေသူတစ်ဦးဖြစ်ပါသည်။

အငြိမ်းစားဝန်ထမ်းဘဝကို အလဟဿအဖြစ်မခံဘဲ ပရဟိတအကျိုးကို အစွမ်းဆောင်နိုင်ဆုံး သယ်ပိုးနေခြင်းမှာ ဂုဏ်ယူစံထားစရာပါ။ ပရဟိတအကျိုးဆောင်ဆရာတက္ကသိုလ်စိုးယဉ်သည် ကျေးဇူးရှင် ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ ပရဟိတဆိုင်ရာ ဩဝါဒကထာဖြစ်သည့် "အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့

လည်း၊ မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေ့ရှုနှင်လော့” ဟူသော အဆုံးအမကို အမြဲလိုက်နာကျင့်သုံးနေသူဟု ဆိုချင်ပါသည်။

xxx

ယခု ဆရာတက္ကသိုလ်စိုးယဉ်၏ အသက်မှာ (၈၀) ပဋ္ဌာန်းရတုချိန်ခါသို့ ရောက်လာခဲ့ပါပြီ။ သူ၏ စိန်ရတုမွေးနေ့အလှူပွဲကြီးကို ရန်ကုန်မြို့ ဓမ္မစေတီလမ်းရှိ မိုးညှင်းကျောင်းတိုက်၌ ကျင်းပခဲ့ရာ စာရေးသူရောက်ရှိ ခဲ့ပါသည်။ ဆရာတက္ကသိုလ်စိုးယဉ်၏ အရွယ်မှာ ဘဝဆည်းဆာအရွယ်ဖြစ်၍ အသိပညာအရွယ်ဖြစ်သောကြောင့် ပရဟိတ အကျိုးဆောင်ဘဝဖြင့် ဘဝဆည်းဆာကို အလှဆင်နေသူဟု ဆိုရပါမည်။

အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်သည် ဇရာဘဝနှင့် စပ်လျဉ်း၍ အာနန္ဒာအား “ချစ်သားအာနန္ဒာ၊ ငါဘုရား၏အရွယ်တော်သည် အိုမင်းလာပြီ။ အိုသောလှည်းသည် ဖွဲ့ချည်တုပ်နှောင်မှသာ သွားလာနိုင်သကဲ့သို့ ငါဘုရား၏ခန္ဓာသည် ‘ဖလသမာပတ်’ တည်းဟူသော လွှန်ကြိုးဖြင့် နှောင်ဖွဲ့ချည်တုပ်ထားလိုက်သောအခါကျမှသာ ပို၍ ကျန်းမာလာ၏” ဟု ဟောဖော်ညွှန်ပြတော်မူခဲ့သည်ကိုထောက်ရှု၍ ဇရာသဘောကို ဟန့်တား၍မရကောင်းစေကာမူ ဇရာကို ယာယီထိန်းချုပ်ထား၍ ရနိုင်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။ သို့ဖြစ်ပါ၍ ဆရာတက္ကသိုလ်စိုးယဉ် သို့မဟုတ် ရဲဘော်စိုးဝင်း (လှိုင်) တစ်ယောက် ဘာသာသာသနာအကျိုး၊ အမျိုးသား စာပေဖွံ့ဖြိုးတိုးတက်ရေးအကျိုးတို့ကို ဆက်လက်သယ်ပိုးဆောင်ရွက်ရင်း ဗေဒင်ဇာတာခွင် အသက် ၁၂၀ တိုင် သက်ရှည်ကျန်းမာစွာ ချမ်းသာပါစေကြောင်း အရေးထားလေးစားစွာဖြင့် ပဋ္ဌာန်းရတုဆုမွန်ကောင်းတောင်းလိုက်ပါသည်။ ။

xxx xxx xxx

ဂါရဝဖြင့်
**စန်းနီလာဝင်း**
ဖုန်း - ၀၉ ၂၅၄၂၇၀၉၄၁၊ ၀၉ ၉၆၅၂၃၆၀၃၂

## လွယ်အိတ်ကြီးတစ်လုံးနဲ့ ပြုံးနေသူ

ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) နှင့် ကျွန်တော်တွေ့ဆုံချစ်ခင်ကြသည်မှာ နှစ် (၃၀) ခန့်ကြာပြီဖြစ်ပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် ပခုက္ကူ ကိုယ်ထူကိုယ်ထ ဆေးရုံကြီး ဆောက်လုပ်ပြီးသွား၍ ကျွန်တော်လည်း စီးပွားရေးလုပ်ငန်းနှင့် စာပေလုပ်ငန်းများကို ပြန်လည်စိတ်ဝင်စားလာသည်။ ၁၉၉၁ ခုနှစ်တွင် ဦးအုံးဖေသည် စာပေဆုကိုလှူဒါန်း လိုသည်။ ကျွန်တော်သည် ကြေးမုံသတင်းစာအယ်ဒီတာချုပ်လုပ်နေသူ၊ ထီလာစစ်သူ (ဒုဗိုလ်မှူးကြီး စိုးညွန့်) ထံ ဆက်သွယ်သည်။ ထီလာစစ်သူနှင့်ကျွန်တော် သည် ၁၉၇၂ ခုနှစ်တွင် ဖားကန့်မြို့၌ အတူနေထိုင်လုပ်ကိုင်ခဲ့သူဖြစ်သည်။ သူက ပခုက္ကူ ခလရ (၅၀) တပ်ရင်းမှူး၊ ကျွန်တော်က ဖားကန့်တိုက်နယ် ဆရာဝန်၊ ဤသို့ဖြင့် ကျွန်တော်သည် ဦးအုံးဖေစာပေဆုဖြစ်ပေါ်ရေးအတွက် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲရသည်။ ရန်ကုန်မြို့ မြေနီကုန်းတွင်နေထိုင် သူ အမေမြ (သား) ကိုမြင့်အောင် အိမ်မှာ ရက်ရှည် တည်းခိုရသည်။ နောက်ဆုံး ဦးအုံးဖေသည် ကျွန်တော်နှင့်အတူလိုက်ပါသည်။ ပခုက္ကူ သားများလာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။

ဦးလေးအုံးနှင့် ဆရာတို့ရောက်နေတယ်ကြားလို့လာပြီးနှုတ်ဆက်တာပါဟု ဆိုသည်။

ကျွန်တော်က ဦးစိုးဝင်း၊ စာရေးဆရာ တက္ကသိုလ် စိုးယဉ်ပါ။ ကဗျာတွေရေးပါ သည်ဟုဆိုသည်။ သူ့မှာပါလာသော လွယ်အိတ်ကြီးကိုချပြီး သူ့စာမူများကို ရှာနေ သည်။ တစ်ရွက်ပြီးတစ်ရွက်ထုတ်ပြသည်။ ထိုအချိန်မှစပြီး တက္ကသိုလ်စိုးယဉ်နှင့် ကျွန်တော်သည် ခင်မင်လာသည်။ ပို၍ခင်မင်ရသည်မှာ သူကမြစ်ခြေမြို့မှာ ကြီးပြင်းခဲ့ရ သူဖြစ်သည်။ သူ့ အဖေက ပွဲစားတဲ့၊ ကျွန်တော့်ယောက္ခမကလည်း မြစ်ခြေမှာနေခဲ့သည်။ သူ့မောင်ဆရာကြီး ဦးမြင့်သိန်း (ပင်လုံခွန်) ကလည်း မြစ်ခြေမှာ စံပြပညာတတ်၊ တက္ကသိုလ်စိုးယဉ်နှင့် သူ့ဖခင်တို့က ကျွန်တော့်ယောက္ခမတို့ မိသားစုကို အလွန်လေးစား ချစ်ခင်ကြသည်။

ထီလာစစ်သူ၊ မောင်ဆုရှင်၊ ဦးတင်အောင်အေး၊ ပခုက္ကူမှ ဆရာကြီး ဦးမြင့်အောင်တို့သည် ဦးအုံးဖေစာပေဆုစည်းမျဉ်းရေးဆွဲပြီး အလှူငွေ (၇၆) သိန်း ပေးအပ်ပွဲလုပ်ချိန် နီးလာသည်။ ကျွန်တော်လည်း ရန်ကုန်မှာနေရသည့်ရက်က များလာသည်။ စာပေလောကသားများနှင့် ပိုမိုနီးကပ် ဆက်ဆံလာရသည်။ မောင်ဆုရှင် ရုံးခန်းသည် ကျွန်တော်တို့ရုံးခန်းလိုဖြစ်လာသည်။ စာရေးဆရာ ကျော်အောင်၊ စောမုံညင်း၊ မစန္ဒာတို့နှင့် ရင်းနှီးလာရသလို တက္ကသိုလ်စိုးယဉ်နှင့် မကြာခဏဆုံဆည်းရသည်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ ပခုက္ကူ မြစ်ခြေအကြောင်းပြောရလျှင် မောသည် မရှိ။ ၁၉၉၃ ခုနှစ်၊ ဦးအုံးဖေစာပေဆုပေါ်ပေါက်လာသောအခါ ပခုက္ကူသား စာရေးဆရာများ ပိုမိုထိတွေ့လာကြသည်။ ကျွန်တော်လည်း ပခုက္ကူထက်ရန်ကုန်မှာ အနေများလာသည်။ သာကေတမှာ မြေကွက်တစ်ကွက်ဝယ်ပြီး တိုက်တစ်လုံးဆောက်လိုက်သည်။ ရန်ကုန်လာလျှင် တည်းခိုရန်ဖြစ်သည်။ တဖန် ရွှေပုံတောင်ကုမ္ပဏီကို တည်ထောင်သည်။ ထုတ်ကုန်နှင့် သွင်းကုန်ကုမ္ပဏီကိုတည်ထောင်သည်။ ထုတ်ကုန်သွင်းကုန်ကုမ္ပဏီ လုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို လုပ်ကိုင်သည်။ ပခုက္ကူမှ သူဌေးများ စုပေါင်း တည်ထောင်ထားခြင်းဖြစ်သည်။ ကျွန်တော်က မန်နေဂျင်းဒါရိုက်တာလုပ်သည်။ ရန်ကုန်မြို့ (၂၈) လမ်းတွင် တိုက်ခန်း (၂) ခန်းကိုဝယ်ပြီး ကုမ္ပဏီရုံးခန်း ဖွင့်လိုက်သည်။

ကျွန်တော့်ကုမ္ပဏီရုံးခန်းတွင် စာရေးဆရာများမကြာခဏဆုံကြသည်။ ချစ်စံဝင်း၊ ကိုမြတ်ခိုင်၊ မောင်ဆုရှင်တို့က အမြဲပါသည်။ တက္ကသိုလ်စိုးယဉ်ကတော့ တရားသမား (အရက်မသောက်) လို့ နံနက်ခင်း၊ နေ့လယ် တို့မှာလာပြီး စကားစမြည်ပြောကြသည်။ ၁၉၉၆ ခုနှစ်တွင် ပင်လုံခွန်သည် နိုင်ငံရေးစာပေဖြင့် စာပေဗိမာန် ပထမဆုရသည်။ ဦးစိုးဝင်းသည် သူ့အစ်ကိုကြီးလို ချစ်ခင်လေးစားသူဖြစ်၍ ကျွန်တော်၏ ရုံးခန်းသို့ မကြာ မကြာလာပြီး စကားပြောကြသည်။ ထို့နောက် ကျွန်တော်သည် ရန်ကုန်နှင့် အဆက်ပြတ်သွားသည်။ ရောက်လျှင်တော့ ပခုက္ကူသားစာရေးဆရာ မြသန်းတင့်၊ တင်မိုးတို့နှင့် မြတ်ခိုင်၏ ကြီးပွားရေးစာပေတိုက်မှာ တွေ့ကြဆုံကြသည်။

တက္ကသိုလ်စိုးယဉ်သည် မြဝတီစာပေတိုက်တွင် ငွေတာရီမဂ္ဂဇင်း အယ်ဒီတာ လုပ်နေသည်။ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌတာဝန်ယူ ဆောင်ရွက်နေသည်။ မကြာခဏရန်ကုန်မှာ တွေ့ဆုံရသည်။ သူ့အိမ်သို့လည်း မကြာခဏ အလည်ရောက်သည်။ ကျွန်တော် စာပေဆုအမျိုးမျိုး ရရှိသည့်အခါတိုင်း ကျွန်တော့်ကို လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။ ဂုဏ်ပြုစကားပြောသည်။ သူသည် ဟန်ပြော

လုပ်ပြောမဟုတ် တကယ့်ကိုဝမ်းသာဂုဏ်ပြုကြောင်း သူ့မျက်နှာပေါ် လွင်သည်။ ကျွန်တော့် အပေါ် မှာသာမဟုတ်။ သူသည် မည်သူ့ကိုမဆို ချစ်ခင်လေးစားတတ်သူဖြစ်သည်။ လောဘမရှိ၊ ဒေါသမရှိ၊ မာနမရှိ အမြဲတမ်းပြုံးရွှင်နေသူဖြစ်သည်။ လူချစ်လူခင်ပေါ များသည်။ ပခုက္ကူအသင်း (ရန်ကုန်) မှာလည်း မကြာခဏတွေ့ဆုံရသည်။ သူနဲ့ တွေ့တိုင်းတွေ့တိုင်း လွယ်အိတ်ကြီးကိုချပြီး သူ့စာ၊ သူ့ကဗျာများကို ပေးတတ်သည်။ အခုမတွေ့ရတာ (၁၀) နှစ်လောက် ကြာလေပြီ၊ ကျန်းကျန်းမာမာရှိကြောင်းသိရ၍ ဝမ်းသာရသည်။ သူနှင့်ကျွန်တော်မှာ လကြီးလငယ် သက်တူရွယ်တူများဖြစ်သည်။

လွတ်အိတ်ကြီးတစ်လုံးနှင့်ပြုံးနေသူ ဦးစိုးဝင်း၊ မြစ်ခြေ၊ စဉောင်းရွာသား၏ ပုံရိပ်ကားယနေ့အထိ ကျွန်တော့်မျက်စိထဲက မထွက်။

* မသေခင်မွေး ၊ သေလည်းမွေးတဲ့
အမွေးနံ့ပိုင်ရှင် ၊ ဖြစ်ချင်သလား။

* မသေခင်ပုပ် ၊ သေလည်းပုပ်တဲ့
အပုပ်နံ့ပိုင်ရှင် ၊ ဖြစ်ချင်သလား။

* ကိုယ့်သမိုင်းကို ၊ ကိုယ်ပင်ရေးကြ
သမိုင်းလှအောင် ၊ လူ့ဘောင်ကောင်းကျိုး
အများကျိုးအတွက် ၊ မဖက်အတ္တ
ပရဟိတ၌ ပြုလုပ်ကြမှ ကိုယ့်သမိုင်းလေး လှမည်ပ။

သူ့ကဗျာလေးက ကျွန်တော့်အတွက် လမ်းညွှန်ဖြစ်ခဲ့ရပါတော့သည်။

ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၍ အသက်ရာကျော် ရှည်ပါစေ။ ။

xxx xxx xxx

**ဒေါက်တာသက်လွင် (ပခုက္ကူ)**
အမျိုးသားစာပေဆုနှင့် စာပေဗိမာန်ဆုရ

# စာပေဒါနရှင် တက္ကသိုလ်စိုးယဉ်

ကျွန်တော်သည် ပခုက္ကူဦးအုံးဖေ တည်ထောင်ဖွင့်လှစ်ခဲ့သော ဦးအုံးဖေ စာကြည့်တိုက်မှ ကြီးကြပ်ရေးမှူး ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်မှ ယနေ့ထိစာကြည့်တိုက် ဝန်ထမ်းဖြစ်ပါသည်။ စာပေဝါသနာရှင်၊ စာရေးလိုသော ဆန္ဒကြောင့် ဦးအုံးဖေ စာကြည့်တိုက်၌ အလုပ်လုပ်ခြင်းဖြစ်ပါသည်။

စာဘဏ္ဍာ စာကြည့်တိုက်၏ဝန်ထမ်းဘဝဖြတ်သန်းခဲ့သော အတွေ့အကြုံ အရ စာကြည့်တိုက်သို့ လှူချင်တန်းချင်သူနည်းပါးလှပါသည်။ ရပ်ကွက်ထဲသီချင်းဆိုကြ သည့်အခါ သီချင်းဆိုသူကို ဆုငွေများချီးမြှင့်ပေးကမ်းတတ်ကြပါသည်။

သို့သော် စာကြည့်တိုက်သို့ စာအုပ်၊ ငွေကြေးလှူဒါန်းသူများ နည်းပါးလှပါ သည်။ စာကြည့်တိုက်သို့ စာအုပ်၊ အလှူငွေလှူဒါန်းလျှင် ကုသိုလ်အရနည်းလှသည်ဟု ထင်မှတ်မှားနေကြလေရော့သလားမသိပါ။

ရှားပါးလှသော အလှူရှင်ထဲမှ ပခုက္ကူဒေသသား တက္ကသိုလ်စိုးယဉ်သည် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သို့ ငွေသိန်းဂဏန်းလှူခြင်း၊ စာအုပ်များလှူဒါန်းခြင်းကို ကျွန်တော်လက်ခံခဲ့ရဖူးပါသည်။

ကျွန်တော်သည် စာဖတ်ဝါသနာရှင်တစ်ဦးဖြစ်ပါသည်။ ဒေသသံယောဇဉ် ကြောင့် တက္ကသိုလ်စိုးယဉ် (ဦးစိုးဝင်း) က ကလေးကဗျာများကို ရေးသားခဲ့ကြောင်း သိနေပါသည်။

ကလေးကဗျာရေးသားခြင်းအတတ်ပညာသည် လွယ်ကူသည်တော့မဟုတ်ပါ။ ကလေးချစ်တတ်ခြင်း၊ အနာဂတ်ကာလဖူးပွင့်ဝေဆာလာမည့် ခေါင်းဆောင်လောင်းများ တို့အတွက် ရေးသားစပ်ဆိုခြင်းသည် နှလုံးသားနူးညံ့ပျော့ပျောင်းသူ၊ ကလေးပညာရေး စိတ်ဝင်စားကူညီထောက်ပံ့သောစိတ်စေတနာကြောင့်သာ ရေးဖွဲ့နိုင်ပါမည်။

တက္ကသိုလ်စိုးယဉ်သည် လူမှုရေးအသင်းအဖွဲ့များတွင် ကာလနှစ်များစွာ ထမ်းဆောင်ခဲ့ကြောင်းသိရသဖြင့် ပရဟိတစိတ်ထား၊ အများအတွက်အချိန်ပေး၍ ကုသိုလ်ယူသူဖြစ်၍ ချီးကျူး လေးစားမိပါသည်။ ထိုထိုသော လူမှုရေး အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခဲ့၍ ဘာသာသာသနာလူမှုရေးဆိုင်ရာ "မဟာမင်္ဂလမေဓာဇောတိက ဓဇ" ဘွဲ့ရရှိခြင်းဖြစ်ပါသည်။

ဆရာကြီး တက္ကသိုလ်စိုးယဉ်၏ ဒေသ၊ ပခုက္ကူမြို့နယ်၊ စညောင်းကျေးရွာမှ ဘုရားကြီး၌ ဆရာ့မိသားစုအမည်နှင့် အလှူကမ္ပည်းများ တွေ့ခဲ့ရသဖြင့် သာဓုအကြိမ်ကြိမ် ခေါ်ဆိုခဲ့ဖူးပါသည်။

ဆရာတက္ကသိုလ်စိုးယဉ်၏ အသက် (၈၀) ပတ္တမြားရတုမှသည် နှစ်ပေါင်း ရာကျော်ထိ ကျန်းမာချမ်းသာစွာဖြင့် စာပေဒါန၊ လူမှုရေး ပရဟိတနှင့် စာပေရေးသား ခြင်းများကို ဆက်လက်ရေးသားနိုင်၍ ဘဝအေးချမ်းသာယာစွာ ရှိပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။ ။

××× ××× ×××

**စာဘဏ္ဍာမြဝင်း**
ကြီးကြပ်ရေးမှူး
ဦးအုံးဖေစာကြည့်တိုက်၊ ပခုက္ကူမြို့

# တိမ်တောက်ချိန်ခါ သူငယ်ချင်း

(၇-၃-၂၀၂၀) ပခုက္ကူခရိုင်အသင်း (ရန်ကုန်) ရဲ့ လပတ်အစည်းအဝေး အပြီးမှာ 'ဝေဖန်ချက်ကလေးချီးမြှင့်ပေးပါ' ဆိုသော စာရွက်ထပ် ကလေးလာရောက်ပေးတဲ့သူက ကျွန်တော်နှင့်အသက်တူ တက္ကသိုလ်စိုးယဉ် ခေါ် ဦးစိုးဝင်းဖြစ်ပါတယ်။ သူ့ရဲ့အသက် (၈၀) ပြည့် ပတ္တမြားရတုစာအုပ် ထုတ်ဝေရန်အတွက်ဟုပြောပြီး ထွက်သွားပါသည်။

ခက်တော့ခက်နေပြီ မိမိကို အဝေဖန်ခံရဖို့ဆိုတာ နည်းတဲ့စိတ်ဓာတ် မဟုတ်သလို သူများကိုဝေဖန်ဖို့ဆိုတာကလည်း ကိုယ့်မှာတိုင်းဖို့တာဖို့ ပေတံကောင်းကောင်းရှိဖို့လိုတာကြောင့် လွယ်သည့်အလုပ်တော့မဟုတ်။ ဝေဖန်မယ်ဆိုရင်လည်း သူ့ရဲ့ကောင်းကွက်၊ ဆိုးကွက်၊ မှန်ကွက်၊ မှားကွက်တွေကို ထောက်ပြရပေဦးမယ်ပေါ့။ ဒါကြောင့်လည်း ဒီလူနဲ့ကိုယ်နဲ့တွေ့ကြုံ ရင်းနှီးခဲ့ကြတဲ့ လွန်ခဲ့တဲ့ (၁၅) နှစ်လောက်ကို မြင်နိုင်သမျှ နောက်ကြည့်မှန်မှာ ကြည့်ရမှာဖြစ်ပါတယ်။

၂၀၀၅ ခုနှစ်လောက်ကပါ။ ငယ်သူငယ်ချင်းတင်မောင်ဝင်းက ပခုက္ကူအသင်း (ရန်ကုန်) မှာ ဥက္ကဋ္ဌဖြစ်တော့ သူ့ကောင်းမှုကြောင့် ကျွန်တော်က အသင်းအတွင်းရေးမှူး ဖြစ်သွားခဲ့ပါတယ်။ အဲဒီမှာ ရေစက်ဆုံလိုက်ရတာက တွဲဖက်အတွင်းရေးမှူး ကိုစိုးဝင်းပါပဲ။

လူပုံကိုကြည့်တော့ အဲဒီခေတ်က ကျော်ကြားနေတဲ့အနုပညာ သမားဇာဂနာနဲ့တူသလိုလို၊ ရုရှားဝန်ကြီးချုပ် ကရူးရှော့နဲ့လား၊ အမေရိကန်သမ္မတ အိုင်စင်ဟောင်ဝါလား၊ ပြင်သစ်ပန်းချီဆရာ ပီကာဆိုနဲ့လား တူသလိုလိုအောက်မေ့ရပါရဲ့။ ဒါပေမဲ့ ဘယ်လိုလူမျိုး ဘယ်ဘာသာနဲ့ပဲ ဘာသာပြန်ပါစေ သူ့မျက်နှာကတော့ ရိုးသားမှုနဲ့နိမ့်ချမှုကတော့ ပေါ်နေခဲ့ပါတယ်။ တိုက်ပုံအင်္ကျီအမြဲဝတ်၊ လွယ်အိတ်တစ်လုံးကိုလွယ်၊ စကားပြောလိုက်ရင်လည်း စာသံပေသံနဲ့၊ အစည်းအဝေးတွေမှာလည်းပြောစရာရှိရင် မနေတမ်း အာပေါင်အာရင်း သန်သန်နဲ့ပြောတတ်ပေမယ့် သူပြောတာတွေက သူတစ်ပါးကို နှိမ့်ချတဲ့ ထိခိုက်တဲ့စကားလုံးများ မပါတာကိုတော့ သတိထားမိပါတယ်။ တော်တာကတော့ သူ့ကိုဝေဖန်ရင် စိတ်မဆိုးတတ်တာပါပဲ။ အတော်ဆုံးအကျင့်ကတော့ သူကိုယ်တိုင်ဝင်ပြီး မလုပ်နိုင်တဲ့ အလုပ်မှန်သမျှ သူများတွေလုပ်တဲ့အလုပ်ကို အပြစ်မတင်တဲ့အပြင် ချီးမွမ်း စကားအမြဲပြော၊ အမြဲရေးတတ်တဲ့အကျင့်ပါပဲ။

ကျွန်တော်က အတွင်းရေးမှူး၊ သူက တွဲဖက်အတွင်းရေးမှူးဆိုပေမယ့် အသင်းအလုပ်တွေကို ကျွန်တော်ကပဲဒိုင်ခံလုပ်ရပါတယ်။ သူကတော့ အဲဒီအချိန်ကတည်းက မြို့နယ်စာရေးဆရာအသင်းကိစ္စ၊ ဗဟိုအသင်းကိစ္စ၊ မဟာစည်သာသနာ့ရိပ်သာ အယ်ဒီတာအလုပ်၊ ပိုင်အမ်ဘီအေအသင်းအလုပ်တွေအပြင် အခြားမဂ္ဂဇင်းစာပေကိစ္စတွေနဲ့ အတော်လေးအလုပ်ရှုပ်နေတဲ့သူဖြစ်ပါတယ်။ အလုပ်တွေများလို့ မလုပ်နိုင်ပေမယ့်တွေ့တဲ့အခါမှာတော့ ကျွန်တော်တို့ကိုပြောတဲ့ သူ့ရဲ့ချီးမွမ်းစကား၊ ထောပနာစကားလေးတွေက သူ့ကိုအပြစ်မတင်ရက်အောင်ဖြစ်သလို အားဆေးလည်းဖြစ်ခဲ့ရပါတယ်။

သူ့ရဲ့ဇာတိချက်ကြွေမွေးရပ်မြေကတော့ ပခုက္ကူခရိုင် မြစ်ခြေ မြို့နယ်ထဲက "စညောင်း" ဆိုတဲ့ ရွာငယ်လေးပါ။ ထူးခြားတဲ့ဒီအမည်လေး ကလည်း ဆိုလိုကောင်း၊ မှတ်လို့ကောင်းတဲ့ အမည်လေးပါ။ စပ်မိတုန်း ပြောရမယ်ဆိုရင် ၂၀၁၃ ခုနှစ်က ပခုက္ကူခရိုင်တစ်ခုလုံး ကြုံလိုက်ရတဲ့ ရေဘေးမှာ စညောင်းရွာကော ရေမြုပ်သွားခဲ့ပါတယ်။ ပခုက္ကူကနေ ဆိပ်ဖြူကိုသွားတဲ့လမ်း၊ တန့်ကြည်တောင်ပေါ်ရှိ မိုင်တိုင်အမှတ် ၃၄/၄ ကနေပြီး ညာဘက်ကို တမေ့တမောဆင်းသွားရတာပါ။ ဟိုရှေးခေတ်က မပြောနဲ့ အဲဒီကာလမှာတောင် ကားလမ်းမရှိ လှည်းလမ်းပဲရှိတဲ့နေရာ၊ အလွန်ဝေးလံ ခေါင်သီ ချောင်ကျလွန်းတဲ့နေရာပါပဲ။ ဒါကြောင့်လည်း ၁၉၅၀ ဝန်းကျင်က အလံနီ၊ အလံဖြူ သခင်သန်းထွန်းရဲ့ အမာခံနယ်မြေလို့ကြားဖူးခဲ့ပါတယ်။ စညောင်း၊ ဒယ်ပြား၊ မိကျောင်းကွင်းဆိုတဲ့ရွာတွေက ယောချောင်းကြီးကို မေးတင်နေပြီး မော်တော်ဆိုင်ကယ်၊ စက်ဘီးများတောင် လှည်းလမ်းဘီးရာ ထဲမကျအောင် ထိန်းသွားနေရတဲ့နေရာတွေပါပဲ။ သတိရတုန်းပြောရဦးမယ်။ ပခုက္ကူမမွှာရုံမှာ လစဉ်ဝိပဿနာတရား ဟောကြားနေတဲ့ ရွှေမြင်းမိုရ်ဆရာတော် ဦးသောဘဏ ပိဋကတစ်ပုံအောင် ကမ္မဋ္ဌာနာစရိယကို မေးလျှောက်ဖူးပါတယ်။ "ဆရာတော်က ဘယ်ဇာတိပါလဲဘုရား"လို့၊ ဆရာတော်ပြန်ပြောတာက "ကျုပ်က ရွှေဘိုနယ်ကပါ။ မန္တလေးကနေ ရွှေဘိုကို မီးရထားနဲ့သွား၊ ရွှေဘိုကနေ မော်တော်ကားတစ်ဆင့်စီး၊ နောက် နွားလှည်းနဲ့ဆက်သွားပြီး နောက်ဆုံးခြေကျင်လျှောက်မှရောက်တဲ့ရွာကပါဗျ။ အလွန်သွားရေးလာရေးခက်ပြီး ဖွံ့ဖြိုးမှုလည်းနည်းပါတယ်။ တစ်ရွာလုံးမှာ ဘွဲ့ရတဲ့သူဆိုလို့ ကျုပ်တစ်ယောက်ပဲရှိတာ။ ဒါတောင်ဘုန်းကြီးဘွဲ့ဗျ" လို့ မိန့်ကြားတာကို သတိရမိပါတယ်။ ခုလဲ စညောင်းရွာကိုရောက်တော့ ဦးစိုးဝင်းရဲ့ ငယ်ဘဝကဆိုရင် နေမှုထိုင်မှု၊ သွားရေးလာရေး၊ ပညာသင်ကြားရေးအားလုံး ဘယ်လောက်ခက်ခဲမလဲဆိုတာ တွေးမိပါတယ်။ ဒီအခြေအနေထဲကနေပြီး သားတစ်ယောက်ကို ထွန်းပေါက်

အောင်ပျိုးထောင်ပေးလိုက်တဲ့ သူ့ရဲ့မိဘနှစ်ပါးရဲ့ အမြင်ကျယ်မှုခေတ်မီမှုကိုလည်း မချီးကျူးပဲမနေနိုင်အောင် ဖြစ်မိပါတယ်။ ဒါကြောင့်လည်း တစ်ရွာလုံးတစ်နယ်လုံးမှာ ဘွဲ့ရသူတစ်ဦးတည်းသာရှိတဲ့ ဦးစိုးဝင်းက "တက္ကသိုလ်" ဆိုတဲ့ စာလုံးကို ကလောင်အမည်ရှေ့မှာ တပ်လိုက်တာဟာ သင့်တော်မှန်ကန်တယ်လို့ ပြောရမှာပါပဲ။

ရေဘေးအလှူကိုသွားတဲ့ ကျွန်တော်တို့အဖွဲ့ စညောင်းရွာကိုရောက်တော့ လူတွေက ခရီးပန်းနေကြပါပြီ၊ အဲဒီမှာ အမောပြေဆိုပြီး ကျွန်တော်က ရီစရာတစ်ခု ပြောလိုက်ပါတယ်။ "ဒီရွာက စညောင်းဆိုတဲ့ ရွာပေါ့။ ဦးစိုးဝင်းမွေးခဲ့တဲ့ရွာလေ၊ ဦးစိုးဝင်း ဘွဲ့ရလို့ရွာကိုပြန်လာတော့ ဒီရွာကလူတွေက ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်း၊ အကအခုန် အတီးအမှုတ်တွေနဲ့ ရွာထိပ်ကနေ ကြိုကြတာ၊ ရွာဦးကျောင်းဆရာတော်က ဦးဆောင်လို့ပေါ့။ အဲဒီအချိန်မှာ ဦးစိုးဝင်းတစ်ယောက်ကတော့ ကကြိုးဆင်ထားတဲ့ လှည်းယာဉ်ကြီးပေါ်မှာ ဘွဲ့ဝတ်စုံကြီးကိုဝတ်လို့ ပြုံးပြုံးကြီးထိုင်ပြီး လက်ပြလို့ မြင်ယောင်သေးတယ်" လို့ ပြောလိုက်တော့ ထွေးညိုတို့ဝိုင်းထဲက ရှင်မတောင်မောင်မျိုးဆင့်က "ဒီလိုနေရာမျိုးမှာ တကယ်ကိုအဲလိုလုပ်ရမှာ လုပ်သင့်တာပေါ့" လို့တောင် ပြန်ပြောပါသေးတယ်။ ပန်းချီကျော်ဖြူစံကတော့ "အလံနီထဲဝင်ပြီး အလံနီဗိုလ်ဖြစ်မသွားတာ တော်သေးတာပေါ့" လို့ ဝင်ထောက်လိုက်တော့ ဂုတ်ဆာတင်အေးကလည်း သူ့ဝသီအတိုင်းပါပဲ "ဒီလူက ဒီလောက်ကြီးကျယ်နေတာ ဒီလိုနေရာကလို့ မထင်ခဲ့ဘူးကွ။ ဒါဆိုတော့ ဒီလူအလွန်တော်တာပဲကွ" လို့ ချီးမွမ်းလိုက်ပါတယ်။

စညောင်းရွာဆိုတာ ဦးစိုးဝင်းရဲ့ရွာလို့သာဆိုတာပါ။ တကယ်တော့ ဦးစိုးဝင်းဟာ ပခုက္ကူနယ်တဝိုက်သာမက တစ်ပြည်လုံးကျင်လည်ပြီး ပညာသင်ကြားခဲ့တယ်လို့ ပြောရမလားမသိပါ။ ဘာကြောင့်လည်းဆိုတော့ မြစ်ခြေမြို့နယ်အသင်း၊ ဆိပ်ဖြူမြို့နယ်အသင်း၊ ကမ္မမြို့နယ်အသင်း၊ ပခုက္ကူမြို့နယ်အသင်းတို့မှာသာမက ဒိုက်ဦးမြို့နယ်အသင်းမှာလည်း နာယကအဖြစ်ဆောင်ရွက်နေတာတွေ့နေရလို့ပါပဲ။ ပခုက္ကူခရိုင်အသင်း (ရန်ကုန်) ဆိုပြီး ပြန်လည်ဖွဲ့စည်းတဲ့အခုအချိန်မှာတော့ သူရောကျွန်တော်ပါ နာယက များအဖြစ်နဲ့ ဆုံကြပြန်ပါပြီ။ တကယ်တော့လည်း အသင်းမှာ အသက် (၈၀) ဝန်းကျင်အရွယ်နဲ့ အစည်းအဝေးမှန်မှန်တက်ပြီး အားကြီးမာန်တက် စိတ်သွားတိုင်း ကိုယ်ပါ ဆောင်ရွက်နိုင်တာက သူရယ်ကျွန်တော်ရယ် ဦးအေးသောင်ရယ် သုံးယောက်ပဲ ရှိတော့တာလေ။ ကျန်တဲ့အတော်များများကတော့ ရွှေကုန်နဲ့ကုန်ကြပါပြီ။ သူနဲ့တွေ့တဲ့ အခါတိုင်း ပြောလေ့ရှိတာကတော့ "ခင်ဗျား မြန်မာနိုင်ငံစာရေးဆရာအသင်း မဝင်သေး

ဘူးလား။ ဝင်တော့လေ၊ ဒါလောက်စာတွေရေးနေတာ၊ ကျွန်တော်ကူညီလုပ်ပေးမယ်” ဆိုတာပါပဲ။ သူကလည်း မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟိုအလုပ်အမှုဆောင် ဆိုတော့ သူတတ်နိုင်တဲ့ဘက်က စေတနာအပြည့်နဲ့ပြောတာပါ။ ကျွန်တော်ကလည်း ၁၉၆၂ လောက်ကတည်းက လျှောက်လွှာတင် အသင်းဝင်မလုပ်ခဲ့ပါဘူး၊ ဂေါက်သီး ကစားကွင်းစကားနဲ့ပြောရရင် D.Q (Disqualify) အရည်အသွေး မမှီသေးဘူးလို့ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်လို့ ပါ။ ပြည်သူတွေအတွက် အကျိုးပြုမယ့်စာတွေ၊ ဆက်တိုက် မရေးနိုင်ဘဲနဲ့ မဝင်ချင်တဲ့သဘောပါ။ ကနေ့အချိန်အထိ အသင်းဝင်ဖို့အတွက် သူကလည်း အကြိမ်ကြိမ်တိုက်တွန်းဆဲ ကျွန်တော်ကလည်း ငြင်းဆိုဆဲပါပဲ။

ဦးစိုးဝင်းနဲ့ ကျွန်တော်တို့ရဲ့ ဆယ်ငါးနှစ်ကျော်ကာလ ဆက်ဆံရေးကတော့ အကောင်းမြင်ဝါဒသမားချင်းမို့ ချောမွေ့ဆဲပါပဲ။ အရွယ်မတူပေမယ့် အသက်တူတွေ ဖြစ်တာရယ်၊ နှစ်ဦးစလုံးကို ရစ်ပတ်ထားတဲ့စာပေနဲ့ ပခုက္ကူခရိုင်အသင်းဆိုတဲ့ သံယော ဇဉ်ကြိုးတွေကြောင့် ပျော်ပျော်ပါးပါးနဲ့ပဲ လုပ်ကြကိုင်ကြအော်ကြဟစ်ကြဆဲပါပဲ။ အသက် အရွယ်အရ ရွှေလမ်း၊ ငွေလမ်းလည်းလျှောက်ခဲ့ဖူး၊ ရှင်ကြီးဝမ်းရှင်ငယ်ဝမ်းလည်း ဝင်ဖူးကြတဲ့သူတွေမို့ ကိုယ်အတွေ့အကြုံအရ ကိုယ်ထင်ရာကိုယ်ပြောကြလို့ ပတ်ဝန်း ကျင်က လက်ခုပ်တီးကြသလို လက်မခံကြရတာတွေလည်းရှိပါရဲ့။ ဒါကြောင့် ဦးစိုးဝင်းကို ပြောချင်ပါတယ်။

မြတ်ဘုရားရဲ့ဟောကြားချက်အရဆိုရင် ကျုပ်တို့လူသားရဲ့ သက်တမ်းက ကနေ့အချိန်မှာ ၇၄ နှစ်ဆိုပြန်တော့လည်း ကျုပ်တို့တတွေဟာ သက်တန်းလွန်လို့ နေဝင်ခါနီးအချိန်ဆိုပါတော့။ နေဝင်ချိန်မှာ တောက်ပတဲ့တိမ်ပန်းချီရဲ့အလှကို မင်းသား ကြီးဦးရာမြတ်ခေါ် ဦးမောင်ကလေးက “စိန်ခြယ်ဖြာရောင်လင်း” ဆိုတဲ့တေးသီချင်းနဲ့ ရေးဖွဲ့ခဲ့တာဖြင့် အလွန်သာယာပျော်ဘွယ်ဖြစ်လို့ မြန်မာ့ဂီတမှာ ဂန္ထဝင်တေးတစ်ပုဒ် အဖြစ် ကျန်ခဲ့ပါတယ်။

ဦးစိုးဝင်းကလည်း နေဝင်တဲ့တိမ်တောက်ချိန်မှာ အများအတွက် လှပတဲ့ ရောင်စုံစာ ပန်းချီတွေပြောင်မြောက်စွာ ခြယ်သနိုင်ပါစေလို့ တိုက်တွန်းလိုက်ရကြောင်း ပါခင်ဗျား။ ။

××× ××× ×××

မောင်ဝင့်ကြည် (ပခုက္ကူ)

# မိတ်ဆွေကြီးဦးစိုးဝင်း

ဘုံသုံးဆယ်တစ် ဖြစ်ဖြစ်သမျှ ဘုံဘဝတွေထဲမှာ ဦးစိုးဝင်းတို့ ကျွန်မတို့ရနေတဲ့ လူ့ဘုံလူ့ဘဝက အမြင့်မြတ်ဆုံးဘုံဘဝလို့ ထီးချိုင့်မြို့ တည်တောဆရာတော်ကြီးရဲ့ "ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ"မှာ ဖတ်ရ၍မှတ်ထားမိပါတယ်။

"မနောဥဿန္နံ ယေသန္တိမနုဿာ၊ ယေ-အကြင်သတ္တဝါတို့၏ မနောစိတ်သည် အလွန်မြတ်၊ အလွန်ထက်မြက်၏။ ဟောတိ-ဖြစ်၏" တဲ့။

ဦးစိုးဝင်းစာအုပ်အတွက် စာရေးမလို့ပြင်နေတဲ့အခိုက် ကြိုက်လွန်းလို့ကူးထားတဲ့ စာရွက်ကလေးကိုတွေ့ပါတယ်။ ပြီးတော့ ပထမဦးဆုံး ဦးစိုးဝင်းနဲ့တွေ့ခဲ့တာလေးကို မြင်ယောင်နေမိပါတယ်။

"သူ" ဦးစိုးဝင်း သူ့ပုံပန်းကမြင်လိုက်တာနှင့် အညာသားမှန်း သိသာသည်။ လွယ်အိတ်ကိုလွယ်လျက် စာအုပ်တစ်အုပ်ကို လက်တစ်ဖက်ကကိုင်ရင်း သူကိုယ်လုံး ပုတိုက်တိုက် ဦးလေးဦးအုံးဖေကို ရင်ထဲကအပြုံးနှင့်အားပါးတရကြိုနေတဲ့ပုံကို ဦးလေး နဘေးကနေပြီး ကျွန်မကြည့်နေမိပါသည်။ ကျိုက္ကစံကွင်းမုခ်အနီးက ပခုက္ကူက ဦးအုံးဖေ စာပေဆုပေးပွဲလာတဲ့ ဦးလေးအုံးနဲ့အဖွဲ့ကို ကြိုနေကြတဲ့ စာရေးဆရာကြီးများအတွင်းမှ သူက လက်နှစ်ဖက်ဆန့်တန်းပြီး ပြုံးနေတဲ့သူ့မျက်လုံးက ကားအကြာကြီးစီးလာရလို့ မူးနောက်နောက်ဖြစ်နေတာတွေ ပျောက်သွားပါတယ်။ ကာတွန်း စံရွှေမြင့်ပုံမြင်ယောင် လာလို့ပါ။ (စိတ်မဆိုးပါနဲ့ ခံစားခဲ့ရတဲ့အတိုင်းပါပဲ)။

ဦးလေး ဦးအုံးဖေ၊ ပခုက္ကူရဲ့စာပေဆုပေးပွဲ အခမ်းအနားက ကျိုက္ကဆံကွင်း ထဲမှာ ကျင်းပပါတယ်။ ဦးလေးက မိတ်ဆက်ပေးတော့ သူက ကျွန်မကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပါတယ်။ အဲဒီပွဲမှာသူကပဲ စာရေးဆရာကြီးအတော်များများနဲ့ မိတ်ဆက်ပေး လို့မြန်မာနိုင်ငံစာရေးဆရာများအသင်း ဥက္ကဋ္ဌ ဦးဆောင်း၊ ဒေါ်ကြူကြူသင်း၊ ရွှေစင်ညို

(ဦးခင်ဆွေ)၊ မြတ်စိုး (လှိုင်)၊ မစန္ဒာ၊ မနှင်းဖွေး၊ ယုဝတီခင်စိန်လှိုင်၊ ဆရာမကြီး ဒေါ်ရင်ရင် (ဒေါ်စောမုံညင်း) စသည့် ပညာရှင်တွေနဲ့ ရင်းနှီးခင်မင်ခွင့် ရခဲ့ပါတယ်။ အစ်မကြီး ဒေါ်ကြွယ်ကြွယ်၊ ရွှေဘိုဒေါ်မိမိကြီး၊ မကျီးတန် (ကလော)၊ မမနု မစိမ်းနောင်တို့ ခြူးနွယ် (ပေါက်ခေါင်း) တို့နှင့်လည်း အိပ်ဆောင်အတူနေရင်း ခင်မင်ရင်းနှီးခဲ့ရတာ မမေ့နိုင်စရာပါ။

ကျွန်မတို့ သိကျွမ်းခင်မင်ခဲ့တဲ့တလျှောက် မြန်မာနိုင်ငံစာရေးဆရာအသင်းမှာ အမှုဆောင်တာဝန်ယူနေတာ ကြားသိရတော့ သူ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ မြစ်ခြေက ပခုက္ကူခရိုင်အတွင်းက ၂၇ မိုင် သာသာဝေးကွာတဲ့ အညာဒေသစစ်စစ်၊ ရှေးပုဂံ-ညောင်ဦးရဲ့ တစ်ဖက်ကမ်းက ကျွန်မဆွေမျိုးတွေရှိတဲ့အရပ်၊ သူက ကျွန်မရဲ့စာပေရောင်းရင်းပါ။

လွန်ခဲ့တဲ့နှစ်က သူ့ရဲ့မိတ်ဆွေတစ်ဦးက သူ့ရဲ့မိတ်ဆက်စာနဲ့အတူ ရောက်လာပါတယ်။ ဒီလူက လူမှုရေးလည်းအတော်လုပ်နိုင်တာပဲလို့တွေးပြီး အားကျမိပါတယ်။

ဦးလေးအုံး ကွယ်လွန်သွားပေမယ့် ဦးအုံးဖေ ပခုက္ကူရဲ့ စာပေဆုနှင်းပွဲတွေ နှစ်စဉ် ကျင်းပတဲ့အခါ ဝါသနာ၊ စေတနာအပြည့်နဲ့ လှုပ်ရှား လုပ်ကိုင်နေတဲ့သူ့ကို ကျွန်မက အမြဲကျေးဇူးတင်နေတယ်ဆိုတာပါ။ ပြောပြခွင့်ရပါပြီ။ ဝမ်းသာပီတိဖြစ်ရပါတယ်။ မိတ်ဆွေကြီးဦးစိုးဝင်း၊ ကျန်းမာ၊ လန်းဖြာပါစေကြောင်း ဆုတောင်းပေးပါ၏။ စာပေချစ်စိတ်နဲ့စာပေနဲ့ ပျော်နေတဲ့ ဦးစိုးဝင်း စာပေထဲက အမြတ်ဆုံးတရားတွေ့ပြီး အမြတ်ဆုံး ဘုံဘဝရပါစေဟု ဆန္ဒပြုလိုက်ပါတယ်။ ။

xxx xxx xxx

**မအေးငြိမ်း (ပခုက္ကူ)**
ဖုန်း - ၀၈၂-၂၁၇၇၉
၀၉-၂၃၀၅၁၁

# ဂုဏ်ချင်းထပ်၍ မြတ်လေသူ

ဆရာကြီး ဦးစိုးဝင်း (တက္ကသိုလ်-စိုးယဉ်)၏ အသက် (၈၀) ပြည့်မွေးနေ့အတွက် ဆောင်းပါးလေးတစ်ပုဒ်လက်ဆောင်ပေးသည့်အနေဖြင့် ဦးစွာပထမ "သက်ရှည်ကျန်းမာမင်္ဂလာပါ" "ပျော်ရွှင်ချမ်းမြေ့ ဘဝ တစ်ကွေ့" ဟု နှုတ်ဆက်ဆုတောင်းခြင်းဖြင့် အစပျိုးရပါတော့မည်။ ဆရာကြီး ဦးစိုးဝင်းကို ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့နယ်ခွဲ၊ စညောင်းကျေးရွာ အဖ ဦးသာတင့်၊ အမိ ဒေါ်အိမ်မြိုင်တို့မှ ၁၉၄၀ ပြည့်နှစ်၊ နိုဝင် ဘာလ၊ ၁၉ ရက် (အင်္ဂါနေ့) တွင် မွေးဖွားခဲ့သည်ဟု ကိုယ်ရေးအကျဉ်းကို သိရှိခဲ့ပါသည်။

ပခုက္ကူသည် ထင်ရှားသည့်ရဟန်းရှင်လူပညာရှင်များ ပေါ်ထွက်ရာဒေသဖြစ်ပြီး အုံ့ဘနန်းခန့်ညားထည်ဝါလှသည်။ စာသင်တိုက်ကြီးများ ရှိပါသည်။ ပခုက္ကူစာချနည်းကလည်း ထင်ရှားသည့် သာသနာ့ဂုဏ်ဆောင် နည်းပင်ဖြစ်ပါသည်။ ထို့တူမွေးနေ့ရှင်ဆရာကြီးဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) ကလည်း ခေသူမဟုတ်၊ ခေတ်ပညာတတ် B.A. (Hist.), M.A. (Q.) အောင်သူ အဘိဓမ္မာသင်္ဂြိုဟ် (၃)ပိုင်းနှင့် မဟာမင်္ဂလဓမ္မ ဇောတိကဓဇဘွဲ့ရရှိသူဖြစ်ပြီး Y.M.B.A. အသင်း၏ဥက္ကဋ္ဌ (၂၀၀၈-၂၀၁၀) အဖြစ် တာဝန်ယူခဲ့သူ ဖြစ်သည်။

ဆရာကြီးသည် ယခုအခါ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ ဒုတိယဥက္ကဋ္ဌ (၃) နှင့် စာပေအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့၊ မြို့နယ်အသင်းအဖွဲ့ များစွာတို့တွင် အသင်းအဖွဲ့၏ နာယက၊ ဥက္ကဋ္ဌ၊ စာတည်း၊ စာတည်းချုပ် အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိနေပါသဖြင့် ဆရာကြီး၏ ကိုယ်ကျိုးမပါသည့် ပရဟိတစိတ်ဓာတ်နှင့် စေတနာ၊ ဒါန၊ သီလ၊ ဘာဝနာပွားများ အားထုတ်မှုများကြောင့်သာ အသက်အရွယ်နှင့်မမျှ လူငယ်တစ်ဦးကဲ့သို့ လှုပ်ရှားသွားလာနေသည်မှာ ကုသိုလ်ကံထူးသည်ဟုပင် ဆိုရပါမည်။

ဆရာကြီးဦးစိုးဝင်းနှင့် သိကျွမ်းရသည်မှာ အချိန်ကာလအားဖြင့် (၁၀) နှစ်ခန့်ရှိပြီဖြစ်ပါသည်။ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း ပြန်လည်စတင်ဖွဲ့စည်းစဉ်ကဖြစ်ပါသည်။ ထိုစဉ်က ရန်ကုန်မြို့ ၃၇ လမ်း၊ ရွှေခရား လက်ဖက်ရည်ဆိုင်ဘေးက လူဝင်မှုကြီးကြပ်ရေးရုံးခန်းတွင် ဆရာ မောင်စေတနာ၊ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်စဉ်က ပထမဆုံးအစည်းအဝေးတွင် တွေ့ဆုံရခြင်း ဖြစ်ပါသည်။ ဆရာကြီးနှင့် ယခုအခါမှ စတင် သိကျွမ်းရသော်လည်း လွန်ခဲ့သောအနှစ် (၃၀) ခန့်ကပင် ဆရာကြီး၏ ညီအရင်းဖြစ်သူ ဆရာကြီးဦးသိန်းနိုင်နှင့် ပုသိမ်ဒီဂရီ ကောလိပ်သမိုင်းဌာနတွင် လုပ်ဖော်ကိုင်ဖက်၊ သမိုင်းမောင်နှမများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ ထိုစဉ်က

၁၉၉၂-၉၅ ခုနှစ်က ဆရာကြီးဦးသိန်းနိုင်က သမိုင်းဌာန-သမိုင်းပါမောက္ခ၊ စာရေးသူက လ/ထ ကထိက တာဝန်ထမ်းဆောင်နေစဉ်မှာပင် ဆရာကြီးသည် တတ်သိပညာရှင်များ အစုအဖွဲ့၏ ကိုယ်စားလှယ်အဖြစ် ရန်ကုန်တွင်ကျင်းပသည့် အမျိုးသားညီလာခံသို့ ကိုယ်စားပြုတက်ရောက်ရကြောင်းလည်းသိရပါသည်။ နောက်နှစ်များတွင် ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပါသည်။ ဆရာကြီး ဦးစိုးဝင်းကလည်း သမိုင်းအထူးပြု ဘာသာယူထားသူဖြစ်၍ သမိုင်းအမျိုးတော်စပ်သူဆွေတော်မျိုးတော်များဖြစ်နေကြပါသည်။

ဆရာကြီး ဦးစိုးဝင်းသည် သမိုင်းဘာသာရပ်ကို အထူးနှံ့စပ် သိကျွမ်းပိုင်နိုင်ထားသည့်ပြင် ဆရာ၏ စာပေ၊ ကဗျာကဏ္ဍများကို ဖတ်ရှုရသည့်အခါ ဆရာ့၏ ရင်တွင်းက စိတ်ဓာတ်အမှန်ကိုသိခွင့်ရခဲ့ပါသည်။ စာရေးသူတစ်ဦး၏ ဖော်ကျူးတင်ပြမှုတို့သည် စာရေးသူ၏ ဆန္ဒ ဇာတိ၊ အတွင်းသရုပ်ကို ဖော်ထုတ်နေခြင်းဖြစ်သည်ဆိုက မှားမည်မထင်ပါ။

ဆရာကြီး၏ ကဗျာကဏ္ဍတွင် **"အေးငြိမ်းသုခ"** ဟူသော ခေါင်းစဉ်လေးကို ဖတ်ရှုရသည့်အခါ **"ဒီပဲယင်းဆရာတော်ဘုရားကြီး ဟောကြားသော သတိ"** ဟူသည်မှာ ဟူသောတရားတော်ကို ပြန်လည်သတိရပူဇော်မိပါသည်။ "သတိ" ဆိုသည်မှာ "ကောင်းသောအာရုံ၌ စွဲမြဲခြင်း သဘောဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ **သတိဟူသည် စိတ်၏ အထိန်းအကွပ်ဖြစ်ပါသည်။** သတိကင်းမဲ့သောစိတ်သည် အကွပ်မဲ့ကြမ်းကဲ့သို့ ပရမ်းပတာဖြစ်သွားတတ်ပါသည်။ "သတိ" ဟူသော အထိန်းကင်းမဲ့လျှင် စိတ်သည်ပဲ့ထိန်းမပါသော လှေကဲ့သို့ပင် ဦးတည်ရာမဲ့သွားတတ်ပါ သည်။ **စိတ်၏ အစောင့်အရှောက်သည် သတိပင်ဖြစ်ပါသည်။** စိတ်သည်သတိ၏အကူအညီယူမှသာလျှင် မကောင်းသော အာရုံ၌ မနစ်မွန်းမိစေရန် ဟန့်တား၍ ရပါလိမ့်မည်။ "သတိအသိရှိမှသာ ပညာ၏ အကူအညီကိုယူကာ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ ကုသိုလ်နှင့် အကုသိုလ်၊ တရားမှုနှင့် မတရားမှုတို့ကို ပိုင်းခြားသိမြင်နိုင်ပါမည်။ အသိမှန်မှ အကျင့်မှန်ပါသည်" ဟူ၍ဖြစ်ပါသည်။

ထို့တူပင် ဆရာကြီးကလည်း "အေးငြိမ်းသုခ" ကဗျာတွင်-

* ကားဘရိတ်လွတ် ၊ သတိချွတ်လျှင်
ဘေးတွင်တိမ်းမှောက် ၊ ဒုက္ခရောက်လိမ့်။

* စိတ်ဘရိတ်လွတ် ၊ အသိလွတ်လျှင်
ချွတ်ချော်တိမ်းပါး ၊ ဒုက္ခများလိမ့်။

* သတိ အသိ ၊ ကိုယ်မှာရှိက
စိတ်၏ချမ်းသာ ၊ ကိုယ်ကျန်းမာ၍

လိုရာခရီးရောက်လိမ့်မည်။
အေးငြိမ်းသုခ နိဗ္ဗာန်ပြည်။

ဟူ၍ စပ်ဆိုရေးဖွဲ့ထားသည်မှာ လောကီလောကုတ္တရာ အကျိုးနှစ်ဖြာအတွက် အထူးပင်အကျိုးပြုပါသည်။ လောကီရေးရာ အဖြာဖြာတွင်လည်း သတိ အသိနှင့်ယှဉ်၍ ဆင်ခြင်မှသာ သုခချမ်းသာရပေမည်၊ လောကုတ္တရာရေးရာတွင်လည်း ဝင်လေထွက်လေ အာနာပါန ကမ္မဋ္ဌာန်းဆည်းဖြန်းကျင့်ကြံရာတွင် သတိ၊ အသိကို အခြေခံရှုမှတ်ရပေမည်၊ လောကီ လောကုတ္တရာ အဟုတ်မှန်စွာ အကျိုးပြု၍ အတုယူစရာ လမ်းညွှန်ထားသော ကဗျာလေးဟု ဆိုချင်ပါသည်။

ဆရာကြီး၏ ကဗျာဘဏ္ဍာတိုက်ကြီးသည် ဘက်စုံထောင့်စုံမှ မလွတ်စတမ်း ရှုမြင်ကာ လူသားတို့အတွက် မီးမောင်းထိုးပြထားသည်ဖြစ်၍ အတုယူ၍ မကုန်နိုင်အောင်ပင် စုံလင်လှပါသည်။ ကျန်းမာရေးနှင့်စပ်လျဉ်း၍လည်း "ကျန်းမာပါငြား လာဘ်တစ်ပါး" ကဗျာတွင် အသက်ဥာဏ်စောင့်၊ ဥစ္စာကံစောင့်ဟူသော ရှေးလူကြီးတို့ဆိုစကားကို အမြဲတမ်း သတိရစေရန် "လျှောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဣရိယာပုထ်မျှတစေရေး၊ ဆီးဝမ်းသွေးလေမှန်ရေး၊ ချိုချဉ်ငံစပ်ဖန်ခါး ရသ ၆ ပါး စားသုံးရေးတို့ကို လမ်းညွှန်ဖော်ပြထားသည်မှာ ကျေးဇူးတင်စရာပင်ဖြစ်ပါသည်။

ဆရာကြီး၏ ရင်တွင်းဖြစ်ကဗျာများတွင် အထူးသဖြင့် ဒါန သီလ ဘာဝနာ မိဘနှစ်ပါး၏ အဆုံးအမကို အလေးထားကာ သံဝေဂရစရာများ စုံလင်စွာ ဖော်ပြထားသည်။ ဆရာကြီးတွင် သီလ၊ သမာဓိ၊ ပညာဟူသော ကိုယ်ကျင့်သိက္ခာ သုံးပါးရှိနေကြောင်း ဆရာကြီးစပ်ဆိုထားသည့် စာပေများက ထင်ဟပ်ဖော်ပြနေပါသည်။ ဆရာကြီးသည် သီလ၊ သမာဓိရှိသူ ဖြစ်သည့်ပြင် ကျန်းမာရေးကိုလည်း အထူးအလေးပေးသူဖြစ်နေ၍ အသက် (၈၀) ရှိသော်လည်း ကျန်းမာသန်စွမ်း "နှင်းထိပန်း" ကဲ့သို့ ရွှင်လန်းဝေဖြာ၊ စေတနာစိတ်ထား ဖြူစင်စွာဖြင့် နိုင်ငံနှင့်ပြည်သူ့အကျိုး ကို စာပေဖြင့် သည်ပိုးဆောင်ရွက်နေနိုင်သည်မှာ အတိတ်ကံကြောင့်ပေလား၊ ကုသိုလ်ထူးလှပါသည်။ ဆရာကြီး၏ ဂုဏဝုတ္တိ၊ ဝယဝုတ္တိ ဟူသော ဝုတ္တိနှစ်ဖြာဂုဏ် အင်္ဂါနှစ်ရပ်ကို လေးမြတ်စွာ ဦးတင်ခိုက်ရပါသည်။ ဂုဏ်ချင်းထပ်၍ မြတ်လေသူ ကဗျာဆရာအကျော်အမော်၊ သက်တော် ၁၂၀ ရှည်စေသော်။ ။

××× ××× ×××

(ဆရာကြီးအသက်ရှစ်ဆယ်ပြည့်မွေးနေ့မင်္ဂလာ စာပေလက်ဆောင်)

**မြမြစန်း (ရန်ကုန်တက္ကသိုလ်)**
ဖုန်း - ၀၉ ၇၉၉၂၆၂၈၈၉၊ ၀၉ ၅၁၁၂၂၈၂

# စဉ်ရာေကျာင်းသား ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)

ဆရာဦးစိုးဝင်းကို စပြီး ရင်းနှီးခဲ့ရကတည်းက ကလောင်အမည် တက္ကသိုလ်စိုးယဉ်နှင့်တွဲလျက် ရင်းနှီးခဲ့ရသည်။

သည်တုန်းက ဆရာက ငွေတာရီ၊ မြဝတီမဂ္ဂဇင်းမှာ အယ်ဒီတာ။ ကျွန်တော်တို့တတွေက လွယ်အိတ်တစ်လုံးနဲ့ ရွာစဉ်လည်နေသည့်အချိန်။ စာတွေရေးကြ။ စာမူတွေပို့ကြ။ အံမယ်. . . သည်လို ရေးလိုက်လေတော့ အကြောင်းမသိကြသူများအဖို့တော့ အထင်ကြီးချင်စရာ။ သို့သော် ပြန်စဉ်းစားမိပြန်တော့လည်း ဟုတ်ဟုတ်ငြားငြားလည်း ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် မဖြစ်လာကြမှန်း ကိုယ့်ကိုယ်ကိုယ်သာ အသိဆုံး။ သို့သော် ပျော်ခဲ့ကြရသည့် အချိန်ကာလတွေ။ ကိုယ့်အုပ်စုနှင့် ကိုယ်တရုန်းရုန်းဖြင့်။

"မြဝတီ၊ ငွေတာရီမှာ ငါတို့အညာသား၊ ငါတို့ပခုက္ကူသား တက္ကသိုလ်စိုးယဉ်ဆိုတာ ရှိသပေါ့" ဟူသော အသိတွေလည်း ပါခဲ့ကြသည်ပေါ့။

×××

နောက်နည်းနည်းပါးပါး လူရည်လည်လာပြန်တော့ (ထိုစဉ်က) ပခုက္ကူအသင်း (ရန်ကုန်) မှာ ပါဝင်ပတ်သက်ကြပြန်သည်။ သည်မှာ လည်း တွေ့ရပြန်ပါပြီ။ အနှီ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) နှင့်။ ဆရာက တွဲဖက်အတွင်းရေးမှူး ကျွန်တော်တို့က ပုံမှန် အီးစီ။ လတ်လျားလတ်လျား။

သို့သော် ပခုက္ကူအသင်း (ရန်ကုန်) က ပြီးစလွယ်မဟုတ်။ ပုံမှန် အစည်းအဝေးတွေရှိသည်။ သူ့အုပ်စုနှင့်သူ အလုပ်တွေ လုပ်ကြရသည်။ တာဝန်တွေ ယူကြရသည်။ အလုပ်တွေ ပြကြရသည်။

သည်မှာတင် ပခုက္ကူအသင်း (ရန်ကုန်) ဓမ္မာရုံကြီး၏ နှစ် ၅၀ ပြည့် ရွှေရတုမဂ္ဂဇင်းလုပ်ကြရသည်။ သည်ကြားထဲ ထနောင်းရိပ်မဂ္ဂဇင်း ဟူသော သုံးလတစ်ကြိမ်စာစောင်၊ မဂ္ဂဇင်း အသေးစားလေးကို ထုတ်ခဲ့ကြရသည်။ နောက်ပခုက္ကူခရိုင်အသင်း (ရန်ကုန်) နှစ် ၆၀ ပြည့် စိန်ရတုအကြို အထိမ်းအမှတ်မဂ္ဂဇင်းထုတ်ခဲ့ကြသည်။ ဆရာ တက္ကသိုလ်စိုးယဉ်တို့နှင့်က တပူးတွဲတွဲပေါ့။

ဆရာ့ဒီဇိုင်းက ထူးခြား၏။ လွယ်အိတ်တစ်လုံးနှင့်။ ထီးရိုးရှည်ကြီး တစ်ချောင်းနှင့်။ တိုက်ပုံအင်္ကျီကိုလည်း မချွတ်တမ်းဝတ်တတ်သည်။ တိုက်ပုံပေါ်မှာလည်း ရင်တိုးရောင်စုံမျိုးစုံဖြင့်။ မှတ်မှတ်ရရ ဝိုင်အမ်ဘီအေ ရင်ထိုး၊ မဟာစည်ရင်ထိုး. . . စသည်ဖြင့်။ အသားက မည်းမည်း။ အရပ်ကပုကွကွ။ နဖူးကပြောင်ပြောင်။ ဗိုက်ကထွက်ထွက်။ စကားပြောလေလျှင် ဗလုံးဗထွေး။ အဖော်ကောင်းလျှင် ဘာဆေးမှမပါသည့် ကွမ်းလေး

က တမြုံ့မြုံ့။ ကြည့်ရမြင်ရ ပုံတော့မလာ။ သို့သော် သူ့အပြုံးက အသက်တော့ပါသည်။

"ဥပဓိရုပ်မကောင်းသူများ အမြဲသာပြုံးထားပါ"ဟူသော စကားကို သူရော ကျွန်တော်ပါ သေတစ်ပန်သက်တစ်ဆုံး မှတ်သားလိုက်နာခဲ့ကြ ဟန်တူပါရဲ့။ တွေ့လိုက်သည့်အခါတိုင်းတော့ ပြုံးပြုံး . . . ပြုံးပြုံးနဲ့။

ထူးထူးခြားခြား ဆရာ့မှာ ထူးခြားအားသာချက်တစ်ခုက မြင်မြင်သမျှလူတိုင်းကို အကောင်းမြင်တတ်လေ့ရှိခြင်းဖြစ်သည်။ တစ်ဖက်သားကို အပြစ်ရှာခဲသည်။ အကောင်းဘက်က ပြောသည်။ ဓမ္မာရုံလုပ်ငန်းခွင်ထဲမှာ ကျွန်တော်တို့နှင့်တွဲကာ လုပ်ခဲ့ရသမျှ အလုပ်တွေတိုင်း အကောင်းပြောရင်း နဲ့ ကျွန်တော်တို့တတွေကို မြှောက်ခိုင်းခဲ့ခြင်းပင်ဖြစ်သည်။ ဩော် . . . အသက်ကြီးတော့ တစ်နည်းသာတာပေါ့လေ။ ဒီပညာကိုလည်းပဲ ဆရာ့ဆီက မရရအောင် အမွေယူထားလိုက်ပြီးဖြစ်သည်။

xxx

စာပေပေါ်မှာ ခုံမင်ပုံကတော့ဖြင့် ကျွန်တော်တို့ မမွေးခင်ကတည်းက ခန့်ခန့်ကြီးရောက်နှင့်နေပြီးသူ ဖြစ်သည်။ ပခုက္ကူ မြစ်ခြေနယ်၊ စညောင်းရွာမှာ မွေးသည်မည်သော်လည်း မြစ်ခြေမြို့မှာ ကျောင်းတက်ခဲ့ရသေးသည်။ ယခုအခါ နာမည်ကျော် ပန်းချီဆရာကြီး မောင်ဒီနှင့် အတန်းတူ သူငယ်ချင်းအရင်းတွေ ဖြစ်ခဲ့ကြဖူးသည်။

"ကိုစိုးဝင်းနဲ့ ငါနဲ့က မြစ်ခြေမှာ ကျောင်းတက်ကြရင်း ရန်ဖြစ်ကြလို့ ငါ့တစ်နှစ်၊ တစ်တန်း၊ ကျောင်းအအောက်ခံရသေးသဗျ" ဟု ပန်းချီ မောင်ဒီက တစ်ခါပြောဖူးသည်။ ဤသို့ ရင်းချာကြသူတို့တည်း။

မျက်စိထဲမြင်သလောက်တော့ တက္ကသိုလ်စိုးယဉ်၊ မောင်ဒီ၊ မောင်ပိုက်ခြုံ၊ ကျော်လင်း (မြစ်ခြေ)၊ မောင်လူခင် (ဦးသိန်းဟံ) တို့ကား မြစ်ခြေမြို့၏ ဂုဏ်ဆောင်တို့တည်း။ အနီးဆရာအားလုံးက ကျွန်တော်နှင့်ကျ ပူးချည်ခွာချည် ခဏခဏတွေ့နေကျတွေ။ ရင်းနှီးနေကြသူတွေ။ ပြောမနာ ဆိုမနာ သူတွေချည်းမို့ "ဘာပဲဖြစ်ဖြစ် ဆရာတို့နှင့် ကျွန်တော် (မောင်မျိုးဆင့်) က စာပေလောကမှာ (ဟိုဆရာကြီးတွေ ပြောသလို) ခေတ်ပြိုင်တွေလို့ ပြောရင်ရတယ်ခင်ဗျ" ဟု ခပ်ထွေထွေဖြင့် ကျွန်တော်က အစချီပြောမိလေသော် . . . အားလုံးက ပြုံးပြုံးကြီးတွေဖြင့် ကျွန်တော့်ဆီကို ချစ်စွာသော မျက်လုံးများဖြင့် ကြည့်တတ်ကြလေတော့သည်။

ခပ်စွာစွာ မောင်ပိုက်ခြုံကတော့ဖြင့် သက်သောင့်သက်သာဖြင့် "ရပါတယ်ဗျာ။ ခင်ဗျားပြောချင်သလိုပြော။ ထင်ချင်သလိုထင်ပေါ့ဗျာ" ဟူ၍ စကားနည်းရန်စဲဖြင့် တစ်ခြားစကားလမ်းကြောင်း ပြောင်းလိုက်သည်ချည်းများ၏။

xxx

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်ဆီက ပခုက္ကူမှာ မိုးတွေ တအားကြီးပြီး ချောင်းရေတွေ အလျှံပယ်လျှံကာ ပခုက္ကူတစ်ခရိုင် လုံးနီးနီး ရေဘေးဖြင့် အထိနာခဲ့ကြသည်။ ပခုက္ကူအသင်း (ရန်ကုန်) က ကမကထပြုကာ အခြားကုသိုလ်ရှင် အလှူရှင်များ၏ အလှူငွေ၊ အလှူပစ္စည်းများဖြင့် သွားရောက်ကူညီခဲ့သည့် ခရီးစဉ်မှာ ကိုးရိုးကားရားဖြင့် ပါသွားခဲ့ဖူး၏။ ရေဘေးသင့် အရပ်ဒေသတွေကို အဓိကဦးစားပေးကာ အိမ်တိုင်ရာရောက် လှူခဲ့ကြသည်။

ယောချောင်းနံဘေးက မြစ်ခြေမြို့နယ်ထဲက "စညောင်း" ဆိုသည့် ရွာလေးထဲ ရောက်ဖြစ်ခဲ့ကြသည်။

"ဒါ ခင်ဗျားတို့ တက္ကသိုလ်စိုးယဉ်ရဲ့ ရွာပေါ့"

"ဗျာ. . . ဦးစိုးယဉ် ရွာဟုတ်လား"

ရောက်သမျှ ရွာတိုင်း၊ တွေ့သမျှ ရွာသူရွာသားတိုင်းကို ကိုယ့်ရပ်ရွာက ကိုယ့်အမျိုးတွေလို သဘောထားကာ တစ်လျှောက်လုံး ကုသိုလ်ပြုခဲ့ကြပါ၏။ စညောင်းရွာ ရောက်တော့ တက္ကသိုလ်စိုးယဉ်တို့ရွာဟူသော အသိဖြင့် ပိုလို့သာသတိထားဖြစ်သည်။ ပိုလို့သာ သံယောဇဉ်ဖြစ်ခဲ့မိတော့သည်။

ရွာအဝင်။ ရွာရှေ့က ရောမ ထနောင်းပင်ကြီးနှင့်။ မြောက်ဘက်သဲဖုံဖုံ လှည်းလမ်းကြောင်းလေးသာခြားသည်။ ဘုန်းတော်ကြီးကျောင်းဝိုင်းကြီး။ နောက်အရိပ်အုံ့အုံ့မှိုင်းမှိုင်းနှင့် စာသင်ကျောင်း။

"တို့ဆရာ သည်မှာမွေးတာပ" ဟူသောအသိဖြင့် ရွာထဲတစ်လမ်းဝင်၊ တစ်လမ်းထွက် ဆရာတက္ကသိုလ်စိုးယဉ်ကိုသာ မျက်စိထဲ မြင်ယောင်ရင်း သတိတွေရနေမိတော့သည်။ တစ်ရွာလုံးကိုလည်း တက္ကသိုလ် စိုးယဉ်၏ ဆွေမျိုးတွေဟု သဘောရကာ ရွာထဲနေရသခိုက် အချိန်လေးအတွင်း အေးချမ်းလိုက်ပါဘိ။ ကြည်နူးလိုက်ပါဘိ။ ကုသိုလ်တွေလည်း အများကြီးရလိုက်ရပါ၏။

အညာမြေ သာပါစေသား။

(တို့) ဆရာတက္ကသိုလ်စိုးယဉ်လည်း ကျန်းကျန်းမာမာ ချမ်းသာပါစေသား ခင်ဗျား။ ။

xxx xxx xxx

**မောင်မျိုးဆင့် (ရှင်မတောင်)**

# မဟာမင်္ဂလာဓမ္မဇောတိကာဓဇ
# တက္ကသိုလ်စိုးယဉ်

သူ့ကို မရင်းနှီးမကျွမ်းဝင်ခင်ကပင် သူ့အမျိုးသမီး ဒေါ်ငွေယဉ် (မလေးယဉ်) နှင့် စတင်ရင်းနှီးခဲ့သည်။ ၁၉၇၉ ခုနှစ်က ပလိပ်ချည်မျှင်နှင့် အထည်စက်ကနေ ဂုန်နီစက်ရုံ (အုတ်ကျင်း) ကို မင်းမှုထမ်းတို့ သဘာဝအတိုင်း ပြောင်းရွှေ့ခဲ့ရသည်။ ထိုအချိန်က တက္ကသိုလ်စိုးယဉ်၏ ဇနီးဖြစ်သူ ဒေါ်ငွေယဉ်မှာ စက်ရုံအထွေထွေအုပ်ချုပ်ရေးဌာနမှ ဝန်ထမ်း ဖြစ်သည်။ သူနှင့်အတူ မနှင်းမြိုင်တို့မှာ တပူးတွဲတွဲဖြင့် စာပေးစာယူဌာနတွင် ထိုင်လေ့ ရှိကြသည်။ နှစ်ယောက်စလုံး ပျော်တတ်၊ စတတ် နောက်တတ်ကြသည်။ စက်ရုံမှာ သူငယ်ချင်းကိုမြင့်သိန်း ရှိနေသည်။ ရောက်ပြီး သိပ်မကြာခင်ကာလမှာပင် စတတ်၊ နောက်တတ်၊ ပျော်တတ်ပြီး ဖော်ရွေပျူငှာသော မငွေယဉ်တို့နှင့် မိတ်ဟောင်းဆွေဟောင်း သဖွယ် ခင်မင်သွားကြသည်။ သည်လိုရင်းနှီးသွားတော့ မငွေယဉ်က ဦးကျော်လင်းက မြစ်ခြေသားဆို ဒါဆို ကျွန်မယောက်ျားကို သိမှာပေါ့တဲ့။ သူလည်းမြစ်ခြေသားပဲတဲ့။

ဒါနဲ့ခင်ဗျားယောက်ျားက ဘယ်သူတဲ့တုန်းဆိုတော့ စာရေးဆရာ တက္ကသိုလ်စိုးယဉ် လေတဲ့။ စိုးဝင်း (မြစ်ခြေ) နဲ့လည်း စာတွေရေးတယ်တဲ့။ ဩော်. . . ဒါဆိုသိပါတယ်။ စညောင်းက ဦးသာတင့်သားလေ၊ သူ့ညီက ဒဂုံတက္ကသိုလ်က သမိုင်းပါမောက္ခလေ။ မြစ်ခြေကျောင်းမှာတုန်းက သူက ကျွန်တော့်ထက် အတန်းငယ်တယ်၊ ကျွန်တော်ပခုက္ကူ မှာ ကျောင်းပြောင်းတတ်တော့ မြစ်ခြေအလယ်တန်းကျောင်းမှာ သူတို့ကျန်ခဲ့တယ်လေ။

ဒါဆို အိမ်ကယောက်ျားကို ပြန်ပြောလိုက်ဦးမယ်။ ကျွန်တော်က နေပါဦး မငွေရင် ရဲ့ ခင်ဗျားက အိမ်ကယောက်ျားပြောလိုက်ဦးမယ်ဆို တော့ တခြားဘယ်မှာများရှိသေးလို့ တုန်းဆိုတော့ မငွေယဉ်က ကျွန်တော့် ကျောကို ဘုန်းကနဲနေအောင်ထုလိုက်တာ၊ ဒါက ရင်းနှီးမှုအတိုင်းအတာအရ ကျွန်တော်တို့ဆက်ဆံရေးပါ။

ဒါက သူ့ကိုမတွေ့ခင်က တွေ့မယ့်တွေ့တော့ ပခုက္ကူအသင်းမှာ သူ့ကိုနာယက ကြီးအဖြစ်နဲ့။ အတွေ့စိပ်လာတာက မြစ်ခြေနယ်အသင်းကို ဖွဲ့စည်းတော့ သူရော ကျွန်တော် ရော မြစ်ခြေအသင်းရဲ့ နာယကကြီးတွေ။ ပခုက္ကူခရိုင်အသင်းရဲ့ အစည်းအဝေး အခမ်း အနားကြီးတွေ၊ မြစ်ခြေအသင်းရဲ့ ဝါဆိုသင်္ကန်းကပ်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးတွေ၊ လစဉ်အမှုဆောင် အစည်းအဝေးတွေမှာ အမြဲဆုံဆည်းကြပါတယ်။ အဲဒီလို အစည်း အဝေးကို ကျွန်တော်တို့ ပခုက္ကူမြစ်ခြေအသင်းရဲ့ အသက်အကြီးဆုံးဖြစ်တဲ့ သောကြာ

ဦးမောင်ကလေးကလည်း မကွယ်လွန်မီအထိ အစည်းအဝေးတက်တယ်။

များသောအားဖြင့် ကျွန်တော်တို့ သုံးယောက်က ရှေ့တန်းမှာ အနီးကပ်ထိုင်လေ့ရှိတယ်။ သူက (ကိုစိုးဝင်း) က အသံကြဲဇာကောင်းကောင်းနဲ့မို့ အသင်းရဲ့အခမ်းအနားတွေမှာ အမှာစကားတစ်ခုခုပြောရလေ့ရှိပါတယ်။ အဲဒီပြောရတော့မယ်ဆိုရင် သူ့ရဲ့အပါးတော်မြဲလို အမြဲလွယ်နေကျ ရှေးဆန်ဆန်လွယ်အိတ်ကြီးထဲက မောင့်ကျက်သရေခေါင်းပေါင်းထည့်လာတဲ့ ဖူးကြီးကိုထုတ်ဆောင်း၊ နောက်တစ်ခုဖြစ်တဲ့ Y.M.B.A. အသင်းက ချီးမြှင့်တဲ့ စလွယ်ကြီးကိုထုတ်ပြီးတော့ ဝတ်တော့တာပဲ။ သူ့စလွယ်ကြီးက စကားလုံး (၁၁) လုံးပါတယ်။ "မဟာမင်္ဂလဓမ္မဇောတိကဓဇ" တဲ့။ သူက ရှားရှားပါးပါး မြန်မာပြည်မှာရှေ့အကျဆုံးဖြစ်ပြီး နှစ်ပေါင်းရာချီခိုင်မာတဲ့ Y.M.B.A. အသင်းကြီးရဲ့ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဖြစ်တောင့်ဖြစ်ခဲ မြစ်ခြေသားတစ်ယောက်က Y.M.B.A. လို အသင်းကြီးတစ်ခုရဲ့ ဥက္ကဋ္ဌဖြစ်ခဲ့တာကို ဂုဏ်ယူလို့မဆုံးပါဘူး။

သူက အဲလိုအခမ်းအနားကြီးတွေမှာ သူ့စလွယ်ကြီးကို ထုတ်ဝတ်ပြီဆိုရင် ဦးမောင်ကလေး နားနားကိုကပ်ပြီး တိုးတိုးကလေးပြောမိတာက စလွယ်ကြီးတော့ ဟဲတော့မယ်ဗျလို့ ရယ်စရာပြောမိသေးတယ်။

ဘာပဲပြောပြော ကျွန်တော့်အပေါ်မှာ သူ့ကျေးဇူးမကင်းဘူး။ ဆရာ ဦးမောင်ကလေး မကွယ်လွန်မီ ပခုက္ကူခရိုင်အသင်းက ကျင်းပတဲ့ သက်ကြီးပူဇော်ပွဲမှာ ဦးမောင်ကလေးက ကိုစိုးဝင်းကိုခေါ်ပြီး ကိုကျော်လင်းကို မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်ဖြစ်အောင် လုပ်ပေးလိုက်ဆိုတာကို သူက တကယ်အကျိုးဆောင်ပေးခဲ့လို့ စာပေလုပ်သားအဖွဲ့ဝင် ၄၅၂၄၊ ကနေ စာရေးဆရာအသင်းဝင် ၄၅၂၄ ဖြစ်သွားခဲ့ပြီး။

၂၀၂၀ ပြည့်နှစ်၊ မေလ (၁) ရက်နေ့က Face Book ပေါ်မှာ မြစ်ခြေအသင်းရဲ့ ဂုဏ်ယူဖွယ်ရာ နာယကကြီး လေးယောက်အကြောင်းကို ကျွန်တော်ရေးတင်တဲ့အထဲမှာ သူ့အကြောင်းရေးတော့ မှန်လေ မမှန်လေ တော့မသိဘူး။ သူတက္ကသိုလ်စိုးယဉ်ဆိုတဲ့ ကလောင်နာမည်ကို ခံယူတာက သူ့ဇနီးသည်မငွေယဉ်ရဲ့ နာမည်အဖျားဆွတ်ကလေးကို မြတ်မြတ်နိုးနိုးယူ ပြီး သူ့ကိုယ်သူ တက္ကသိုလ်စိုးယဉ်နာမည်ကို ခံယူတာလို့. . .။ ။

××× ××× ×××

လွန်တာရှိရင် ဝန္ဒာမိပါ
**ကျော်လင်း (မြစ်ခြေ)**
ဖုန်း-၀၉ ၄၀၃၇၆၇၀၁၄

## ကျွန်တော်နှင့် ဦးစိုးဝင်း

ကျွန်တော်နှင့်ဦးစိုးဝင်းမှာ တစ်ရွာတည်းမှ တစ်ကျောင်းတည်း မှ ထွက်လာသော ကျောင်းသားကြီးနှင့် ကျောင်းသားငယ်များဖြစ်ကြသည်။ ဦးစိုးဝင်းသည် ကျွန်တော့်ထက် ၂ တန်းကြီးပါသည်။

ရန်ကုန်မြို့သို့လည်း အတူရောက်ရှိလာခဲ့ကြသူများ ဖြစ်ကြသည်။ ဦးနေဝင်း၏ အာဏာစိုးမိုးမှုအောက်တွင် သူသည် ပါတီကောင်စီ၊ ယူနစ်ကော်မတီ၊ အယ်ဒီတာစသည်ဖြင့် ဘဝအမျိုးမျိုးဖြတ်သန်းခဲ့ရသည်။ အာဏာ၏ ဘက်တော်သားဖြစ်ခဲ့ပါ၏။

အလုပ်စဉ်အရသာ သူသည် သူ၏တာဝန်များ၌ ပါဝင်ခဲ့ရသည်။ အာဏာကို အကြောင်းပြုကာ ကိုယ်ကျိုးရှာသူမဖြစ်ခဲ့။ တာဝန်အရ ရပ်တည်ခဲ့သူဖြစ်သည်။ ကိုယ်ကျိုးစီးပွားရှာသူ မဟုတ်ခဲ့ပါချေ။ ဂုဏ်သရေ ရှိစွာတည်ကြည်သူ၊ ဖြောင့်မတ်သူ၊ သစ္စာရှိသူ၊ အနစ်နာခံသူ၊ ကိုယ်ကျိုး မကြည့်သူအဖြစ် သူရပ်တည်ခဲ့သည်။ ရိုင်းပင်းကူညီတတ်သူ၊ ပူးပေါင်းဆောင်ရွက်တတ်သူ၊ ဖေးမလက်တွဲတတ်သူအဖြစ် သူ၏ရိုးသားသော၊ ဖြောင့်မတ်သော၊ တည်ကြည်သော ဂုဏ်တို့မှာ သူ့ဘဝကို လွှမ်းမိုးထားခဲ့ပါသည်။

ကျွန်တော်ကမူ အာဏာ၏ဘက်တော်သား မဖြစ်ခဲ့။ အာဏာကို ဆန့်ကျင်သူ၊ ဦးနေဝင်း၏အာဏာကို ရှုတ်ချသူ၊ ကန့်ကွက်သူ၊ ရရာနေရာ၌ ဦးနေဝင်းအား ဆန့်ကျင်ခဲ့သူတစ်ယောက်မျှသာဖြစ်ခဲ့ပါ၏။ သို့ဖြင့် ကျွန်တော်သည် ထောင်နှင့်တန်းနှင့် ထွက်ဝင်လှုပ်ရှားကာ အာဏာကို ယှဉ်ပြိုင်ရပ်တည်ခဲ့သူ တစ်ယောက်မျှသာ။

မည်သို့ဆိုစေ ဦးစိုးဝင်းနှင့်ကျွန်တော်မှာ မြစ်ခြေသားများဖြစ်ကြသည်။ မြစ်ခြေနယ်အသင်း (ရန်ကုန်) ၏ နာယကများလည်းဖြစ်ကြ သည်။ တစ်ဦးနှင့်တစ်ဦး နားလည်မှုလည်းရှိကြသည်။ ပုဂ္ဂိုလ်အရ အပြန်အလှန် လေးစားချစ်ခင်မှုများလည်းရှိကြသည်။ တစ်ဦး၏ဂုဏ်ကို တစ်ဦး က နှစ်သက်လက်ခံကြည်ညိုရင်းစွဲလည်း ရှိကြသည်။

**ဦးစိုးဝင်း၏ လက်တွေ့ဘဝမှာ-**

- Y.M.B.A. အသင်းချုပ် ဥက္ကဋ္ဌ (ငြိမ်း)၊ ယခု နာယက။
- ပခုက္ကူခရိုင်အသင်း၊ နာယက။
- မြစ်ခြေနယ်အသင်း၊ နာယက။
- ဆိတ်ဖြူမြို့နယ်အသင်း၊ နာယက။
- ဒိုက်ဦးမြို့နယ်အသင်း၊ နာယက စသည့် နာယကတာဝန်များ။
- မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင်
- မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ (မြန်စာပြန့်)၊ ဒုတိယဥက္ကဋ္ဌ။

- မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ အယ်ဒီတာချုပ်။
- မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း၊ ဂုဏ်ထူးဆောင်နာယက။
- ဒေါက်တာသက်ဆွေ၏ ဇီဝကမဂ္ဂဇင်း အတိုင်ပင်ခံ စာတည်း။

စသည်ဖြင့် အခြားအခြားသော စာပေအဖွဲ့အစည်းများ၏ နာယက၊ အမှုဆောင်၊ အယ်ဒီတာ စသည်အားဖြင့် အခြားအခြားသော တာဝန်များကို ပေးအပ်ခြင်းခံရသူ၊ တာဝန်ယူထမ်းဆောင်နေရသူဖြစ်ပါသည်။ တာဝန်မထမ်းဆောင်နိုင်သူ၊ မည်သူ့အား ဤတာဝန်ကို ပေးအပ်ပါမည်နည်း။ တာဝန်မသိသူ မည်သူသည် ဤတာဝန်များကို ထမ်းဆောင်နိုင်ပါမည်နည်း။ တာဝန်သိသူ စွမ်းနိုင်သူ၊ ဖြစ်သောကြောင့်သာ ဤတာဝန်များကို ထမ်းလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

မည်သို့ဆိုစေ ဦးစိုးဝင်းနှင့် ကျွန်တော့်မှာ မြစ်ခြေသားများဖြစ်ကြသည်။ မြစ်ခြေနယ်အသင်း (ရန်ကုန်) ၏ နာယကများလည်း ဖြစ်ကြသည်။ တစ်ဦးနှင့်တစ်ဦး နားလည်မှုလည်းရှိကြသည်။ ပုဂ္ဂိုလ်အရ အပြန်အလှန် လေးစားချစ်ခင်မှုများလည်း ရှိကြသည်။ တစ်ဦး၏ဂုဏ်ကို တစ်ဦးကနှစ်သက်လက်ခံကြသည်ညှိကြရင်းစွဲလည်း ရှိကြသည်။

သို့ဖြစ်၍ ကျွန်တော်တို့နှစ်ဦးသည် တစ်ဦး၏ရိုးသားတည်ကြည်မှုအပေါ် တစ်ဦးကလက်ခံယုံကြည်မှုလည်းရှိကြသည်။ လက်တွဲအလုပ်လုပ်နိုင်ခြင်းများလည်း ရှိကြသည်။ ကျွန်တော်နှင့် ဦးစိုးဝင်းကြားတွင် အာဏာဘက်က ရပ်တည်သူနှင့် အာဏာအား ဆန့်ကျင်သူဟူသော ဝိသေသနများ မရှိကြပါ။ အစ်ကိုကြီးနှင့် ညီငယ်ဟူသော ချစ်ခြင်း တရားကသာလွှမ်းမိုးလျက်။

လက်ရှိ မြစ်ခြေနယ်အသင်း၌ နာယကများအဖြစ် လက်တွဲကြကာ ဘာတွေကို ကောင်းအောင်လုပ်နိုင်ကြမလဲ။ ကိုယ်လုပ်နိုင်တာ ဘာတွေများရှိမလဲ၊ မည်သို့ဆောင်ရွက်ကြပါလျှင် ပို၍ကောင်းမွန်လာမည်လဲ စသည်များကို တွေးတောကြကာ. . .

သူ့ဂုဏ်ကို ကိုယ်လေးစား၊ ကိုယ့်ဂုဏ်ကို သူလေးစားကြကာ အပြန်အလှန်နားလည်မှုများဖြင့် လက်တွဲဆောင်ရွက်လျက် ရှိနေကြပါသည်။

မြစ်ခြေသည် ကျွန်တော်တို့နှစ်ဦးလုံး၏ မြစ်ခြေဖြစ်ပါသည်။ တည်ကြည်မှု၊ ရိုးသားမှု၊ အနစ်နာခံမှု၊ ကိုယ်ကျိုးမကြည့်တတ်မှုများမှာ လည်း နှစ်ဦးစလုံးမြတ်နိုးတန်ဖိုးထားသော လူ့ကျင့်ဝတ်များဖြစ်ပါသည်။ သို့ဖြင့် ကျွန်တော်တို့သည် ညီအစ်ကို နောင်ရင်း၊ ချစ်ခြင်းမေတ္တာစာတ်များဖြင့် မြစ်ခြေ၏အကျိုးကို ပူပေါင်းဆောင်ရွက်လျက် ရှိနေပါ၏။ ။

xxx xxx xxx

မောင်ပိုက်ချုံ

# ကျွန်တော်သိကျွမ်းခဲ့သည့် ဦးစိုးဝင်း (သို့မဟုတ်) တက္ကသိုလ်စိုးယဉ်

အစ်ကိုကြီး ဦးစိုးဝင်းကို မြစ်ခြေမြို့အထက်တန်းကျောင်းသား ဘဝကပင် စတင်သိရှိခဲ့သည်။

အစ်ကိုစိုးဝင်း၏ အစ်မ မအေးသန်းသည် ကျွန်တော့်အစ်မ မသန်းငွေနှင့် လေးတန်းစကောလားရှစ်စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ ကြသည်။ မအေးသန်းက မြစ်ခြေအလယ်တန်းကျောင်းမှ ဝင်ရောက်ဖြေဆို ခဲ့ပြီး မသန်းငွေက သရက်တောမူလတန်းကျောင်းမှ ဝင်ရောက်ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။

သမီးနှစ်ယောက်ကို အကြောင်းပြု၍ မိဘများခင်မင်ရင်းနှီးခဲ့ကြသည်။ အထူးသဖြင့် ဦးစိုးဝင်း၏ဖခင် ဦးသာတင့်မှာ သမစိတ္တပွဲရုံပိုင်ရှင်ဖြစ်၍ အရောင်းအဝယ်သမားများဖြစ်သော ကျွန်တော်၏မိဘများနှင့် ပိုမို ရင်းနှီးခဲ့ကြသည်။

ပိုမိုရင်းနှီးစေသည့် နောက်ထပ်အကြောင်းတရားကတော့ ကျေးရွာတွင် မွေးဖွားခဲ့ကြသည့် သားသမီးများကို ခေတ်ပညာတတ်မြောက်စေလိုသည့် ကြိုးစားအားထုတ်မှုကြောင့်ဖြစ်သည်။ ထို့အတွက် ဦးလေး ဦးသာတင့် သွားလာရေးခက်ခဲသည့် မွေးရပ်မြေ စညောင်းရွာကိုခွာ၍ မြစ်ခြေမြို့သို့ပြောင်းကာ သားသမီးများဖြစ်ကြသည့် မအေးသန်း၊ မောင် စိုးသိန်း (ဦးစိုးဝင်း)၊ မောင်တိုးခင် (ပါမောက္ခဦးသိန်းနိုင်) တို့အား မြစ်ခြေ အ. ထ. ကမှာ အထက်တန်းအောင်သည်အထိ ပညာသင်ကြားပေးခဲ့သည်။

ရည်မှန်းချက်ကြီးမားသည့် ဦးသာတင့်က ဤတွင် ရပ်တန့်မနေ။ မအေးသန်း၊ မောင်စိုးသိန်း၊ မောင်တိုးခင်တို့ တက္ကသိုလ်ဝင်တန်းဖြေပြီး သည်နှင့် ၁၉၆၀ ခုနှစ်ခန့်တွင် ရန်ကုန်သို့ပြောင်းရွှေ့သွားခဲ့သည်။ ရန်ကုန်ရောက်သည်နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကိုတိုးခင်က ရန်ကုန်တက္ကသိုလ်ဆက်တက်ခဲ့ပြီး အစ်ကိုကြီး ဦးစိုးဝင်းက အုတ်ကျင်းဂုန်နီစက်ရုံတွင် ဝင်ရောက်လုပ်ကိုင်ပြီး မိဘများကို ပြန်လည်လုပ်ကျွေးရင်း တက္ကသိုလ်မှ ဘွဲ့ရသည်အထိ ပညာဆက်လက်သင်ကြားခဲ့သည်။ ဝန်ထမ်းဘဝမှစ၍ ရဲဘော်စိုးဝင်း (လှိုင်) အမည်ဖြင့် (တို့ခေတ်လုပ်သားပြည့်စွမ်းအား) ဆောင်းပါးစာအုပ်နှင့် (ဇာနည်သွေးကလေးကဗျာများ) စာအုပ်တို့ကို ရေးသားထုတ်ဝေပြီး အမှတ်တရပေးပို့သဖြင့် ဖတ်ရှုလေ့လာခွင့်ရခဲ့သည်။

ထိုမှ အကြောင်းအမျိုးမျိုးကြောင့် ခဏတာအဆက်အသွယ် ပြတ်ခဲ့ကြသော်လည်း ၂၀၁၂ ခုနှစ်တွင် မြစ်ခြေနယ်အသင်း (ရန်ကုန်) ပြန်လည်ဖွဲ့စည်းလှုပ်ရှားသည့်အခါ ဦးစိုးဝင်းက (အသင်းနာယက)၊ မိမိက (အသင်းအတွင်းရေးမှူး) အဖြစ် ပြန်လည်နီးကပ်နွေးထွေးစွာ ဆုံတွေ့ကြပြန်သည်။ ထိုအချိန်တွင် ဦးစိုးဝင်းသည် ပခုက္ကူခရိုင်အသင်းနာယက၊ ပခုက္ကူမြို့နယ်အသင်း နာယက၊ ဆိပ်ဖြူမြို့နယ်အသင်းနာယကများသာမက မဟာစည်ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်အမှုဆောင်နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်တာဝန်များကိုပါ ထမ်းဆောင်နေကြောင်း သိရှိရပေသည်။ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (ဝိုင်အမ်ဘီအေအသင်း) ဥက္ကဋ္ဌတာဝန်ကိုလည်း (၂) နှစ်တာဝန် ထမ်းဆောင်ခဲ့ကြောင်း သိရှိရပေသည်။

ဆရာဦးစိုးဝင်းသည် အသင်းအဖွဲ့များတွင် ဦးဆောင်နေရုံမက ကိုယ်တိုင်လည်း မရဟိတလုပ်ငန်းများကို တက်ကြွစွာပါဝင်နိုင်ပြီး ဘာသာရေး၊ လူမှုရေး၊ အလှူဒါနကိစ္စများတွင်လည်း နောက်မတွန့်တတ်သူ၊ သဒ္ဓါ တရားထက်သန်သူတစ်ဦးဖြစ်သည်။ ငွေကြေးလှူဒါန်းရမည့် ဘာသာရေး၊ လူမှုရေးကိစ္စများရှိလာလျှင် အမြဲဦးဆောင်လျက် လှူဒါန်းလေ့ရှိသူဖြစ်သည်။ မိမိသိရှိရသမျှ-

| | | **အလှူငွေ** |
|---|---|---|
| (၁) | ပခုက္ကူခရိုင်အသင်းအဆောက်အဦအတွက် | ၅ သိန်း |
| (၂) | မြစ်ခြေနယ်အသင်း (၅)နှစ်ပြည့်မော်ကွန်းလက်ဆောင် စာအုပ်အတွက် | ၁ သိန်း |
| (၃) | မြစ်ခြေမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဖွဲ့စည်းရေးအတွက် | ၁ သိန်း |
| (၄) | မြစ်ခြေမြို့နယ် အ. ထ. က ရွှေရတုမဂ္ဂဇင်း ထုတ်ဝေရေးအတွက် | ၁ သိန်း |
| (၅) | မြစ်ခြေမြို့နယ် ဆည်းဆာရိပ်ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် | ၁ သိန်း |
| (၆) | မြစ်ခြေနယ်အသင်း ပင်မရန်ပုံငွေအတွက် | ၁ သိန်း |
| (၇) | မြစ်ခြေနယ်အသင်း (၁၀) နှစ်ပြည့် မော်ကွန်း စာစောင်ထုတ်ဝေရန် | ၁ သိန်း |

စသည်တို့အပြင် ကျွန်တော်မသိလိုက်ရသည့် လှူဒါန်းမှုများစွာ ရှိလိမ့်ဦးမည်။

အသက် (၈၀) နီးနေပြီဖြစ်သော်လည်း လူမှုရေးတာဝန်များ မလစ်ဟင်းခဲ့။ ကိုယ်တိုင်ရောက်အောင်သွားပြီး ဦးဆောင်၍လည်းလုပ်သည်။ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်ခြံရပ်ကွက်တွင် နေထိုင်သည့် ညီအစ်ကို မောင်နှမများနှင့် တူ၊ တူမများအားလုံးလည်း မြစ်ခြေအသင်းသို့ ဝင်ရောက်ရန် စည်းရုံးခဲ့သဖြင့် စုစုပေါင်း (၁၆) ဦး အသင်းသို့ ဝင်ရောက်ခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် အခြေခံပညာဦးစီးဌာနမှ ဒု-ညွှန်ချုပ် (ငြိမ်း) ဦးထွေးအောင် ကွယ်လွန်ကြောင်း နာရေးပေါ်လာပြီး၊ ဦးထွေးအောင်မှာ မြစ်ခြေနယ်က ဖြစ်ပြီး သူ့ဇနီးဒေါ်ကြင်ကြင် (ကွယ်လွန်) မှာ ဦးစိုးဝင်းနှင့် အတန်းတူငယ်သူငယ်ချင်း မြစ်ခြေသူဖြစ်သဖြင့် ဇာတိစိတ်၊ သူငယ်ချင်းစိတ်ဖြင့် ဦးထွေးအောင် နာရေးသို့ မရောက်ရောက်အောင် ကျွန်တော့်ကို အဖော်ခေါ် သွားသည်။ နာရေးအိမ်မှာ ပြည်ရိပ်မွန်အိမ်ရာရှိ (၅) လွှာတွင် ရှိနေသဖြင့် အစ်ကိုကြီးတက်နိုင်မလားဟု စိတ်ပူမိသည်။ သို့ပေမယ့် အသက် (၈၀) နီးပါး ဦးစိုးဝင်းမှာ (၅) လွှာသို့ ရောက်အောင်တက်၍ သူငယ်ချင်း၏ ကျန်ရစ်သူသားသမီးများ အားပေးစကားပြော နှစ်သိမ့်နိုင်ခဲ့သည်။

ဤသို့စသဖြင့် ဘာသာရေး၊ လူမှုရေး၊ စာပေရေး၊ နယ်သူနယ်သား အရေးကို အားကြိုးမာန်တက်ဆောင်ရွက်နိုင်သော၊ ဆောင်ရွက်နေဆဲဖြစ်သော အစ်ကိုကြီး ဦးစိုးဝင်းကား အသက် (၈၀) ပတ္တမြားရတုသို့ တိုင်ခဲ့ပြီ။

သို့သော် မမောပန်းနိုင်သေး။ ဘာသာ၊ သာသနာ၊ လူမှုရေး၊ စာပေရေး၊ ရပ်ရွာဒေသ အရေးတို့ကို မမောမပန်းနိုင် ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်နေရင်းဖြင့် အသက်ရာကျော်တိုင်ပါစေသော်ဝ်ဟု ဂါရဝပြုဆုမွန်ခြွေအပ်ပါကြောင်း။ ။

xxx xxx xxx

မေတ္တာရည်၍

**ဦးသောင်းကြည်**

မြစ်ခြေနယ်အသင်းအတွင်းရေးမှူး

# အဖေနှစ်ယောက် သားနှစ်ယောက်

**စာပလ္လင်**

ဒီနေ့ ၂၀-၅-၂၀၂၀ ဗုဒ္ဓဟူးနေ့ နေ့လယ်ပိုင်း၊ မြစ်ခြေနယ်အသင်း ရန်ကုန်ကနေ အသင်းရဲ့နာယကကြီး ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) ရဲ့ အသက် (၈၀) ပြည့် ပတ္တမြား ရတု မော်ကွန်းအတွက် စာမူပို့ပေးဖို့ ပြော လာတယ်။

တက္ကသိုလ်စိုးယဉ် ပုံရိပ်စုံကို ကိုယ်သိတဲ့အတိုင်း အမျိုးမျိုး ပန်းသီသလိုသီပြီး ဖွင့်ဆိုရေးသားကြမှာပါပဲ။ ဒီပန်းသီကြိုးထဲက ပန်းတစ်ပွင့်အဖြစ် ပါဝင်လိုက်ပါဦးမယ်။

**ဘုရင့်နောင်လိုလူစား**

တက္ကသိုလ်စိုးယဉ်ဖြစ်လာအောင် ဖန်တီးပုံဖော်ပေးခဲ့တဲ့ အဖေ။ မော်ငြိမ်းအေး (မြစ်ခြေ) ဖြစ်လာအောင် ပုံဖော်ဖန်တီးပေးခဲ့တဲ့ အဖေ။ အဲဒီ အဖေနှစ်ယောက် အကြောင်း။

လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀) ကျော်၊ ညနေပိုင်း (၃) နာရီအချိန်၊ ပူပူလောင်လောင် အလည်ရောက်လာတဲ့ပုဂ္ဂိုလ်ကြီး၊ အရပ်ရှည်ရှည်၊ အသားအရေညိုညက်ညက်၊ ဆံပင်က ကတုံးဆံပင်ပေါက်၊ မျက်လုံးမျက်ဖန် ကောင်းကောင်း၊ အိမ်ပေါက်ကိုဝင်လာတယ်၊ သွားစိတ်တွေတက်ကြွနေတယ်။ တန်းလျားကိုမှီထိုင်နေတဲ့ အဖေ့ကိုမြင်လိုက်တယ်ဆိုရင်ပဲ မထိုင်သေးပဲနဲ့

"ဆရာကျော်ရေ ကျုပ်တော့ ဘုရင့်နောင်ထုံးနှလုံးမူပြီး ဖောင်ဖျက်ခဲ့ပြီဗျို့"

"ဟာ. . . ဘယ်လိုက ဘယ်လိုဖောင်ဖျက်ခဲ့တာလဲ"

"ပြောပါ့မယ်ဗျာ၊ ခဏနားပြီး ချွေးလေးသုတ်ပါဦးမယ်"

အဖြူရောင်လက်ကိုင်ပုဝါလေးထုတ် ချွေးသုတ်တယ်၊ အမေက စားပွဲပေါ် ကို ဓရေနွေးကြမ်းအိုးနဲ့ လက်ဖက်အုပ်ကလေးလာချပေးတယ်။

"ပွဲစား အမောပြေစားရအောင် ထန်းလျက်ကြော်လေးပါ ယူခဲ့ပါဟ"

ပွဲစားဆိုတာ ဦးသာတင့်ဆိုတဲ့ စညောင်းရွာက ဘုရင့်နောင်ကြီး၊ တက္ကသိုလ် စိုးယဉ်အဖေ။ ဆရာကျော်ဆိုတာ ကျွန်တော့်အဖေကို ဦးသာတင့်က ရင်းရင်းနှီးနှီး လေးလေးစားစားရှေ့ 'ဆရာ' တပ်ပြီးမူရင်းနာမည်ရဲ့ အဖျားဆွတ် 'ကျော်' ကိုထည့် 'ဆရာကျော်' လို့ခေါ်တာပါပဲ။ ဒီအဖေ နှစ်ယောက်ရဲ့အကြောင်းကို ရေးဖို့အခွင့်ကောင်း အခါကောင်းနဲ့ ကြုံရတာမို့ မိုးရွာတုန်းရေခံလိုက်ပါဦးမယ်။

အဖေက ဦးသာတင့်ကို သူ၏လုပ်ငန်းဖြစ်တဲ့ ဂုဏ်ပုဒ်ကို အညွှန်းဝိသေသပြု ပြီး ပွဲစားလို့ခေါ်တတ်သလို တစ်ခါတစ်ရံတော့ ဦးသာတင့်လို့ လည်း ခေါ်ပြောတတ်ပါတယ်။

"လုပ်စမ်းပါဦးပွဲစားရဲ့ ခင်ဗျားကလည်း အရင်းမပါ အဖျားမပါ နဲ့ အိမ်အဝင်ရှိသေး ဘယ်နှယ့်ဘုရင့်နောင် ဖောင်ဖျက်ခဲ့တာလဲဗျ"

"ဒီလို ဒီလို ဆရာကျော်ရေ ကျုပ်ရန်ကုန်ကို မိသားစုလိုက် ရွှေ့တော့မယ်ဗျ၊ မြေတွေယာတွေလည်း ပေးသင့်တာပေး၊ ရောင်းသင့်တာလည်း ရောင်းပေ့ါဗျာ၊ အိမ်တွေ ဝိုင်းတွေလည်း ဖြုတ်ခဲ့ပြီဗျ၊ ကျုပ်တို့ငယ်ဘဝတာ အနေရော အစားပါဆင်းရဲခဲ့တာဗျ၊ ကျုပ်သားသမီးတွေကို ကျုပ်တို့လို မဆင်းရဲစေချင်ဘူး၊ စညောင်းမှာနေရင် ဖင်ထဲသဲဝင်တာပဲ အဖတ်တင်မယ်၊ ကျုပ်က သူတို့ခြေထောက်တွေ ထွန်တုံးပေါ်ကနေ ထိပ်ဆုံးရောက်အောင် တင်ပေးမယ်ဗျ၊ လှည်းပေါ်ကနေ ကားပေါ်ရောက်အောင် တင်ပေးမယ်ဗျ"

"ဦးသာတင့်ရယ်၊ ခင်ဗျားအစီအစဉ်က စိတ်ကူးယဉ်တာမဟုတ်မှန်း ကျွန်တော်ကောင်းကောင်းသိတယ်၊ ရည်ရွယ်ချက်လည်းသိပ်ကောင်းပါတယ်။ တစ်နှစ်တစ်ဝါစောင့်ပြီး ဖြေးဖြေးအေးအေးလုပ်ပါလားဗျာ၊ ခုလို ပြောတာကလည်း ခင်ဗျားအစီအစဉ်ကို တားတာမဟုတ်ပါဘူး။ စေတနာနဲ့ပြောတာပါ"

"ဆရာကျော် စေတနာကို ကျုပ်နားလည်ပါတယ်။ အရင်နှစ်လောက်ကတည်းက ပြင်ဆင်နေတာ ဆရာကျော်ကို မပြောဖြစ်ခဲ့လို့ပါ။ ဖြေးဖြေးအေးအေးလုပ်နေရင် နောက်ထပ်တစ်နှစ်လောက် နောက်ကျသွားနိုင်တယ်ဗျ။ ကျုပ်အစီအစဉ်တွေကိုလည်း ဆရာကျော်တစ်ယောက်ကိုပဲ လာပြောတာ၊ လူတိုင်းက ဆရာကျော်လို နားလည်ပေးကြလိမ့်မယ်မထင်ဘူးဗျ၊ မကြာခင် ရန်ကုန်ခရီးစတော့မယ်"

"အေးဗျာ၊ ခင်ဗျားစိတ်ဓာတ်နဲ့ သားသမီးချစ်တာကတော့ နောင်လာနောင်သားတွေ အတုယူထိုက်ပါတယ်ဗျာ၊ အစီအစဉ်တွေကလည်း ဆန္ဒကဲသူဆိုတော့ အောင်မြင်မှာပါ"

"ဆရာကျော်ကိုလည်း ကျုပ်သားသမီးတွေအပေါ် မိဘသဖွယ်ရယ်၊ ဆရာကောင်းပီသစွာရယ် အစစသင်ပြထိန်းကျောင်းပေးခဲ့တာကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ၊ ဆရာ့ကျေးဇူးအထူးသိတတ်ပေးလျှူဆပ်ဖို့ကိုလည်း ကျုပ်သားသမီးတွေကို မှာထားပါတယ်ဗျာ"

"ဒါတွေ မလိုပါဘူး ပွဲစားရယ်။ ကလေးတွေကိုထိန်းကျောင်းသင်ပြပေးတယ်ဆိုတာကလည်း ဆရာ့တာဝန်ပဲလေ။ အခု ဖြေးဖြေးအေးအေးလို့ ပြောတာကလည်း ရန်ကုန်လိုနေရာမှာသွားပြီး ကလေးတွေနဲ့ နေရေးထိုင်ရေး အဆင်မပြေမှာ စိုးရိမ်လို့ပြောတာပါ"

"ဒါလည်းမပူနဲ့ ဆရာကျော်၊ ဟိုမှာ ဘကြီးဘုန်းကြီးကျောင်းထဲက ဇရပ်ကြီးဘေးမှာ ပထမတော့ ရွက်ဖျင်တဲကြီးထိုးနေမယ်၊ အစဆိုတော့ သည်းခံကြရမှာပေ့ါ။ ဖြေးဖြေးတော့ နေရာထိုင်ခင်းရှာရမှာပေ့ါ။ အရိပ် အလာကို နေပူကစောင့်ရသလို ခဏသည်းခံ

ကြရမှာပေါ့"

"ရန်ကုန်ရောက်တော့လည်း နေရေးထိုင်ရေး အကျိုးအကြောင်း စာရေးဦးပေါ့ဗျာ"

"ကျုပ်မှာ ခင်ရာဆွေမျိုးလို့ ပြောရမယ့်အထဲမှာ ဆရာကျော်တို့ မိသားစုပဲရှိတာပါ။ ကဲ-ကဲ ပြောပြောဆိုဆိုပဲ ကျုပ်ကို ပြန်ခွင့်ပြုဦးဗျာ၊ ပြင်ဆင်စရာတွေကရှိသေးတယ်"

"ဟုတ်ပါပြီဗျာ-ဟုတ်ပါပြီ၊ ဘုရင့်နောင်ကြီး ဘဝတိုက်ပွဲ ဆင်နွှဲသမျှ မလွဲတန်းအောင်ပန်းတွေဆင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ဗျာ" အတိတ်ကိုပြန်တွေးလိုက်တော့. . .

## ဆရာလည်းမိဘ၊ မိဘလည်းဆရာ

ကျွန်တော့်အဖေက အလယ်တန်းပြ ကျောင်းဆရာ၊ မြစ်ခြေမြို့ရဲ့ အထက်တန်းပညာရေး မီးရှူးတန်ဆောင်ကြီးကို ထွန်းညှိပေးခဲ့တဲ့ ပညာ ဒီပတွေပါ။

တက္ကသိုလ်စိုးယဉ်အဖေက မြစ်ခြေနယ် စညောင်းရွာထွက်၊ အမိကကြက်သွန်ပွဲရုံကို မြစ်ခြေမှာဖွင့်တယ်၊ ဒီတော့ ဦးသာတင့်ကို ပွဲစားကြီးလို့ ခေါ်ကြပြောကြတယ်။ စိတ်ဓာတ်ကရိုးတယ်၊ ပွင့်လင်းတယ်၊ သနားညှာတာ စိတ်ရှိတယ်၊ ပြောစရာစကားကို ရှင်းရှင်းဘွင်းဘွင်း ပြောတတ်တယ်၊ ဘဝပန်းတိုင်အတွက် ရည်ရွယ်ထားတဲ့စိတ်ဓာတ်ကတော့ ခပ်မြင့်မြင့်ပဲ၊ "မြင့်မြင့် ကြံမှန်မှန်လုပ် ဟုတ်တာပြော" ဆိုတဲ့ အိမ်နံရံတွေမှာ ချိတ်ဆွဲထားတဲ့ ဆောင်ပုဒ်အတိုင်းပါပဲ။

"ဆရာကျော်ရဲ့ ကျုပ်တို့က ဘယ်သွားသွား မိဘဂုဏ်၊ ဆရာသမားဂုဏ်၊ ဘုန်းကြီးကျောင်းသားဆိုတဲ့ဂုဏ်ကို ဒီနေ့အထိ ထိန်းတယ်ဗျ၊ အခုလည်း ဘုန်းကြီးကျောင်းသားဖြစ်ခဲ့ဖူးတဲ့ကျောင်းဆရာမို့ ကျုပ်သားတွေရဲ့ ပညာရေးနဲ့လိမ္မာရေးခြားအတွက် ဆရာကျော့်ကို အားကိုးပြီးလာအပ်တာဗျ"

ဦးသာတင့်က သားတွေမြစ်ခြေကျောင်းထားဖို့ စီစဉ်တော့ သူကလည်းဘုန်းကြီးကျောင်းသားဖြစ်ခဲ့ဖူးတာမို့ ဘုန်းကြီးကျောင်းသားဘဝကလာတဲ့ ကျောင်းဆရာကို ရွေးပြီး အပ်တာပါလို့ အဖေ့ကိုပြောတော့ "ကျွန်တော့်ကိုဘုန်းကြီးကျောင်းသားပါလို့ ပွဲစားကဘယ်လိုသိတာလဲ" လို့ မေးလိုက်တာကို ပွဲစားကြီးဦးသာတင့်က-

"ဆရာကျော်ရယ် ကျုပ်ကလေ့လာပြီးမှ စကားပြောတာပါ၊ ခင်ဗျားရဲ့ပထမဆရာဘုန်းကြီးက ပခန်းကြီးခဲလူကျောင်းဆရာတော်ကြီး ဦးပညာဇောတ၊ ဒုတိယဆရာတော်ကြီးက တောင်သာမြို့နယ် ဝဲလောင်ရွာ ရွာသစ်ရပ်က ဆရာတော်ကြီး ဦးအာလောကဆိုတာ လေ့လာပြီးသားပါ၊ ကျုပ်က ဘုန်းကြီးကျောင်းသား ဘဝကလာတဲ့ ကျောင်းဆရာတွေဆိုရင် ဘုန်းကြီးတွေကို ရိုသေလေးစားသလိုကို လေးစားတာဗျ၊ အခုလည်း ကျုပ်ကအရောင်းအဝယ်ကိစ္စနဲ့ ရွာပြန်တဲ့အခါ ပြန်ရမှာဆိုတော့ ကျုပ်သားတွေကို ဆရာကျော်

ကပဲ ဆရာလိုသင်ပြဆုံးမပေးပြီး မိဘလိုလည်း စောင့်ရှောက်ပေးပါ” အဲလိုပြောပြီး အဖေ့ဆီကို သားတွေအပ်ခဲ့တာ ဖြစ်တယ်။

အဖေကလည်း မိဘဆရာ ဂုဏ်ကျေးဇူးကို အင်မတန်အလေးထားခဲ့လို့ ယခု လို ရှိသေလေးစားတာကို ခံရတယ်ဆိုပြီး ဦးသာတင့်သားတွေကို ပိုပြီး အထူးဂရုပြုခဲ့ ပါတယ်။ အခုဟာက ပညာသင်ကြားရေး တာဝန်အပြင် အုပ်ချုပ်ထိန်းသိမ်းရတဲ့ မိဘတာဝန်ပါ အဖေယူခဲ့ရပါတယ်။

“ကဲ-ဆရာကျော်၊ ကျုပ် ပြန်လိုက်ဦးမယ်ဗျာ”

“ပွဲစားကတော့ လုပ်ပြီဗျာ။ စာသင်စာပြတာဝန်တင်မကဘူး၊ ကလေးထိန်း တာဝန်ပါ ပေးခဲ့တာပဲ”

“ဒီလိုမထင်ပါနဲ့ဗျာ၊ ကျုပ်က သားသမီးတွေကို သိပ်ချစ်တာဗျ။ သူများက ကဲ့ရဲ့ခံရမှာတို့ အပြစ်တင်ရှုံ့ချတာတို့ ခံရမှာကိုစိုးတာဗျ။ ကျုပ်တို့ဘဝတွေက ဆင်းဆင်း ရဲရဲနဲ့ ရုန်းကန်ခဲ့ကြရတာဆိုတော့ ကျုပ်တို့လို သူတို့ဆင်းရဲမှာကိုလည်း မလိုလားဘူးဗျ၊ ဘာသာတရားနဲ့ ယဉ်ကျေးမှုအပေါ် ကို အလေးထားကိုင်းရှိုင်းစေချင်တာရယ် ခေတ်ပညာ လည်း ထူးချွန်စေချင်တာကြောင့်လည်း ဆရာကျော်ဆီကို လာအပ်တာပါဗျာ၊ ဆုံးမစရာ ရှိလို့ကတော့ ရိုက်ရိုက်နှက်နှက် ကြိုက်သလိုဆုံးမပေးနိုင်ပါတယ်၊ မိဘ တစ်ယောက် လိုကို ဆုံးမလို့ရပါတယ်ဆရာကျော်”

“ကဲ-ဟုတ်ပါပြီ၊ ခင်ဗျားသားသမီးတွေကို ချစ်သလို၊ ကျွန်တော်လည်း သားသမီး တွေ ကိုချစ်ပါတယ်၊ မိဘချင်းလည်း ကိုယ်ချင်းစာပါတယ်၊ ခင်ဗျားသားသမီးတွေကို လည်း ကျွန်တော်ရဲ့ သားသမီးတွေနဲ့မခြား ထိန်းသိမ်း စောင့်ရှောက်သင်ပြသွားပါမယ်ဗျ”

“ဆရာကျော် ပါးစပ်ကခုလိုစကားထွက်လာမယ်ဆိုတာ ယုံကြည်တယ်၊ အခုလည်း ကျုပ်သားသမီးတွေကို စိတ်ချသွားပြီ။ နေလည်းအတော်စောင်းသွားပြီ၊ ပြန်လိုက်ဦး မယ်ဗျာ၊ ဆရာကတော်ကိုလည်း နှုတ်ဆက်သွားတယ် ပြောလိုက်ပါဦးနော်”

“ဟုတ်ပါပြီဗျား၊ ပြောလိုက်ပါ့မယ်”

**ပန်းနှစ်ပွင့် ဒိုင်ယာရီ**

ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင်တယ်ပဲ ပြောကြပါစို့။ တစ်ပင်တည်းပွင့်တဲ့ပန်းမဟုတ်ပေမယ့် ရင်ထဲကနွယ်ပြီး ပွင့်ခဲ့တဲ့ ပန်းနှစ်ပွင့်။

မြစ်ခြေမြို့ စညောင်းကျေးရွာက ပွဲစားကြီးဦးသာတင့်၊ သား ရန်ကုန်မြို့မှာ နေပြီး ရဲဘော်စိုးဝင်း (လှိုင်)၊ စိုးဝင်း (မြစ်ခြေ)၊ ဒီနေ့ တက္ကသိုလ်စိုးယဉ်ဆိုတဲ့ ကလောင် အမည်တွေနဲ့ စာရေးဆရာ၊ ကဗျာဆရာ ကြီး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟို အမှုဆောင်ကော်မတီဝင်၊ ရန်ကုန်မြို့ကြီးမှာရှိတဲ့ အသင်းအဖွဲ့အတော်များများမှာ နာယက ကြီးတာဝန်တွေ အများသားပဲ၊ စာပေလောကမှာတော့ မသိသူမရှိ။

ဒီနေ့ အသက် (၈၀) ပြည့်လို့ ပတ္တမြားရတုတောင် ကျင်းပနိုင်ခဲ့ပြီပဲ၊ ကိုယ့်ဘဝ ကိုယ့်သမိုင်းကို ကိုယ်တိုင်ရေးခဲ့သူပါ။ ဒါက ပန်းတစ်ပွင့်။

မြစ်ခြေမြို့ ဆရာကြီးဦးဘကျော်သား၊ အဖေ အမေ အမွေပေးခဲ့တဲ့ ငြိမ်းချမ်း ခြင်း ရိပ်ငြိမ်မှာနေပြီး၊ မောင်ငြိမ်းအေး (မြစ်ခြေ)၊ ထိပ်တင်ထွေး (နဒီပါဒ) သားဘကျော် (မြစ်ခြေ) စိမ့်စမ်းအေး (ငြိမ်းအေးခြင်းရိပ်ငြိမ်) ဆိုတဲ့ ကလောင်ခွဲတွေနဲ့ စာတွေကဗျာ တွေ ရေးတယ်။

ထွန်းဖောင်ဒေးရှင်းကပေးတဲ့ အတ္ထုပ္ပတ္တိစာပေဆုကို "ပုခန်းကြီး ခရိုင်ဝန်မင်းကြီး ဦးရိပ်နှင့် ပုဂံမြို့ဝန်စစ်ကဲကြီး ဦးမှုံတို့၏ ဘဝပုံရိပ်မှတ်တမ်း" နဲ့ ဆုရခဲ့တယ်။ အထိမ်း အမှတ် ရာသီကာလရတုမဂ္ဂဇင်းတွေမှာ အယ်ဒီတာ၊ တာဝန်ခံအယ်ဒီတာ လုပ်ခဲ့တယ်။

ဒီနေ့တော့ (၆၀) ကျော်လို့ (၇၀) နားကပ်သွားပါပြီ၊ ကိုယ့်ဘဝ ကိုယ့်သမိုင်း တွေကို အကောင်းဆုံးလို့ ဆုံးဖြတ်ခဲ့ပြီး၊ ကိုယ်တိုင်ရေးသမိုင်းကို မသေသေးရင်တော့ ဆက်ရေးသွားပါမယ်။

ပစ္စုပ္ပန်တည့်တည့်နဲ့ ကြည့်လိုက်တော့ ပန်းနှစ်ပွင့်။ တင့်တင့်တယ်တယ်ပွင့် ခဲ့ကြတဲ့ အဖေနှစ်ယောက်ရဲ့သားနှစ်ယောက်ဟာ စာပေလောက စာပေရပ်ဝန်း စာပေ အရိပ်မှာ စာပေတာဝန်တွေကိုယ်စီနဲ့ စာပေရထားကြီးကို မောင်းနှင်ခဲ့ကြတာ အတော် ခရီးပေါက်ခဲ့ပြီပဲ။ အခုအချိန်မှာတော့ အဖေနှစ်ယောက်ရဲ့သားနှစ်ယောက်မျိုးစေ့မှန်လို့ အပွင့်သန်ခဲ့ပြီပဲ ပြောရတော့မလား။

## မော်ကွန်းလက်ဆောင်နှင့် လေအန်ကုန်းအမှတ်တရ

မြစ်ခြေနယ်အသင်း (ရန်ကုန်) (၅) နှစ်ပြည့်မှာ မော်ကွန်းလက်ဆောင်အမှတ် (၁) ထုတ်မယ်လုပ်တော့ လုပ်ငန်းအတွေ့အကြုံရှိသူဆိုပြီး တာဝန်ခံအယ်ဒီတာလုပ်ဖို့ တက္ကသိုလ်စိုးယဉ်က ကျွန်တော့်ကိုအဆို တင်တယ်၊ မောင်ပိုက်ခြုံ (ပညာသီဟ) က အယ်ဒီတာချုပ်။ ကျွန်တော် အမြဲနေတာက မြစ်ခြေ၊ သားထွေးက ကျောက်မြောင်းမှာ နေတော့ အသင်းဝင်လည်းဖြစ်တယ်ဆိုပြီး အားလုံးက လိုလိုလားလား တောင်းဆို ထောက်ခံကြတယ်။ ဒါနဲ့ မော်ကွန်းလက်ဆောင်မှာ တာဝန်ခံအယ်ဒီတာ ဖြစ်သွားခဲ့တယ်။ မော်ကွန်းလက်ဆောင်ဆိုတဲ့အမည်ကို ခရားကြီးလက်ဖက်ရည်ဆိုင် တွေ့ဆုံပွဲ မှာ ကျွန်တော်ကအဆိုပြုတယ်။ အသင်းနာယကကြီး တက္ကသိုလ်စိုးယဉ်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊ အတွင်းရေးမှူး ဦးသောင်းကြည်၊ အယ်ဒီတာချုပ် မောင်ပိုက်ခြုံတို့က သဘောတူအတည်ပြုခဲ့ကြတယ်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ ၄ ရက် စနေနေ့ မနက်ပိုင်း မော်ကွန်း လက်ဆောင်အလုပ်တွေနဲ့ ကိုယ့်စရိတ်ကိုယ်စား ရန်ကုန်မှာနေရင်း လမ်း ၄၀ လေအန်

ကုန်းမှာ ဆုံတွေ့ကြဖို့ ချိန်းဆိုခဲ့တယ်။

ကုန်သည်လမ်းနှင့် လမ်း ၄၀ ထိပ် ညောင်ပင်ကြီးအောက်၊ လမ်းဘေးပလက်ဖောင်းပေါ်မှာ ပက္ကာသနမဖက် အရိုးခံသက်သက်နဲ့ ကြုံသလို ထိုင်နေကြတဲ့ လူစုလူဝေးကို မြင်ရတယ်။ သံဃာတော်သုံးလေး ပါးလည်းပါတယ်။ လေအန်ကုန်းဆိုတာ စာပေလောကသားတွေဆုံစည်းရာ၊ စာအကြောင်း၊ ကဗျာအကြောင်း စာအုပ်တွေနဲ့မဂ္ဂဇင်းတွေအကြောင်း ဆွေးနွေးပြောဆိုကြတဲ့နေရာ၊ ရန်ကုန်မြို့တော်ကြီးရဲ့ အထင်ကရနေရာတွေထဲမှာ လေအန်ကုန်းစာပေစကားဝိုင်းကလည်း တစ်နေရာပါတယ်ဆိုပဲ။ တိုင်းပြည်ရဲ့ မျက်လုံးဆိုတော့လည်း ပါသင့်တာပေါ့လေ။

လေအန်ကုန်းမှာ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ ပန်းချီဒီဇိုင်းဆရာ၊ အယ်ဒီတာအချို့နဲ့ စာပေကဗျာချစ်သူတွေ စာပေကဗျာ ဝါသနာကြီးသူတွေလာကြတယ်။ တကယ်တော့ ဘဝအတွက် ငြိမ်းအေး ခြင်းတွေပေးတဲ့ အရိပ်ကလေး. . . အတွေးတွေ ပန်းလိုဝေနေတုန်း. . .

"လာ ညီလေး ဒီမှာထိုင်ပါ၊ ဒါ ကျွန်တော့်ညီလေးပါ၊ ညီလေး ရောက်လာတာကို ဂုဏ်ပြုတဲ့အနေနဲ့ လက်ဖက်ရည်နောက်တစ်အိုး ရော့ တစ်ထောင်"

ကျွန်တော့်ကို ဂုတ်ပိုးကို ကျစ်ကျစ်ဖက်ပြီး ပြောလိုက်တဲ့အသံနဲ့ ဟန်ပန်ဟာ တကယ့်ညီငယ်တစ်ယောက်ကို အစ်ကိုကြီးဖြစ်သူက နွေးထွေးပျူငှာစွာကြိုဆိုလိုက်တဲ့အတွက် ဝမ်းသာလွန်းလို့ မျက်ရည်များတောင် လည်ရှာတယ်ဆိုတဲ့သီချင်းလိုပါပဲ။ အစ်ကိုကြီးကဆက်ပြီး-

"ဒါ ဆရာ မောင်ငြိမ်းအေး (မြစ်ခြေ)ပါ။ ထွန်းဖောင်ဒေးရှင်း စာပေဆုရှင်တစ်ဦးပါ။ အခု ကျွန်တော်တို့ မြစ်ခြေနယ်အသင်းကထုတ်ဝေမယ့် မော်ကွန်းလက်ဆောင်ရဲ့ တာဝန်ခံအယ်ဒီတာလည်းဖြစ်ပါတယ်။ ကျွန်တော်ကဗျာတွေ ရေးဖွဲ့နိုင်ခဲ့တာဟာဆိုရင်လည်း ဆရာ မောင်ငြိမ်းအေးရဲ့အဖေ၊ ကျွန်တော့်ဆရာရဲ့ ကျေးဇူးပါ။ ဆရာက ပထမဦးသင်တာမှာ ကဗျာနဲ့ရေးဖွဲ့သင်ခဲ့တာပါ။ မန္တလေး-ရန်ကုန် ရထားလမ်းခရီး၊ မြန်မာနိုင်ငံရဲ့သစ်တောတွေကို ကဗျာရေးဖွဲ့သင်ခဲ့တာပါ။ မြန်မာကဗျာရေးနည်း၊ တေးထပ်ရေးနည်းတွေကိုလည်း ကြားဖြတ်သင်ပေးခဲ့တဲ့ ဆရာ့ကျေးဇူးကို ထုတ်ဖော်ပြောပြရသလို ကျွန်တော်တို့စာပေလောကရဲ့ ရေးဖော်ရေးဖက် မောင်ငြိမ်းအေးကို ကြိုဆိုပေးကြပါခင်ဗျား" လို့ မိတ်ဆက်စကားဆိုလည်း ပြီးရော အားလုံးက လက်ခုပ်တီးပြီးကြိုဆိုတဲ့သူကတစ်မျိုး၊ ကျွန်တော်နဲ့ အနီးကပ်လေးငါးဆယ်ယောက်ကတော့ လက်ဆွဲနှုတ်ဆက်ကြပါတယ်။

ပြောရဦးမယ်၊ တောကမထင်မရှား စာရေးဆရာ၊ ကဗျာဆရာကို ဟိမဝန္တာ နှီးမွမ်းခန်းတွေနဲ့ ဂုဏ်ပြုပေးလိုက်တာမို့ မျက်နှာတောင်မထားတတ်အောင် ဖြစ်ခဲ့ရဖူးပါတယ်။

**အဖေ့မေတ္တာ အဖေ့အရိပ်**

ကျွန်တော် နောက်ဆုံးပြောချင်တာက မေတ္တာပါပဲ။ ဘယ်လို သွေးသားမှမတော်စပ်၊ အိမ်နီးချင်းတောင်မဟုတ်တဲ့ မြစ်ခြေမြို့က ဦးဘကျော်၊ ၁၅ မိုင်လောက်ဝေးတဲ့ ယောချောင်းနံဘေး စညောင်းဆိုတဲ့ ရွာလေးက ဦးသာတင့်၊ ဒီအဖေ နှစ်ယောက်ရဲ့ မေတ္တာဟာ သားသမီးအထိ စီးဆင်းလာခဲ့တယ်။ တက္ကသိုလ်စိုးယဉ်ဆိုတာက တာကယ့်မြို့ပြမြို့တော်ကြီးက အထင်ကရပုဂ္ဂိုလ်စာရေးဆရာကြီး။

မောင်ငြိမ်းအေးဆိုတဲ့ မြစ်ခြေမြို့ငယ်လေးက အညတရစာရေးသူကဗျာရေးသူ စာသမား ကဗျာသမားလေးကို အရေးယူဂုဏ်တင် ရွေးထွေးစွာကြိုဆိုလိုက်တဲ့ အပြင် ချစ်ဖွယ်ဆိုတတ် ဆရာမြတ်ရဲ့ တံ့ဆပ်မကုန် ကျေးဇူးဂုဏ်ကို စုံစုံညီညီ ပန်းသွင်သီပြီး အဥ္စလိဂါရဝ ဦးနှိမ်ချပြောဆို လိုက်တာဟာ တာဝန်သိတဲ့ တပည့်ကောင်းတစ်ဦး အဖြစ် သိသာနေပါတယ်။

ကျွန်တော်လုံးဝ မျှော်လင့်မထားခဲ့တဲ့ ဂုဏ်ပြုမိတ်ဆက်ပွဲ၊ ကြိုဆိုပွဲ။ ဒီလို ရန်ကုန်မြို့ကြီးရဲ့ စာပေနန်းတော်ညီလာခံမှာ ရွေးထွေးစွာ ကြိုဆိုဂုဏ်ပြုပေးလိုက်တဲ့ အစ်ကိုကြီး၊ တက္ကသိုလ်စိုးယဉ်ရင်ခွင်မှာ ခိုဝင်နားလိုက်ရတာမို့ စာပေလောက စာပေအရိပ်မှာ ငြိမ်းအေးခြင်းတွေ ရခဲ့ပါတယ်။

အရွယ်တော် (၆၀) ကျော်လို့ (၇၀) ပင် နီးလာခဲ့ပြီဆိုတော့ မေတ္တာနဲ့ပတ်သက် နှီးနွယ်တဲ့ မေတ္တာအကြောင်းကိုပဲတွေးတွေးပြီး မေတ္တာစိတ်တွေပဲ မွေးဖွားနေချင်မိတော့ တယ်။ ဒါကြောင့်ပဲ **"မေတ္တာရဲ့အရသာ ကို အမှန်တကယ် နှစ်နှစ်ကာကာ ခံစားရဖူးမှ မေတ္တာရဲ့အနှစ်သာရဆိုတာကို သိနိုင်တယ်"** ဆိုတဲ့ အဖေ့ရဲ့အဆုံးအမစကားလေးကို တောင် ပြန်လည် လို့ကြားယောင်မိသေးတော့။

အရွယ်လေးရလာပြီဆိုတော့ အတိတ်ကပုံရိပ်တွေကိုပဲ ပြန်တွေးနေမိတယ်။ အဖေနဲ့ဆက်စပ်နေတဲ့ အတိတ်ကိုပြန်တွေးမိတော့ အဖေ့ ပုံရိပ်တွေပဲ မြင်မြင်နေပြီး အဖေ့အသံကိုပဲ ကြားကြားနေရသလို အဖေ့အနားပဲ ရောက်နေရသလိုလို ခံစားရတာမို့ ဘဝအတွက် အားအင်တွေ ဖြစ်လာစေခဲ့ပါတယ်။

အခုပေါ့လေ။ မော်ကွန်းလက်ဆောင်နဲ့ လေအန်ကုန်းအမှတ်တရလေးတွေ ပြန်တွေးမိတာဟာလည်း ကဗျာတွေ စာတွေဆက်ရေးဖို့ အားဆေးတိုက်ကျွေး အားအင်တွေမွေးဖွားပေးလိုက်သလိုမို့ စိတ်ခွန်အား အသစ်အသစ်တွေနဲ့ ကဗျာတွေ စာတွေ ဆက်ရေးသွားပါဦးမယ်။ ။

××× ××× ×××

**သားဘကျော် (မြစ်ခြေ)**

ဖုန်း - ၀၉ ၄၄၀၂၂၃၈၅၈

# ဘဘကြီးဟာ ခေါ်သည်

ကျွန်တော် တပ်မတော်ကထွက်ပြီး ရန်ကုန်မှာစတင်နေထိုင်ချိန် က ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ ဆာဘိုးသာ (ခြောက်ထပ်ကြီး ဘုရားဒါယကာ) ခြံအတွင်းမှာ နေပါတယ်။

ဆရာကြီး အဘ မင်းသိခ်ရဲ့ ဖြစ်ချင်ရာဖြစ်မောင်ဘချစ် ဇာတ်အိမ်တည်ရာ ရပ်ဝန်းလေးဖြစ်သလို။ မောင်ဘချစ်နေရာမှာ ကိုယ်ပဲလို့တောင် ရူးမိပါသေးတယ်။ ငါးထပ်ကြီးဘုရားကုန်းနားက စိုက်ခင်းတွေကိုကြည့်ရင်းဇာတ်လမ်းထဲက ဘုန်းကြီးလူထွက်လင်မယား၊ တရုတ်ကြီးနဲ့ မောင်ဘချစ် ဒဿနပိုင်းဆိုင်ရာ ထင်ဟပ်မှုလေးတွေကို စိတ်ခွန်အား ဖြည့်ခဲ့တယ်။

ဦးလေးဖြစ်သူ မီးသွေးရောင်းတဲ့အိမ်မှာကူလုပ်ရင်း အခြားကိုက်ညီမယ့် အလုပ်တွေလိုက်ရှာပါတယ်။ ဝါသနာပါရာ အနုပညာကိစ္စလေးတွေအတွက်လည်း လက်မလွှတ်စတမ်းပါ။

တကယ်တမ်း အကောင်အထည်ဖော် လုပ်ကိုင်ချင်တာက ပန်းချီနဲ့ အသက်မွေးမှုပါ။ အခွင့်မသာသေးတဲ့ အခြေအနေမှာ ဆန့်ကျင်ဘက်တွေချည်း ကြုံနေရတယ်လို့ ခံစားချက်နဲ့ပေါ့။

ကြုံရာကျပန်း အလုပ်လုပ်ရင်း အဆောင်ငှားနေခဲ့တယ်။ မဂ္ဂဇင်းကဗျာတွေ၊ တစ်မျက်နှာဝတ္ထုတွေကို ဆရာနေစိုးသော် လမ်းပြမှုကြောင့် ရေးစရှိလေတော့ ဆူးလေဘုရားနား တဝဲလည်လည်ကာလရှည် ကြီးပေါ့။

စာအုပ်ကလေးတွေ စာမူခလေးတွေရလာရင် ဦးလေးအိမ် တကူးတက သွားတယ်။ သိပ်တော့လည်း အဆူမခံရတော့ပါဘူး။

"တို့မြစ်ခြေက စာရေးဆရာ ဒီခြံထဲမှာနေတယ်" ဦးစိုးဝင်းဆိုလို့။ သိပါပြီ။ ဆရာကြီး တက္ကသိုလ်စိုးယဉ်ကို လူချင်းတော့ မသိကျွမ်းဘူးသေးပါ။ မြစ်ခြေမြို့ အထက်တန်းကျောင်း ရွှေရတုမဂ္ဂဇင်းမှာ နာမည်ကို ရင်းနှီးနေခဲ့တာပါ။

ဦးလေးဖြစ်သူ မိတ်ဆက်ပေးလို့ ဆရာကြီးတက္ကသိုလ်စိုးယဉ် (ခေါ်) ဦးစိုးဝင်း (မြစ်ခြေ) ကို တွေ့ဆုံခင်မင်ခွင့်ရခဲ့တယ်။

ဖော်ရွေစွာ ဆက်ဆံတတ်ပေမယ့် ဟက်ဟက်ပက်ပက် ရယ်ခြင်းမျိုး မတွေ့ဘူး သေးပါဘူး။

သူ့ကို တစ်ခြံလုံးက ဘဘကြီးလို့ပဲ ခေါ်ကြတယ်။

တိုက်ပုံအင်္ကျီ အမြဲဝတ်တယ်။ လွယ်အိတ်ကြီး ပခုံးတစ်ဘက်ချိတ်ပြီး ထီးကောက် အရွက်ကြီး အရိုးရှည်ကို အမြဲဆောင်ကာ လမ်းလျှောက်ထွက်လာတတ်တယ်။

ဘဘကြီး ဝိုင်အမ်ဘီအေ အသင်းချုပ်ကြီးမှာ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်တုန်း က အဖွဲ့ချုပ်ကြီးက ချီးမြှင့်တဲ့ မဟာမင်္ဂလဓမ္မဇောတိက ဓဇဘွဲ့ရရှိထားတယ်။

မြဝတီစာပေတိုက်ကြီးမှာလည်း အယ်ဒီတာတာဝန်ထမ်းခဲ့သလို အရှယ်ကောင်း စဉ်ကလည်း မြို့နယ်ထုတ်မဂ္ဂဇင်းများ စာတည်းမှူး လုပ်ခဲ့ပါသေးတယ်။ မင်္ဂလာတောင် ညွန့်မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၆) နှစ် လုပ်ခဲ့တယ်လို့လည်း သိရပါတယ်။

"အောင်သွေးရေ ဦးလေးတော့ မဂ္ဂဇင်းလေး လုပ်နေတယ်ကွာ။ ကဗျာလေး ထည့်ချင်ရင် ပေးပါ" ဆိုလို့

"ပြဿနာမဟုတ်တဲ့ကိစ္စလေးတွေ" (ကဗျာ) ဖော်ပြပေးဖူးပါတယ်။

မြစ်ခြေနယ်အသင်းရဲ့ နာယကတစ်ဦးလည်း ဖြစ်ပါတယ်။

တင့်တင့်တယ်တယ် မိသားစုအသိုင်းအဝိုင်းပေမယ့်လည်း သူ့အိမ်အလည် သွားရောက်တိုင်း အားလုံးက ပျူပျူငှာငှာ ဆက်ဆံတာ တွေ့ရပါတယ်။

အခုလို နှစ် (၈၀) ပြည့် ပတ္တမြားရတု သက်တမ်းအချိန်ထိ ဆရာကြီးတက္ကသိုလ် စိုးယဉ် (ခေါ်) ဦးစိုးဝင်း (မြစ်ခြေ) ဟာ ဘာသာတရား၊ စာပေစွမ်းအားတွေနဲ့ တက်ကြွ လှုပ်ရှားနေဆဲပါ။

ရေးစရာတွေ ကျန်နေပါသေးတယ်။ အသက်ရာကျော်ရှည်ပါစေလို့ ဆုတောင်း ပေးရင်း သူများတွေအတွက် စာမျက်နှာငဲ့လိုက်ရပါတယ်။ ။

xxx xxx xxx

**အောင်သွေးလက် (မြစ်ခြေ)**

# ကျွန်တော်သိသော ဦးစိုးဝင်း (သို့မဟုတ်) ကျွန်တော်နဲ့ ဦးစိုးဝင်း

ပခုက္ကူခရိုင် မြစ်ခြေမြို့နယ်အသင်းရဲ့ နာယက ဦးစိုးဝင်းဟာ ၂၀၁၉ ခုနှစ်မှာ စတင်ဖွဲ့စည်းတဲ့ ပခုက္ကူခရိုင်အသင်းရဲ့ နာယကတစ်ဦး ဖြစ်ပါတယ်။ Y.M.B.A. အသင်းကြီးရဲ့ ဦးဆောင်သူတစ်ဦးဖြစ်သလို စာရေးဆရာ၊ ကဗျာဆရာလည်း ဖြစ်ပါတယ်။

ဦးစိုးဝင်းဟာ မြစ်ခြေဇာတိဖြစ်ပြီး၊ ကျွန်တော်က ကမ္မသားဆိုတော့ တစ်နယ်ထဲသားပါပဲ။ မြစ်ခြေ၊ ကမ္မဆိုတာ ပခုက္ကူမြို့နယ်ရဲ့ အမာခံနယ်မြေတွေဖြစ်ပါတယ်။ အစကတော့ မြစ်ခြေကမြို့ဖြစ်ပြီး ကမ္မကလက်အောက်ခံရွာဖြစ်ပါတယ်။ ပုဂံမြို့နယ်နဲ့ မြစ်သာခြားပြီး ရှေးမင်းတွေတည်ခဲ့တဲ့ ဘုရားကျောင်းကန်တွေ ပေါများတဲ့မြို့ဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက မြစ်ခြေက ဈေးသည်များဟာ ကမ္မက ၅ ရက်ဈေးမှာ ကားနဲ့လာရောင်းချတာတွေ့ရပါတယ်။ မြစ်ခြေဟာ ဆိပ်ကမ်းမြို့ဖြစ်ပြီး ဆန်ကုန်သည်များရှိတာမို့ ဆန်ဝယ်ရန် မြစ်ခြေကို လှည်းနွားတွေနဲ့ သွားရပါတယ်။ ခရီးက ၉ မိုင်ဝေးပါတယ်။ ကားလမ်း မပေါက်သေးပါဘူး။ ၁၉၈၀ နောက်ပိုင်းမှ ကမ္မနဲ့ မြစ်ခြေကားလမ်းပေါက်လို့ ခုတော့ရေအိုး/ရေမှုတ် သွားလို့ရနေပါပြီ။

ကမ္မမှာ အထက်တန်းကျောင်းမရှိသေးလို့ ၇ တန်းအောင်ပြီးရင် မြစ်ခြေကို ကျောင်းသွားနေရပါတယ်။ ရဲစခန်းလည်းမရှိသေးလို့ မြစ်ခြေ စခန်းအပိုင်နေရပါတယ်။

နောက်ပိုင်းမှာ ကမ္မဟာ လမ်းပန်းအဆက်အသွယ်ပိုကောင်းပြီး လျှပ်စစ်မီး၊ ဖုန်းရတာ၊ ရောင်းဝယ်မှုကောင်းတာကြောင့် ဖွံ့ဖြိုးလာပြီး ကမ္မမြို့ဖြစ်လာတာပါ။

ကျွန်တော်ပြောချင်တာက ကမ္မသားတွေ ဘယ်လိုယှဉ်ယှဉ် မြစ်ခြေကို မမှီပါဘူး။ ကျွန်တော်ကပြိုင်ဖို့ ယှဉ်ဖို့မကြိုးစားပါနဲ့၊ ညီညွတ်ဖို့ အဓိကထားပြောရပါတယ်။

ကျွန်တော်က မြစ်ခြေသားတွေနဲ့ ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ရှိတဲ့အထဲမှာ ဦးစိုးဝင်း တစ်ယောက်က ထိပ်ကပါပါတယ်။ ဘာကြောင့်လဲဆိုတော့ ဦးစိုးဝင်းဟာ ကမ္ဘသားလို့ လည်းခံယူထားသလို မြစ်ခြေသားလည်း ဖြစ်နေလို့ပါ။ ဒါကြောင့် သူ့ကို ကျွန်တော်က အစ်ကိုလို့ခေါ်ပါတယ်။

အကြောင်းက ဒီလိုပါ။ ဦးစိုးဝင်းတို့ ငယ်ငယ်တုန်းက ကျွန်တော် တို့ရွာဦးက ဘုန်းတော်ကြီးကျောင်းမှာနေဖူးတယ်။ ၁၉၅၀ ခု ဝန်းကျင် ပြည်တွင်းစစ်ဖြစ်နေတဲ့ အချိန်ပေါ့။ ရွာဦးကျောင်းဆရာတော်က ဦးဇယန္တပါ။ ကျွန်တော်က (၄) နှစ်သား အစ်ကိုဖြစ်သူ ဦးအောင်ခန့်က သူတို့နဲ့ ရွယ်တူတွေပေါ့။ အဲဒီအချိန်မှာ ဆရာတော်က မန္တလေးက စာတတ်ဆရာတော်တစ်ပါးကိုပင့်ပြီး အင်္ဂလိပ်စာသင်ပေးတယ်။

ဦးစိုးဝင်းတို့ဟာ အင်္ဂလိပ်စာအခြေခံကို ကောင်းကောင်းသင်ခဲ့ရတာပေါ့။ ကျွန်တော့်အစ်ကိုရင်းနဲ့ ကျောင်းနေဘက်ဆိုတော့ အစ်ကိုလို့ပဲ ခေါ်ဖြစ်ပါတယ်။ ဦးစိုးဝင်း က ဆရာတော်ကျေးဇူး၊ ရွာရဲ့ကျေးဇူးတွေကို မမေ့ဘဲ အမှတ်တရပြောပြလို့ သိရတာပါ။

အခုတော့ အစ်ကိုစိုးဝင်းဟာ အသက် (၈၀) ပြည့်တော့မယ်။ စာရေးဆရာ လည်းဖြစ်တယ်။ အမျိုးသားနိုင်ငံရေး၊ ဘာသာရေးတွေကို လုပ်နေတယ်။ မြို့နယ်အသင်း၊ ခရိုင်အသင်းမှာလည်း တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်နေတာ တွေ့ရပါတယ်။

ကျွန်တော့်အမြင်အရတော့ လူတစ်ယောက်တန်ဖိုးဟာ သူ့ပခုံးပေါ် ကျရောက် လာတဲ့ သမိုင်းပေးတာဝန်ကို ဘယ်လောက်တာဝန်ကျေပွန်စွာ ထမ်းဆောင်သလဲဆိုတဲ့ ပေတံနဲ့တိုင်းရင် အစ်ကိုစိုးဝင်းဟာ တာဝန်ကျေသူလို့ မြင်ပါတယ်။ ဒါကြောင့် သက်ရှည် ကျန်းမာပြီး ပရဟိတလုပ်ငန်းများ၊ စာပေလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့ရင်း ဒီစာကိုရေးလိုက်ရတာပါ။ ။

xxx xxx xxx

**ခင်မောင်ညို (ကမ္ဘ)**

# ချစ်ခင်လေးစားထိုက်သည့် ပုဂ္ဂိုလ်

ထိုပုဂ္ဂိုလ်သည် ငယ်ဘဝကို မမေ့သူ၊ ဇာတိသွေး ဇာတိမာန် ထက်မြက်သူ၊ စာပေပညာကို ခက်ခက်ခဲခဲကြိုးစားခဲ့ခြင်း၊ ကြိုးစားအားထုတ်မှုကောင်းသဖြင့် ထူးချွန်ဆုများရရှိခြင်း၊ ၁၉၅၀ ကျော်ကာလတွင် အစိုးရ မူလတန်း၊ အလယ်တန်းကျောင်းတွေမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ ဖြေဆိုခဲ့ကြရသည်ကို စာရေးသူပါဝင်ဖြေဆိုခဲ့ရ၍ မှတ်မိနေသည်။

ငယ်ငယ်က ဆရာတော်ဘုရား၊ ဆရာသမားများကို မမေ့သော လေးစားသော ထိုပုဂ္ဂိုလ်သည် ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့နယ်ခွဲ၊ စံကျောင်းကျေးရွာဇာတိဖြစ်ပြီး မိဘများမှာ ဦးသာတင့်+ဒေါ် အိမ်မြိုင်၊ ပွဲစားကြီး၊ သမစိတ္တပွဲရုံ၊ မြစ်ခြေမြို့ဖြစ်ပါသည်။ မြစ်ခြေစံကျောင်းကျေးရွာမှဖြစ်သော်လည်း ပျော်ရာမှာမနေ တော်ရာမှာနေဆိုသည့်အတိုင်း ပခုက္ကူမြို့နယ်၊ ကမ္မမြို့နယ်ခွဲ ကမ္မရွာဦးမင်းကျောင်း၊ ဦးဇယံ (ဦးဇယန္တ) ဆရာတော်ကျောင်းတွင် ကျောင်းအိပ်ကျောင်းစားဖြင့် ဆရာတော်ထံမှ ဘာသာရေးစာပေများကို ကျောင်းသားပီပီ စာအံစာကျက်သင်ယူခဲ့ပြီး ဘုန်းတော်ကြီးကျောင်း၏ ဝေယျာဝစ္စ အလုပ်များ၊ ဆွမ်းရပ်ခြင်း၊ ဆွမ်းအုပ်ဆွမ်းချိုင့်ပို့ခြင်း၊ ယူခြင်း၊ သန့်ရှင်းရေးမှအစ ရိုရိုသေသေလေးလေးစားစား ပြုလုပ်ခဲ့မှုကို သိရသဖြင့် ဂုဏ်ယူလေးစားစွာ ဖော်ပြအပ်ပါသည်။

ကမ္မရွာဦးမင်းကျောင်း ဦးဇယံကျောင်းနှင့် မြစ်ခြေသည် ၉ မိုင် ၆ ဖာလုံသာ ဝေးကွာပါသည်။ တစ်ချိန်က သွားလာရေးမချောမွေ့ခဲ့ပေမယ့် ခြေလျင်ခရီး၊ လှည်းခရီးဖြင့် သွားလာပျော်ရွှင်ကျန်းမာခဲ့ပုံများကို (ပတ္တမြား ရတု) အသက် ၈၀ ပြည့်ကျော် ရာကျော်ထိ ငယ်ဘဝကို မေ့နိုင်မည်မဟုတ်ပါ။

စာရေးသူ ကလောင်အမည် မာတ်ပုံသန်းဆွေ၊ ကလောင်ခွဲ သန်းဆွေမင်း

(ဝါဇီ) မှာ စာပေဝါသနာပါ၍ လေ့လာလိုက်စား ချစ်မြတ်နိုး တန်ဖိုးထားသူပီပီ စာပေနား နီး စာပေဖြစ်ခဲ့သည်ဟု ပြောရပါမည်။ ကဗျာဆရာ အေးမျိုးကြည်နှင့်တွေ့ပြီး ဆရာ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) နှင့် ရင်းနှီးခဲ့ပါသည်။ ဦးစိုးဝင်းနှင့် စာပေကြောင်းတွေ စကားစရင်း ပြောရင်းမှပေါ် လာရာ အိမ်နီးချင်းပင်ဖြစ်နေပေတော့သည်။ ဦးစိုးဝင်း ဒေသ မြစ်ခြေသည် ညောင်ဦးမြို့တစ်ဖက်ကမ်း Ayeyarwaddy Riverside နှင့် ခပ်လှမ်းလှမ်း ရွာကြီး၊ ယခုမြို့ ယခင်က ၂ ထပ်သင်္ဘောနှင့် ရန်ကုန်-မန္တလေးသင်္ဘောကြီးများ ဆိုက်ကပ်ရာ သင်္ဘောဆိပ်မြို့မြစ်ခြေဈေးကြီးသည် အလွန်စည်ကားခဲ့ပါသည်။

စိတ်ရင်း စေတနာကောင်းသူ ကူညီစောင်မသူ၊ နိုင်ငံတာဝန်ကို ရိုးသားကြိုးစား ပြီး သစ္စာရှိသူ၊ အသက်ကိုပဓာနမထားဘဲ တိုင်းပြည်တာဝန် ထမ်းဆောင်သူ၊ ကိုယ်ကျိုး မမက်သူ၊ အလုပ်နှင့်သက်သေပြသူ၊ အပြောနှင့် အလုပ်ညီသူများကို လေးစားချစ်ခင် ရမှာဖြစ်သလို စာရေးသူ ယခုလို တွေ့ဆုံရင်းနှီးမှုကို တန်ဖိုးထားပါသည်။

ဆရာဦးစိုးဝင်းသည် စာရေးသူအား သင့်ရာအပ်ပို့ ဆိုရိုးစကားအတိုင်း စာပေ လမ်းကြောင်းကို တွေ့ရှိသိမြင်အောင် အဖက်ဖက်မှ လမ်းညွှန်အကူအညီပေးခြင်း၊ ဆွေးနွေး ပြောပြခြင်းများကို အားရမိပါသည်။ မြဝတီစာပေတိုက်အယ်ဒီတာ တာဝန်ထမ်းဆောင် စဉ် စာပေမြင့်မှ လူမျိုးတင့်မည် ခေါင်းစဉ် စကားဝိုင်းဆွေးနွေးခဲ့မှုများကို သတိရနေ မိသည်။

စာရေးသူမှာ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) မှ ဖွင့်လှစ် သင်ကြားပေး သော အခြေခံစာရေးနည်းသင်တန်းအမှတ်စဉ် (၅) တက်ရောက်သည့်အခါ ပြန်ကြား ရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြား ရေးမှူးချုပ် ဦးချစ်နိုင် (စိတ်ပညာ) သည် မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌဖြစ်ပြီး သင်တန်းတွင် စာရေးသူအား သင်ကြားပို့ချပေးသော ဆရာတစ်ဦးအဖြစ် တွေ့ဆုံရခြင်းကို ဂုဏ်ယူ ဝမ်းသာမဆုံး ဖြစ်ရပါသည်။ ဆရာ ဦးစိုးဝင်းပါတွေ့ရ၍ စာရေးသူမှာပိုပြီး အားရှိခဲ့ပါ သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) မှ ဆရာ၊ ဆရာမများကို ရိုသေလေးစား ပါကြောင်း ဤဆောင်းပါးတွင် ဖော်ပြပေးအပ်ပါသည်။

ဆရာဦးစိုးဝင်း၏ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးကြိုးပမ်းဆောင်ရွက်မှု များကို များစွာအားရမိသည်။ ရန်ကုန်တက္ကသိုလ် ယခင်က ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် (ရန်ကုန်) မှ B.A. (History) M.A.Q. ကို တက်ရောက်ကြိုးစားရယူခဲ့ခြင်း၊ ရန်ကုန်မြို့ Y.M.B.A. အသင်းကြီးမှ မဟာမင်္ဂလမဗ္ဗဇောတိကဓဇဘွဲ့ကို ချီးမြှင့်ခြင်းခံရသည်။

ထိုအသင်း၏ ယခင်က ဥက္ကဋ္ဌ၊ ယခု နာယက တာဝန်ထမ်းဆောင်ခြင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) အလုပ်အမှုဆောင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်စာရေးဆရာအသင်း၊ ယခင်က ဥက္ကဋ္ဌ၊ ယခု နာယက၊ မဟာစည်သာသနာ့ရိပ်သာကြီး၊ ဗုဒ္ဓသာသန နုဂ္ဂဟအဖွဲ့ချုပ်၊ အမှုဆောင်စာတည်းချုပ်၊ ဇီဝကမဂ္ဂဇင်း အတိုင်ပင်ခံစာတည်း၊ ပခုက္ကူမြစ်ခြေဆိပ်ဖြူ ဒိုက်ဦးအသင်းများတွင် နာယကဖြစ်ခြင်း၊ ရတနာမွန်မဂ္ဂဇင်းစာတည်းအဖွဲ့ဝင် မြန်စာပြန်နှံ့ ဒု-ဥက္ကဋ္ဌ (၃) မြန်မာ့ကျေးလက်ဒေသ လူ့အရင်းအမြစ်တိုးတက်ရေးအဖွဲ့ဝင်၊ အသင်းအဖွဲ့များတွင် ယနေ့တိုင် တရွေ့ရွေ့နှင့်တစ်လှမ်းခြင်း တစ်လှမ်းခြင်း မနားတမ်း သွားလှမ်းနေသည့် ပုဂ္ဂိုလ်ကတော့ တက္ကသိုလ်ကျောင်းသားဟောင်းကြီး စာရေးဆရာကြီး ရဲဘော်စိုးဝင်း (လှိုင်) ဖြစ်ပါသည်။ အံ့ဩစရာကောင်းသလို အထူးပင် ဂုဏ်ယူလေးစားကြရမည်ဖြစ်ပါသည်။

ဦးစိုးဝင်း တစ်ချိန်ကရေးစပ်ခဲ့သော ဝမ်းချိုင်းနှင့်လက်ဝှေ့ထိုး သတ်ပွဲကဗျာလေးသည် လက်သီးချက်ပြင်းသလို ရေးစပ်မှုမှာ ထိရောက်ပြောင်မြောက်သဖြင့် စာရေးသူကိုယ်တိုင် စင်ပေါ်တက်ပြီး ထိုးသတ်ချင် စိတ်ပေါ်ခဲ့ပေသည်။ ဦးစိုးဝင်း၏ စာပေဖြင့် ချီးကျူးပူဇော်ခြင်း၊ ချီးမြှင့်ဂုဏ်ပြုခြင်း၊ ဝတ္ထုပစ္စည်းစာပေများဖြင့် လှူဒါန်းခဲ့ခြင်းများကို သာဓုခေါ်ဆို မှတ်တမ်းတင်အပ်ပါသည်။

ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်အားထားသော ပုဂ္ဂိုလ်၊ ဘာသာစာပေတွေကို မြှင့်တင်ပေးခြင်း အချိန်တာဝန်ကိုလေးစားပြီး စာပေဆွေးနွေးခြင်း၊ ပညာမျှဝေခြင်း၊ အေးချမ်းစွာပြောဆိုဆက်ဆံခြင်းများအပေါ် လေးစားဂုဏ်ယူခြင်းများစွာဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်ခင်ဗျာ. . .

ဆရာကြီးဦးစိုးဝင်း အသက် (၈၀) ပြည့် (ပတ္တမြား) ရတုမှသည် အသက်ရာကျော်ရှည်ပါစေ။ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပြီး ဘေးအန္တရာယ်အပေါင်းကင်းဝေးပါစေ. . .

အသက်ရှည်လိုလျှင် သီလစောင့်ပါ စကားအတိုင်း သီလအား ကောင်းပြီး အာရောဂျပရမာ-လာဘာဆိုအပ်သော လာဘ်တကာလာဘ်တွေထဲမှ အမြင့်မြတ်ဆုံး အကြီးမားဆုံးဖြစ်သော ကျန်းမာခြင်းလာဘ်ကြီးကို ပိုင်ဆိုင်ပြည့်စုံပါစေ။ ။

xxx xxx xxx

မာတ်ပုံ-သန်းဆွေ

# ရင်မှဖွင့်လာအတွင်းကဗျာများ

## အပိုင်း (၄)

# နေလပမာ ဆရာ့မေတ္တာ

* ပမာဆိုပြု ၊ နှိုင်းဆရလျှင်
ဆရာ့မေတ္တာ ၊ စေတနာကား
နေ့မှာထွန်းလင်း ၊ သူရိန်မင်းသို့
နွေးထွေးခြင်းငှာ ၊ ပေးစွမ်းလှာသည်
ဆရာ့မေတ္တာပြယုဂ်တည်း။

* ပမာဆိုပြု ၊ နှိုင်းဆရလျှင်
ဆရာ့မေတ္တာ ၊ စေတနာကား
ညမှာထွန်းလင်း ၊ စန္ဒာမင်းသို့
အေးမြခြင်းငှာ ၊ ပေးစွမ်းလှာသည်
ဆရာ့မေတ္တာပြယုဂ်တည်း။

* နေလနှစ်ဖြာ ၊ ပုံပမာသို့
ဆရာ့မေတ္တာ ၊ စေတနာကား
များလှဝေနေ ၊ အသခေျ်တို့
ချမ်းသာစေကြောင်း ၊ မေတ္တာလောင်းကာ
ပို့သလှာသည် ၊ မေတ္တာလွှမ်းဓာတ်
ကမ္ဘာပတ်ကာ ၊ စကြဝဠာ
နေရာအနှံ့ ၊ လွင့်ပျံ့စေကြောင်း
ရိုက်ခတ်ညောင်းသည်
သောင်းတိုက်ကလျှင် ကြားစေသတည်း။ ။

(ဆရာကြီး တက္ကသိုလ်စိုးယဉ် အသက် (၈၀) ပြည့်မွေးနေ့သို့)

**မောင်လွှမ်းရည် (ရွှေတောင်)**
ဖုန်း - ၀၉ ၄၅၁ ၃၈၃၉၆၀

## ဆရာ့မေတ္တာစမ်းရေပြော

* ဆရာ့မေတ္တာ ၊ စမ်းရေပြာကြောင့်
ရင်မှာသောက ၊ ကင်းစင်ပ၍
ချမ်းမြနှလုံး ၊ ပီတိဖုံး၏။
* ဆရာ့ကရုဏာ ၊ စမ်းရေပြာကြောင့်
ပြင်းစွာဒေါသ ၊ ပြေလျော့ကျ၍
စန်းလတန္တန်း ၊ ပီတိဖုံး၏။
* ဆရာ့စေတနာ ၊ စမ်းရေပြာကြောင့်
ရင်မှာချမ်းမြ ၊ အားသစ်ရ၍
ဘဝအမော ၊ စဉ်ပြေလျော့၏။
* ဆရာ့မုဒိတာ ၊ စမ်းရေပြာကြောင့်
ပြည်ရွာတစ်ဝန်း ၊ အေးငြိမ်းချမ်း၍
ဝမ်းသာရွှင်ပြုံး ၊ ပီတိဖုံး၏။
* ဆရာ့မေတ္တာ ၊ စမ်းရေပြာကြောင့်
ပြုလာသည့်ရန် ၊ ဒေါသမာန်ကို
သည်းခံခွင့်လွှတ်နိုင်ခဲ့သည်။
* ဆရာ့ကရုဏာ ၊ စမ်းရေပြာကြောင့်
ကြုံလာရပြန် ၊ လောကဓံကို
တွန်းလှန်အနိုင်ယူခဲ့သည်။
* ဆရာ့မေတ္တာ ၊ စမ်းရေပြာကား
ဘယ်ခါခန်းခြောက်နိုင်ပါအံ့။
* ဆရာ့ကရုဏာ ၊ စမ်းရေပြာကို
ဘယ်မှာရှာတွေ့နိုင်ပါအံ့။
* ဆရာ့မေတ္တာ ၊ ရတနာကို
ဖွေရှာအစား မထိုးနိုင်တကား။ ။

(စာရေးဆရာတက္ကသိုလ်စိုးယဉ်အသက် ၈၀ ပြည့်နှစ်အမှတ်တရ)

**သူရအောင် (ရွှေပြည်သာ)**
ဖုန်း - ၀၉ ၂၅၂ ၄၀၀၃၃၂

## မေတ္တာနှင့်သစ် စာပေချစ်တဲ့ တို့ဆရာ

* မြတ်သစ္စာ အဓိဋ္ဌာန်ပြုပါလို့
စိတ်မာန်နဲ့ နာယကအသွင်။
မြတ်စာပေ ဦးပန်သ
ပကာသန ကင်းစင်။
သဘာဝ သရုပ်ခင်
စိတ်ဖြူစင် မနောရှင်း။
ငယ်ရွယ်သူ တပည့်များရယ်တို့
ဝပ်တွားကာ ရိုသေကြ
မွေးမြ ဂုဏ်သတင်း။
* "စံကျောင်း" ရွာ "မြစ်ချေ" အနားက
ကျေးတောသား တို့ဆရာ။
"ပခုက္ကူ" နယ် တရိုးက
မညှိုးတဲ့ အရှိန်ဝါ။
"ဦးသာတင့်" ဖခင်ပါ
မိခင်မှာ "ဒေါ်အိမ်မြိုင်" တဲ့ပျား။
တစ်ထောင့်ကိုးရာ့ လေးဆယ်တွင်
နိုဝင်ဘာ ဆယ့်ကိုးရက်မှာ
သန့်စင်လျက်ဖွား။
* မည်သညာ မျှော်ထောက်ရှု
"စိုးဝင်း" ဟုတွင်စေရာ။
နောက်သောခါ စာပေအတွက်
ရှေ့ထွက်သူသာ။
"သမစိတ္တ" ပွဲရုံမှာ
သူ့တွက်တာ အောင်မြင်ရဲ့။
မြို့ရွှေဂုံ တက္ကသိုလ်နန်းသို့

တက်လှမ်းကာ ဘွဲ့ဂုဏ်ထူးများ
အထူးရခဲ့။
* ဘွဲ့ပညာ အထပ်ထပ်
စွဲမှတ်ဖို့ သိစေရာ။
B.A. မှာ History သမိုင်းပါ
M.A. Qualify ပါ။
"Y.M.B.A." က ချီးမြှင့်တာ
"မဟာမင်္ဂလမမ္ဗဇောတိကဓဇ"။
"အဘိဓမ္မ" သင်္ဂြိုဟ်ဝယ်
သုံးပိုင်းအကျယ် အောင်မြင်ပို့
မြို့ "ဆိပ်ဖြူ" မှ။
* ထောင့်ကိုးရာ့ "ခြောက်ဆယ့်နှစ်" မှ
"ရှစ်ဆယ့်ခြောက်" ခုနှစ်တိုင်။
လှိုင်မြို့နယ် ဂုံနီစက်မှာ
စဉ်ဆက်လုပ်ကိုင်။
ဝန်ထမ်းဘဝ သာတင့်မြိုင်
နိုင်ငံအတွက် အားခွန်ပေး။
ရုံးအုပ်ခေါ် B.C. ငြိမ်းအထိ
မတိမ်းပါ ဦးဆောင်ပြုလို့
ထုဆစ်ခဲ့သေး။
* "ထောင့်ကိုးရာ့ ကိုးဆယ့်တစ်" မှ
"နှစ်ထောင့်တစ်" ခုနှစ်တိုင်။
"မြဝတီ" စာပေတိုက်မှာ
နှစ်ခြိုက်စွာထိုင်။
အယ်ဒီတာ့ တာဝန်ကိုင်
ပိုင်နိုင်လျက် ဖြတ်ကျော်လွှား။
"တက္ကသိုလ် စိုးယဉ်" အမည်နဲ့

မြန်မာပြည် စာပေအကျိုးကို
သယ်ပိုးလျက်သွား။
* စာပေနယ် အတွင်းမှာဖြင့်
လင်းလက်တဲ့ ကြယ်ပမာ။
ရသစုံ သုတများ
စွမ်းအား ဖြည့်စာ။
"လုံးချင်း" နဲ့ "ကလေးကဗျာ"
ရေးနိုင်ပါ့ ဆောင်းပါးတွေ။
ရှေးဦးစွာ ခြေလှမ်းသစ်အဖြစ်
"တို့ခေတ်လုပ်သား ပြည်စွမ်းအား"
ရေးသားခဲ့သေး။
* "သုံးပွင့်တစ်ခိုင် စာစီကုံး"
"ဝလုံးလေးနဲ့ အခြားကဗျာ"
"မွေးနေ့မင်္ဂလာ စိန်ရတု"
မှတ်တိုင်ပြုကာ။
"ဇာနည်သွေး ကလေးကဗျာ"
ရေးဖွဲ့ရာ နှစ်ကြိမ်ထုတ်။
"ဘဝဝန်းကျင် ပန်းဥယျာဉ်" ဟု
စာနယ်ဇဉ် အတွေးလှနဲ့
အေးမြဖို့လုပ်။
* "မြန်မာနိုင်ငံ စာပေအဖွဲ့"
တာဝန်နဲ့ သူမကွာ။
"မဟာစည် ရိပ်သာ" ကြီးမှာ
"စာတည်း" လည်းပါ။
ပခုက္ကူ အသင်းမှာ
ဝင်ပါလို့ ဆောင်ရွက်သေး။
"ဆိပ်ဖြူ" "မြစ်ခြေ" "ဒိုက်ဦး" မြို့

အထူးတလည် အသင်းများ
လုပ်အားဖြည့်ပေး။
* တာဝန်တွေအထပ်ထပ်
ကျေနပ်၍ ထမ်းဆောင်ရာ။
အဖွဲ့ဝင် ဥက္ကဋ္ဌ
နာယက ပါ။
ကြုံရာကျ စွမ်းဆောင်ကာ
တာဝန်မှာ ကြီးသော်ငြား။
ဖွဲ့စိတ်ရယ် သန်မြန်လို့
မဟာဆန် အတွေးနက်
နိုင်ငံတွက်အား။
* မြန်မာနိုင်ငံ စာပေအသင်း
စွမ်းဆောင်ရင်း လက်ရှိမှာ။
အမှုဆောင် တာဝန်ထမ်း
လက်ကမ်းကြိုရှာ။
တပည့်များ ချစ်မေတ္တာ
မင်္ဂလာ မွေးနေ့အား။
"သက်ရှစ်ဆယ်" အပြည့်မှာဖြင့်
ဆက်ချစ်မယ် ရင်ငွေ့လှုံလို့
တပည့်စုံ သား မြေး မြစ် ရယ်က
စာအသစ်တွေ ဖန်ဖန်ရေးပါလို့
အသက်ကလေးရယ် ရှည်စေဖို့
မေတ္တာချွေ တောင်းဆုနှင်းပါရဲ့
ဝင်းပစေသား။ ။

**စောချိုသာ**

ဖုန်း - ၀၉ ၂၆၅ ၁၅၃၁၇၊ ၀၉ ၇၉၈၆ ၁၆၁၂၄

# ဂုဏ်သတင်းမွှေးသူ

* လွယ်အိတ်ကြီး ပခုံးမှာလွယ်
စာပေနယ် ဘုန်းမီးတောက်။
ထီးရှည်ကို တုတ်လိုထောက်ကာ
ဆရာစိုးယဉ် လမ်းလျှောက်။
မျက်နှာပေါက် ပြုံးချိုရွှင်
ဆရာစိုးယဉ် ခင်မင်သူများ။
ပြတ်သားစွာ စကားဆိုလောက်တယ်
မှတ်ကျောက်တင်ထား။

* ဘာသာတရား အာဂုံဆောင်
ဂုဏ်ထူးဆောင်ဘွဲ့အမည်ပေး။
သာရေး နာရေးနဲ့
ဘာအရေးလာ ရှိုင်းပင်းသေးတယ်
သင်းပျံ့သတင်းမွှေး
ဆရာတက္ကသိုလ်စိုးယဉ်တဲ့လေး။ ။

(ဆရာကြီးတက္ကသိုလ်စိုးယဉ်အား ခင်မင်လေးစားရှိသေစွာဖြင့်
ဦးညွှတ်ရေးဖွဲ့ပါသည်)

**မောင်မေခ**

၀၉-၄၂၀ ၂၂၂၄၄၁

## ဆရာက ယယ်ချစ်နှင့်အတူနေသည်

* ပွင့်ဦးညှာကြွေ
ထို တရွေမှာ
ပဝေရှေးခါ
ဝေးသည်တာကြောင့်
ကဗျာဟောင်းမြေ ဖြစ်ခဲ့ပြီ။

* ငါ့အစ်ကိုမူ
ယယ်ချစ်သူနှင့်
အနေသင့်ဟု
သူ့ကဗျာကို
သူသာမြတ်နိုး ရှိနေဆဲ။

* ထိုသည့်အစ်ကို
တက္ကသိုလ်စိုးယဉ်
ငါနှင့်ယှဉ်က
သူမြတ်လှပြီ
သူသည် သစ္စာရှိလွန်း၏။ ။

နေမင်းချို
ဖုန်း - ၀၉ ၄၂၀ ၁၈၁၄၉၇

# အထုပ်နှင့် ဂုဏ်ပုဒ်

* ဆရာဂုဏ်ပုဒ် ၊ အဟုတ်တကယ်ပါ
ဝမ်းသာလို့ရင်မှာထိ ၊ အားရပီတိ။
* ဂုဏ်ပုဒ်က ခုချိန်ခါ ၊ မော်ကြွားစရာ
သေသွားရင် သူကျန်၏ ၊ လိုက်ဖို့ရန်မရှိ။
* အထုပ်ကအမှန် ၊ လိုက်ဖို့ရန်တကယ်ရှိ
ကုသိုလ်ကံ ကုသိုလ်ထုပ် ၊ ဆရာက အလုပ်နဲ့သက်သေခံ
ဘဝကူးကောင်းရန်။
* သေသွားရင်အမှန် ၊ သူ. . . မကျန်ခဲ့ပါဘူး
အရိပ်လို. . . အဟုတ်ကို. . . ခိုလိုက်မှာမို့
ဂုဏ်ပုဒ်ကို နောက်မှာပို့
ဆရာလို. . . ကုသိုလ်ထုပ် ၊ ရှေ့ဆုံးက ထုပ်ကြပါစို့။

လောကီမှာ ဂုဏ်ပုဒ်တွေဝေဝေဆာဆာနှင့် လောကီ လောကုတ္တရာ နှစ်ဖြာ သေရွာထိယူသွားနိုင်ရန် ဒါန၊ သီလ၊ ဘာဝနာ၊ ဤသုံးဖြာဖြင့်၊ (အထုပ်) ကုသိုလ်ထုပ်၊ အထုပ်ကြီးထုပ်နေသော ဆရာကြီး တက္ကသိုလ် စိုးယဉ်အား ဤကဗျာပန်းအလှဖြင့် ဂါရဝတရားရှေ့ထား တလေးတစား အလေးထားပြီး အထူးပင်မှတ်တမ်းတင် ဂုဏ်ပြုလိုက်ရပါသည်။ ။

"သုခိ၊ အတ္တာနံ၊ ပရိဟရန္တု"

**မောင်လေးအောင် (သန်လျင်)**
ဖုန်း - ၀၉ ၇၉၃ ၁၂၉၇၀

## ပွဲတိုင်းမှာ

* ပွဲတိုင်းမှာ. . . တိုက်ပုံဝတ်ဆင်
ပွဲတိုင်းမှာ . . . လွယ်အိတ်လွယ်ချင်
ပွဲတိုင်းမှာ . . . လှူချင်တန်းချင်
ပွဲတိုင်းမှာ . . . ပေးချင်ကမ်းချင်
ပွဲတိုင်းမှာ . . . လန်းဆန်းပျော်ရွှင်
ပွဲတိုင်းမှာ . . . မိတ်ဆွေဖွဲ့ချင်
ပွဲတိုင်းမှာ . . . ဖော်ရွေခင်မင်
ပွဲတိုင်းမှာ . . . ဆိုချင်ဟဲချင်
ပွဲတိုင်းမှာ . . . ဟောချင်ပြောချင်
ပွဲတိုင်းမှာ . . . စာ ကဗျာရွှင်
အဲဒါ. . .
ဆရာ တက္ကသိုလ်စိုးယဉ်။ ။

(ဆရာကြီးတက္ကသိုလ်စိုးယဉ် ကျန်းမာချမ်းသာ ဘေးရန်ကွာ၍ လိုရာဆန္ဒပြည့်ဝပါစေ)

**ရွှေဒါန်းသန်းလွင် (မုံရွာ)**
ဖုန်း - ၀၉ ၂၅၄၃ ၅၄၂၀၀

# အညာအလှ

* အညာလို့ခေါ် . . .
ပျော်စရာဒေသ။
နေကပူ ခရောင်းလမ်းနဲ့
ခင်တန်းရယ်လှ။

* အညာလို့ခေါ် . . .
မြေလတ်နေ့ဒေသ။
သန်းဒဟတ် ဆီးပင်တွေနဲ့
ရွာအဝင် ပင်ထနောင်းတို့
မြင်ကောင်းအောင်လှ။

* အညာလို့ခေါ် . . .
ရိက္ခာဖော်ဒေသ။
နှမ်းပဲ ပြောင်းတွေနဲ့
မိုးကောင်းလယ် အစုံစိုက်လို့
ကြံ့ကြိုက်လျှင် တစ်ခါပြမယ်
လာကြပါဗျ။

* အညာလို့ခေါ် . . .
ရိုးသူပျော်ဒေသ။
မိရိုးဖလာ အငုပ်တွေနဲ့
အလုပ်ဖွေ ယာလယ်လမ်းမှာ
ပင်ပန်းတယ်ဗျ။

(ခင်တန်း = တောတန်း)

* အညာလို့ခေါ်
ဂုဏ်မဖော်ဒေသ။
ရှိတာစားပါလို့
ဖြီးညာမကြွားတယ်
သနားဖွယ် ကြုံအခက်လည်း
ဆုံလျက်ကွယ် အတူရှင်း
အူစင်း ထာဝရ။

* အညာလို့ခေါ်
စာညွှန်းဖော်ဒေသ။
အရှိအလှတွေက
(ကျွန်တော်မှာလေ . . . )
ငြိသမျှဖွေ့ ဘယ်လိုတွေးတွေး
မီရေးမှာ တကယ်ခက်
ရေးချက်မရ။ ။

(ဦးစိုးဝင်း မွေးနေ့အတွက်)
**ကျော်ဟန် (မြန်မာစာ)**
ဖုန်း - ၀၉ ၇၇၇ ၈၆၂၈၉၆

## မြစ်ခြေကာမန်း

* မြစ်ခြေတဲ့အမည်
များဂုဏ်ရည်ပုံ့သင်း။
ပခုက္ကူနယ်တစ်ကြောမှာ
သာမောဘိခြင်း။

* စံကျောင်းမြေ
အကောင်းတွေဖြာလှ။
ယဉ်ကျေးမွေ့မလေ့မြတ်
ယှဉ်ထပ်သာစွ။

* သည်နယ်မြေ အလှတောက
သင်းမြမြ ပန်းနံ့သာ။
များဂုဏ်ရည်စုံထွေးယှက်
ပေါ်ထွက်လို့လာ။
စာလောကနယ်တွင်းမှာ
ဆင်းရောင်ဖြာပဝင်း။
တက္ကသိုလ်စိုးယဉ်တဲ့
လက်နဂိုဖြိုးလွင်ပါဘိ
ရိုးဆင်ကာစာ အမြတ်တွေနဲ့
ရွှာပတ်ကာ မြန်မာလွှမ်းခဲ့တယ်
စန်းနှယ်လှလင်း။ ။

**ကြည်သိန်းဇော်**
ဖုန်း- ၀၉ ၂၅၆ ၂၅၂၇၇၂

## ဂုဏ်ယူပါတယ် ဆရာ

* တစ်ထောင့်ကိုးရာ လေးဆယ်ခုဖွား ၊ ဦးသာတင့် ဒေါ်အိမ်မြိုင်ရဲ့သား မြစ်ခြေဇာတိသား။
* ငယ်ရာမှ ကြီးပြင်းလာ ၊ ဆယ်စုနှစ်ရှစ်ခါတိုင်ခဲ့တာ။ အမည်ရင်းမှာ ဦးစိုးဝင်း ၊ ဘဝရပ်တည်မှု ထွန်းပလင်း။
* ကလောင်အမည် တက္ကသိုလ်ဖိုးယဉ် ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုကော်မတီဝင် ၊ ပရဟိတ အကြောင်းခံမသေး ၊ မြန်စာပြန့် ဒုတိယဥက္ကဌအဖြစ် ဆောင်ရွက်မနေး။
* ဘာသာ သာသနာ အကျိုးငှာ ၊ Y.M.B.A. ဥက္ကဌအဟောင်းအဖြစ် ဆောင်ရွက်ခဲ့တာ ၊ မဟာစည်သာသနာ့နုဂ္ဂဟရာပြည့် မော်ကွန်းအတွက် ၊ စာတည်းအဖြစ် ဆောင်ရွက်ခဲ့။
* တက္ကသိုလ်ရာပြည့်အကြို ၊ မင်္ဂလာပါ ဗိုလ်ချုပ်စာအုပ် မိတ်ဆက်ပွဲကို ၊ တက်ကြွစွာ အရောက်သွား ၊ ဩဝါဒစကားပြောကြား ၊ နိုင်ငံ့အရေးကို သူမေ့မထား။
* ဘဝခရီးလမ်းတစ်လျှောက်မှာ ၊ စာပေမြင့်အောင်စွမ်းဆောင်တာ တိုင်းပြည်နဲ့ လူမျိုးအတွက် ၊ ဆရာ့ကိုလေးစားဂုဏ်ယူလျက်။
* မွေးနေ့ဆုတောင်းပြုလိုက်ချင် ၊ ဆရာတက္ကသိုလ်စိုးယဉ် ၊ အသက်ရာကျော်ရှည်စေကြောင်း ၊ ဆုမွန်အခါခါတောင်း ၊ ကိုယ်စိတ်ရွှင်လန်း ချမ်းမြေ့ပါစေကြောင်း. . . ။ ။

စာပေရပ်ဝန်း တစ်နေရာမှ

**ငွန်ဖြူ (ပညာရေး)**
ဖုန်း - ၀၉ ၄၃၀ ၇၇၅၂၈

# ပတ္တမြားတိုင် ရတုရှင်သို့

* စာနယ်တွင် အဆင်လှစေဖို့
ရွှင်ပျလို့ ကလောင်ကိုင်။

* ဘဝရှည် လောကဓံကြားမှာ
ဖဝါး မယိုင်။

* ဖော်ရွေမှု မဏ္ဍိုင်
ကိုယ်ပိုင်ဟန် စေတနာများ။

* အလှတရားဆိုင် အမှုအေးစေရှေ့
ပတ္တမြားတိုင် ရတုတေးရယ်နဲ့
သူရွေးသီ စာကဗျာ ညွှန်းထင်ရဲ့
(ဆရာရေ့ . . )
မော်ကွန်းတင်ထား။ ။

ပြင်စည်အောင် (ခရောတော)

# ဂုဏ်ပြုစာလွှာ

* ဦးသာတင့် ၊ ဒေါ်အိမ်မြိုင် (ပွဲစားကြီး ၊ 'သမစိတ္တပွဲရုံ' မြစ်ခြေမြို့)
အဖေ အမေတို့က စံကျောင်းကျေးရွာတွင် မွေးဖွား
'ဦးစိုးဝင်း' သားမြတ်ရတနာ . . . ထူးခြားစွာ
ကလောင်အမည်မှာ "တက္ကသိုလ်စိုးယဉ်"
ရသစုံ စာနုစာယဉ် မြတ်နိုးတန်ဖိုးထား ရေးသားပြုစုသည်မှာ ဂုဏ်ယူစရာ။
၁၃၀၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက်
(၁၉-၁၁-၁၉၄၀) ရက်နေ့မှာ မွေးဖွား "အာဂ" လူသား ၊
၂၀၁၈ ခုနှစ် ဇွန်လက ထုတ်ဝေခဲ့သော
"ဘဝဝန်းကျင် ပန်းဥယျာဉ်ကဗျာများ" စာအုပ်တွင်
ကဗျာဘုရင် မြင်းမူမောင်နိုင်မိုးက အမှာစာချီးမြှင့် ဂုဏ်တင့်လှပါဘိ။

ဆရာတက္ကသိုလ်စိုးယဉ် အများကောင်းကျိုးဆောင် စေတနာထားပုံ အစုံစုံမှာ
ငွေကြေးအလှူအတန်း ဝေဝေဆာဆာ ယခုထက်တိုင် ၊ ပေးကမ်းလှူဒါန်းဆဲပါ။
မင်္ဂလာတောင်ညွန့်မြို့နယ် စာနယ်ဇင်းဥက္ကဋ္ဌ ၊ ဂုဏ်ထူးဆောင် နာယက။
မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) အလုပ်အမှုဆောင် ၊
ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနနုဂ္ဂဟ
အမှုဆောင် ၊ မဟာစည်ရာပြည့်မော်ကွန်း အမှုဆောင်စာတည်း၊
ဆရာချစ်ဦးညို ဦးဆောင်သော ချမ်းအေးဓမ္မစာဆိုများ ပူဇော်ဂုဏ်ပြုရေး
အလုပ်အမှုဆောင် ၊ ဇီဝကမဂ္ဂဇင်း အတိုင်ပင်ခံစာတည်း ၊
ခရီးဖော်ဓမ္မရသ မဂ္ဂဇင်း နာယက ၊

ပခုက္ကူအသင်း ၊ ဆိပ်ဖြူမြို့နယ်အသင်း ၊ မြစ်ခြေအသင်း (ရန်ကုန်) နာယက ၊
ရတနာမွန်မင်္ဂဇင်းစာတည်းအဖွဲ့ဝင် ၊ မြန်စာပြန့် ဗဟိုအမှုဆောင်၊ ဒုတိယဥက္ကဋ္ဌ (၃)၊
Y.M.B.A. အသင်းကြီး ဥက္ကဋ္ဌ ၊ ယခု ဂုဏ်ထူးဆောင်နာယက။
လူ့အရင်းအမြစ် တိုးတက်ရေးလုပ်ငန်း အဖွဲ့ဝင် ၊
ထုတ်ဝေပြီး စာအုပ်များမှာ. . . "ဒို့ခေတ်လုပ်သားပြည့်စွမ်းအား"
ဇာနည်သွေးကလေးကဗျာများ (နှစ်ကြိမ်) သုံးပွင့်တစ်ခိုင် အထက်တန်း စာစီစာကုံး၊
ဝလုံးလေးနှင့် အခြားကဗျာများ။
ဦးစိုးဝင်း စိန်ရတုမွေးနေ့လက်ဆောင် စသည့်စာအုပ်များကို ၁၉၈၀ ပြည့်နှစ်မှ
ယခုနှစ်အထိ တစိုက်မတ်မတ် ပြုစုရေးသားထုတ်ဝေခဲ့။ သမိုင်းမော်ကွန်းတင်ပါ၏။

စာရေးဆရာ၊ ကဗျာဆရာ တက္ကသိုလ်စိုးယဉ် အသက် (၈၀) ပြည့် အထိမ်းအမှတ် ရေးသားခြင်းမှာ စေတနာကောင်း၍ ကံကောင်းရကား အသက်ရာကျော်ရှည်ပြီး မြန်မာ့ယဉ်ကျေးမှု စာပေခရီးကို မင်္ဂလာရှိစွာ ဆက်လက်လျှောက်လှမ်းနိုင်ပါစေကြောင်း ကောင်းမှုအဖြာဖြာအား. . .

"သာဓု သာဓု သာဓု" အကြိမ်ကြိမ်ခေါ်ကာ မုဒိတာပွားရပါကြောင်း၊ စာပေချစ်မြတ်နိုးသူအပေါင်းအား တင်ပြလိုက်ရပေတောင်း။ ။

(မိမိ၏စာရေးသက်နှစ် (၆၀) ပြည့်အမှတ်တရ ဂုဏ်ပြုစာလွှာပါးလိုက်ရပေသတည်း)

**မင်းရိုးယဉ်**

ဖုန်း - ၀၉ ၅၀ ၃၅၀၃၀

## ဆရာတော်ထိုလ်စိုးယဉ် ခင်များ

* ဤဘုံသည် ဒုက္ခဘုံဖြစ်သည်။
ဒုက္ခဟုမှတ်နေလျှင် နေစရာမရှိ။
အများအကျိုးသယ်ပိုးနိုင်သရွေ့
သံသရာတွင် မွေ့လို၏။

* ကိုယ်လွတ်ရုန်းလိုစိတ်ဖြင့်
နိဗ္ဗာန်ကိုအလိုမရှိ။
ကျားသေလျှင် သားရေကျန်ရမည်။
လူသေလျှင် နာမည်ကျန်ရမည်။ ။

(တစ်နေရာမှမှတ်မိသရွေ့ ဖော်ပြပါသည်)

မောင်မြင့်မား (ဗိုလ်ကလေး)

# မွေးနေ့ဂုဏ်ပြုဆောင်းပါးများ

## အပိုင်း (၅)

# ဇရောအိုစာဆိုသို့ ဦးစိုက်ခြင်း

"ကဲ. . . အောက်လွှတ်တော်ကိစ္စပြီးရင် အထက်လွှတ်တော်တက်ကြ ဦးစိုးဗျာ . . . ဟဲ ဟဲ"

စာပေရပ်ဝန်းဒေသတစ်ခုဖြစ်သော 'လေအန်ကုန်း' တွင် ဝါရင့် ကလောင်အိုကြီးဖြစ်သူ ဆရာကြီးတက္ကသိုလ်စိုးယဉ်၏ ပြောနေကျစကား တချို့ပင်။

ထုံးစံအတိုင်း အင်္ဂါနေ့နှင့်သောကြာနေ့တို့တွင် 'လေအန်ကုန်း' သို့စောစောရောက်တတ်ပြီး လက်ဖက်ရည်ခရားကြီးတစ်အိုးမှာကာ နီးစပ်ရာ စာပေရောင်းရင်းတို့ကို တစ်ခွက်စီငှဲ့၍ ဒါနပြုလေ့ရှိသူမှာလည်း ဆရာ ကြီးတက္ကသိုလ်စိုးယဉ်ဖြစ်လေသည်။

စာပေလောကသားများစုဝေးရောက်ရှိနေတတ်သည့် ယနေ့လိုနေ့မျိုးတွင် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်တို့အတွက် စာမူနှင့်စာမူခ အပေးအယူ အချိန်းအချက်ပြုလုပ်တွေ့ဆုံကြသူများ တရုန်းရုန်းနှင့် စည်ကားနေသော နေရာလေးတစ်ခုဖြစ်၏။

ထိုသို့ကိစ္စဝိစ္စ ပြီးစီးသောအခါ ဆရာကြီးတက္ကသိုလ်စိုးယဉ်က အထက်ပါစကားကို ပြောဆိုကာ ဆရာကြီးရှေ့ဆောင်တင်ဆွေနှင့်အတူ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) သို့ ထွက်သွားကြသည်မှာ အပတ်စဉ်ပြုနေကျပင်။

ဆရာကြီး တက္ကသိုလ်စိုးယဉ်မှာ မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ ဗဟိုအမှုဆောင်ကော်မတီက အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ထိုဆရာကြီး နှစ်ပါးစလုံးမှာ သက်ကြီးစာပေပညာရှင်ကန်တော့ခံ ပုဂ္ဂိုလ်ကြီးများလည်း ဖြစ်ပေသည်။

စာပေကို သံယောဇဉ်ကြီးသော ဆရာကြီးတက္ကသိုလ်စိုးယဉ်သည် စာပေလောကသားများ ဆုံဆည်းလေ့ရှိသော 'လေအန်ကုန်း'သို့ အပတ်စဉ် မပျက်မကွက်ရောက်လာတတ်လေ့ရှိပြီး စာပေနှင့်ပတ်သက်သော အခမ်း အနားများ၊ သတင်းပလင်းများကိုလည်း 'မောင်းသတင်း' ဖြန့်ဝေတတ်သူ၊ စာပေချစ်မြတ်နိုးသည့် ပုဂ္ဂိုလ်ကြီးလည်း ဖြစ်၏။ စာပေကိစ္စ၊ သာမှု၊ နာမှု၊ လူမှုရေး၊ တန်းရေးတို့တွင်လည်း လက်မနှေးခဲ့။

လေအန်ကုန်းတွင် ကလောင်ကြီးငယ်မရွေး၊ ရင်းနှီးချစ်ခင်စွာ ဆက်ဆံပေါင်းသင်းတတ်သည်မှာလည်း ချစ်စရာပင်။

မိမိတို့ကလောင်ငယ်တွေ မော့ကြည့်ရသောကာလထဲက ငွေတာရီ မဂ္ဂဇင်းကြီးတွင် စာတည်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ စာနယ်ဇင်းများတွင်လည်း ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးများ မပြတ် ရေးသားနိုင်သူပင်ဖြစ်၏။

စာပေဝါသနာရှင် မည်သူ့ကိုမဆို၊ မျက်နှာစိမ်း မျက်နှာကျက်မရွေး၊ ဖော်ရွေရင်းနှီးစွာ ဆက်ဆံတတ်ခြင်းကား ထူးခြားသော ရင်တွင်း သန္ဓေပင်တည်း။

စကားပြောသည့်အခါ ဟောဟောဒိုင်းဒိုင်း၊ ပွင့်ပွင့်လင်းလင်းနှင့် အားပါးတရပြောဆိုတတ်လေ့ရှိသူ၊ အညာသား စာရေးဆရာကြီးအား ချစ်ခင်ရင်းနှီးသူတွေ များလှသည်။

အသက်အရွယ်ကြီးရင့်သော်လည်း ဘာသာ၊ သာသနာအတွက် မဟာစည်ဝိပဿနာရိပ်သာတွင် သံသရာခရီးရှည်ထွက်ရန် မမွလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေဆဲပင်။

ဝံသာနုအမျိုးသားရေးစိတ်ဓာတ်ဖြင့်လည်း Y.M.B.A. ကလျာဏ ယုဝအသင်းကြီးတွင် နာယကအဖြစ် တာဝန်ယူထမ်းဆောင်နေသည်မှာ ကာလအတန်ကြာနေခဲ့ပေပြီ။

အသက်အရွယ်နှင့်မမျှ၊ လှုပ်ရှားသွားလာမှုကောင်းမွန်လှသည်မှာ လူငယ်တစ်ယောက်နှင့်မခြား။ တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို တစ်နိုင် တစ်ပိုင်လုပ်နိုင်စွမ်းရှိလှသည်။ နှုတ်ရော လက်ပါမနှေးပါဘဲ သဒ္ဓါတရား ထက်သန်မှုတွေကလည်း များပြားလှတော့၏။

သို့နှင့် ဇရာအိုတစ်ယောက်အနေဖြင့် ဘဝလက်ကျန်ကာလတွေကို နိုင်ငံအတွက် ကလောင်လက်နက်ဖြင့် ပံ့ပိုး၊ အကျိုးပြုနိုင်သူ ဆရာကြီး တက္ကသိုလ်စိုးယဉ်အား လေးစားချစ်ခင်စွာ ဦးခိုက်ကြည်ညိုလိုက်ရပါတော့သည်။ ။

xxx xxx xxx

**ညွန့်ဝင်းကို**

ဖုန်း - ၀၉ ၄၂၀ ၁၄၁၁၈၆

# တွေ့ရခဲတဲ့ သူလိုသူ

ကျွန်တော်စီစဉ်ထုတ်ဝေသည့် မဟာရန်ကုန်ပန်းလက်ဆုံ၊ အမှတ် (၂) စာအုပ် မိတ်ဆက်ပွဲပြီး၍ နောက်တစ်နေ့ ညနေခင်းတွင် ဖြစ်ပါ သည်။

ကျွန်တော့်ဖုန်းသို့ လူတစ်ယောက်ဖုန်းဆက်လာသည်။ ထိုသူက သူ့နာမည် ပြော၍ မိတ်ဆက်သည်။ ပြီးနောက် ယမန်နေ့က ကျင်းပပြီးခဲ့သော မဟာရန်ကုန် ပန်းလက်ဆုံ၊ အမှတ် (၂) ၏ စာအုပ်နှင့်အခမ်းအနားကြီးတစ်ခုအဖြစ် ဖန်တီးနိုင်ခြင်းကို ချီးကျူး၏။ ဆက်လက်၍ နောက် ထုတ်ဝေဦးမည့် မဟာရန်ကုန်ပန်းလက်ဆုံတို့တွင် သူလည်းပါဝင်ရေးသား လိုကြောင်း ကမ်းလှမ်းပါလေ၏။ သို့ထိတိုင် ထိုသူကို ကျွန်တော် မမှတ်မိသေး။

ကျွန်တော်သည် စာရေးသူတစ်ယောက်ဖြစ်သော်လည်း ဝန်ထမ်း တစ်ယောက် လည်းဖြစ်၍ စာရေးဆရာများစုရပ်တစ်ခုဖြစ်သည့် လေအန်ကုန်းသို့ရောက်ခဲ၏။ နေ့စဉ် နေ့တိုင်း ပိတ်ရက်မရှိသော သဘော်ဆိုင်ရာ အစည်းအဝေးသို့ နံနက်ကိုးနာရီအရောက် သွားရခြင်းကြောင့် ဖြစ်ပါသည်။

တစ်ခုသော သောကြာနေ့တွင် အစည်းအဝေးက စော၍ကျင်းပသဖြင့် နံနက် ဆယ်နာရီခန့်တွင် ပြီးသွားသည်မို့ စာရေးဆရာများစုဝေးရာ လေအန်ကုန်းသို့ ရောက် သွားခဲ့သည်။ ကျွန်တော်လေးစားသည့် ဆရာ နန္ဒာမိုးကြယ်တို့ ထိုင်သောစားပွဲတွင် ဝင်ထိုင်လိုက်သည်နှင့် အသက်ခုနစ် ဆယ်ကျော်ခန့်ရှိသည့် အမျိုးသားစာရေးဆရာ ကြီးတစ်ဦးက ခရားအိုးထဲမှ လက်ဖက်ရည်ကို လက်ဖက်ရည်ကြမ်း ပန်းကန်လုံးဖြင့် ထည့်၍ ကျွန်တော့်ကို တရိုတသေပေး၏။ ပြီးမှ လွန်ခဲ့သည့် နှစ်လခန့်လ ကျွန်တော့်ထံ ဖုန်းဆက်၍ မိတ်ဆက်သော ဆရာကြီးဖြစ်မှန်း သူပြောပြ၍ သိလိုက်ရပါသည်။

ထိုနေ့တွင်ပင် နောက်ထုတ်ဝေမည့် မဟာရန်ကုန်ပန်းလက်ဆုံတွင် ဖော်ပြလိုသည့် သူ့ရဲ့ကဗျာတစ်ပုဒ်ကို ထုတ်ပေးသည့်အပြင် အဖွဲ့ဝင်အဖြစ် သတ်မှတ်ကြေးငွေ သုံးသောင်းကိုပါ တပါတည်းထုတ်ပေးလိုက်ပါသည်။ နောက်စာအုပ်ကို မည်သည့်အချိန်တွင်ထုတ်ဝေမည်ကို ကျွန်တော် ကိုယ်တိုင်ပင်မသိသေးသော်လည်း သူက အားကြိုးမာန်တက်ဖြင့် စေတနာ ပါပါထည့်ဝင်သွားသည့်အတွက် အံ့ဩမိပါသည်။ ဤသို့ဖြင့် နောက်ထုတ်ဝေမည့် စာအုပ်တိုင်းအတွက်လည်းစာမူကို ကြိုတင်ပေးကာ အဖွဲ့ဝင်ကြေးကိုလည်း ဤကဲ့သို့ပင် ကြိုတင်ပေးလေ့ရှိသူ ဖြစ်ပါသည်။

သူ ထိုလေအန်ကုန်းသို့ရောက်တိုင်း စာရေးဆရာများသောက်ရန်အတွက် လက်ဖက်ရည်နှစ်ထောင်ဖိုးကို ခရားအိုးတွင်ထည့်၍ သောက်ချင် တဲ့သူငှဲသောက်နိုင်ရန် အမြဲဒါနပြုသည်ကို သတိထားမိ၏။ တစ်ခါတစ်ရံ လက်ဖက်ရည်သုံးလေးအိုးမျှဝယ်၍ တိုက်ကျွေးသည်ကိုလည်း မြင်ရ၏။ သူ့အကြောင်းကို လေ့လာကြည့်သော် ဌာနဆိုင်ရာတစ်ခုမှ အနားယူထား သည့် သက်ပြည့်အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်ကြောင်း သိရှိလိုက်ရပါသည်။

သူသည် စာရေးသူကလောင်သစ် ကလောင်ဟောင်းများသာမက တက်သစ်စ စာပေဝါသနာရှင်ကလေးများကိုလည်း ရှိသေစွာဆက်ဆံတတ် သည့်အကျင့်နှင့် အပြောအဆို အပြုအမူလေးများက ကျွန်တော့်အတွက် အတုယူစရာ စံပြုစရာဖြစ်ရပါပေသည်။

ထိုသူသည်ကား သူ၏အသက် (၈၀) ပြည့်နှစ်အတွက် အမှတ်တရစာစုလေးများအဖြစ် ထုတ်ဝေသူ၊ တစ်နည်းအားဖြင့် ဤစာအုပ်၏ မူလပိုင်ရှင်လည်းဖြစ်သူ၊ ဆရာကြီး တက္ကသိုလ်စိုးယဉ်ပင်ဖြစ်ပါပေသတည်း။

ထို့ကြောင့် စာပေနှင့်လူမှုရေးနယ်ပယ်တွင် သူ့အတွက် ဘယ်သောအခါမှ-

ရတက်မပို အကျိုးမမင်. . . တဲ့။

တက္ကသိုလ်စိုးယဉ်. . . ဟု တင်စားလိုက်ရပါတော့သည်။ ။

**မောင်ညီဦး (က. စ. လ)**

# ရဲဘော်ရဲဘက်ဟာ ရဲဘော်ရဲဘက်ပါပဲ

လောကမှာ လူရယ်လို့ဖြစ်လာရင် တစ်ဦးတစ်ယောက်တည်း နေလို့မရ၊ လူ့အသိုင်းအဝိုင်း လူ့အဖွဲ့အစည်းမှာ လူအချင်းချင်း သဟဇာတ ဖြစ်အောင် ဆက်ဆံနေထိုင်ကြရတယ်။ အဲဒီလိုနေထိုင်ရင်း လူတစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေတွေဖြစ်လာကြတယ်။ အဲဒီလို မိတ်ဆွေတွေဖြစ်လာတဲ့အထဲမှာ မိတ်ဆွေနှစ်မျိုးရှိတယ်လို့ ခွဲခြားမြင်နိုင်တယ်။ တစ်မျိုးက သာမန်မိတ်ဆွေပေါ့။ နောက်တစ်မျိုးကတော့ သာမန်ခင်မင်တဲ့ မိတ်ဆွေ တင်မကဘူး တစ်ဦးနဲ့တစ်ဦး လေးလေးစားစား တန်ဖိုးထားပြီး နှလုံးသားထဲမှာ အမြဲရှိနေတဲ့ မိတ်ဆွေဖြစ်တယ်။ နိုင်ငံရေးစကားနဲ့ဆိုရင် ရဲဘော် ရဲဘက်ပေါ့။

ကျွန်တော်ရဲ့ရဲဘော်ရဲဘက်တွေထဲမှာ ရဲဘော်စိုးဝင်းလို့ခေါ်တဲ့ ဦးစိုးဝင်းလည်း တစ်ယောက်အပါအဝင်ဖြစ်တယ်။ သူနဲ့ကျွန်တော်စတင် သိကျွမ်းခဲ့တာ လွန်ခဲ့တဲ့ ၄၈နှစ်လောက်ကတည်းက ကျွန်တော်လုပ်သား ဂျာနယ်မှာ အယ်ဒီတာ တာဝန်ထမ်းဆောင်နေစဉ်မှာ ဦးစိုးဝင်းက အလုပ်သမားထဲကနေပြီး လှိုင်မြို့နယ် ပြည်သူ့အလုပ်သမားကောင်စီ ဥက္ကဋ္ဌ၊ ပါတီယူနစ်ကော်မတီဝင်တစ်ဦးဖြစ်ပြီး စာပေဝါသနာပါတာနဲ့ အလုပ်သမားရေးရာဆောင်းပါးတွေ၊ ကဗျာတွေရေးပြီး မကြာခဏလာပို့လေ့ရှိတယ်။ သူ့ဆောင်းပါးတွေ၊ ကဗျာတွေ လုပ်သားဂျာနယ်စာမျက်နှာ တွေမှာပါလာပြီးတဲ့နောက်ပိုင်း သူနဲ့ကျွန်တော် စတင်ခင်မင်ခဲ့တယ်။

တကယ်တော့ လူတွေဟာ ဘယ်သူမှ မွေးကတည်းက ငွေထုပ်ကြီးပိုက်ပြီး မွေးလာတဲ့သူမရှိကြပါဘူး။ လူဖြစ်လာပြီးတဲ့အခါ ထားစရာ မရှိအောင် ကျိကျိတက် ချမ်းသာသူနဲ့ စားစရာမရှိအောင် ဆင်းရဲမွဲတေသူရယ်လို့ ကွဲပြားခြားနားမှုကြီးမားလွန်းတာတွေ တွေ့ရှိနေရတယ်။ လူလူချင်း ဆင်းရဲချမ်းသာကွာဟမှုကြီးမားလွန်းတာဟာ တရားမျှတမှုမရှိ ကောင်းသောဖြစ်ခြင်းမျိုးမဟုတ်ဘူး။ ဒါကြောင့် ဆင်းရဲချမ်းသာ ကွာဟမှု နည်းနိုင်သမျှနည်းလာအောင် လူတိုင်းအလုပ်လုပ်သည်နဲ့အမျှ အကျိုးခံစားခွင့်တွေ တိုးတက်လာပြီး လူနေမှုအဆင့်မြင့်မားလာကာ အေးချမ်းသာယာတဲ့ ဘဝဖြစ်ပေါ်လာအောင် လုပ်ကြရမယ်။ ရိုးသားရမယ်၊ စိတ်ထားဖြူစင်ရမယ်။ ကိုယ်ကျင့်တရားကောင်းရမယ်။ အများအကျိုးဆောင် ကိုယ်ကျိုးအောင်ဆိုတဲ့ စိတ်ဓာတ်ခံယူချက်နဲ့ စွန့်လွှတ်အနစ်နာခံပြီး တိုင်းပြည်နဲ့လူမျိုးကောင်းအောင်လုပ်မယ်ဆိုတဲ့ လူတွေဖြစ်တယ် ဆိုရင် မြင့်မြတ်တဲ့သူ တွေဖြစ်တယ်။ ဦးစိုးဝင်းတို့ ကျွန်တော်တို့ ကြိုးစားလျှောက်လှမ်းခဲ့တဲ့

ပန်းတိုင်ဟာ ကျွန်တော်တို့ယုံကြည်ခဲ့၊ ယုံကြည်ဆဲဖြစ်တဲ့ ဆိုရှယ်လစ်ပန်းတိုင်ပဲဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အခိုင်အမာ လျှောက်လှမ်းခဲ့တဲ့ ဘဝရည်မှန်းချက်ပန်းတိုင်ကို ယခုအထိ မှားတယ်လို့ လုံးဝမယူဆဘူး။ အဲဒီကာလက တစ်ပါတီစနစ်ကျင့်သုံးခဲ့တာကိုလည်း မှားတယ်လို့ မယူဆဘူး။ တရုတ်နိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့လည်း ဒီနေ့အထိ တစ်ပါတီစနစ်နဲ့ သွားနေတာပဲ။ တရုတ်နိုင်ငံဟာ ဒီကနေ့ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံး နိုင်ငံဖြစ်နေပြီ။ ဗီယက်နမ်နိုင်ငံဆိုရင်လည်း ကမ္ဘာမှာ ဆန်စပါးတင်ပို့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်လာပြီး ကမ္ဘာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်ကောင်းမွန်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်နေပြီ။ သူတို့နိုင်ငံတွေမှာ ဆိုရှယ်လစ်စနစ်ကို အခိုင်အမာ တည်ဆောက်နေကြပေမယ့် စီးပွားရေးမှာ ခေတ်ကာလနဲ့အညီ ပြောင်းလဲဆောင်ရွက်ခဲ့ကြတာဖြစ်တယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြီး ကမ္ဘာတစ်ဝန်းလုံးနီးပါး ကူးစက်ပျံ့နှံ့နေတဲ့အချိန်မှာ ဗီယက်နမ်ဟာ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကို ကောင်းစွာဆောင်ရွက်နိုင်ပြီး စာသင်ကျောင်းတွေပြန်ဖွင့် စီးပွားရေးလုပ်ငန်းအတော်များများ ပြန်လည်ပတ်နိုင်နေပြီ။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိ တို့လေ့လာရတဲ့ နိုင်ငံတွေအနက် အများအားကျရတဲ့နိုင်ငံဟာ ဗီယက်နမ် ဖြစ်ကြောင်း၊ ဗီယက်နမ်ဟာ ကိုဗစ်-၁၉ နဲ့ ပတ်သက်လို့ ထိထိရောက်ရောက် ကာကွယ်တားဆီး၊ ကိုင်တွယ်ထားနိုင်တဲ့အတွက် များစွာအလေးထားကြောင်း၊ အဲဒီနိုင်ငံရဲ့အတွေ့အကြုံကိုလည်း လေ့လာကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများ အခြေအနေနဲ့ မိမိတို့နိုင်ငံရဲ့အခြေအနေဟာ များစွာကွာခြားကြောင်း၊ အဲဒီနိုင်ငံတွေကိုကြည့်ပြီးလုပ်ရင် လက်တွေ့မကျကြောင်း၊ ဗီယက်နမ်က မြန်မာနိုင်ငံနဲ့ အခြေအနေချင်းများစွာနီးစပ်တဲ့အတွက်ကြောင့် ဗီယက်နမ်ရဲ့အတွေ့အကြုံကို လေ့လာရမှာဖြစ်ကြောင်း ၁၉-၅-၂၀၂၀ ရက်က ဗီဒီယိုကွန်ဖရင့်မှာ ပြောကြားခဲ့ပါတယ်။

ဗီယက်နမ်နိုင်ငံဟာ ဒီကနေ့အထိ တစ်ပါတီစနစ်နဲ့ကျင့်သုံးပြီး ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစစအရာရာမှာ တည်တည်ငြိမ်ငြိမ်၊ ခိုင်ခိုင်မာမာ တိုးတက်အောင်မြင်နေပြီး မြန်မာနိုင်ငံမှာတော့ တစ်ပါတီစနစ်နဲ့ လုပ်ကိုင်ခဲ့တာ ဘာကြောင့် မအောင်မြင်ဘဲ ကျဆုံးခဲ့သလဲ။ သင်ခန်းစာယူတတ်ဖို့ လိုပါတယ်။ ထင်းခနဲမြင်သာတဲ့အချက်တစ်ခုက ဗီယက်နမ်ကွန်မြူနစ်ပါတီက နှစ်ပေါင်းများစွာ ပြည်သူတွေထဲ စိမ့်ဝင်စည်းရုံးပြီး အောက်ခြေပြည်သူ

တွေကအစ ထိပ်ဆုံးခေါင်းဆောင်ပိုင်းအထိ အဆင့်ဆင့်မှာ မြှုပ်နှံထားတဲ့ ပါတီကေဒါတွေဟာ ကမ္ဘာ့အသီးသီးမှာ တကယ်နားလည်တတ်ကျွမ်းသူ၊ ပညာရှင်တွေဖြစ်ကာ ပါတီအပေါ် သစ္စာရှိပြီး ပါတီရဲ့မူဝါဒလမ်းစဉ်တွေ အပေါ်မှာ အခိုင်အမာရပ်တည် အလုပ်လုပ်ကြသူတွေဖြစ်တယ်။

မြန်မာနိုင်ငံမှာကတော့ ဆိုရှယ်လစ်လမ်းကြောင်းလျှောက်တဲ့နေရာမှာ ပါတီနဲ့ လူထုလူတန်းစားအဖွဲ့အစည်းတွေမှာ ကြည့်ကြည့်၊ ဌာန ဆိုင်ရာတွေမှာ ကြည့်ကြည့်၊ ပါတီကေဒါတွေဟာ တပ်ကလူတွေ(မိုးကျ ရွှေကိုယ်တွေ)များတယ်။ ကေဒါအတော်များများဟာ အပေါ်ကဆိုရှယ်လစ်ဆိုလို့သာ လိုက်ပြီးဆိုရှယ်လစ်လုပ်ကြတာ တကယ်ကနိုင်ငံရေးအတွေးအမြင်၊ လုပ်ငန်းအတွေ့အကြုံနဲ့ ကျွမ်းကျင်မှုတွေ အားနည်းတာ၊ မရိုးသားမှုတွေရှိလာခဲ့တာကြောင့် ခါချဉ်ကောင်တောင်ကိုဖြိုမယ်ကြံ ခါးကမသန်ဖြစ်ခဲ့ရာက ၈၈ ဒီမိုကရေစီအရေးတော်ပုံလှိုင်းကြီးလာပြီဆိုတာနဲ့ ပါတီကြီး ဗုန်းဗုန်းလဲကျခဲ့တာ မျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လားဗျာ။

တကယ်တော့ ဆိုရှယ်လစ်လမ်းကြောင်းလျှောက်ခဲ့ကြတာကို မှားသယောင်ယောင်ပြောနေကြတာတွေဟာ မမှန်ကန်ဘူးလို့ ပြောချင်ပါတယ်။

အခု လက်ရှိ ပါတီစုံဒီမိုကရေစီစနစ်နဲ့သွားနေပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်အောင် မျှော်မှန်းကြိုးပမ်းနေတာဟာ ခေတ်ရေစီးကြောင်းနဲ့အညီ မဖြစ်မနေသွားရမယ့်လမ်းကြောင်း ဖြစ်တာမို့ ဒီနေရာမှာလည်း ဦးစိုးဝင်း (ရဲဘော်စိုးဝင်း-လှိုင်၊ တက္ကသိုလ် စိုးယဉ်)နဲ့ ကျွန်တော်တို့ဟာ တစ်စိတ်တည်း၊ တစ်ဝမ်းတည်းရှိ နေကြတယ်ဗျ။ ကျွန်တော်က စာနယ်ဇင်းနယ်ပယ်မှာ အဆက်မပြတ်တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်နေသလို ဆရာ တက္ကသိုလ်စိုးယဉ်ကလည်း ယခု အသက် ၈၀ ပြည့်တဲ့အထိ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ကော်မတီတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေဆဲ၊ ဘာသာရေးအသင်းအဖွဲ့တွေမှာလည်း ပါဝင်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ဟာ လူချင်းဝေးကွာနေသော်လည်း စိတ်ချင်းဆက်နေပါတယ်။ ဒါကြောင့် ဆရာ တက္ကသိုလ်စိုးယဉ်က သူ့အသက် ၈၀ပြည့် (ပတ္တမြား ရတု)အတွက် တစ်ခုခုလေးရေးပေးပါဦးလို့ ဖုန်းနဲ့ပြောတာနဲ့ အခုလို ရေးလိုက်ရခြင်းဖြစ်ကြောင်းပါဗျား။ ။

xxx xxx xxx

မြင့်သူရ

# "ဆရာကြီး ဦးစိုးဝင်း (တက္ကသိုလ်စိုးယဥ်) အသက်(၈၀)နှစ်ပြည့်မွေးနေ့"

Y.M.B.A. အသင်းဥက္ကဋ္ဌကြီးဖြစ်သော မြစ်ခြေသားဆရာကြီး ဦးစိုးဝင်း (တက္ကသိုလ်စိုးယဥ်)အသက်(၈၀)နှစ်ပြည့်မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လက်ရွေးစင်၏ ဂုဏ်ပြုလွှာကို ဖော်ပြအပ်ပါသည်။

ဆရာကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုကော်မတီဝင်တစ်ဦးဖြစ်သည့်အလျောက် မြန်မာနိုင်ငံစာရေးဆရာများ၏ ဂုဏ်ဒြပ်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး တိုင်းပြည်၏အကျိုးကို ဦးလည်မသုန်ဆောင်ရွက်လျက် ရှိနေဆဲပင်။

အသက် (၈၀)နှစ်သာ ဆိုသော်ငြား သွားလာလှုပ်ရှားနေထိုင်ပုံကို အကဲခတ်ကြည့်လျှင် သွက်လက်ဖြတ်လတ်ဆဲပင်။

Y.M.B.A. အသင်းကြီးပေါ် ပေါက်လာပုံကို ခြေရာကောက်ကြည့်လျှင် ခရစ်ယာန်ဘုန်းတော်ကြီး သာသနာပြုကျောင်းများ ထူထောင်ကာ ထိုကျောင်းများမှ လူငယ်ပညာတတ်များကို အင်္ဂလိပ်တို့က ၎င်းတို့၏ အုပ်ချုပ်ရေးအတွက် အသုံးချရန် Y.M.C.A. အသင်းဟူ၍ ဘာသာရေးကို အကြောင်းပြကာ မြန်မာလူငယ်များကို အင်္ဂလိပ်အုပ်ချုပ်ရေး၏ အထောက်အပံ့များအဖြစ် သိမ်းသွင်းခဲ့ကြသည်။

မြန်မာလူငယ်ပညာတတ်တို့သည် အင်္ဂလိပ်ကို အတုယူကာ Y.M.C.A. အစား Y.M.B.A. အသင်းဟူ၍ ထူထောင်ခဲ့ကြပြီး ဘာသာရေးကို အကြောင်းပြကာ ဘာသာရေးမှ လွတ်လပ်ရေးသို့ ဒိမိုကရေစီရေး တာဝန်များကို ပြုပြင်ပြောင်းလဲ၍ အသုံးပြုခဲ့ကြပေသည်။

ထိုမှတစ်ဆင့် တိုင်းပြည်လွတ်လပ်ရေး ဒီမိုကရေစီရေးများကို ပြောင်းလဲထမ်းဆောင်ကြသည့် G.C.B.A. အသင်းကြီးကို ဖွဲ့စည်းကြကာ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကို စွမ်းစွမ်းတမန် ဆောင်ရွက်ကြကုန်သော မြန်မာမျိုးချစ်လူငယ်များဖြင့် တစ်နိုင်ငံလုံးကို G.C.B.A. အသင်းကြီးက ဦးဆောင်ကာ လွတ်လပ်ရေးကြိုးပမ်းလှုပ်ရှားမှုကို ဦးဆောင်ခဲ့ကြပေသည်။

G.C.B.A. မှ ဒို့ဗမာအစည်းအရုံး ဒို့ဗမာအစည်းအရုံးမှ ဖဆပလသို့ အဆင့်ဆင့်ကူးပြောင်းကာ မြန်မာ့လွတ်လပ်ရေးကို ဦးဆောင်တိုက်ပွဲဝင် အောင်ပွဲဆင်ခဲ့ကြပေသည်။

သို့ဖြင့် Y.M.B.A. အသင်းကြီးမှ အစပြု၍ လွတ်လပ်ရေးရသည့်တိုင် အဆင့်ဆင့်ဆောင်ရွက်ကြိုးပမ်းခဲ့ကြပုံကို တွေ့ခဲ့ရပေသည်။

ကဲ. . ဆရာကြီး ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)ရဲ့ ရာဇဝင်နောက်ကြောင်းကို ခြေရာကောက်ကြည့်လျှင် ဆရာ ဦးစိုးဝင်းသည် မြစ်ခြေမြို့နယ်ခွဲ (စံကျောင်း) စညောင်းကျေးရွာ အဘ ဦးသာတင့်၊ အမိ ဒေါ်အိမ်မြိုင်တို့ မှ (၁၉၄၀)ပြည့် နိုဝင်ဘာလ(၁၉)ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သဖြင့် အင်္ဂါသား "ထင်ရာစား ထင်ရာသွား မလုပ်ခဲ့ပါဘဲ" အစဉ်အလာအားဖြင့် မြင်တာများကိုလည်း ဝေဖန်သုံးသပ်ပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား လက်ကိုင်ထားသည့်အတွက် စာပေနယ်မှာရော လူမှုရေးနယ်ပယ် ဘာသာရေး နယ်ပယ်တွေမှာပါ ထင်ရှားကျော်ကြားလာခြင်းဖြစ်ပါသည်။

တကယ်ဆိုတော့ ဆရာ ဦးစိုးဝင်းတို့ ကျွန်တော်တို့သည် ကျေးလက် တောရွာသားတွေပါ။ မြို့ကြီးသားတွေလို အကြားအမြင် ဗဟုသုတ မကြွယ်ဝခဲ့ပေမယ့် ရိုးသားသော ဂုဏ်သိက္ခာနှင့်ကြိုးစားသည့် ဝီရိယလုံ့လကြောင့် မြို့ပေါ်အထိတက်ပြီး စာသင်ခဲ့လို့ ခေတ်ပညာတတ်တွေဖြစ်လာသော်လည်း ပညာဂုဏ်မမောက်ခဲ့ပါ။ ရာထူးဂုဏ်မနေ ဂုဏ်စတဲ့ ဂုဏ်ပကာသနတွေ ခဝါချပြီး လုပ်ဆောင်ခဲ့ကြတဲ့အတွက် ဘာသာရေး၊ လူမှုရေး၊ အဖွဲ့ အစည်းတွေမှာ တာဝန်အသီးသီး အပေးခံရပြီး လုပ်ဆောင်လျက်ရှိကြပါသည်။

ဦးစိုးဝင်းရဲ့ဂုဏ်ပုဒ်ကလေးကို ဖော်ပြကြည့်ရအောင်-

**ဦးစိုးဝင်း B.A. (Hist.) M.A. (Q.)**
**(မဟာမင်္ဂလဓမ္မဇောတိကဓဇ)**

**တာဝန်ယူဆောင်ရွက်မှုများ**

၁။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စာရေးဆရာအသင်း ဂုဏ်ထူးဆောင် နာယက (မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်)
၂။ Y.M.B.A. အသင်းချုပ် နာယက
၃။ ပခုက္ကူခရိုင်အသင်း(ရန်ကုန်) နာယက
၄။ မြစ်ခြေမြို့နယ်အသင်း (ရန်ကုန်) နာယက
၅။ ဆိပ်ဖြူမြို့နယ်အသင်း (ရန်ကုန်) နာယက
၆။ ဒိုက်ဦးမြို့နယ်အသင်း (နာယက)

စသည်တို့ဖြစ်ပါသည်။ တကယ်ဆိုတော့ နာယကဂုဏ်(၆)ပါးနဲ့ ပြည့်စုံတဲ့အတွက် နာယကကြီးများအဖြစ် တင်မြှောက်ထားခြင်းဖြစ်ပါသည်။

ကျွန်တော်တို့နှင့် ဆရာကြီး ဦးစိုးဝင်း ရေစက်ဆုံပုံလေးကလည်း ထူးခြားလှပါသည်။ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းစဉ်မှာ ကျွန်တော်က ဥက္ကဋ္ဌအဖြစ် (၂)နှစ် တာဝန်ယူခဲ့ပြီးနောက် အခြားပုဂ္ဂိုလ်များကို ဘဏ္ဍာရေးမှူးတာဝန်ပေးပြီးနောက် (၂)နှစ်ပြည့်တော့ ဆရာဦးစိုးဝင်း မြဝတီမဂ္ဂဇင်းက ပင်စင်ယူလာပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူပါသည်။ အဲဒီအခါမှာ မြို့နယ်စာရေးဆရာအသင်း ရန်ပုံငွေက ငါးသောင်းပဲ ရှိပါတယ်။ အဲဒီအချိန်မှာ ဥက္ကဋ္ဌ ဦးစိုးဝင်းက တစ်သိန်းမတည်လှူလိုက်တော့ ကျန်အမှုဆောင်တွေပါ ငါးသောင်းစီ၊ သုံးသောင်းစီ အသီးသီးအလှူငွေ ထည့်ဝင်ကြပါသည်။

အဲဒီတော့ ငွေငါးသိန်း ရန်ပုံငွေဖြစ်သွားပါသည်။ နောက်လတွေမှာတော့ ကျွန်တော်နဲ့ ဆရာဦးစိုးဝင်းတို့ မြို့နယ်အတွင်းရှိ ရင်းနှီးသော လုပ်ငန်းရှင်ကြီးများနှင့် မိတ်ဆွေများထံ အလှူခံထွက်သောအခါ (၃)လ အတွင်း သိန်း(၃၀)ကျော် ရရှိခဲ့ပါသည်။ ထို့ကြောင့် စာရေးဆရာ/ဆရာမကြီးတွေအတွက် သာရေး၊ နာရေး ကူညီနိုင်ပါတော့သည်။

မြို့နယ်စာရေးဆရာအသင်း(မင်္ဂလာတောင်ညွန့်)မှာ ဆရာ ဦးစိုးဝင်းနှင့် ကျွန်တော်တို့နှစ်ယောက်မှာ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ (၁၆)နှစ် လုပ်ဆောင်ခဲ့ကြပြီး ဆရာဦးစိုးဝင်းက မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင် တာဝန်ယူသွားတော့ ကျွန်တော်က မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌတာဝန်ယူထားရပါသည်။ Y.M.B.A. အသင်းကြီး ကို ဆရာစိုးနဲ့အတူတူဝင်ခဲ့ကြသော်လည်း ဆရာက "မဟာမင်္ဂလဓမ္မဇောတိကဓဇ"ဘွဲ့ရတော့ ကျွန်တော်က "မင်္ဂလာဓမ္မဇောတိကဓဇ"ဘွဲ့ရခဲ့ပါတယ်။ Y.M.B.A. အသင်းချုပ်မှာတော့ နောက်ဆုံးနှစ်ယောက်စလုံး နာယကကြီးတွေ ဖြစ်နေကြပါပြီ ဟူ၍သာ. . .။ ။

××× ××× ×××

**အောင်ခင်(လက်ရွေးစင်)**

**စာကြွင်း-**

အထက်ပါစာပုဒ်အားလုံး ဆရာသမားတော်ဒေါက်တာ သက်ဆွေ၏ ဆောင်းပါးပါ အချက်အလက်များပင်။

# "ဥက္ကဋ္ဌကောင်းတစ်ဦး"

ဆရာနှင့်စတင်ရင်းနှီးခဲ့သည်မှာ လမ်းစဉ်လူငယ်စည်းရုံးရေးဆင်းခဲ့သည်မှ စပါသည်။ ကျွန်မ၏နေအိမ်သို့ဆရာနှင့်အတူ လမ်းစဉ်လူငယ် သုံးယောက်ရောက်လာပါသည်။

ဆရာ့ကို ဥက္ကဋ္ဌကောင်းတစ်ဦးလို့ သတ်မှတ်နိုင်သလို စည်းရုံးရေးကောင်းသမားတစ်ဦးအဖြစ် သတ်မှတ်နိုင်ပါသည်။

ဆရာသည် ငယ်စဉ်ကတည်းက ရင်းနှီးနေသူတစ်ဦးလို လူငယ်များနှင့် ပတ်သတ်ပြီး ပြီးပြည့်စုံအောင် ပြောဟောနိုင်ခဲ့သည်။ ကျွန်မမှာ ဆရာ၏ဟောပြောမှုအောက်တွင် မျောပါခဲ့ရသည်။ အပြီးသတ်ပြောရလျှင် ဆရာ၏စည်းရုံးမှုနှင့်အတူ ပါသွားခဲ့သည်။

သည်နောက်တော့ . . .

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေစဉ် ကျွန်မတို့၏အဖွဲ့ဝင်များ အားလုံးဆရာ၏လုပ်ငန်း ဆောင်ရွက်မှုများအတိုင်း လိုက်ပါလုပ်ဆောင်ခဲ့ကြပါသည်။ ဆရာ၏ ဦးဆောင်မှုကောင်းသလို ခေါင်းဆောင်ကောင်းပီသစွာ အနစ်နာခံမှု သီလ သမာဓိရှိမှုများကို တွေ့မြင်ရပါသည်။ ထို့ကြောင့်လည်း ကျွန်မတို့၏ မင်္ဂလာတောင်ညွန့်မြို့နယ် မဂ္ဂဇင်းကြီးကို ထုတ်ဝေနိုင်ခဲ့သည်။ သည်တုန်းက မှတ်မိပါသည်။

ဆရာနှင့်အတူ မင်္ဂလာဈေး၊ ရွှေပြည့်စုံဈေး၊ ယုဇနပလာဇာ၊ မင်္ဂလာမွန်ဈေးစသည့် မင်္ဂလာတောင်ညွန့်မြို့တွင်ရှိသော ဈေးအစုံစုံသို့ ရောက်ရှိခဲ့ပါသည်။ မင်္ဂလာတောင်ညွန့်မဂ္ဂဇင်းအတွက် ကြော်ငြာရှာခဲ့ ခြင်းဖြစ်သည်။ ဆရာ၏နားဝင်အောင်ပြောဆိုမှုကြောင့် ကြော်ငြာရခဲ့သည်။ ပြီးတော့ မင်္ဂလာဈေးအပေါ်ထပ်ရှိ မြိုင်ထမင်းဆိုင်တွင် ထမင်းစားကြသည်။ ဆရာနှင့်အတူတူ အလုပ်လုပ်ခဲ့ရသည်မှာ စိတ်ချမ်းသာခဲ့ရသည်။ အစည်း အဝေးကို တစ်လတစ်ခါတွေ့ဆုံပြီး ရင်းနှီးမှုနှင့်အတူ ငွေစာရင်းရှင်းတမ်းများ ရှေ့ဆက်၍ လုပ်ဆောင်မည့်အကြောင်းများကို ဆွေးနွေးကြသည်။ ပျော်ခဲ့ကြသည်။ သည့်အပြင် အကြောင်းအရာတစ်ခုပေါ်လာတိုင်း သိန်းချီ လှူဒါန်းမှုသည် ဆရာမှစခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွက် နှစ်စဉ်တစ်သိန်း လှူဒါန်းပါသည်။ စာပေနှင့်စာနယ်ဇင်းဗဟိုအတွက် တစ်သိန်းလှူအပ်သလို ပညာရေးတွင် ထူးချွန်သူများကိုလည်း ဂုဏ်ပြုသည်။ လှူဒါန်းမှုများအတွက် ဂုဏ်ပြုချီးညွှတ်ပါသည်။ နောက်ဆုံးဂုဏ်ပြုမှုလေးကတော့ ဆရာ၏ကဗျာလေး ၁၉၈၈ ခုနှစ် စက်တင်ဘာလ

က ထုတ်ပြီးသော ရုပ်ရှင်အောင်လံမဂ္ဂဇင်းထဲမှ **"အလှတရား"** ရဲဘော်စိုးဝင်း(လှိုင်) ဆိုတဲ့ ကဗျာလေးဖြစ်ပါသည်။

**အလှတရား**

* အနိစ္စနှင့်နိစ္စ
* သုခနှင့်ဒုက္ခ
* အနတ္တနှင့်အတ္တ
* အတ္တနှင့်ပရ
* ထာဝရနှင့်တစ်ခဏ
* အကြောင်းနှင့်အကျိုး
* အနှစ်နှင့်အကာ
* အစစ်နှင့်အတု
* အချစ်နှင့်အမုန်း
* အပြုံးနှင့်အမဲ့
* ကဲ့ရဲ့ခြင်းနှင့် ဝေဖန်ခြင်း
* စေတနာနှင့် ဝေဒနာ
* မေတ္တာနှင့်သစ္စာ
* အပြောနှင့်အလုပ်
* သဘောနှင့်သရုပ်
* အပြုသဘောနှင့်အဖျက်သဘော

ဆေးကြောသုတ်သင်
အမြင့်မှန်မှ တကယ့်ဘဝ
အမြန်ပြင်မှ တကယ့်အလှ။ ။

**အသက်(၈၀)မှ အသက်(၁၂၀)တိုင်ရှည်ပါစေ. . .**

××× ××× ×××

**ခင်ဆွေလတ်**

# "သက် (၈၀)ပြည့် မွေးနေ့ရှင်သို့"

လွန်ခဲ့သော နှစ်ငါးဆယ်ကျော်က ဆရာ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)နဲ့ ကျွန်တော် သိကျွမ်းခင်မင်ခဲ့ကြတာပါ။ စာပေနယ်ပယ်မှာ ဆုံဖြစ်ခဲ့သည်မှစ၍ ဆရာ့ကို ကျွန်တော် လေးစားစွာ ခင်မင်ခဲ့မိသည်။ ဆရာနဲ့ ကျွန်တော်စာပေအဖွဲ့အစည်းများတွင် ပါဝင် ထမ်းဆောင်ကြရင်း ဆရာ၏ လူမှုရေး၊ ဘာသာရေး၊ ပရဟိတစိတ်ဓာတ်၊ စာပေရေး တွေ အနီးကပ်သိခဲ့ရသည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ (၂၁)ရက်စွဲဖြင့် ဆရာ ဦးစိုးဝင်း (တက္ကသိုလ် စိုးယဉ်)က **"အသက် (၈၀)ပြည့် မွေးနေ့မင်္ဂလာ"**စာအုပ်အတွက် ကဗျာ(သို့မဟုတ်) ဆောင်းပါးတစ်ပုဒ်ရေးသားချီးမြှင့်ပေးစေလိုကြောင်း ခင်မင်လေးစားစွာ တောင်းခံလာ သည့်အတွက် ကျွန်တော် တုန်လှုပ်မိပါသည်။

ကျွန်တော်တုန်လှုပ်မိသည့်အကြောင်းရင်းက စာမူတောင်းခံလွှာတွင် ဆရာ၏ ကိုယ်ရေးအကျဉ်းနဲ့အတူ ထူးခြားမှုဆောင်ရွက်သည့်တာဝန်များ၊ စာပေရေးသား ထုတ်ဝေမှုတွေ၊ အသက်အရွယ်နှင့်အမျှ ကြိုးစားဖြတ်သန်းမှုတွေက ကျွန်တော့်ကို တုန်လှုပ် စေခဲ့တာပါ။

ကျွန်တော်သိထားတာတွေထက် ဆရာ့ဆောင်ရွက်ချက်တွေက ကျွန်တော်မသိ တာတွေများလှပါသည်။ စာမူတောင်းခံလွှာမဖတ်ရခင် ဆရာက ကဗျာလေးတစ်ပုဒ် လောက်ဖြင့် အမြင်ရှုထောင့်လေးရေးပေးစေချင်ပါသည်ဟုဆိုသော်လည်း ကျွန်တော် စာမူတောင်းခံလွှာကို သေချာစွာဖတ်ကြည့်တော့မှ

**"ဝီရိယဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ"**
**ဆန္ဒဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ"**

**(မူလဋီ၊ ၃၊ ၁၆၉)တို**

လေ့လာဖတ်ရှုမိထားတဲ့ ကျွန်တော်သည်

- ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်သောအလုပ် ကိစ္စဟူသည်မရှိ၊
- ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်သောအလုပ် ကိစ္စဟူသည်မရှိ။

ဟုမှတ်သားနာယူခဲ့ဖူးသည်ရှိရာ ဆရာ ဦးစိုးဝင်း (တက္ကသိုလ် စိုးယဉ်)သည် ဝီရိယရှိသော၊ ဆန္ဒရှိသောပုဂ္ဂိုလ်များထဲတွင် ပါဝင်သူတစ်ယောက်ဖြစ်၍ ဆရာ့ဆောင်ရွက်ချက်များက ကျွန်တော်နားကြားခဲ့ဖူးသော ကုသိနာရုံဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရ ဆုံးမဩဝါဒ အတိုင်းရှိနေသည်။

* အလုပ်ကို ရိုသေလေးစားထကြွနိုးကြား ဝီရိယထားပါ။
* မာနကိုထိန်းပြီး မိတ်ဆွေဉာတိတို့ကို ချီးမြှောက်ပါ။
* ကြီးသူကို ရိုသေ ရွယ်တူကိုလေးစား ငယ်သူကိုသနားပါ။
* ကျေးဇူးပြုပါ။ ကျေးဇူးဆပ်ပါ။ ကျေးဇူးသိတတ်ပါ။
* သည်းခံသင့်သည်ကို သည်းခံ၍ ခြိုးခြံကာ ဗဟုသုတသိမှီးရှာဖွေပါ။
* ရဲရင့်ပြတ်သားစွန့်စားရန်ကိစ္စ။ ချင့်ချိန်နှိုင်းဆကာ သတိနှင့်လုပ်ပါ။
* အမှန်တရားလုပ်ရာတွင် ကြောက်လန့်စရာလုံးဝမလိုပါ။
* ဆန္ဒမစောဘဲ ယောနိသောမနသိကာရကို နှလုံးသွင်း၍ ပစ္စုပ္ပန် အခြေအနေကို အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် သုံးသပ် ဆုံးဖြတ်လုပ်ဆောင်ပါ။
* လောကဓမ္မတာကို ရင်ဆိုင်ရဲအောင် ကြိုးစားသူများကို မကဲ့ရဲ့ မရှုံ့ချပါနဲ့။
* မကောင်းမှုခံရတိုင်း စိတ်အားမငယ်ပါနဲ့။ ပြုံးရွှင်မှုဖြင့် အားလုံး အောင်မြင်ရတတ်ပါတယ်။
* ပျက်စီးဆုံးရှုံးသွားမှာကိုမကြောက်ဘဲ အကောင်းဆုံးအတွေ့အကြုံကို အရင်းထည့်ပြီး ထူးချွန်ပေါက်မြောက်အောင် ကြိုးစားသွားကြပါဆိုတဲ့ ဆရာတော်ကြီးရဲ့ ဆုံးမဩဝါဒက ဆရာ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) ကိုယ်ရေးမှတ်တမ်း အကျဉ်းနဲ့ ကိုက်ညီနေတာဖြစ်လို့ ကျွန်တော်သည် ဆရာ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)၏ **"သက် (၈၀)ပြည့်မွေးနေ့"** အား ကဗျာဖြင့်ဂုဏ်မပြုဝံ့တော့ ဤဆောင်းပါးဖြင့် ဂုဏ်ပြုရေးသား ရပါတော့သည်။

လေးစားစွာဖြင့် ဆရာ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) သက်(၈၀) ပြည့်မွေးနေ့မှသည် အသက်ရာကျော်တိုင် ကျန်းမာချမ်းသာအနာရောဂါ ကင်းရှင်းစွာ သာသနာ့အကျိုး၊ ဘာသာအကျိုး၊ စာပေအကျိုးတို့ကို ဆတိုးပွားများ အားထုတ်နိုင်ပါစေလို့ ဆုတောင်း ပဌာနာပြုလိုက်ပါတော့သည်။ ။

××× ××× ×××

**အောင်မြင့်(သစ်လုပ်ငန်း)**

# "ကျွန်တော်နှင့်နာယကကြီး"

သကြင်္န်မတိုင်မီကာလ၊ တစ်ရက်က ကျွန်တော့်ထံသို့ ဖုန်းတစ်ခု ဝင်လာသည်။ ဆရာကြီး ဦးစိုးဝင်း(တက္ကသိုလ်-စိုးယဉ်)ထံမှဖြစ်သည်။ လာမည့်နိုဝင်ဘာလတွင် အသက် ၈၀ပြည့်မည်ဖြစ်၍ ပတ္တမြားရတု အထိမ်းအမှတ်စာအုပ်တစ်အုပ် ထုတ်ဝေမည်ဖြစ်ကြောင်း၊ ထိုစာအုပ်အတွက် ကဗျာတစ်ပုဒ် သို့မဟုတ် ဆောင်းပါးတစ်ပုဒ် ချီးမြှင့်ပေးရန် လေးစားစွာ ပန်ကြားလာသောဖုန်းဖြစ်ပါသည်။

ထို့ကြောင့် ဆရာကြီးနှင့်ကြုံတွေ့လာရသည့်နောက်ခံအကြောင်းရင်းကို ပြန်လည်စဉ်းစားကြည့်မိပါသည်။ ကျွန်တော်သည် ၂၀၁၁ ခုနှစ် စာပေဗိမာန်ဘာသာပြန်ဆု လက်ခံရရှိရာမှ စာပေလောကထဲသို့ ဝင်ရောက်လာသူဖြစ်သည်။ ထိုစဉ်က အတူတကွ စင်မြင့်ပေါ်သို့ ဆုတက်ယူခဲ့သူ တစ်သက်တာစာပေဆုရှင် ဦးဝင်းမောင် (ဆရာကြီး မင်းယုဝေ) ၏ စာရေးဆရာဟူသည် စာအမြဲရေးနေရမည်။ အမျိုး၊ ဘာသာ၊ သာသနာနှင့် လူသားတို့၏ ကောင်းကျိုးကို ရည်သန်ပြီး စာတစ်မျိုးမျိုးကိုရေးနေမှ စာပေတာဝန်ကျေပွန်လိမ့်မည်ဖြစ်ကြောင်း ၂၀၁၁ ခုနှစ်၊ စာပေဆုနှင်းသဘင်၌ ပြောကြားခဲ့မှုအပေါ် နာခံပြီး ကျွန်တော်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကြံပြုဆောင်းပါးပေါင်းများစွာကို စတင်ရေးလာသူဖြစ်ပါသည်။ မူလက ကြေးမုံသတင်းစာတစ်ခုတည်းကိုသာ အခြေပြုရေးသားရာမှ ပုဂ္ဂလိက သတင်းစာများပေါ်ပေါက်လာချိန်မှစ၍ စံတော်ချိန်၊ မြန်မာတိုင်းမ်၊ ဒီမိုကရေစီတူဒေးသတင်းစာများနှင့် တူမော်ရိုး၊ နယူးဝပ်ရှ် စသော ဂျာနယ်များသို့ပါ ခြေဆန့်ခဲ့ပါသည်။

စာပေနယ်၌ အခြေကျလာသောအခါတွင် မိမိလည်း စာရေး ဆရာအသိုင်းအဝန်းတစ်ခုခုအပေါ် အမှီပြုသင့်သည်ဟု ယူဆရာမှ စာရေးဆရာအသင်းသို့ ဝင်ရောက်ခဲ့ပါ သည်။ စာရေးဆရာအသင်းဝင် ကတ်ပြားရရှိချိန်တွင် ထိုစဉ်က မင်္ဂလာတောင်ညွန့်

မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌဖြစ်သော ဆရာကြီး ဦးသက်ဆွေ (ရွှေ့ဆောင်တင်ဆွေ)မှ မြို့နယ်အသင်းမှ စာရေးဆရာ၊ ဆရာမကြီးများနှင့်တွေ့ဆုံရန်မြို့နယ်စာရေးဆရာအသင်း၏ လစဉ်အစည်းအဝေးသို့ တက်ရောက်ပါရန် ဖိတ်ကြားခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်လည်း မြို့နယ်စာရေးဆရာအသင်း၏ တစ်ခုသော လစဉ်အစည်းဝေးသို့ တက်ရောက်ခဲ့ရာ မြို့နယ်အသင်းဥက္ကဋ္ဌက အလုပ်အမှုဆောင် စာရေးဆရာ၊ ဆရာမများနှင့် မိတ်ဆက်ပေးခဲ့ပါသည်။ ထိုကဲ့သို့ မိတ်ဆက်ပေးရာတွင် ဥက္ကဋ္ဌ၏ညာဘက်ထိပ်စားပွဲတွင်ထိုင်နေသော အရပ်ပုပု၊ ဝဝ၊ မျက်နှာပြည့်ပြည့်နှင့် ပုဂ္ဂိုလ်အား ညွှန်ပြရင်း ဤ ဆရာကြီးမှာ မင်္ဂလာတောင်ညွန့်မြို့နယ်စာရေးဆရာအသင်း၏ ဂုဏ်ထူးဆောင်နာယက ဆရာကြီး ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) ဖြစ်ကြောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုတွင် အမှုဆောင်ကော်မတီဝင်လည်းဖြစ်ကြောင်း မိတ်ဆက်ပေးသဖြင့် ဆရာကြီးဦးစိုးဝင်းနှင့်စတင် သိကျွမ်းခဲ့ရပြီး ကျွန်တော်၏မှတ်တမ်း စာအုပ်တွင်လည်း **နာယကကြီး**ဟူ၍ စတင်ကမ္ပည်းတင်ခဲ့ပါသည်။

ဆရာကြီးနှင့်စတင်သိကျွမ်းချိန်မှစ၍ ယနေ့အချိန်အထိ ဆရာကြီးသည် တစ်ဖက်သားနှင့်ဆက်ဆံရာတွင် အသက်ကြီးငယ်မဟူ၊ ဂုဏ်ကြီးငယ်မဟူ လေးစားစွာ တရေးတယူ ဆက်ဆံလေ့ရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ စာရေးဆရာအသင်း၏ တာဝန်များကိုသာမက မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းတွင်လည်း ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အခြားလူမှုအဖွဲ့အစည်းများတွင်လည်း နာယက၊ ဗဟိုအလုပ်အမှုဆောင်စသည့် တာဝန်များကို ထမ်းဆောင်နေကြောင်း သိရှိရပါသည်။

ဆရာကြီးနှင့်ပတ်သက်၍ မချီးကျူးဘဲ မနေနိုင်သောအချက်မှာ အလှူအတန်းရက်ရောခြင်းပင်ဖြစ်ပါသည်။ မိမိကိုယ်တိုင်လှူဒါန်းသကဲ့သို့ အခြားသူများ လှူဒါန်းနိုင်ရန် အထူးစည်းရုံးနိုင်စွမ်းရှိသူဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်က (ဆရာကြီးက မာဒင်မှော်အောင်တယ်)ဟု မကြာခဏ နောက်ပြောင်လေ့ရှိသော်လည်း ဆရာကြီးက မည်သည့်အခါ မှ စိတ်မဆိုးသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ကျွန်တော်တို့ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းကြီး၏ နှစ်စဉ်အစည်းအဝေးတိုင်းသို့ ကျပ်တစ်သိန်း၊ တစ်သိန်းနှစ်စဉ်လှူလေ့ရှိသဖြင့် အသင်းကိုယ်စား ကျွန်တော်က အထူးပင်ကျေးဇူးတင်နေရပါသည်။

ထို့အတူပင် ဆရာကြီးသည် မြန်မာနိုင်ငံဗုဒ္ဓဘာသာကလျာဏယုဝအသင်း (Y.M.B.A.)တွင် ယခင်က ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပြီး လက်ရှိလည်း နာယကတာဝန်ယူထားသူဖြစ်သဖြင့် ပို၍လေးစားရပါသည်။ (Y.M.B.A.)တွင် အဘိဓမ္မာ

သင်တန်းလာတက်ရန် တိုက်တွန်းပြီး ဘာသာရေးကိုပစ်ပယ်မထားရန် ဆရာကြီးက တိုက်တွန်းခဲ့ပါသည်။ ဆရာကြီး၏တိုက်တွန်းချက်အရ ရန်ကုန်မြို့လယ်ရှိ သိမ်တော်ကြီး ဘုန်းကြီးကျောင်းတွင် အဘိဓမ္မာ သင်တန်းတက်ရောက်ပြီး ဝင်ရောက် ဖြေဆိုရာ သုံးဆင့်စလုံး အောင်မြင်ခဲ့ပါသည်။ ဆရာကြီး၏ ကျေးဇူးပင်ဖြစ်ပါသည်။ အဘိဓမ္မာ သုံးဆင့်လုံးအား အောင်မြင်စဉ်က (တစ်နှစ်တည်း သုံးဆင့်လုံးအောင်တာငါကွ)ဟု ဘဝင်မြင့်နေမိရာမှ ဆရာကြီးသည် မိမိ မမွေးခင် ၁၉၅၄ ခုနှစ် အသက် ၁၄နှစ်သားကပင် အောင်မြင်ခဲ့ပြီးသူ ဖြစ်ကြောင်း သိရှိရမှ မိမိကိုယ်မိမိ အထင်ကြီးခဲ့သည်ကို ပြန်၍တရားရမိခဲ့ပါသည်။

ဆရာကြီးနှင့် မတွေ့ဆုံမီက ဆရာကြီး၏စာပေများကို မှတ်မှတ်ရရ မလေ့လာခဲ့ဖူးသော်လည်း နောက်ပိုင်းဆရာကြီးနှင့်တွဲလာသောအခါ မြန်မာကဗျာ ကျွမ်းကျင်သူ တစ်ဦးဖြစ်ကြောင်း သိရှိလာရပါသည်။ အထူးသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းစီစဉ်သော အခြေခံပညာကျောင်းများ၏ နှစ်စဉ်စာပေ ဟောပြောပွဲများတွင် ဆရာကြီး၏ရှေးကနာမည်ကြီးခဲ့သော စာပေပညာရှင်ကြီးများ၏ ပျို့၊ အလင်္ကာ၊ ကဗျာ၊ ရတုများကို သံနေသံထားဖြင့် ရွတ်ဆိုပြသည်ကို တွေ့မြင်ရသဖြင့် ပို၍ပို၍ လေးစားခဲ့ရပါသည်။

ဆရာကြီးသည် ယနေ့အထိ ကျန်းမာနေဆဲဖြစ်ပါသည်။ ဆရာကြီး ရရှိသော ပင်စင်လစာ၊ သမီးများ၏ ဖခင်အပေါ် ကျေးဇူးသိတတ်မှုတို့ဖြင့် စာပေတာဝန်ကို အပူအပင်မရှိ ထမ်းဆောင်နေသည်ကို တွေ့ရှိရပါသည်။ အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့ နံနက်များတွင် ကုန်သည်လမ်းနှင့် လမ်း ၄၀ထောင့်ရှိ "အောင်" လက်ဖက်ရည်ဆိုင် (စာရေးဆရာများအခေါ် လေအန်ကုန်း)သို့ မပျက်မကွက်လာရောက်လေ့ရှိပြီး စာရေးဆရာ၊ ဆရာမ များနှင့် လက်ပွန်းတတီး တွေ့ဆုံလေ့ရှိပါသည်။ စာရေးဆရာ၊ ဆရာမ အရွယ်ပေါင်းစုံ၊ ကလောင်နု၊ ရင့်ပေါင်းစုံတို့၏ ဝေဖန်တင်ပြဆွေးနွေးမှု များကို ရင်ဝယ်ပိုက်ပြီး လမ်း ၄၀မှ ခြေလျင်လမ်းလျှောက်ကာ ပန်းဆိုးတန်း လမ်းပေါ်ရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)သို့ သွားရောက်လေ့ရှိပါသည်။ နေပူမိုးရွာမရှောင် အရပ်ပုပုဝဝ၊ ပုဆိုးကွက်ကြီးနှင့် တိုက်ပုံအကျီဝတ်၊ ဦးထုပ်ဆောင်း၊ ထီးကောက်ကြီး လက်မှာချိတ်၊ လွယ်အိတ်ပွပွကြီးလွယ်ကာ စာပေအာခမ်းအနားပေါင်းစုံကို တက်ရောက်ချီးမြှင့်လေ့ ရှိသည်ကို မြင်ယောင်နေမိပါသည်။

ကျွန်တော်အနေဖြင့် ဆရာကြီး၏ဇနီး ဇာတိမြို့ဖြစ်သော ဒိုက်ဦးမြို့တွင်လည်းကောင်း၊ ဆရာကြီး၏ဇာတိမြို့၏ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း မြင်းခြံ၊ တောင်သာမြို့နယ်များတွင်လည်းကောင်း တာဝန်ထမ်းဆောင်ဖူးသူဖြစ်၍ ဆရာကြီးနှင့် ထိုဒေသများအကြောင်း ထဲထဲဝင်ဝင်ဆွေးနွေးလေ့ရှိပါသည်။ ဆရာကြီးအား ကျွန်တော်၏ အသိစိတ်ထဲတွင် နာယကကြီးဟု စွဲမြဲစွာမှတ်သားထားသကဲ့သို့ ဆရာကြီးသည်လည်း ကျွန်တော်တို့ မင်္ဂလာတောင်ညွန့်မြို့နယ်အသင်းကို အလေးထားနေဆဲဖြစ်ပါသည်။ မနေ့တစ်နေ့ကမှ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌထလုပ်ရသော ကျွန်တော့်အဖို့ ပြဿနာများနှင့် ရင်ဆိုင်ရတိုင်း နှစ်ပေါင်းများစွာ မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ တာဝန်ယူခဲ့ဖူးသော ဆရာကြီးထံ ချဉ်းကပ်ရမြဲဖြစ်ပါသည်။ "ထက္ကြွန်းကြား၊ သနား သည်းခံ၊ ဝေဖန်ထောက်ရှု"ဟူသော နာယကဂုဏ် ၆ပါးနှင့်ပြည့်စုံသော ဆရာကြီး ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) အား နာယကကြီးအဖြစ် ကျွန်တော်၏ရင်ထဲဝယ် ပုံဖော်ထု ဆစ်နေဆဲ ဖြစ် ကြောင်း တင်ပြလိုက်ရပါသည်။ ။

ဆရာကြီးတက္ကသိုလ်စိုးယဉ် အသက်ရာကျော်ရှည်ပြီး အမျိုး၊ ဘာသာ၊ သာသနာနှင့် စာပေအကျိုး ဆထက်ထမ်းပိုးဆောင်ရွက်နိုင် ပါစေ. . .

xxx xxx xxx

**လင်းကိုကို**

# "ဆရာ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) မဟာမင်္ဂလစမ္မာဇောတိကဓဇနှင့် ပတ်သက်၍ စေတနာမောင်၏အမြင်"

လွန်ခဲ့သော (၂၀၁၃)ခုနှစ်ခန့်က "ရွှေတံခါးမှူး"မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ မောင်စေတနာ (ကွယ်လွန်)၏ ရုံးခန်း(၃၇)လမ်းတွင် ဆရာနှင့် စတင်တွေ့ဆုံသိကျွမ်းခဲ့သည်။ ပင်နီအကျီဝတ်ဆင်လျက် ဘေးလွယ်အိတ် လွယ်ကာ စာမူကိစ္စစာပေကိစ္စဖြင့် "ရွှေတံခါးမှူး" မဂ္ဂဇင်းရုံးခန်းသို့ ဆရာအဖော်တစ်ဦးဦးနှင့်ရောက်လာတတ်သည်။ ဆရာသည် မင်္ဂလာတောင်ညွန့် မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် (၁၆)နှစ်ကြာ တာဝန်ယူခဲ့သည့်အပြင် ယခုလက်ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။ မိမိတို့ မင်္ဂလာတောင်ညွန့်မြို့နယ်စာရေးဆရာအသင်း၏နာယက အဖွဲ့ဝင်တစ်ဦးအဖြစ်လည်း ပံ့ပိုးကူညီလျက်ရှိသည်။

ဆရာ၏ကိုယ်ရေးမှတ်တမ်းကို ဖတ်ရှုရသောအခါ ဆောင်ရွက် သည့်တာဝန်များ၊ စာပေရေးသားထုတ်ဝေမှုများကို ပြည့်စုံစွာသိရှိရသည်။ စာပေချစ်မြတ်နိုးသူအဖြစ်လည်းကောင်း၊ ဘာသာ(သာသနာရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် ပါဝင်လှုပ်ရှားနေသူအဖြစ်လည်းကောင်း မြင်တွေ့သိရှိရသည်။ Y.M.B.A. အသင်းချုပ်၏ မဟာမင်္ဂလစမ္မာဇောတိကဓဇ ဘွဲ့ကို ချီးမြှင့်ခံရသူလည်းဖြစ်သည်။ နေရာဌာနအသင်းအဖွဲ့အတော် များများတွင် နာယက/ဥက္ကဋ္ဌ/အမှုဆောင်အဖွဲ့ဝင်စသည့် တာဝန်အမျိုးမျိုးယူခဲ့သည်လည်း ရှိသည်။ ဆရာသည်စကားပြောကောင်းသူဖြစ်သဖြင့် အသင်းအဖွဲ့၏စည်းရုံးရေးပိုင်းတွင် အားကိုးရသည်။

ဆရာ၏လုပ်ဆောင်ချက်များကို စေတနာမောင် အားကျမိသည်မှာ အမှန်ပင်။ တတ်နိုင်ပါပေ့ စွမ်းနိုင်ပါပေ့သည်။ (ကျား)တစ်ထောင်မှာ တစ်ယောက်ထွန်းပေလား။ နှစ်ထောင်တွင်မှ တစ်ယောက်ထွန်းပေလား။ "အို . အာဂလူသားမြစ်ခြေသားကြီးရယ်" လို့ မင်္ဂလာစကားဖြင့် ထောပနာ ပြုလိုက်ရပေသည်။ ။

xxx xxx xxx

**စေတနာမောင်**

အသင်းဝင်အမှတ် ၉၆၅၂၊ မင်္ဂလာတောင်ညွန့်မြို့နယ်

## မဟာနွယ်အိပ်မက်

* ကမ္ဘာအနှံ့
ခြေဆန့်ပြနေတဲ့
အတ္တရဲ့ဒိုင်ယာရီ
အနီရင့်ရင့်ဖြစ်နေချေပြီ
အဲဒီအချိန်မှာ
အနုအလှများနဲ့
ဘဝဘဝတွေ ဆိတ်ငြိမ်သာယာစေဖို့
ဖိတ်စာမလို
အသပြာမလို
ကဗျာတည်ခင်း ပန်းတစ်ခြင်းနဲ့
အလင်းပြဖို့ သူလာလေပြီ . . .

xxx

လွန်ခဲ့တဲ့ ၂၀၀၈ ခုနှစ်၊ နှစ်တွေကြာနေပေမယ့် မနေ့တစ်နေ့ကလို မျက်စိထဲ မြင်ယောင်နေဆဲ။ လှိုင်မြို့နယ် ဇေယျာဝတီကျောင်းတိုက်မှာ ကျင်းပတဲ့ ပထမအကြိမ် လှိုင်၊ ဗုဒ္ဓစာပေဆုနှင့် ပညာရည်ချွန်ဆုပေးပွဲမှာ ဆရာ တက္ကသိုလ်စိုးယဉ် Y.M.B.A. ဉက္ကဋ္ဌအနေနှင့် အမှာစကားပြောခဲ့ပါတယ်။ အာပေါင်အာရင်းသန်သန်နှင့် ဘာသာသာသနာကို စောင့်ရှောက်ရမယ်ဆိုတဲ့ အမှာစကားကို ယနေ့တိုင်ကြားယောင်နေဆဲ။ ထိုစဉ်က မြို့နယ်အဆင့် Y.M.B.A. ဖွဲ့ဖို့ ပြောဆိုသွားသေးတယ်။ မဖွဲ့ဖြစ်ခဲ့ပါဘူး။ ၂၀၂၀ ပြည့်နှစ်ရောက်မှ လှိုင်မြို့နယ် Y.M.B.A. အဖွဲ့ကို ဖွဲ့ဖြစ်ခဲ့လို့ ဆရာတက္ကသိုလ်စိုးယဉ်ရဲ့ ရည်မှန်းချက် ပြည့်ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ဆရာ တက္ကသိုလ်စိုးယဉ်ရဲ့ဘဝနောက်ကြောင်းကိုကောက်ရရင် လှိုင်မြို့နယ်သားတစ်ဦးလို့ပင် ဆိုရပါမယ်။ တစ်ခေတ်တစ်ခါက လှိုင်မြို့နယ်လမ်းစဉ် ပါတီဝင်ဖြစ်ခဲ့သူ၊ ပါတီတာဝန်ထမ်းဆောင်ခဲ့သူ၊ လှိုင် မြို့နယ်ချစ်လွန်းလို့ ရဲဘော်စိုးဝင်း (လှိုင်)လို့ ကလောင်အမည်ခွဲတစ်ခုပေးခဲ့သူဖြစ်ပါတယ်။

အဲဒီလို လှိုင်မြို့နယ်ကို ချစ်သလို စာပေကိုလည်း ချစ်ပါတယ်။ မြဝတီမဂ္ဂဇင်းမှာ အယ်ဒီတာ မဟာစည်ရာပြည့်မော်ကွန်းမှာ အမှုဆောင်စာတည်း၊ ဇီဝကမဂ္ဂဇင်းမှာ အတိုင်ပင်ခံစာတည်း၊ ရတနာမွန်မဂ္ဂဇင်းမှာ အယ်ဒီတာအဖြစ်လုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ အဲ့ဒါတွေအပြင် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌအဖြစ် (၁၆)နှစ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖြစ် (၈)နှစ်တာဝန်ထမ်း ဆောင်ခဲ့သူဖြစ်ပါတယ်။

နောက်ပြီး ဆရာက စာပေလုပ်ငန်းတွေအပြင် အခြားသော ဘာသာရေးဆိုင်ရာ လုပ်ငန်းများ၊ မြို့နယ်အသင်းဆိုင်ရာလုပ်ငန်းများကို အင်တိုက်အားတိုက်လုပ်ဆောင်ခဲ့ပေးသေးတယ်။ တစ်နည်းပြောရရင် ပရဟိတစိတ်ကြီးမားသူတစ်ဦးလို့ ပြောရပါမယ်။

ဒီနေရာမှာ ပရဟိတဆိုတာနဲ့ပတ်သက်ပြီး နည်းနည်းပြောချင်ပါတယ်။ ပရဟိတဆိုတာ နိုင်ငံရေးစကားမပြောတဲ့ နိုင်ငံရေးအလုပ်ပါ။ တော်ရုံစိတ်၊ တော်ရုံထွဋ်၊ တော်ရုံစေတနာနဲ့ လုပ်လို့မရပါဘူး။ ပရဟိတသမားတွေဟာ တစ်ဖက်သားကို အဆင်ပြေစေချင်တယ်။ စိတ်ချမ်းသာစေချင်တယ်။ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ အဆင်ပြေစေချင်တယ်။ အသိဉာဏ်မြင့်မားစေချင်တယ်။ ဘဝတစ်ခု တိုးတက်စေချင်တယ်။ အဲဒီလို တစ်ဖက်သားကို အကူအညီပေးတာ ဘာနှောင်ကြိုးမှမပါဘူး။ ဘာအကြောင်း ပြချက်မှ မရှိဘူး။ အဲဒါကြောင့် ပရဟိတသမားတွေဟာ အံ့သြစရာကောင်းလောက်အောင် ကိုယ်ကျိုးစွန့်နိုင်သူများဖြစ်ပါတယ်။

ဆက်ပြောချင်တာလေးတစ်ခုက ပယ်နင်ဆလင်ဆေးကို တီထွင် ခဲ့တဲ့ Dr. Alexander Fleming အကြောင်းပါ။ သူ့အနေနဲ့ ပယ်နင်ဆလင်ဆေးကိုရဖို့ နှစ်နှစ်ဆယ်ကျော် သုတေသနပြုခဲ့ရတာပါ။ ဆေးလည်းရရော နည်းပညာကိုချပြပြီး မည်သူမဆို လွတ်လပ်စွာထုတ်လုပ်နိုင်တယ်လို့ ကြေညာလိုက်ပါတယ်။ ကဲ. . ကြည့်စမ်း ပယ်နင်ဆလင်ဆေးကို သူတစ်ယောက်တည်းထုတ်ရင် ကမ္ဘာမှာ အချမ်းသာဆုံးဖြစ်မှာပါ။ ဒါပေမဲ့ အများကြီးထုတ်နိုင်ရင် ဈေးပေါသွားမယ်။ ဆင်းရဲသားတွေ သုံးနိုင်မယ်ဆိုပြီး အများအတွက် နည်းပညာပေးခဲ့တာပါ။ ဘယ်လောက်တောင် လေးစားဖို့ကောင်းသလဲ။ အဲဒါ အများအကျိုးကို လိုလားတဲ့ ပရဟိတစိတ်ဓာတ်ပါ။

ကျွန်တော့်အနေဖြင့်လည်း ဆရာ တက္ကသိုလ်စိုးယဉ်ကို ပရဟိတ စိတ်ရှိသူ တစ်ဦးလို့ ညွှန်းဆိုချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူပါဝင်ဆောင်ရွက်ခဲ့တဲ့ အသင်း အဖွဲ့တွေက တော်တော့်ကိုများပါတယ်။ အသင်း အဖွဲ့ပေါင်း (၂၀)ရှိတဲ့အပြင် Y.M.B.A. အဖွဲ့က မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့ချီးမြှင့်ထားသူတစ်ဦးလည်းဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့လှိုင်မြို့နယ်၊ စာရေးဆရာအသင်းက လုပ်ဆောင်နေ တဲ့ နှစ်နှစ်တစ်ကြိမ်လုပ်နေတဲ့ လှိုင်စာပေဆုအတွက်လည်း အလှူငွေတစ်သိန်း အမြဲထည့်ဝင်ပါတယ်။ စေတနာသဒ္ဓါတရားကြီးမားသူတစ်ဦးမို့ သာဓု သာဓု သာဓု အမြဲခေါ် ဆိုမိပါတယ်။

အဲဒါကြောင့် အရှေ့မှာ ဖော်ပြခဲ့တဲ့ ကျွန်တော့်ကဗျာလေးနဲ့ အဆုံးသတ် ဂုဏ်ပြုလိုက်ပါတယ်။ ကဗျာလေးရဲ့ ခေါင်းစဉ်ကို "မဟာနွယ် အိပ်မက်"လို့ အမည်ပေး ထားပါတယ်. . .

သူက. . .
စကားမပြောတဲ့ နိုင်ငံရေးလုပ်နေတာ
သိင်္ဂါရ ရသတွေနဲ့
ရွှေချထားတဲ့ စေတနာတွေနဲ့
နွေကိုလည်း သူမသိ
မိုးကိုလည်း သူမသိ
ဆောင်းကိုလည်း သူမသိ
သူသိနေတာ တစ်ခုက
အနုပညာနွယ်နေတဲ့ ပရဟိတ
ပရဟိတ
ပရဟိတ
ပရဟိတ. . .။ ။

xxx xxx xxx

**မင်းဆက်ပိုင်**

ဖုန်း - ၀၉ ၄၄၃၀ ၁၇၅၉၈

# ကျင်လည်မကုန် စာပေဘုံ

ကျွန်တော်နှင့်ဆရာကြီးတက္ကသိုလ်စိုးယဉ်တို့မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ကျွမ်းဝင်သူများဖြစ်ကြပါသည်။

ထိုစဉ်က ကျွန်တော်သည် ဂီတနယ်ပယ်အတွင်းဝယ် တေးသီချင်းများစွာကို ရေးသားရင်း သံစဉ်လှလှလေးများကို ရှာဖွေကာ ရင်ခုန်နေမိသော ဂီတစာဆိုတစ်ဦးပင်။

ဆရာကြီးတက္ကသိုလ်စိုးယဉ်မှာမူ စာပေလောက၌ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး စသဖြင့် စာမျိုးစုံကို ရေးသားကာ ကလောင်ထက်ပြီး ထင်ရှားနေသော စာရေးဆရာတစ်ယောက်သာ။

ဤသို့ဖြင့် စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်ဟူသော အနုပညာ အသိုင်းအဝန်း အတွင်း ကျွန်တော်နှင့်ဆရာကြီး တက္ကသိုလ်စိုးယဉ်တို့နှစ်ဦးမှာ မကြာခဏ ဆုံတွေ့ကြစမြဲ ဖြစ်ပါသည်။

ယင်းနောက် "ဂီတပဒေသာ"မဂ္ဂဇင်းတွင် အယ်ဒီတာတစ်ယောက်အဖြစ် ကျွန်တော်ပါဝင်လာသောအခါ တေးသီချင်းများရေးသားခြင်းသာမက စာပေတာဝန်များကိုပါ ပူးတွဲကာ သုတရသစာပေများကို ရေးသားခဲ့ပါသည်။

ဆရာကြီး တက္ကသိုလ်စိုးယဉ်ကလည်း "မြဝတီစာပေတိုက်"၏ အယ်ဒီတာဖြစ်လာပါသည်။ သိသာစွာပင် ကျွန်တော်နှင့်ဆရာကြီး တက္ကသိုလ်စိုးယဉ်တို့မှာ စာပေပေါင်းကူးတံတားပေါ်တွင် လျှောက်လှမ်းခဲ့ ကြပါသည်။

တစ်ဆက်တည်းဆိုရသော် ကျွန်တော့်မှာ အသက်အရွယ်အရ ဘာသာရေးအသင်းအဖွဲ့များတွင် အမျိုးဘာသာ၊ သာသနာအကျိုးကို သယ်ပိုးထမ်းရွက်လာချိန်၌ ဆရာကြီးတက္ကသိုလ်စိုးယဉ်ကလည်း Y.M.B.A. အသင်းချုပ်ဥက္ကဋ္ဌ၊ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အမှုဆောင်အဖြစ် ထမ်းဆောင်လေရာ ကျွန်တော်တို့နှစ်ဦး၏ရေစက်မှာ အေးမြစွာ ဆုံဆည်းခွင့်ရလာပြန်ပါသည်။

စာပေတာဝန်များနှင့်ပတ်သက်၍လည်း ကျွန်တော်က ဗဟန်းမြို့နယ် စာရေးဆရာအသင်း၏ဥက္ကဋ္ဌဖြစ်ချိန်တွင် ဆရာကြီးတက္ကသိုလ်စိုးယဉ်မှာ မင်္ဂလာ တောင်ညွန့်မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ၊ မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌတာဝန်များမှ တစ်ဆင့်တက်၍ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဖြစ်လာခဲ့ပါသည်။

ကျွန်တော်တို့စာရေးဆရာအသင်း(ဗဟို)သို့ ရောက်တိုင်း ဧည့်ဝတ်ကျေပွန်သော။

ကျွန်တော်တို့ ဗဟန်းမြို့နယ်မှ ကျင်းပသည့် ဂုဏ်ပြုပွဲတိုင်းကို တက်ကြွစွာ ချီးမြှင့်ပေးသော။

လွယ်အိတ်ကြီးကို ပခုံးမှာလွယ်၊ ထီးရှည်ကြီးကို လက်မှာကိုင်ရင်း သွက်လက်တက်ကြွစွာ သွားလာတတ်သော။

ရယ်မောပျော်ရွှင်စွာဖြင့် အားပါးတရ ပွင့်လင်းပြောဆိုတတ်သော. . ။

စာမျိုးစုံကို ကလောင်အမည်များစွာဖြင့် ရေးသားသီကုံးဖွဲ့ဆိုတတ်သော။

ကျွန်တော်နှင့်တွေ့လျှင်-

"ဗျို့. . ရန်ကင်းကြီး"

"ရန်ကင်းကိုကိုလေး"

စသဖြင့် ရင်းနှီးဖော်ရွေစွာအများကြားအောင် ခေါ်ပြောတတ်သော. .

ဆရာကြီးတက္ကသိုလ်စိုးယဉ် တစ်ယောက် အသက်ရာကျော်ရှည်၍ စာပေမွေ့လျော်ကာ ဘဝတစ်လျှောက်လုံး ပျော်ရွှင်နိုင်ပါစေသော်ဝ်။ ။

လေးစားခင်မင်စွာဖြင့်. . .

xxx xxx xxx

**ရန်ကင်းကိုကိုလေး**

ဖုန်း - ၀၉ ၄၂၀၀၀၀၉၈၇

## "အစ်ကိုကြီးဝမာ ကဗျာဆရာ တက္ကသိုလ်စိုးယဉ်"

စာရေးဆရာကြီးလည်းဖြစ် ကဗျာဆရာကြီးလည်းဖြစ်သည့် ဆရာကြီး တက္ကသိုလ်စိုးယဉ်ကို ယခုလို ခင်မင်ရင်းနှီးမှုမရှိသေးခင် မမြင်ဘူးသေးခင်ကတည်းက သူရေးခဲ့သော ဝတ္ထုကဗျာဆောင်းပါးများ ဖတ်ခဲ့ဖူးသဖြင့် အထင်ကြီးလေးစားခဲ့သည်။ ကျွန်မ ကဗျာကိုချစ်သည်။ တန်ဖိုးထား သည်။ သို့သော်

ကျွန်မ၏အစ်ကိုအရင်းဖြစ်သော ဗိုလ်ချုပ်မြေ-မြင့်ဆွေ ညောင်ဦး ခရိုင်စာရေးဆရာအသင်းဥက္ကဋ္ဌကလည်း ကဗျာပါရဂူခေါ် လောက်အောင် တော်သလောက် ကဗျာရေးတတ်သူဖြစ်သဖြင့် ကျွန်မအစ်ကိုကြီးနှင့် ကဗျာကဝိခေါ် လောက်သည့် တက္ကသိုလ်စိုးယဉ်အပါအဝင် ကဗျာဆရာများကို အထူးလေးစားအားကျမိသည်။

ကျွန်မ၏အစ်ကိုကြီး ကျွန်မ၏အိမ်သို့ ရောက်လာတိုင်း ကဗျာ ရေးတတ်စေချင်၍ သင်ပေးလေ့ရှိပါသည်။ ငါလည်း ညီမလေးအိမ်မှာ ကြာကြာမနေနိုင်တော့ ဒို့ညောင်ဦးဟိုဘက် မြစ်ခြေက ဆရာတက္ကသိုလ်စိုးယဉ်နှင့် မိတ်ဆက်ပေးဦးမယ် ဆရာကြီးအိမ်ကို ဝင်ထွက်သွားလာ ပညာယူပါ ညီမလေးရယ်"ဟုပြောခဲ့ဖူးသည်။

စာရေးခြင်း ကဗျာရေးခြင်းတွေကို သားတစ်ယောက်ကျဆုံးသွားသဖြင့် ရိပ်သာဝင်တရားအားထုတ်ခြင်း အဘိဓမ္မာဝိဋကာကျော်ဝိသုဒ္ဓိမဂ် အပါအဝင် ဘာသာရေးသင်တန်းတွေတက်နေခြင်းဖြင့် ဆရာကြီးတက္ကသိုလ်စိုးယဉ်ထံ တပည့်ခံ၍ ကဗျာရေးနည်း မသင်ကြားဖြစ်ခဲ့ခြင်းကြောင့် ကျွန်မ ကဗျာဆရာမတစ်ယောက်မဖြစ်ခဲ့ပါ။

ဆရာကြီး တက္ကသိုလ်စိုးယဉ်နှင့်တွေ့လည်းတွေ့ရော၊ အစ်ကိုကြီးနှင့် ညီမလေး ပမာ ကဗျာသံနှင့် "ညီမအရင်း တင်တင်ဝင်းရယ် မြစ်ခြေနှင့် ငါ့သားရောက်(ဗိုလ်ချုပ်မြေ) ဘယ်လောက်များဝေးလို့လဲ၊ အစ်ကိုကြီး ဗိုလ်ချုပ်မြေ မြင့်ဆွေကလည်း ကျွန်တော့်ညီမလေးကို ကဗျာရေးတတ်အောင် သင်ပေးပါလို့ ပြောခဲ့ဖူးတယ်"ဟု ပြောလာပါသည်။

ကျွန်မရေးတဲ့စာတွေဖတ်ရတာ သဘောကျတယ်လို့ ဆရာကြီးက အရင်ပြော လာပါသည်။ ဆရာကြီးလို့ စာထဲမှာရေးပေမယ့် တွေ့ကတည်းက အစ်ကိုကြီးဟု ခေါ်သလို ကျွန်မအရင် တင်တင်ဝင်းဟုသာ ခေါ်သဖြင့် "ညီမက အစ်ကိုကြီးရေးတဲ့ကဗျာတွေကို အရမ်းကို သဘောကျတယ်လို့ ပြောရမှာ ညီမကနောက်ကျသွားတာပါ"ဟု ပြောမိသည်။ တော်တော်လေးကို သဘောကျတာပါ။

လမ်း ၄၀ နှင့် ကုန်သည်လမ်းထောင့်က အောင်လက်ဖက်ရည်ဆိုင်မှာ စာရေး ဆရာတို့ ဆုံစည်းရာ လေအန်ကုန်းမှာ တစ်ပါတ်နှစ်ရက် အင်္ဂါနေ့နှင့် သောကြာနေ့မှာ အရင်ဆုံးရောက်တာ အစ်ကိုကြီး ဦးစိုးယဉ်လက်ဖက်ရည်နေ့တိုင်းတိုက်သလို ညီမ အရင်း တင်တင်ဝင်းကလည်း မြေပဲသကြားလုံး စာရေးဆရာအားလုံးကျွေးရင်း ဆုံနေ ကျပါ။ မြန်မာစာပြန့်ပွားရေးအသင်းမှာလည်း အမြဲတမ်းဆုံဖြစ်ကြတိုင်း လျှုဒါန်းစရာ ရှိက ထိပ်ဆုံးက အလှူအတန်းရက်ရောသူ၊ အများအကျိုးသည်ပိုးလိုသော ပရဟိတ နှလုံးသားရှိသူ စည်းရုံးရေးကောင်းသူ၊ မျိုးချစ်စိတ်ရှိသူ၊ တစ်လောကလုံးရှိ လူတွေကို လိမ္မာစေချင်သူ၊ ဘုရားစကားကို နားထောင်စေချင်သူ၊ သူ တစ်ပါးကျေးဇူးသိတတ်၊ ဆပ်တတ်စေချင်သူ၊ အမျိုးဘာသာ၊ သာသနာ ကို စောင့်ရှောက်လိုသူအဖြစ် သူရေး ထားတဲ့ ကဗျာများက အတွင်းစိတ် ကြည်လင်သန့်ရှင်းဖြူစင်နေပုံကို အထင်းသားမြင်မိ ကာ အစ်ကိုကြီးအရင်းဖြစ်သည့် ဗိုလ်ချုပ်မြေ မြင့်ဆွေမခြား၊ အစ်ကိုကြီးအရင်း တစ်ယောက်ပမာ ချစ်ခင်လေးစားတန်ဖိုးထားမိပါကြောင်း အများသိအောင် ကြော်ငြာ မောင်းခတ်လိုက်ပါသည်ရှင့်။ ။

xxx xxx xxx

**ညီမအရင်း ဗိုလ်ချုပ်မြေ-တင်တင်ဝင်း**

# သဒ္ဓါစစ်ကိုအောင်နိုင်သူ

သဒ္ဓါတရားသည် စစ်တိုက်တာထက် ခက်ခဲသည်ဟု ကျွန်ုပ်ကြားဖူးခဲ့သည်။ လူတိုင်းတွင် သဒ္ဓါတရားရှိပါက စစ်ပွဲတွေလည်း အဆုံးသတ်သွားနိုင်သည်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲတစ်ခုတွင် "မိမိကရယူဖို့ထက် မိမိက ဘာ အရင်ပေးရမလဲဆိုတာကို စဉ်းစားစေချင်တယ်"ဟု ပြောကြားခဲ့ဖူးသည်။ လူတစ်ချို့သည် မိမိကပေးဖို့ထက် မိမိကရဖို့သာ အရင်စဉ်းစားကြသည်။ ထို့ကြောင့် "ချစ်ခြင်းမေတ္တာ"သည် ရှားပါးသောပစ္စည်းဖြစ်သွားလေသည်။ လူသားတို့သည်လည်း 'ငြိမ်းချမ်းရေး'နှင့်ဝေး၍ သွားခဲ့သည့်အပြင် ကိုယ်ချင်းစာတရားတို့သည်လည်း လွင့်စင်လျက် ပျက်ကုန်သည်။

×××

လွန်ခဲ့သောကာလတစ်ခုတုန်းက မိမိတို့ရွှေမိုးညင်းစာစဉ်အဖွဲ့ "မိဘမေတ္တာရသစာစု"များအတွက် စာရေးဆရာများ စုဝေးရာ 'လေအန်ကုန်း'တွင် မိဘမေတ္တာစာအုပ်စာမူတောင်းခံခဲ့ရာ ဆရာကြီးတက္ကသိုလ် စိုးယဉ်သည် အလှူငွေ ၅သောင်းနှင့် ကဗျာတစ်ပုဒ် ချီးမြှင့်ခဲ့သည်။ ဆရာကြီး ၏ သဒ္ဓါတရားကို အလွန်ပင် အံ့သြသွားခဲ့လေသည်။ ထို့နောက် နှစ်စဉ် စာအုပ်ထုတ်တိုင်း အလှူငွေနဲ့အတူ ကဗျာတစ်ပုဒ်အမြဲ ချီးမြှင့်လေ့ရှိသည်။

ယခုနှစ် ပြာသိုလပြည့်အမေနေ့တွင် ထုတ်ဝေသော စာစဉ်(၉) "အလင်္ကာကောင်းကင်"စာအုပ်အတွက် ဆရာကြီးထံသို့ ကဗျာစာမူ မတောင်းဖြစ်ခဲ့။ အကြောင်းရင်းကတော့ ဆရာညွန့်ဝင်းကို၏ ကျန်းမာရေးကြောင့် လေအန်ကုန်းမရောက်ဖြစ်ခဲ့လို့ပင်ဖြစ်သည်။ သို့သော်လည်း အမေ ခရေစီဖြစ်တဲ့ ဆရာကြီး၏ "အမေ့ကျေးဇူးဂုဏ်အထူး"ဆိုတဲ့ မြတ်ဘုန်း(တပ်ကုန်း)မွေးနေ့တွင် ရေးပို့ပါခဲ့ဖူးသော ကဗျာလေးအားဆရာကြီးထံ ခွင့်မတောင်းမိဘဲ ရွှေမိုးညင်း စာစဉ်(၉)တွင် ထည့်သွင်းအသုံးပြုခဲ့လေသည်။ "စာအုပ်ထွက်ပြီးမှ ဆရာကြီးထံသို့ အကြောင်းကြားလိုက်သောအခါ. . .

"ကျုပ်ရဲ့ အမေကဗျာကို ဒုတိယအကြိမ်အသုံးပြုပေးတဲ့အတွက် ကျေးဇူးတင်တယ်ဗျာ. . ရွှေမိုးညင်းစာပေအတွက် အလှူငွေ သုံးသောင်းလည်း ထည့်ချင်တယ်ဗျာ. ."

ဆရာကြီး၏သဒ္ဓါတရားအတွက် ဝမ်းသာလွန်းလို့မျက်ရည်တောင်လည်မိတယ်။ ။

××× ××× ×××

**စိန်ခင်မောင်မြင့်နှင့် မြင့်မောင်မောင်ခင်**

# "မဟာမင်္ဂလစမ္မဒေတိကာစေ တက္ကသိုလ်စိုးယဉ်"

တက္ကသိုလ်စိုးယဉ်ကို ကျွန်တော် စတင်တွေ့ဖူးသည်မှာ ၂၀၀၄ ခုနှစ်က မဟာစည်သာသနာ့ရိပ်သာကြီးမှာဖြစ်၏။ ဒီတုန်းက ကျွန်တော်က ဟိတေသီဆေးခန်းမှာ အလှည့်ကျတာဝန်ထမ်းဆောင်နေသော တိုင်းရင်းဆေးဆရာဖြစ်သည်။ ယခုလည်း ဟိတေသီဆေးခန်းမှာ အင်္ဂါနေ့တိုင်းထိုင်၍ ယောဂီများကို ဆေးပေးနေပါသည်။

ကျွန်တော် ဆေးဆရာလို့ဆိုပေမယ့် တစ်ဖက်ကလည်း စာရေးခြင်းအတတ်ပညာကို ဝါသနာပါ၍ ကျွန်တော်တာဝန်ယူဆောင်ရွက်နေသော မဟာစည်ဟိတေသီအဖွဲ့မှ ဟိတေသီဆေးခန်းအကြောင်းကို လေ့လာမှတ်သားပြီး မဟာစည်ရာပြည့်မော်ကွန်းမှာ မဟာစည်ရိပ်သာမှ ဟိတေသီအဖွဲ့၏ အဖွဲ့ငယ်တစ်ခုဖြစ်တဲ့ ဟိတေသီဆေးခန်း အကြောင်းကို ဆောင်းပါး တစ်ပုဒ်ရေးသားပေးပို့ပြီး ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ အယ်ဒီတာအဖွဲ့သို့ သွားရောက်ပေးပို့ခဲ့ပါသည်။

ထိုအယ်ဒီတာအဖွဲ့တွင် ဆရာတက်လူ၊ ဆရာတက္ကသိုလ်စိုးယဉ်တို့ကို တွေ့ရပါသည်။ ထိုမှစတင်ပြီး ဆရာတက္ကသိုလ် စိုးယဉ်နှင့် ရင်းနှီးချစ်ခင် ကျွမ်းဝင်ခဲ့ရပါသည်။ ဆရာတက္ကသိုလ်စိုးယဉ်သည် မြစ်ခြေသား ဇာတိဖြစ်၍ ကျွန်တော်သည် သူ့ကို ပိုမိုခင်တွယ်ခဲ့မိပါသည်။ ကျွန်တော်က ဆင်ဖြူကျွန်းနယ်သားဆိုတော့ မြစ်ခြေမြို့နယ်နဲ့က နယ်ချင်းထိစပ်နေတော့ တစ်နယ်တည်းသားဟု ခံယူမိ၍ဖြစ်ပါသည်။

မြစ်ခြေသားတစ်ယောက် ရန်ကုန်မြို့ကြီးရောက်ပြီး ဝိုင်အမ်ဘီအေ အဖွဲ့၏ ဥက္ကဋ္ဌဖြစ်ပြီး အခြားအဖွဲ့အစည်းတွေဖြစ်တဲ့

(၁) မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ (၂) မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ဝင်၊ (၃) မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း ဂုဏ်ထူးဆောင်နာယက၊ (၄) မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်၊ (၅) မဟာစည်သတင်းလွှာစာတည်းချုပ်တို့ကို ဆောင်ရွက်နေသောကြောင့် ဆရာ့ကို တရင်းတနှီး ကျွမ်းဝင်ခဲ့ပါသည်။

အခြားနေရာဖြစ်တဲ့ ဗဟိုစည်းဝေးပွဲများ၊ စာအုပ်မိတ်ဆက်ပွဲများ၊ ဟောပြောပွဲများတွင်လည်း ဆရာနှင့် မကြာခဏ တွေ့ရလေ့ရှိပါသည်။ အထူးသဖြင့် လေအန်ကုန်းမှာ မကြာခဏတွေ့ရလို့ ဆရာ့ကို ပိုမိုရင်းနှီး ကျွမ်းဝင်ခဲ့ပါသည်။

မဟာစည်ရိပ်သာကြီးကလည်း နှစ်စဉ်နတ်တော်လပြည့်ဝန်းကျင်တွင် မဟာစည်ဆရာတော်ကြီး၏ ဩဝါဒခံယူ ပူဇော်ပွဲပြုလုပ်လေ့ရှိရာတွင် ဆရာ တက္ကသိုလ်စိုးယဉ်သည်

ပြန်ကြားရေးဌာနမှာ ဆရာဒေါက်တာ သက်ဆွေနှင့်တွဲပြီး ပြန်ကြားရေးမှူး အမြဲပြုလုပ်လေ့ရှိရာမှ နှစ်စဉ်ကျွန်တော်နှင့်တွေ့ကြုံရ စကားစမြည်ပြောရနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ပါသည်။ ဆရာသည် ခင်မင်စရာအလွန်ကောင်းပါသည်။ ကျွန်တော့်ထက်အသက်ကြီးပေမယ့် ပမာမခန့် အမူအရာ မတွေ့ရ၊ ကျွန်တော့်ကိုတွေ့ရင် တလေးတစားဆက်ဆံသည်။ ပြောဆိုသည်။ အခြားသူများနှင့် တွေ့ဆုံရာမှာလည်း ဆရာတက္ကသိုလ်စိုးယဉ်သည် အတိမာန မထားဘဲ ဂရုဂါရဝတရား နိဝါတ တရားများ အစဉ်ထား၍ ဆက်ဆံသည်ကိုကလေးစားစရာ ခင်တွယ်စရာကောင်းသော ဆရာတစ်ယောက်ဖြစ်သည်။ ဆရာ တက္ကသိုလ်စိုးယဉ်ကို ကျွန်တော်မမေ့နိုင်သောအရာတစ်ခုရှိပါသေးသည်။

ဘာလဲဆိုတော့ ၂၀၁၈ ခုနှစ်က ၂၂ ကြိမ်မြောက် ချမ်းအေးဓမ္မစာပေဆုချီးမြှင့်ပွဲမှာ ကျွန်တော်က ဓမ္မစာပေဆု တက်ယူရစဉ်အခါ ဆရာ တက္ကသိုလ်စိုးယဉ်က ၎င်းအဖွဲ့မှ အမှုဆောင်ပုဂ္ဂိုလ်ဖြစ်နေတာ တွေ့ရတော့ ကျွန်တော်ပါဝင်ဆုရသည်ကို ဝမ်းသာအားရနှင့် ကြိုဆိုကြကြောင်း၊ စကားဖြင့် အလွန်ဝမ်းသာကျေနပ်အားရစွာ နှုတ်ဆက်စကားပြောဆိုတာတွေကို ယခုတိုင်မြင်ယောင်မိပါသည်။

ဆရာသည် ကျွန်တော်လိုပင် လူမှုရေး ပရဟိတလုပ်ငန်းများတွင် ဝါသနာပါသည်ဟု သိရသည်။ အဘယ်ကြောင့်ဆိုသော ပခုက္ကူ- မြစ်ခြေ-ဆိပ်ဖြူ မြို့နယ် (ရန်ကုန်) အသင်းများမှာ နာယက၊ ဥက္ကဋ္ဌ၊ အမှု ဆောင်အဖွဲ့များ ပါဝင်ဆောင်ရွက်နေတာ သိရလို့ ဆရာ့ကို ပိုမိုလေးစားမိပါသည်။ ပို၍ လေးစားစရာကောင်းတာရှိပါသေးသည်။

မြဝတီမဂ္ဂဇင်း၊ ဇီဝကမဂ္ဂဇင်း၊ ရတနာမွန်မဂ္ဂဇင်းနှင့် အခြားမြို့နယ် အသင်း အထူးထုတ်မဂ္ဂဇင်းများမှာလည်း အယ်ဒီတာချုပ်များ တာဝန်ခံစာတည်းများအနေနှင့် ပြုလုပ်ဆောင်ရွက်ခဲ့သည်မို့ ဆရာ့ကို လေးလေးစားစားနှင့် မြတ်နိုးမိပါသည်။

ဆရာကိုယ်တိုင် ရေးသားထုတ်ဝေခဲ့သော စာအုပ်များကလည်း (၉)အုပ်တောင် ထွက်ရှိပြီးဖြစ်၍ ဆရာသည် တကယ်အလုပ်လုပ်သော ဆရာတစ်ယောက်ဖြစ်သည်ကြောင့် အားကျလေးစားမိပါသည်။

သည့်နောက် ငယ်စဉ်အခါ အဘိဓမ္မာသင်္ဂြိုဟ်(၃)ပိုင်းအောင်ပြီး ဗုဒ္ဓဘာသာစာမေးပွဲများ အောင်မြင်ခဲ့သဖြင့် ယခုအခါ ထိုအဘိဓမ္မာ အသိပညာဖြင့် အနေတတ်၍ အသေမြတ်အောင် ကြိုးစားအားထုတ်သွား နိုင်ပါစေဟု မေတ္တာစကား ဆိုအပ်ပါသည်။

ဆရာ တက္ကသိုလ်စိုးယဉ်အကြောင်းတို့ကား ရေးစရာများစွာ ကျန်နေပါသေးသည်ဖြစ်သော်လည်း ဒီမျှနှင့်ဘဲ ကျေနပ်ပါတော့ဟု တောင်းပန်ရင်း နိဂုံးချုပ်လိုက်ပါသည်။ ။

xxx xxx xxx

**ဆင်ဖြူကျွန်းကျော်လှိုင်ဦး**

# "ကျွန်တော်ခင်တဲ့ အစ်ကိုကြီး"

"ညီလေး . . အစ်ကိုကြီးက ရဲဘော်စိုးဝင်း(လှိုင်)ကလောင်နဲ့ ရေးခဲ့တာကွ . . ခု တက္ကသိုလ်စိုးယဉ်ကလောင်နဲ့ စာတွေဆက်ရေးနေတယ်"

လူပုံက ပုကွကွ၊ ခန္ဓာကိုယ်က ဝဝဖိုင့်ဖိုင့်၊ စကားပြောလျှင် အရယ်အမောပါ တတ်သလို၊ အပြုံးက ရိုးစင်းသည်။ အစ်ကိုကြီးစကားကြားမှ ကျွန်တော်အမှတ်ရသွား မိသည်။ ကျွန်တော် လုပ်သားဂျာနယ်တွင် ကဗျာများစွာ ရေးခဲ့စဉ်က ဖတ်ခဲ့ရသည့် ရဲဘော် စိုးဝင်း(လှိုင်)၏ ဆောင်းပါး များစွာ။ အစ်ကိုကြီး ဆောင်းပါးများကို ဖတ်ဖူးခဲ့သော်လည်း ယခုမှတွေ့ဖူး မြင်ဖူးခြင်းဖြစ်သည်။

ဆိုရလျှင် ကျွန်တော် မြဝတီစာပေတိုက်သို့ နေ့စောင့်ဝန်ထမ်းအဖြစ် တာဝန် မထမ်းဆောင်ခင်ကတည်းက ကဗျာ၊ ဝတ္ထုများ ရေးနေသည်ကို အစ်ကိုကြီးက သိသည်။ ဒါကြောင့်လည်း အစ်ကိုကြီးက ကျွန်တော့်ကို စတင်စကားဆိုခြင်းဖြစ်သည်။ သည်အချိန် ကစပြီး ကျွန်တော်နှင့်အစ်ကိုကြီးက ညီရင်းအစ်ကိုနှယ် ပြောမနာဆိုမနာ ခင်မင်ခဲ့သည်။

သည်တုန်းက အစ်ကိုကြီးက မြဝတီစာပေတိုက်တွင်စာပြင် တာဝန်ကို ထမ်းဆောင် နေခြင်းဖြစ်သည်။ အစ်ကိုကြီးတာဝန်ထမ်းဆောင်သည့် စာပြင်ဌာနတွင် ဆရာကြီး သီဟဆွေ၊ ဆရာရေနံ့မြေမောင်မောင် ကြည်ရှိသလို ငွေတာရီမဂ္ဂဇင်း အမှုဆောင်အယ်ဒီ တာ ဆရာမောင်ယဉ်မှူး၊ မြဝတီအယ်ဒီတာ ဆရာ ဦးသန်းလွင်နှင့် ကဗျာဆရာမ မနွေ တို့နှင့် သိကျွမ်းခင်မင်ခွင့်ရသည်ကာလက တိုတောင်းခဲ့သည်။ သို့တိုင် မြဝတီစာပေ တိုက်က ကျွန်တော့်ဘဝတွင် မမေ့နိုင်စရာများဖြစ်ခဲ့သည်။

ကျွန်တော်နေ့စောင့်တာဝန်မှ ရုံးအကူစာရေး။ ထိုမှတစ်ဖန် မြဝတီဂျာနယ်တွင် အယ်ဒီတာအဖြစ် တာဝန်ပေးခြင်းခံရသည်။ မြဝတီဂျာနယ်တာဝန်ခံအယ်ဒီတာက ဦးမောင်မောင်စန်း(ဆရာ စန်းနီလာဝင်း) ဖြစ်သည်။

ကျွန်တော်နှင့်အစ်ကိုကြီးက ပို၍ရင်းနှီးခင်မင်ခွင့်ရသည်က တစ်ခြားမဟုတ်။ ကျွန်တော်မြဝတီဂျာနယ်အတွက် ရွေးချယ်ထားသည့် စာမူများကို ကွန်ပျူတာရိုက်ပြီး စာပြင်ဌာနရှိ အစ်ကိုကြီးထံသို့ပို့ရခြင်း ဖြစ်သည်။

သည်နောက် အစ်ကိုကြီးက စာပြင်ဌာနမှ ငွေတာရီမဂ္ဂဇင်းတွင် အယ်ဒီတာ တာဝန်ထမ်းဆောင်သည်။ ကျွန်တော်က ကျန်းမာရေးမကောင်း၍ မြဝတီစာပေတိုက်မှ နုတ်ထွက်ခဲ့သည်။ သည်ကစ၍ ကျွန်တော်နှင့် အစ်ကိုကြီးမတွေ့ခဲ့သည်က နှစ်ကာလ အတော်ပင်ကြာမြင့်ခဲ့သည်။

တစ်နေ့ ကျွန်တော် စာပေသမားများ ဆုံဆည်းရာ လေအန်ကုန်းတွင် ရှိနေစဉ် နှစ်ပေါင်းများစွာ ကွဲကွာခဲ့သည့် အစ်ကိုကြီးနှင့်မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ခဲ့သည်။

အစ်ကိုကြီးကတော့ မပြောင်းမလဲ တည်ရှိနေသည် သူ့ဟန်သူ့ စရိုက်အတိုင်း ကျွန်တော့်ကိုတွေ့တွေ့ချင်းပင် ဝမ်းသာအယ်လဲဖြင့် နှုတ်ဆက်စကားဆိုရှာသည်။ "အလွန် ပျော်မြူးတဲ့ ဇလွန်ကျော်ဦးလေးပါ လား. . ပြန်တွေ့ရတာ ဝမ်းသာတယ်ကွာ"

သည်အချိန်ကစပြီး ကျွန်တော်နှင့်အစ်ကိုကြီး လေအန်ကုန်းတွင် မကြာခဏ ဆုံတွေ့ကြသည်။ ဆုံတွေ့တိုင်း အစ်ကိုကြီးက သူရေးသားထုတ်ဝေခဲ့သည့် ကဗျာစာအုပ် လေးများကို အမှတ်တရလက်မှတ်ထိုးပြီး လက်ဆောင်ပေးရှာသည်။

အစ်ကိုကြီးက စာအုပ်လက်ဆောင်ပေးရုံမက လေအန်ကုန်း ရှိရာ စာပေသမား များကို စိတ်ရင်းစေတနာဖြင့် လက်ဖက်ရည်ဝယ်တိုက် ခဲ့သည်ကလည်း အခါခါပင်။

"ညီလေးကို. . အစ်ကိုကြီး လက်ဆောင်ပေးရဦးမယ်"

တစ်နေ့ ကျွန်တော် လေအန်ကုန်းသို့အသွား အစ်ကိုကြီးနှင့် လမ်းတွင် ဆုံတွေ့ စဉ် စာရွက်တစ်ရွက်လှမ်းပေးရင်း စကားဆိုသည်။ ကျွန်တော် အစ်ကိုကြီးပေးသည့် စာရွက် ကိုယူပြီး ဖတ်လိုက်မိသည်။ အစ်ကိုကြီး၏ ကိုယ်ရေးမှတ်တမ်းနှင့် ဆောင်ရွက်ခဲ့သည့် တာဝန်များနှင့်အတူ အသက်ရှစ်ဆယ်ပြည့်မြောက် စိန်ရတု လက်ဆောင်စာအုပ်လေး အတွက် စာမူတောင်းခံခြင်းဖြစ်သည်။

သည်တော့မှ ကျွန်တော် အစ်ကိုကြီး အသက်ရှစ်ဆယ်ပြည့်မှန်းသိရ၍ အံ့သြ သွားမိသည်။ သို့တိုင် အစ်ကိုကြီးက အသက်အရွယ်နှင့်မမျှ ကျန်းမာဘဲ၊ နုပျိုဆဲ၊ သွက်လက် ဆဲတွေ့ရသလို စာတွေအဆက်မပြတ် ရေးသားနေသည်ကိုပါ တွေ့ရ၍ ဝမ်းသာမိသည်။

အစ်ကိုကြီးက အသက်ရှစ်ဆယ်ရောက်သည့်တိုင် စာပေဖွဲ့လှံ့လကို အား မလျော့။ "ရယ်သောသူအသက်ရှည်၏"ဆိုသည့်စကားအတိုင်း အစ်ကိုကြီးက အမြဲတမ်း ရယ်မောရင်း လွယ်အိတ်ကြီးကို လွယ်၍ သွားလာနေဆဲဖြစ်သည်။

ကျွန်တော်အစ်ကိုကြီး၏ ဘဝသရုပ်ကို ထုတ်နုတ်ပြီး မဝေဖန်ရဲပါ။ ကျွန်တော့် ဘဝအတွက် အားကျစရာ၊ အတုယူစရာများသာ ဖြစ်ခဲ့သည်မဟုတ်ပါလား။ ဒါကြောင့် လည်း အစ်ကိုကြီး အသက်ရှစ်ဆယ်မှသည် အသက်ရာကျော်သည့်တိုင် ကျန်းမာစွာဖြင့် စာပေများရေးသားနိုင်ပါစေဟု ဆန္ဒပြုရင်း. . .။ ။

xxx xxx xxx

ဇလွန်ကျော်ဦး

# "သို့ . . . တက္ကသိုလ်စိုးယဉ်"

ဆရာကြီး ဦးစိုးဝင်းအတွက် စာမူကို ရှည်ရှည်ဝေးဝေး မရေးနိုင်တော့။

ကျွန်တော့်ဇနီးက ၂၃-၅-၂၀၂၀ တွင် ကွယ်လွန်သွားခဲ့၊ ယခု ဤစာကို ရေးသော နေ့ ၂၃-၆-၂၀၂၀ ဆို လလည်ဆွမ်းသွပ်ရှိသေး၏။ "ကျွန်တော့်ဇနီး ဘဝခရီးဖော်သည် ခရီးမတ်တပ်လမ်းခုလတ်မှာ နှုတ်မဆက် ရုတ်တရက်ထွက်ခွာ၊ သယ်န်းကျွန်း အောင်ရတနာ ဆေးရုံမှာ နှလုံးသွေးကြောကျဉ်းရောဂါဖြင့် ဆုံးရှာသည်။

တက္ကသိုလ်စိုးယဉ်ကြီးမှာ သူ့ဇနီးကြင်ယာသည် ဆုံးရှာသည်မှာ ၁၄ နှစ်ပင်ရှိပြီ ဖြစ်ကြောင်းပြော၏။ သူက ဇနီးဆုံးပြီး စာပေခရီးကို ဆက်ပြီးလျှောက်ဆဲ။ အသက် (၈၀) နှင့်မတူ သန်တုန်းမာတုန်းပြောနိုင်တုန်း။ သူသည် စာပေအကျိုး၊ ဘာသာ၊ သာသနာအကျိုး အများကြီးထမ်းဆောင်ခဲ့သူ။ မြဝတီစာပေတိုက်မှာလည်း စာပြင်ဌာန အယ်ဒီတာလည်း လုပ်ခဲ့သည်။

ဆက်လက် သက်တော်ရာကျော်ရှည်စွာ တိုင်းကျိုးပြည်ပြု စာတွေရေးနိုင်ပါ စေသောဝ်ဟု ဆုတောင်းလျက်. . . ။။

××× ××× ×××

**အေးမျိုးကြည်**

# ရင်မှပွင့်လာ အတွင်းကဗျာများ

## အပိုင်း (၆)

# ပတ္တမြားရတုရှင် တက္ကသိုလ်စိုးယဉ်

* ပတ္တမြားရတု ဇေယျတု
သပြေနု ရွက်ဝါ လန်းစေသော်ဝ်
ပတ္တမြားရတု ရတနာစု
ငွေခရုလက်ျာ ဖျန်းစေသော်ဝ်။

* ပတ္တမြား ပန်းသခင် မေတ္တာရှင်
ဆရာကြီး တက္ကသိုလ်စိုးယဉ်
ပတ္တမြားရတုရှင် ကုသိုလ်ကောင်း
ဂုဏ်ပြုလိုက်ပါကြောင်း။

* နှစ်ပေါင်းရာကျော် ရှည်စေရာ
ပတ္တမြားရတု မင်္ဂလာ
ကျန်းမာချမ်းသာ ပါစေကြောင်း
ဆုမွန်ပတ္ထနာတောင်း။

* နှစ်ထောင်းအားရ ဂုဏ်ယူကာ
ဆရာကြီးစေတနာ
မေတ္တာသစ္စာ ဥဒါန်းပြု
လေးမြတ် စဉ်ရှေးရှု။

* ပတ္တမြားရတု သည်ချိန်တွင်
ဒါနသီလ ရှေ့တန်းတင်
ဘဝအောင်မြင် ချမ်းသာရေး
မေတ္တာရေစင်အေး။

* ကံပေးသမျှ ရောင့်ရဲကာ
ဝဖြိုးပျော်ရွှင်စွာ
စိတ်သွားကိုယ်ပါ ကျောင်းကန်ဘုရား
ကုသိုလ်ဘာဝနာပွား။

* ဘုရားဖက်တော့ အသက်ရှည်
တရားဖက်တော့ အမျက်ဖြေ
သံဃာဖက်တော့ အခက်ဝေ
ဟောပြောဆုံးမပေ
လောကစံလေ တွေတွေစီး
ခိုင်မြဲသတိကြီး။

* ဆရာကြီး၏ဘဝမှာ
အောင်ထီးဖွင့်လို့သာ
အောင်ပွဲအဖြာဖြာ
အောင်ပွဲဆက်
နိုင်ငံအကျိုး မြဲထမ်းရွက်။

* သာသနာ့အတွက် အမိဋ္ဌာန်
ဘာသာ မြှင့်တင်ရန်
ထာဝရ အားမာန် တိုးမြင့်မား
နေ့စဉ် စိတ်မှာထား။

* အနန္တငါးပါး အရိပ်မှာ
နားခိုခံယူကာ
ဇနီးကြင်ယာသားသမီး
မေတ္တာဖွဲ့နှောင်ပြီး။

* ဘဝခရီး မိတ်သဟာ
ချစ်ခင်ညီညွတ်စွာ
ပေးကမ်းဝေဖြာ ဖြူသန့်ရှင်း
မမွှန်လုံးသွင်း။

* ဆရာ ဦးစိုးဝင်း တက္ကသိုလ်စိုးယဉ်
ဘဝသမိုင်းစဉ်
ပခုက္ကူနယ်ဝင် မြစ်ခြေသား
စံကျောင်းရွာမှာဖွား။

* မိဘများက မျိုးမြန်မာ
သမားတော်ကြီး
ဦးသာတင့်နှင့် ဒေါ်အိမ်မြိုင်ပါ
ဗုဒ္ဓဘာသာ ဂုဏ်ဆောင်ကြ
သဒ္ဓါရင့်ကျက်လှ။
* မွေးချင်းများက (၅) ယောက်မြိုင်
အစ်မကြီး ဒေါ်အေးသန်းနှင့်
ညီ ဦးသိန်းနိုင်
ပဌာန်းဆက်ပိုင် ညီနောင်လေး
ကိုစိုးမောင်ကို အားသစ်မွေး။
* ညီမထွေးက မတင်ပို
သားက ချမ်းမြေ့စို
မိဘညီကို မောင်နှမများ
ချစ်ခင်ပျော်ပျော်ပါး။
* မိဘနှစ်ပါး ကျေးဇူးမှာ
အနှိုင်းမဲ့ ကြီးလှပါ
ရင်မှဖြစ်လာ သမီးသား
မေတ္တာ တူတူထား။
* ဥစ္စာစီးပွား မြတ်ပညာ
အားထုတ်ကြိုးပမ်းရှာဖွေကာ
သီရိဂေဟာမိသားစု
တိုးတက်အောင်ကြောင်းပြု။
* စံကျောင်းခြေပြု မြစ်ခြေနယ်
ပွဲရုံကြီးကိုတယ် (တည်)
သားသမီးငယ် ကျောင်းတွေထား
ပညာတတ်စေသား။

* ပခုက္ကူ ဆိပ်ဖြူတလွှား ကမ္ဘပါ
ပညာရှာမှီးရာ
ရန်ကုန်မြို့မှာ အပြီးပြောင်း
ဘဝတိုးတက်ကြောင်း။
* မြော်မြင်ဉာဏ်ကောင်း မိဘနှစ်ဖြာ
စီမံခန့်ခွဲကာ
သားသမီးရတနာမှန်သမျှ
ပညာတတ်တွေ ဖြစ်ကုန်ကြ။
* ဦးစိုးဝင်းကတော့ မဟာဝိဇ္ဇာ
မြဝတီ စာတည်းပါ
စာရေးသားကာ တာဝန်ထမ်း
ရှေ့သို့အမြဲလှမ်း။
* ဂုန်နီစက်ရုံ ဝန်ထမ်းဘဝမှာ
လုပ်သားသူရဲကောင်းပါ
လုပ်သားရေးရာ မှန်သမျှ
ဆောင်းပါးကဗျာ ရေးတင်ပြ။
* ကလောင်နာမည်က ရဲဘော်စိုးဝင်း (လှိုင်)
သမိုင်းအခြေခိုင်
မယိမ်းမယိုင် ဇွဲစိတ်ဓာတ်
ခေတ်ခရီးကို ရဲရဲကျော်ဖြတ်။
* စိတ်ထားမွန်မြတ် ဖူးစာရှင်
ကြင်ဘက် ဒေါ်လေးယဉ်
ကြည်နူးပျော်ရွှင် မေတ္တာဖက်
ဒိုက်ဦးမြို့မှ ပဋ္ဌာန်းဆက်။
* အသက်တမျှချစ်ရပါ
သမီးနှစ်ယောက်ထွန်းကားရာ
မသီတာစိုးနှင့် မကေသီစိုး ညီအစ်မ
သမီးရတနာလွှန်ပီသ။

* မိဘကျေးဇူး ဦးထိပ်ပန်
ဘခင် ဦးစိုးဝင်း လျှဒါန်းရန်
စေတနာရင်းခံ ဖြည့်ဆည်းပေး
ဘဝလေချို့သွေး။

* မေတ္တာပေးလို့ မေတ္တာတည်
ရာသက်ပန်လုံး အသက်ရှည်
မိဘဂုဏ်ရည် ပူဇော်ပွဲ
နှစ်စဉ် သမီးတို့ နွဲ။

* သီလခိုင်မြဲ ဘခင်ပါ
ချစ်သဒ္ဒါ ခိုင်မြဲ ဘပီတာ
ကုသိုလ်ပြုဆဲပါ
အမျိုးဘာသာ သာသနာတာဝန်များ
ခုတိုင် ထမ်းဆောင်မနား။

* လောကဓံတရား ကောင်းဆိုးတွေ
ကြုံကြုံခိုင်ကာလေ
ဇွဲသတ္တိတွေ အသုံးချ
ဖြတ်ကျော် လွန်ခဲ့ရ။

* ပုဒ္ဓအဆုံးအမ မြတ်ဂုဏ်ရည်
နှလုံးသားမှာ ဘုရားတည်
လူတိုင်းကိုယ်စီ ကျင့်ကြံပွား
ငြိမ်းချမ်းကမ္ဘာသား။

* စာပေရေးသား ထုတ်ဝေရာ
ဒို့ခေတ်လုပ်သား ပြည့်စွမ်းအားစာအုပ်ပါ
ဆက်လက်ထုတ်တာ ဇာနည်သွေး
ကလေး ကဗျာစာအုပ်လေး။

* အားသစ်မွေးထုတ် ကျောင်းသုံးမှာ
အထက်တန်းစာစီစာကုံးစာအုပ်ပါ

ဝလုံးလေးနှင့် အခြားကဗျာထပ်ဆင့်ပွား
ဘဝဝန်းကျင် ပန်းဥယျာဉ်ကဗျာများ။
* ရင်မှာသိုထား မြဲအစဉ်
မြဝတီ မဂ္ဂဇင်းတွင်
စာတည်းတာဝန် ကျေပွန်ထမ်း
ဝမ်းမြောက်ရွှင်ရွှင်လန်း။
* ကိုယ်စွမ်းဉာဏ်စွမ်း စေတနာ
မင်္ဂလာတောင်ညွန့် မြို့နယ်မှာ
စာရေးဆရာအသင်း ဥက္ကဋ္ဌ
နာယကလည်း ထမ်းဆောင်ရ။
* ရွေးချယ်ဆန္ဒ ဂုဏ်မြင့်တင်
မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုကော်မတီဝင်
မြန်စာပြန့်တွင် ဒုဥက္ကဋ္ဌ
စာပေလှုပ်ရှားမှုတွင် ပါဝင်ရ။
* ဗုဒ္ဓဘာသာကလျာဏယုဝ (Y.M.B.A.) အသင်းကြီးမှာ
ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ကာ
ဆက်လက် တာဝန်မှာ နာယက
မဟာမင်္ဂလဓမ္မ ဇောတိကဓဇ။
* ရန်ကုန်မြို့က မဟာစည်သာသနာ့ရိပ်သာ
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်ပါ
ဝိပဿနာ ဉာဏ်ရောင်လင်း
မေတ္တာနှလုံးသွင်း။
* ပခုက္ကူခရိုင်အသင်း (ရန်ကုန်) နာယကပါ
ဆိပ်ဖြူအသင်းလည်း နာယကပါ
ဒိုက်ဦးမြို့နယ်ပါ နာယက
မြစ်ခြေအသင်း နာယက။

* ဖော်ရွေရှင်ပြ ကူညီညာ
ပေါင်းသင်း မိတ်သဟာ
စံနမူနာ ဦးစိုးဝင်း
မေတ္တာတံတားခင်း။

* ဦးစိုးဝင်းမည်ရ တက္ကသိုလ်စိုးယဉ်
ဘဝအောင်ပွဲဝင်
ဆုံးမသွန်သင် မင်္ဂလာတရား
ဟောပြောသူစကား။

* "စိတ်ထားကောင်းဖို့ ပထမပါ
သည်းခံ ခွင့်လွှတ်ပါ
ကိုယ်ချင်းစာနာ မေတ္တာထား
ကူညီဖေးမသွား"။

* မှတ်သားလောက်တဲ့ လမ်းညွှန်ပါ
ဂုဏ်ယူမြတ်နိုးစွာ
ကျင့်ကြံလိုက်နာ ထပ်ဆင့်ပွား
သစ္စာမှန်စကား။

* လောကအလှတရား ဖော်ထုတ်ရာ
ပူးပေါင်းပါဝင်ကာ
ဒို့ကမ္ဘာမှာ ငြိမ်းချမ်းဖို့
မင်္ဂလာအောင်ပန်းဆင်ကြစို့။ ။

(ပတ္တမြားရတု နှစ် (၈၀) ပိုင်ရှင် ဆရာကြီးတက္ကသိုလ်စိုးယဉ်အား အနူးအညွတ် ဂါရဝပြုဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်)

လှစိုးမိုး (စီမံကိန်း)

## ဇရာအိုရဲ့ ဂုဏ်ရည်

* သက်ရွယ်ရင့်ရင့် ၊ ဇရာဆင့်လျက်
ကြီးမြင့်ခန္ဓာ ၊ ရုပ်အလွှာဝယ်
ကြေညာမောင်းခတ် ၊ ပြောမတတ်တောင်
သုံးသပ်ဆင်ခြင် ၊ ဉာဏ်မြော်မြင်နှင့်
ချစ်ခင်နှိုင်းဆ ၊ လောကညမို့
သြချမကုန်ရှိနေ၏။

* လူ့ဘုံဘဝ ၊ ကြုံခဏ၌
ရှင်ပြသဒ္ဓါ ၊ မေတ္တာရှာဆောက်
"ရင်မှာသီကျူး ၊ ဂုဏ်ရည်ထူးဖြစ်
ကြည်နူးပြယုဂ် ၊ လှသရုပ်ဖွင့်
ဂုဏ်ပုဒ်လီလီ ၊ စာပန်းချီချယ်
ရာသီလှပတင့်နေ၏။

* ဆရာ့စိတ်ရင်း ၊ နှလုံးသွင်းစေ
အပ်နှင်းပေးဆက် ၊ ပြုံးမပျက်လေ
နှစ်သက်ရှင်လန်း ၊ ပီတိလမ်းဝယ်
ခမ်းခမ်းနားနား ၊ လျှောက်လှမ်းသွားလည်း (လဲ)
ရင်ကြားစေ့စေ့ ၊ မိတ်ကောင်းမွေ့ကြည်
ထွေးပွေ့သံစဉ် ၊ ကမ္ဘာတွင်မည်
သူပင်အတွက်ကင်းနေ၏။

* ဩော်. . .
ဆရာ့သမိုင်း ၊ ပီတိလှိုင်းခတ်
ရှုတိုင်းသာစွ ၊ လွန်ကြည်မြစွာ
သြချမကုန် ၊ မနောဟုန်တွယ်
ပြည့်စုံကမ္ပည်း ၊ ထွန်းသစ်ကြီးရဲ့
အံ့ချီးဖွယ်ရာ ၊ ဤမြေသာလိမ့်
ရင်မှာအေးမြလွန်းလိမ့်တကား။ ။

(ဆရာကြီး တက္ကသိုလ်စိုးယဉ်အသက် (၈၀) နှစ်မှသည် နောင်နှစ်ပေါင်းများစွာ သက်ရှည်ကျန်းမာ၍ သာသနာပြုလုပ်ငန်းများနှင့်တကွ စာပေရေးရာကိစ္စအဝဝတို့အား ပို၍ပို၍လုပ်ဆောင် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း တင်စားဂုဏ်ပြုရေးဖွဲ့အပ်ပါသည်)

**မောင်ယဉ်ဦး (မနုဖြူ)**
ဖုန်း - ၀၉ ၄၂၀ ၁၅၀၆၉၂

## ထို့ကြောင့် တက္ကသိုလ်စိုးယဉ်ဟု ခေါ်သည်

* ပါတီတာဝန် ၊ ထမ်းကျေပွန်ခဲ့
ပြည့်မွန်သားကောင်း ၊ ပီသကြောင်းရည်
နှစ်ထောင်းအားရ ၊ လွန်ကြည်မြစွာ
လောကလွှာရုံတင့်လိမ့်တကား။ ။

မြေလတ် ကျော်လင်းဦး
ဖုန်း - ၇၆၇၀ ၈၅၉၇၁

## တက္ကသိုလ်စိုးယဉ် (သို့မဟုတ်) စာဆိုရှင်

* ဆရာ့စာများ ၊ ထပ်ဆင့်ငွားစွင့်
ပန်းပျားခတ်မျှ ၊ ကောင်းကျိုးရစွာ
ရင်မှသီးထန် ၊ မိုးသို့ညံ့လိမ့်
နာခံမှတ်ယူ ၊ ကျင့်ကြံသူကို
ကြည်ဖြူစွမ်းရင့် ပြည့်ခဲ့တကား။ ။

စိုးမြင့် (ရွှေပြည်သာ)
ဖုန်း - ၀၉ ၉၇၈ ၇၅၈၄၇၀

## ကန်တော့ပန်း

* သမီးကဗျာ ၊ ရေးဖွဲ့လာလျှင်
နေရာမကျ ၊ အိပ်မရမို့
ရင်မှမလုံ ၊ လှိုက်လှိုက်တုန်ငဲ့
တွေ့ဆုံဦးခိုက် ၊ ရေးဖွဲ့လိုက်သည်
နှစ်ခြိုက်ကြည်သာ ရစေသော်။ ။

ပိုးပိုး (ပုဂံ)
ဖုန်း - ၀၉ ၇၈၈ ၃၁၁၇၇၃

## သာဝရ ပြုံးနေသူ

* ဘဝနှလုံး ၊ အစဉ်ပြုံးနေ
ကျင့်ထုံးစံပြ ၊ သဘာဝမို့
ကြည်မြပီသ ၊ ရွှင်လန်းရသည်
ရင်မှနေခြည် ဖြာနေတကား။ ။

(ဆရာကြီး ဦးစိုးဝင်းသို့)

မောင်ယဉ်ပန်
ဖုန်း - ၀၉ ၄၂၀ ၁၅၀၆၉၂

## စာပေသက်ကြီးကန်တော့ခံပညာရှင်

* ရှစ်ဆယ်အသက် ၊ ကျော်လွန်လျက်စွာ
ငဲ့ကွက်ကိုယ်ကျိုး ၊ ထမ်းသယ်ပိုးရွက်
ဆတိုးဂုဏ်ပုဒ် ၊ ထိုသရုပ်ကို
ကြိုးကုပ်လှူဘောင် ၊ ရှင်ပြဆောင်သည်
အမောင်ယောကျ်ားကောင်းပါတကား။ ။

**ရွှေညာမောင် (စဉ့်ကူ)**
ဖုန်း - ၀၉ ၇၇၇ ၉၉၇၂၉၅

## ဆရာကြီး (သို့မဟုတ်) ဇရာရှင်

* ဇရာဝါရင့် ၊ ကလောင်ဆင့်လျက်
တိုးမြှင့်ကြိုးကုပ် ၊ အဖြေထုတ်ခဲ့
ကျွန်ုပ်ဦးခိုက် ၊ ပူဇော်လိုက်မိ
နှစ်ခြိုက်ရွှင်လန်း ၊ လောကလမ်းဝယ်
ပြုံးပန်းဝေဝေဖြာနေတကား။ ။

**ဆရာညီ (စဉ့်ကူ)**
ဖုန်း - ၀၉ ၂၅၉၀ ၅၂၂၅၇

## မြဝတီစာပေတိုက်အယ်ဒီတာ

* မြဝတီတိုက် ၊ အင်အားစိုက်ခဲ့
တိုက်ရိုက်လှုံ့လ ၊ လွန်ကြည်မြစွာ
ရင်မှတုန်ခါ ၊ စာကဗျာရယ်
ပေလွှာထပ်ထပ် ၊ တရစပ်ဖြင့်
ဆုံးဖြတ်စီစဉ်ကောင်းလိမ့်တကား။ ။

**မြင့်သဇင်**
ဖုန်း - ၀၉ ၄၂၀ ၁၅၀၆၉၂

## မဟာမင်္ဂလဓမ္မဇောတိကာဓဇ

* ထွန်းပြောင်သာသနာ
ဂုဏ်လင်းဖြာသည်
နေရာအနှံ့
လေတစ်သန့်ဝယ်
ခန့်ထည်လွှန်းနေပါတကား။ ။

**လဝန်းမြင့်ဗိုလ်မှူး**
ဖုန်း - ၀၉ ၇၅၁၈ ၉၄၅၂၇

## ရိုပ်သာသတင်းလွှာ

* ရိုပ်သာသတင်း ၊ တာဝန်နှင်းအပ်
ချစ်ခြင်းမုန်းခြင်း ၊ နှလုံးသွင်းစေ
ပျံ့သင်းလှိုင်ကြူ ၊ မနော‌ထူသည်
ကြည်ဖြူတုန့်ပြန်ရှိသည်တည်း။ ။

**ထွန်းမြရီ**
ဖုန်း - ၀၉ ၇၆၇၀ ၈၅၉၇၁

## ဆရာကြီး ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)

* ရခဲလှစွာ ၊ သံသရာဝယ်
ရှည်ကြာနေမြင့် ၊ အဆင့်ဆင့်ထိ
ဆောင်ကျင့်သိက္ခာ ၊ စွဲမြဲစွာပြု
ကျူရာတာဝန် ၊ အောင်တံခွန်လွှင့်
ပြည့်မွန်ပီသ ၊ ထင်ကရမို့
ကြည်မြအာရုံရှိလိမ့်တည်း။ ။

**မောင်ယဉ်နွေး (စဥ့်ကူ)**
ဖုန်း - ၀၉ ၂၅၈ ၁၈၅၆၆၂

## Y.M.B.A. ဥက္ကဋ္ဌ

* သာသနာကျိုး ၊ တာဝန်တိုးယူ
ဖြန့်မိုးကမ္ဘာ ၊ တည်စိမ့်ငှာတည့်
နေရာမလပ် ၊ အထပ်ထပ်ဖြင့်
ပြည့်ကြပ်အသိ ၊ ရင်ထဲရှိနေ
စွမ်းသည့်လူမျိုး ၊ ဂုဏ်ရှိန်တိုးသည်
ကောင်းကျိုးကိုယ်၌တည်စေသတည်း။ ။

မေနိုင်ဦး (ရွှေပြည်သာ)
ဖုန်း - ၀၉ ၄၀ ၃၆၆၁၂၈၁

## စာဆို့ရှင်စိတ်ခာတ်

* ကလောင်အမည် ၊ စာပန်းချီနှင့်
ကြာရှည်မြဲမြံ ၊ ဂုဏ်ပုဒ်မှန်သား
ကေန်မှုချ ၊ ထူးတင့်လှသည်
ဘဝသံချိုအေးလိမ့်တကား။ ။

သန္တာ-မြရီ
ဖုန်း - ၀၉ ၇၆၇၀ ၈၅၉၇၁

## ရဲဘော် စိုးဝင်း (လှိုင်)

* မျိုးချစ်စိတ်ဓာတ် ၊ ခိုင်ကြည်မတ်စွာ
သုံးသပ်ဆင်ခြင် ၊ သမ္မဇဉ်ဖြင့်
ဉာဏ်ရှင်တွေးဆ ၊ လွန်ကဲလှဘိ
ဩချမလောက် ၊ သည်မိုးအောက်ဝယ်
ထွန်းတောက်ရောင်ခြည်တင့်တကား။ ။

**တက္ကသိုလ် သျှင်သွေး**
ဖုန်း - ၀၉ ၇၇၆ ၁၈၉၅၃၃

## ပခုက္ကူအသင်း (ရန်ကုန်) ရွှေရတုမဂ္ဂဇင်းအယ်ဒီတာ

* ပခုက္ကူမှာ ၊ အယ်ဒီတာဖြစ်
ပြည်ရွာဖတ်ရှု ၊ ရွှေရတုမို့
ကြည့်ရှုကြပ်မတ် ၊ ကောင်းဖို့ထပ်လျက်
လူ့ရပ်လောကီ ၊ စာပန်းချီချယ်
ရာသီပန်းများ ၊ ပွင့်သည့်လားသို့
ထင်ရှားပေါ်ထွန်း လွန်းခဲ့တကား။ ။

**ဝိုင်ဟိဏ်း**
ဖုန်း - ၀၉ ၇၅၀ ၈၉၄၅၂၃

## စာဆိုရှင်၏ဆန္ဒ

* လောကကောင်းကျိုး ၊ တီးခတ်နှိုးလျက်
ဖြန့်မိုးကမ္ဘာ ၊ သံသရာဝယ်
ခြေရာခြင်းထပ် ၊ ရင်ခြင်းအပ်စွာ
တည့်မတ်သမှု ၊ နေ့စဉ်ပြုလော့
ကြည့်ရှုသုံးသပ် ၊ လူ့ခွင်ရပ်၌
စောင့်ကြပ်အတိ ၊ စွမ်းအားရှိနေ
တွယ်ငြိဝေဖြာ ၊ မေတ္တာသာသည်
သီတာရေသို့ အေးငြိမ့်တကား။ ။
(ဝါရင့်ဆရာကြီး တက္ကသိုလ် စိုးယဉ်သို့)

**တက္ကသိုလ် ဟောမာဦး**
ဖုန်း - ၀၉ ၉၇၈ ၇၅၈၄၇၀

# ပန်းတွေသီဆဲ ပွင့်နေဆဲ

* မေတ္တာစကား ၊ နေ့တိုင်းကြားက
သဲကြားနှလုံး ၊ မြရွှင်ပြုံး၏
ရေးထုံးစဉ်လာ ၊ စကားနာ၍
ကျမ်းစာသိမြင် ၊ တတ်အောင်သင်သည့်
ပြုံးရွှင်မျက်နှာ ၊ မြတ်ဆရာကို
သဒ္ဓါမြတ်နိုး ၊ လက်စုံမိုး၍
ရှိခိုးဦးတင် ၊ ကျွန်ုဖူးမြင်၏
အရှင်မြတ်ဆရာ ၊ စိတ်ချမ်းသာ၍
ရာကျော်သက်တမ်း ရှည်စေသော်။

* ရှစ်ဆယ်သက်တမ်း တကယ်တမ်းတော့
စိတ်ချမ်းသာပေ ၊ ကျန်းမာနေက
ကိုယ်နေဟန်ချက် ၊ နုပျိုလျက်ပါ
ဦးနှောက်မှာလည်း ၊ သွက်လက်ချက်ချာ
ပုလဲဆက်ကာ ၊ ရွဲဆက်ကာနှင့်
စာတွေတန်းစီ ၊ ပန်းတွေသီဆဲ
ပွင့်နေဆဲပါ။

* ဥဩငှက်လို ၊ တေးဆိုသမျှ
ချိုမြလျက်ပါ ၊
ဆရာကျန်းမာ ၊ ချမ်းသာပါစေ
စာပေပွင့်ပန်း ၊ ထာဝရလန်းဆန်းနိုင်ပါစေ။
စာပေမီးအိမ်
ထာဝရ လင်းထိန်နိုင်ပါစေ။ ။

**မောင်စံထွန်း (ဥက္ကံ)**
ဖုန်း - ၀၉ ၇၉၈၅၅ ၁၀၉၁

## ဆရာ့စေတနာ

* ဟိုယခင် ရှေးအထက်
ပေးဆက်တဲ့ စာပေတွေ
ဖတ်ကြားသူ လူအများ
တိုးပွားခဲ့ပေ။

* ဗဟုသုတနှင့် ၊ လူ့ဘဝအတွေ့တွေ
တိုးတက်ပါစေ ၊ စေတနာထား။
ဩော်. . . သည်သဒ္ဒါတရားတွေနဲ့
ဆရာတစ်ပါး သူရှင်ပျော်လို့
စာပေအပေါ် သစ္စာရှိသည့်အပြင်
ကြည့်တတ်လျှင် မြင်သိပွားစေဖို့
စာသားကို ပီပြင်အောင်ညွှန်းခဲ့တယ်
ထွန်းပပြီတကား။ ။

တက္ကသိုလ်ပန်းချယ်ရီမွန် (ဥက္ကံ)
ဖုန်း - ၀၉ ၇၉၈၅၅ ၁၀၉၁

# နန်းအလယ် သူပွင့်လန်းပါလို့

* ပန်းစံပယ်
နန်းအလယ် သူပွင့်လန်းပါလို့
သက်ရှစ်ဆယ် စာပေပန်းကိုလ
ဆန်းသစ်ခဲ့ပြီ။
* အလိုက်တော် စာပေနန်းမှာလ
ခံပွင့်ဆို စံမှီနှုန်းတွေနဲ့
ကုံးသီခဲ့ပြီ။
* အပေါင်းအသင်းတွေနဲ့
ရောင်းရင်းတို့ စုံစုံညီ
တူညီတဲ့ ပွဲပါတကား။
* ဩော်. . . ဆရာရယ်
ရာကျော်မယ် ယုံကြည်ချက်ပေမို့
စာပေအပေါ် သဒ္ဓါထက်တာကြောင့်
ပွဲဆက်တွေ အလီလီ ဆက်မည့်အပြင်
ထက်မြက်မည်တကား။ ။

**တက္ကသိုလ်စိုးပိုင် (ဥက္ကံ)**
ဖုန်း - ၀၉ ၇၉၈၅၅ ၁၀၉၁

# တံ့ဆပ်မကုန် ကျေးဇူးဂုဏ်

* ရာသီစက်မောင်း ၊ နွေမိုးဆောင်းတို့
အလီလီ ပြောင်းခဲ့ပါပြီ အဖေနဲ့အမေ။
* မိဘကျေးဇူး ၊ အထူးသိတတ်
ပေးလှူဆပ်သည့် ၊ သားမြတ် သမီးကောင်း
မြေးအပေါင်းက ၊ တုံ့ဆပ်မကုန်
ကျေးဇူးဂုဏ်ကို ၊ စုံစုံညီညီ
ပန်းသွင်သီ၍ ၊ အဥ္စလီဂါရဝ
ဦးနှိမ်ချပါ၏ ၊ အဖေနဲ့အမေ။
* မွေးရပ်ဌာနေ ၊ ဇာတိမြေမှ
အနေဝေးကွာ ၊ ကြာပင်ကြာလည်း
ချိန်ခါနှစ်ဦး ၊ လတန်ခူးတွင်
ရည်စူးရတနာ ၊ မိမာတာနှင့်
ပိတာအဖ ၊ အနန္တကျေးဇူး
ဂုဏ်အထူးကို ၊ ရည်စူးစိတ်မှာ
ပူဇော်ကာဖြင့် ၊ ဆွေညာသင်္ဂဟ
ကျွေးမွေးရသည့် ၊ ဒါနပေါင်းစု
မြတ်ကောင်းမှုကို ၊ တောင်းဆုပြည့်စေ
အမျှဝေသည် ၊ ဖေ မေ ကြားရ
ကောင်းလေစွဟု ၊ ခေါ်ကြပါလေ
ကျေးဇူးရှင် အဖေနဲ့အမေ။
* သားသမီးတိုင်း မိဘကျေးဇူး အထူးသိတတ်
ပေးလှူဆပ်နိုင်ကြပါစေ. . . ။ ။

(တက္ကသိုလ်စိုးယဉ်မွေးနေ့ဂုဏ်ပြုလျက်)
**စိမ့်စမ်းအေး (ငြိမ်းအေးခြင်းရိပ်ငြိမ်)**

# ဆရာကြီး တက္ကသိုလ်စိုးယဉ် (၈၀) ပြည့်မွေးနေ့ ဂုဏ်ပြု (ကေပိုဒ်ရတု)

* ရွှေနိုင်ငံဖွား။ မြန်မာ့သားဖို့၊ တက္ကသိုလ် (အောင်)၊ စိုးယဉ် (မောင်) ကား၊ ယောကျ်ားအမွန်၊ လူချွန်ပီပီ၊ မဟာစည်နှင့်၊ ဝိုင်အမ်ဘီအေ၊ ကျိုးဆောင်ပေလျက်၊ မပျက်သာသနာ၊ စောင့်ထိန်းပါ၏၊ စိတ်ခွန်အားမြင့်၊ ပြဟ္မာ့ကျင့်ရိုး၊ မြတ်နိုးတူရှု၊ စောင့်ထိန်းမှုကြောင့်၊ ပူနှောက်ဗျာကင်း၊ အချင်းပြည့်ဝ၊ အဆင်းလှအေး၊ အတွေးဒဿန၊ ရေးစပ်မှုစွမ်း၊ အံ့မခန်းပ၊ ဒါနလှုဆို၊ သဒ္ဓါချိုလွှန်း၊ ဂုဏ်ရောင်ထွန်းပြန်၊ အားမာန်ဝေဝေ၊ ဟောင်းသစ်ဆွေဖြစ်၊ စာချစ်သမား၊ ဖြိုးသိပ်များလျှံ၊ ဝန်းပတ်ရံညီ၊ ကျင့်ကြံသီလ၊ နှလုံးလှရိုး၊ စေတနာကျိုး၊ ရောင်ပြန်ပျိုးသည်။
ရွှေနိုင်ငံဖွား၊ သာပါတကား။ ။

(စာ (အနုပညာ) နောင်တော်ကြီးအား မွေးနေ့မှသည် အသက် ၁၂၀ ရှည်စေသော်ဟု ပဋ္ဌာနာပြုပါသည်။)

ရွှေယဉ်နု (ပညာရေး)

## မွေးနေ့ရှင်

* ဗုဒ္ဓဟောကြား
တရားမြတ်ထိုထို
ကြည်ညိုပွားရင် နှလုံးသွင်း။

* သက်တမ်းသစ်တိုး
နှစ်ထပ်ပိုးချိန်
နှိမ်ချဉ်းချရာ မိမာတာ။

* သံသရာကျိုး
ဒါန ပျိုးစေ
မျိုးဆွေခပင်း မိတ်ဆွေရင်း။

* သီလစင်ကြယ်
ဂုဏ်ဝင့်ထယ်၍
ချမ်းမြေ့သာခြင်း ဘေးရန်ကင်း။

* ဘာဝနာနည်း
မှတ်စုမှီးလုပ်
လောကုတ်လောကီငြိမ်းစေခြင်း။

* မိတ်အပေါင်းဖော် စိတ်ကောင်းဖော်ကြ
ဂုဏ်ရည်ဝသော မွေးနေ့ရှင်အား
ဂုဏပူဇာ ဤကဗျာဖြင့် ဂုဏ်ပြုပါသည်။ ။

**မိမိကို (အလှရပ်ဝန်း)**
ဖုန်း- ၀၉ ၂၅၄၁၀ ၆၆၁၇

# မြန်မာဟူသည်

* မြန်မာဟူသည်
တည်ကြည်ခန့်ညား ၊ လွန်ရိုးသား၏။
* မြန်မာဟူသည်
ဝီရိယလုံ့လ ၊ ဖွဲ့ရှိလှ၏။
* မြန်မာဟူသည်
ဖြူစင်စိတ်ထား ၊ ကရုဏာပွား၏။

* မြန်မာဟူသည်
ယုံကြည်ရာလုပ် ၊ မဟုတ်မခံ
မျိုးမာန်မချ ၊ မခသူ့အောက်။

* ခြောက်လည်း မကြောက်
ခြောက်လည်း မခြောက်
မျိုးဂုဏ်မောက်၏
အာဂသတ္တိရှင်ပါတကား။ ။

(နောင်တော်ကြီးတက္ကသိုလ်စိုးယဉ် အသက်အသက် ၈၀ ပြည့်
ပတ္တမြားရတုမွေးနေ့သို့)

**မောင်ရည်မွန်**
မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ရွှေပြည်သာမြို့နယ်
ဖုန်း - ၀၉ ၈၉၄ ၃၆၆၁၅၂

## ဖြူအောင်စိတ်ထား ကျင့်ကြံပွား

*	မနုတ္တသ ၊ ဒုလ္လဘမို့
ရခဲပေစွ ၊ လူ့ဘဝဝယ်
လောဘဒေါသ ၊ မာန်မာနနှင့်
အတ္တကြီးထွား ၊ သင်မိုက်မှားလျှင်
တရားလက်လွှတ် ၊ ငှက်တောင်ကျွတ်သို့
မချွတ်ကေန် ၊ မိုက်ပြစ်ဒဏ်သည်
သင့်ထံသို့ပြန် ၊ ပဲ့တင်သံနှယ်
တုန့်ပြန်လာမည် သတိထား။
မကောင်းမှုကို သင်ရှောင်ရှား။

*	လူဖြစ်လာရ ၊ ထိုခဏဝယ်
လူ့နယ်အတွင်း ၊ လူအချင်းချင်းကို
ချစ်ခြင်းထပ်ပေါင်း ၊ မေတ္တာလောင်းလျက်
မကောင်းမှုရှောင် ၊ ကောင်းမှုဆောင်၍
ဖြူအောင်စိတ်ထား ၊ ကျင့်ကြံပွားမှ
လောကလူ့ခွင် ၊ ဘေးရန်စင်ပြီး
ကြည်လင်ဝင်းပ ၊ သော်တာလသို့
အေးမြပါစေ ဖြန့်အလင်း။
ဆရာ့ဂုဏ်ရည် ထုံကြည်သင်း။
ကျန်းမာပါစေ မေတ္တာနှင်း။ ။
(ဆရာကြီးတက္ကသိုလ်စိုးယဉ် အသက် (၈၀) ပြည့် အမှတ်တရ)

**မောင်ထည်ဝါ (ပျော်ဘွယ်)**
ဖုန်း - ၀၉ ၂၅၂ ၄၀၀၃၃၂

# မေတ္တာသင်္ကေတများ

* သံသရာတစ်ခွင် ကျင်လည်စဉ်
လူ့ဘဝတွင် ၊ ဖြစ်တည်ယှဉ်တွဲ
ရိုးစင်းသော်လည်း ၊ အစဉ်မြဲကာ
ထာဝရစွဲလန်း ၊ ကလောင်စွမ်းကား
ထုံမွှန်းကျက်သရေ ၊ ဖြာရွှန်းဝေ၍
အသရေပြည့်စုံ ၊ သင်းပျံ့ထုံကာ
သိမ်မွေ့ပညာ ခိုင်မာစွာ။

* ကဗျာဥယျာဉ် ၊ စာဥယျာဉ်မှာ
သန့်စင်အေးမြ ၊ လှလှပဖြင့်
ဘဝဖော်ညွှန်း ၊ စာမော်ကွန်းကို
ထွန်းလင်းစေသူ ၊ ကဝိတစ်ဆူ။

* ဇာတိသွေးမာန် ၊ ကဗျာများကို
ချစ်ခြင်းမေတ္တာ ၊ မုဒိတာဖြင့်
သာသနာအကျိုး ၊ သူမျှော်ကိုးသည်
မျိုးဆက်သမိုင်း တွင်ခဲ့ပြီ။

* ဆူကြုံနိမ့်မြင့် ၊ လောကခံရှစ်ပါး
စုန်ဆန်သွားရင်း ၊ ထင်ရှားမေတ္တာ
သင်္ကေတများကား ၊ ပတ္တမြားမှသည်
ရာပြည့်ဆီသို့
ဦးတည်လျှောက်လှမ်း ၊ ကလောင်စွမ်းဖြင့်
လန်းဖြာပြည့်စုံ ၊ ဆရာ့ဂုဏ်ကို
လက်ကြာမုံဖြင့် ၊ စဉ်မြဲဦးခိုက်
ပူဇော်လိုက်ပါသည်။ ။

မြမှုံးသခင် (ပခုက္ကူ)

# တက္ကသိုလ်စိုးယဉ်

* သဘောထား . . . . ပြည့်ဝ
 ပြောစကား . . . . တိကျ
* ဘယ်တော့မှ လက်မနှေး
* သာရေး . . . နာရေး . . . လူမှုရေး
 အသက်ကလေးရယ်တဲ့မှ အားမနာ
* အများတကာထက်ရှေ့ကပြေး
 လူဖြစ်လာကတည်းက
* သူ . . . အချစ်ဖြာကဲရတဲ့
 ကဗျာကိုဖက်တွယ်
* (ခု . . . . )
 အသက်ရှစ်ဆယ်တိုင်ထိပေါ့ . . . ။ ။

အောင်ရာဇာ (ဥတ္တလာ)
ဖုန်း- ၀၉-၄၅၀၀၁၀၅၁၄

# အသက် ၈၀ ပြည့်

## ပတ္တမြားရတုမွေးနေ့မင်္ဂလာစာစောင်

# တက္ကသိုလ်စိုးယဉ်

YMBA အသင်းချုပ်ဥက္ကဌ (၂၀၀၈-၂၀၁၀)

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်

